
# ရက္ခဝဏ္ဏ

## ရခိုင်အမျိုးသားမဂ္ဂဇင်း



အမှတ်(၃)

အမှတ်(၃)

ရက္ခဝံလက်-ရခိုင်အမျိုးသားမဂ္ဂဇင်း

ရက္ခဝံလက်-ရခိုင်စာပေဖြစ်မြောက်ရေးအသင်း

မလေးသျှားနိုင်ငံ

# မျက်နှာဖုံးပကျကိုးကို

# ကျေးဇူးတင်လွှာ

ရက္ခဝံလက်အမှတ်(၃) အတွက် လိုအပ်တေပဂျီပုံတိကို စိတ်ပါလက်ပါရိုးဆွဲပီးခရေ ပဂျီဆရာ (ပဂျီ)နန့် ပဂျီဆရာ (ဂိုးဂို) ရို့ကိုလည်းကောင်း၊ စေတနာအပြည့်နန့်ကူညီစာရိုက်ပီးကတ်တေ Light House မှ ကျောင်းဆရာများနန့် တခြားတခြားသော ညီအစ်ကိုများကိုလည်းကောင်း၊ လိုအပ်တေစာအုပ်အပျင်အဆင်နည်းပညာရို့ကို မအားရေကြားထဲက တစ်စိတ်တစ်ပိုင်းကူညီပီးခရေ ကိုဝင်းမြင့်ကိုလည်းကောင်း၊ ရက္ခဝံလက်အတွက် စာမူပီးပို့ကတ်တေကလောင်သျှင်ရို့ကိုလည်းကောင်း၊ ရက္ခဝံလက်အမှတ် (၂) ကို အပင်ပန်းခံ၊ အနစ်နာခံဗျာလ် ကူညီဖြန့်ဝီပီးခကတ်တေ ညီအစ်ကိုတိအားလုံးကိုလည်းကောင်း၊ ရက္ခဝံလက်အတွက် ယူအတ်စ်−၃၀၀ ထောက်ပံ့ကူညီခရေ ကိုခိုင်မင်းဇံနန့် ရိန်းဇေ့−၅၀ ကူညီထောက်ပံ့ပီးရေ အဥ္စနအောင်မျိုးခိုင်ရို့ကိုလည်းကောင်း၊ ရက္ခဝံလက်မဂ္ဂဇိန်းကို အစဉ်တစိုက် အားပီးဖတ်ရှုကတ်တေ ချစ်သောစာဖတ်ပရိသတ်အပေါင်းရို့ကိုလည်းကောင်း အကျွန်ရို့ရက္ခဝံလက်မဂ္ဂဇိန်းအဖွဲ့မှ အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ဟိပါရေ။

# တောင်းပန်စကား

ရက္ခဝံလက်အမှတ် (၃) ကို သတ်မှတ်ချက် (၆) လဆိုရေ အချိန်အတိုင်းအတာထက် (၃−၄) လ နောက်ကျပြီးမှ ပုံနှိပ်ထုတ်ဝီဖြစ်စွာကို စာမူသျှင်တိနန့်တကွ စာဖတ်ပရိသတ်အပေါင်းရို့အား အနူးအညွတ်ပင် တောင်းပန်အပ်ပါရေ။

# ရက္ခဝံလက်ရည်ရွယ်ချက်

(၁)ရခိုင့်စာပီနယ်ပယ်မှာ အတွေးအခေါ် ရင့်သန်ရေ ကလောင်သစ်သျှေတိ ပေါ် ပေါက်လာစီရန်။

(၂)ရခိုင်လူမျိုးတိ ရခိုင်စာဖတ်ခြင်းခလေ တိုးတက်ပြန့်ပွားလာစီရန်။

(၃)ရခိုင်လူမျိုးတိ ရခိုင်စကား စင်စင်စစ်စစ်ကို ပြောတတ်ဖို့ တိုးအားဖြစ်လာစီရန်။

(၄)ရခိုင်စာပီစံတရပ် ဖြစ်ထွန်းရေးမှာ အထောက်အပံ့ဖြစ်စီရန်။

(၅)ရခိုင်လူမျိုးတိုင်း ရခိုင်စကား၊ ရခိုင်စာပီ၊ ရခိုင်ရာဇဝင်နန့် ရခိုင်ယဉ်ကျေးမှုတိကို ချစ်ခင်မြတ်နိုးစောင့်ရှောက်လိုစိတ် ဖြစ်ထွန်းလာစီရန်။

(၆)အမျိုးသားရေး စတုတ္ထမဏ္ဍိုင်ဖြစ်သောစာပီဖြင့် ရခိုင့်အမျိုးသားရေးကို လှုံ့ဆော်ရန်။

ရက္ခဝံလက်
ရခိုင်အမျိုးသားမဂ္ဂဇိန်း

# မာတိကာ

## အဖွင့်ကဗျာများ


အတိတ်ကိုသိ ပစ္စုဂ်ကိုမြင် အနာဂတ်ကို ပျင်ကတ်မေ
**အဥ္ဆနမောင်** -------------------------------- ၈

သစ္စာအခွံကို ဝတ်သော လူများ
**စိုးရဲသူ** -----------------------------------၉

ယှောင်ကြဉ်ကတ်ပါ အချိုလွှာအောက်က အခါးယုတ်တမာ
**ရရေလူ** --------------------------------- ၁၀

သုံးဘက်ညီမှ
**ဖူးပွင့်ခိုင်** ---------------------------------၁၂

ရက္ခဂိမ်း
**ခိုင်ရဲရင့်** --------------------------------- ၁၃

နလုံးသားလမင်းကို ရပ်ရွာဝါးလုံးခေါင်းထဲက ဆွဲထုတ်လိုက်....
**စံသိန်း (ဒွါရာဝတီ)** ----------------------------၁၄

ရိုးမသစ်ပင် ပိုင်သျှင်သို့
**ခိုင်မင်းဇံ** ---------------------------------၁၅

တစ်သက်စာ ကတိစကား
**ရရေလူ** --------------------------------- ၁၆

ရခိုင်သမသျှေ သိစီဖို့
**မောင်ကြီးသျှင်** ---------------------------- ၁၇


## အတွင်းကဗျာများ


မဂ္ဂဇိန်း
**ရိုးသစ္စာ** ---------------------------- -- ၂၄

အော်ရိုးမ
**သူရိန် (light house)** ------ ------------- ၃၄

ဖိတ်ခေါ်သံ
**ကြာညိုခင် (ဝါဘို)** --------------------------- ၆၂

သူငယ်ချင်း
**သီရိစောခြိမ့်**------------------------------- ၆၉

ငှါ့ဆန္ဒ
**နီဗယ်**---------------------------------- ၃၈

ဝံလက်ဟုသည်
**ရက္ခနွယ်** -------------------------------- ၄၅


## အမျိုးသားရေး ဆိုင်ရာ


ရခိုင်ရို့အတွက် အနာဂတ်ခရီး
**ခိုင်အောင်အောင်** ----------------------------၂၂

ရခိုင်အမျိုးသားရေးဝါဒ
**မဟာနွယ် (ဉေဝတီ)** -------------------------- ၃၉

အဖရခိုင်ပြည်အတွက် သင့်အားအလိုဟိသည်(၂)
**ဇာနီခိုင်** ----------------------------------၃၃

ရခိုင်အမျိုးသားရေးနန့် ဘင်္ဂလားပြဿနာသျှင်းတမ်း ....
**သာထွန်းအောင်(မလေးသျှား)** ----------------------၆၄

ပြူစစ်ကေ ဗမာမဟုတ်
**အောင်ကျော်ခိုင်** ------------------------------၇၁

ရခိုင်ဝေါင်းဆောင်ကြီးရို့လက်ထဲမှ ပြည့်ကံကြမ္မာနန့် ......
**ဉက္ကာမောင် (မြောက်ဦး)** ------------------------၅၂

ရက္ခိုင်နာမ ဘွဲ့မည်လှဖို့
**မငြိမ်းချမ်း (ကမ္ဘာ့ကျွန်)** ------------------------- ၆၇


## စာပီနန့် ယဉ်ကျေးမှု


ရခိုင်သားနန့် ရခိုင်စကား
**ခိုင်မင်းဇံ (ရခိုင်ပြည်)** ------------------------- ၃၀

စာပီဂုဏ်ဖြင့်မျိုးဂုဏ်မြှင့်စီလိုသည်(၃)
**ရခိုင်စာပီတူးဆွနီသူတစ်ဦး** --------------------- ၁၈

ရခိုင်စာသဘော သဘာဝ
**ဒေါင်းရန်**------------------------------၄၁

ရခိုင်စာနန့်ကျောက်စာယှင်းတမ်း
**စာဖွဲ့မှကျီကစ္စပနဒီသား** ---------------------၅၁

ဇာလုပ်ကတ်ဖို့လေးက သတ်ပုံလေ့လာခြင်း
**နောင်ခိုင်ပြည်** -------------------------- ၇၃

ရခိုင်စကားထိန်းသိမ်းထားပါ
**ထွန်းနိုင် (သရီချောင်း)** --------------------- ၈၀

ရက္ခဝဏ္ဏအက္ခရာ (ခေါ်) ရခိုင်စာ(၂)
**သန့်ဝဏ္ဏခိုင်** ----------------------------၆၀

ဘုံရခိုင်ဘာသာစကားထွန်းကားရေး
**အဋ္ဌနမောင်** --------------------------- ၈၆

<u>သမိုင်း ဆိုင်ရာ</u>

ရခိုင်လူမျိုး အုပ်စုဝင်များ
**အသျှင်ကြီး** --------------------------- ၃၅

ရခိုင်ရာဇဝင်သစ်ဝါဒ
**အသျှင်ကောသလ္လ (ဂဝေသီ)** -----------------၂၅

ဗမာရို့အုပ်ချုပ်မှုအောက်က ရခိုင်ပြည်
**ဦးစံရွှေဘု** -----------------------------၄၈

<u>ဝတ္ထုတို</u>

လင်လွမ်းသဇင်
**အခင်သျှေ (စိတ်ပညာ)** ----------------------၇၆

အချစ်နန့်သစ္စာ
**ကြီးကြီး (အရှိတိုင်း ဗင်းနစ်)** --------------------၅၄

ကတ္တီပါလမ်းခွဲ ရင်ဦးသည်း
**ကျော်ဇေး** ------------------------------၉၀

<u>စာညွှန့်</u>

နွားတစ်ကောင်ပြောပြသော သူ့ဇွ သမိုင်းကြောင်း
**မေနှင်းဇော်** -------------------------------၄၆

ခါတော်မီ တမ်းခြင်း
**နှင်းဝီမိုး (ဝါဘိုမြို့)** -------------------------- ၂၈

<u>အခြား ကဏ္ဍ</u>

ငရဲသို့အကြောင်းကြားစာ
**ဘုန်းကြီးကျောင်းသား** ----------------------- ၇၀

ပေါ်ဦးခရမ်းသီးဇွ ရင်ငို့
**ရက္ခကျော် (တိုင်းချစ်ပြည်ချစ်)** ------------------ ၈၄

ကျနော်များမိသော သမုတ္တိပန်း အိမ်မက်များ
**ခိုင်ဝီလျံစိုး** -------------------------------၈၂

အမျိုးသားရေးလုပ်တေလတ်
**ခိုင်ဝီရ** ---------------------------------၉၆



# ရက္ခဝံလက် အာသိံသ

စာပီတရပ်ကို အမျိုးအစားခွဲကြည့်ကေ သုတ၊ ရသ၊ ဒဿန၊ အဘိဓမ္မာ ဆိုပြီးကေ အင်္ဂါ(၄)ရပ်ထွက်ပါရေ။ စာဖတ်ပရိသတ်တိကို အမျိုးအစားခွဲကြည့်ကေတော့ခါ အနု၊ အရင့်၊ မနုမရင့်ဆိုပြီးကေ သုံးမျိုးထွက်ပါရေ။ ဇေပိုင် စာပီအင်္ဂါ(၄)ရပ်စလုံး ပါဝင်ပြီးကေ စာဖတ်ပရိသတ် သုံးမျိုးစလုံးလေ့ ဖတ်လို့ရနိုင်ဖို့ စာအုပ်အမျိုးအစားကတော့ခါမဂ္ဂဇိန်းပင်ဖြစ်ပါရေ။ တစ်ခါ မဂ္ဂဇိန်းစာပီတစ်ခု တိုးတက်ကောင်းမွန်ဖို့အတွက်လေ့ စာပီလွတ်လပ်မှုဟိဖို့လိုပါရေ။ လွတ်လပ်မှုဟိရေနီရာမာ စာပီစွာအတိုးတက်ဆုံးဖြစ်ပါရေ။

အကျွန်ရို့ရခိုင်တိ စစ်အစိုးရနန့် 'ဒို့တာဝန်အရေးသုံးပါး'အောက်မာ မဂ္ဂဇိန်းတိအများကြီးထုတ်ပစ်ခကတ်ပါယာ။ ယင်းမဂ္ဂဇိန်းတိမာ ကျန်ရေအပိုင်းတိကတော့ခါ အလွန်ပင်ကောင်းမွန်အဖိုးတန်ပါယင့်။ ယကေလေ့အရေးကြီးရေအမျိုးသားရေးပုံဖော်မှုကဏ္ဍနန့် အတိတ်သမိုင်း စစ်ရေးစစ်ရာကဏ္ဍတိမာကျကေ လွတ်လပ်မှုမဟိလို့ ဆားမပါရေဟင်းပိုင်ပပေါ့သသော့နန့်အားရဖို့မကောင်းပါ။ ယင်းအတွက်နန့်လေ့ဒေနို့ဒေအချိန်ခါမာ ရက္ခဝံလက်ဆိုပြီးကေ နိုင်ငံခြားရောက်ရခိုင်သားတိကြားမာ ပထမဆုံးထုတ်တေမဂ္ဂဇိန်းတစ်ခုအဖြစ်ရာမက သူ့ကျွန်ဘဝမာမျိုးပါနီဆဲ နှစ်ပေါင်း(၂၂၆)နှစ်အတွင်းမာ အလွတ်လပ်ဆုံးရခိုင်မဂ္ဂဇိန်းတစ်ခုအနီနန့်ပါ လျှောက်လှမ်းလာစွာ ၂၀၁၀ ခု၊ ဧပြီလမာ အမှတ်(၁)၊၂၀၁၀ခု၊ ဒီဇိန်ဘာလမာ အမှတ်(၂)နန့် ဇေ ၂၀၁၁ခု၊ နိုဝင်ဘာလမာဆိုကေ မိုင်တိုင်အမှတ်(၃)ကိုပင်ရောက်လတ်ပါဗျာလ်။

ယကေလေ့ရက္ခဝံလက်ကား ရက္ခဝံလက်ဇ့ရည်ရွယ်ချက်အတိုင်း အပြည့်အဝအောင်မြင်ဖို့အတွက် သည်းခံ၊ ရိုးသား၊ ကြိုးစား၊ရုန်းကန်၊ တည်မြဲဆိုရေသက်သီပြမှုခရီးရှည်ကြီးကို လျှောက်လှမ်းရပါဖို့သို့။ ရက္ခဝံလက်အနီနန့်ပထမအဆင့်ဖြစ်တေ မလေးသျှားနိုင်ငံမာဟိနီရေ ရခိုင်လူတန်းစား နယ်ပယ်အသီးသီးနန့် ရခိုင်တိနီထိုင်ကတ်တေ နယ်မြီဒေသပေါင်းစုံကို ရက္ခဝံလက်မဂ္ဂဇိန်း အပြည့်အဝစီးဝင်ပြန့်နှံ့ရေး သျှေပင်ကား ပန်းတိုင်ရောက်ဖို့အများကြီးအလှမ်းဝီးနီပါသို့ရေ။ ယင်းပိုင်ဖြစ်နီရရေ အကြောင်းကတော့ခါ ရခိုင်လူမျိုးတချို့ထက်ဝက်ရို့စွာ စာဖတ်ဖို့အလိအထလုံးဝမဟိ ဖြစ်နီကတ်သို့စွာကတကြောင်း၊ စာသျှေပီသျှေစိတ်ဝင်စားရေ တချို့တချို့တိကလေ့ ရက္ခဝံလက်ဇ့ရည်ရွယ်ချက်နန့် ရပ်တည်ချက်မှုကိုမကြည့်ဘဲ ဇာသူရို့ကဇာလောက်တတ်လို့ လုပ်ကတ်စွာလေးဆိုပနာ လူကိုကြည့်ယင်း တွန့်ဆုတ်တွန့်ဆုတ်ဟိနီကတ်ပြီးကေ တချို့ကျခါလေ့ ရခိုင်ပိုင်ရီးစွာတိကဖတ်လို့မကျ၊ ရခိုင်ပိုင်ရီးစွာက မလီးနက်ဆိုပြီးကေ ဗမာစာပီမှိုင်းထဲမာမွဲ့နီတုန်းသို့။ ဇေပိုင်ဖြစ်နီရစွာတိရေ အဓိကနန့်သာမညကို မခွဲခြားတတ်လို့၊ အမျိုးကိုချစ်ကေ စာကိုလေ့ချစ်ရဖို့ဆိုစွာလောက်ကိုပင် သတိမချပ်မိလို့၊ စာပီဇ့တန်ဖိုး၊ စာပီဇ့ အရာရောက်ပုံတိကို အလှပလှသဘောမပေါက်ကတ်သို့လို့ ဖြစ်ပါရေ။

အမှန်မာစာပီစွာ လူမျိုးတစ်မျိုးဇ့ဦးနှောက်၊ လူမျိုးတစ်မျိုးဇ့နှလုံး၊ လူမျိုးတစ်မျိုးဇ့အသက်သွီးကြောပင်ဖြစ်ပါရေ။ ကမ္ဘာမာ လူမျိုးကြီးတစ်မျိုးလို့ အသိအမှတ်ပြုခံရဖို့အတွက် (၁)ကိုယ်ပိုင်ဘာသာစကားဟိရဖို့ (၂)ကိုယ်ပိုင်စာပီဟိရဖို့ (၃)ကိုယ်ပိုင်ယဉ်ကျေးမှုဟိရဖို့လို့ ဆိုထားပါရေ။ ယင်းပိုင်အတွက်နန့် ရခိုင်လူမျိုးတိကို ဒေအချက်သုံးချက်နန့်ကိုက်ညီရေလားလို့လေ့လာကြည့်ရေခါ.. (၁)ရခိုင်မာကိုယ်ပိုင် ဘာသာစကားဟိပါရေ ၃။ ရခိုင်မာကိုယ်ပိုင်သီးခြားယဉ်ကျေးမှု ထုံးထမ်းအစဉ်အလာလေ့ဟိပါရေ။ ယကေလေ့နံပါတ်(၂) အချက်ဖြစ်တေ စာပီကျခါ အတိတ်မာထွန်းကားခစွာမှန်ကေလေ့ ဒေဂနို့အချိန်ခါမာတော့ခါ ရခိုင်စာကိုရခိုင်တိကျောင်းသုံးစာ၊ ရုံးသုံးစာအဖြစ် ပြဋ္ဌာန်းလို့မရသို့ရေ အဓိကပြဿနာက အစပြုလို့ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ရသစာတမ်း(ခေါ်)စာညွန့်အစဟိရေ အနုပညာစာပီ ဘာသာရပ်တိကိုလေ့ ရခိုင်ပိုင် ရီးပြီးကေ ရခိုင်ပိုင်ဖတ်ဖို့လူတိသီအောင်အားနည်းနီစွာကိုတွိမြင်နီရပါရေ။

ယင်းအတွက်နန့်လေ့ ရခိုင်တိရေ ကိုယ့်ရို့ကိုကိုယ်ရို့ ငါရို့စွာလူမျိုးကြီးပါလို့ လက်မထောင်နိုင်ဖို့အတွက် အားနည်းချက် (ဟာကွက်)တစ်ခုပိုင်ဖြစ်နီရေ (တနည်းအားဖြင့်ကိုယ့်ပစ္စည်းမှန် အဖိုး၊အဖီးအမွီလေ့ဖြစ်တေ) ဒေရခိုင်စာပီဆိုရေ ကွက်လပ်ကို ဝိုင်းဝန်းကူညီဖြည့်စွက်ရဖို့တာဝန်က ဒေဂနို့အကျွန်ရို့လက်ထက်မာ အသဲတပြင်းကျရောက်လာနီပါယာလို့ဆိုချင်ပါရေ။

ယင်းပိုင်တွက်နန့် ရှင်သန်နိုးထအတက်ကြွဆုံးကာလလို့ပြောလို့ရရေ ဒေဂနို့ခေတ်မာ စီးမျိုးပါဝင်နီကတ်တေ ရခိုင်လူမျိုးတိုင်းကို မိဖ ညီကိုမောင်နှမပါးကိုရီးရေစာလေ့ ရခိုင်ပိုင်၊ မိတ်ဆွီသူငယ်ချင်းရို့ပါးကိုရီးကေလေ့ ရခိုင်ပိုင်၊ ရည်းစားစာ ရီးကေလေ့ ရခိုင်ပိုင်နန့် သျှင်ပြု၊ မင်္ဂလာဆောင်၊ မွီးနိ့ဖိတ်စာရို့ကအစ၊ ရုံးတိကန်းတိ၊ အိမ်တိယာတိမာရီးရေ သတိပီးစာ၊ တားမြစ်စာရို့မာအဆုံး အားလုံးကို ရခိုင်ပိုင်အလိအထဖြစ်အောင်၊ ကြိုးစားရီးသားကတ်ပြီးကေ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ရသစာတမ်း(ခေါ်)စာညွှန့် အစဟိရေအနုပညာစာပီအရပ်ရပ်တိကိုလေ့ ရက္ခဝံလက်နန့်တတူ ၊ တခြားတခြားသော ရခိုင်စာအုပ်တိနန့်တတူ ရီးလူကရီး၊ ဖတ်လူကဖတ် ဖန်တီးသူနန့်ခံစားသူ နှစ်ဦးနှစ်ဖက်မမြိုင်ဆဆိုင်နန့် ဒေထက်မကတိုးပွားပြန့်နှံ့ဝီဆာလာအောင်အားထုတ်ယင်း ရခိုင်စာပီမှတ်တိုင်ကို (အသူဖြိုလေ့ မပြိုနိုင်အောင်) အသစ်တဖန်ပြန်လည်စိုက်ထူကတ်ပါမေလို့ အလီးအနက်တိုက်တွန်းလိုက်ရပါရေ။

စာဖတ်ပရိသတ်အပေါင်းရို့ကို အစဉ့်လေးစားလျက်
ရက္ခဝံလက်–ရခိုင်အမျိုးသားမဂ္ဂဇိန်း
ရက္ခဝံလက်–ရခိုင်စာပီဖြစ်မြောက်ရေးအသင်း
(မလေးသျှား)

# အတိတ်ကိုသိ ပစ္စုကိုမြင် အနာဂတ်ကို မျှင်ကတ်မေ



၆ မဟိ ံသက တိုင်းဓညဟု
နာမကျော်ထင် ရှီးအယင်က
သဇင်ပန်းခိုင် တမြိုင်မြိုင်ကေ
မွှီးကြိုင်ထုံလျှမ်း ဓမ္မပန်းနန့်
သင်္ခမ်းတန်ဆောင်း ဘုရားကျောင်းနန့်
ခေါင်းလောင်းသံချို သဒ္ဒါပိုလို့
စိမ်းစိုငြိမ်းချမ်း မြီလခြမ်းပိုင်
ငါရို့နိုင်ငံ သာယာရေ။

၆ ရခိုင်ပြည်နယ် ဗမာပြည်ဟု
နာမည်အတု ပေစွဲမှာ
ကျွန်ပြုစွာခံ အောက်သားထံ၌
မျိုးမာန်ဆိတ်သုဉ်း လူဖြစ်ယုံး၍
ယူကျုံးမရ သင်္ခါရလား
ရက္ခနွယ်မှန် အာရီယန်ဟု
ဘုန်းလျှံတောက်ခ သူရိယပိုင်
ငါရို့နိုင်ငံ ဇာမာလေ။

၆ မျိုးရိုးမူလ ရက္ခိတဟု
စာသဖွဲ့နှိုင်း ရှီသမိုင်းကို
တွေးတိုင်းကြည်နူး ဘဝင်မြူးလေ့
ရာထူးကိုမက် မျိုးဆက်မှာ
ပြိုပျက်လူထု စည်းလုံးမှုနန့်
အတုမျိုးချစ် လူဘက်လိုက်လို့
အသိုက်မြုံပျက် ကျွန်တွင်းနက်တေ
လက်ဆက်ခိုင်မြဲ ရှီလက်တွဲဗျာ
သွီးစည်းကတ်မေ မျိုးမြတ်ကေ
ညီညွတ်ကတ်မေ ရခိုင်ရို့လေ။ ။

အဥ္ဇနမောင်

# သစ္စာအခွံကို ဝတ်သော လူများ



- အမှန်မပါလာရေ သူရို့ လက်ထဲက
  အမှားလို့ အပြောခံလိုက်ရရေ ညဥ့်
  မိုက်မဲမှုတိက ရှာချလိုက်စွာ
  ဇေဂုထက်ထိ မစဲနိုင်ကား....

- မြီဆီ၊ မြီနှစ်အဖြစ် ဝပ်ပီးချင်ခရေ စိတ်ဓာတ်
  အဖျက်အဆီးခံ၊ အပျက်အစီးဖြစ်နီရေ နာမည်တစ်လုံး
  အီးစက်နီရေ သွီးမျှင်တန်းတိနန့် ခြုပ်ရ၊ ဖာရစွာ
  အသစ်စက်စက်တော့ ဇာဟုတ်ပါဖို့ လေး...

- နီရာ၊ အာဏာ၊ ပညာ...
  ကျိန်စာသင့် ဝေဒနာကိုယ်စီနန့်
  မမျှတရေ ရင်ခုန်စည်းချက်အောက်က
  အသံပျောက် ပြုံပြင်မှုတိုင်း
  သစ္စာတရားရို့ပျောက်ကွယ်လားရေလမ်းထက်
  အံ့သြဖို့ ကောင်းလောက်အောင် များလိုက်တေ လူတိ...

- ခခြောက်သသွိ မျက်ရည်ပြာတိနန့်
  ဖွတ်ပနာ   သန့်စင်ထားရေ
  အဖြူရောင်စီးကြောင်း တစ်ခုမာ
  အတ္တ၊ မာန်မာန ကင်းရေ တစ်နို့
  အိပ်တန်းပျံနီရေ ငှက်တစ်အုပ်
  ရှိုးသားယှင်းလင်းရေ အနာဂတ်ခရီးကိုနှင်လို့
  လှလိုက်တေပင်ဝေ.....။

**ခိုးရဲသူ**

# ယှောင်ကြဉ်ကတ်ပါ အချိုလွှာအောက်က အခါးယုတ်တဗာ



မဆန်းစစ် မလေ့လာ

အလကားပဲနန့်

မျက်နှာဟိရာ ဟင်းဖတ်ပါချင်ပုံက

ဗမာစကား ချိုရေ

ရခိုင်စကား ကြမ်းရေ

ယပိုင်သို့

ဖြစ်ပုံတိက

'ညီမလေးရယ်'  လို့ ခေါ် လိုက်စွာနန့်

နားဝကပင် စီးလားခစွာ သကာတိ

ရင်ဖတ်မာ အိုင်ခတ်လို့

ယင်းအတွက်နန့်လေ့
ရခိုင်သမတစ်ယောက်
မလေးသျှားရောက်တေဆိုစွာနန့်
လက်မဆီး ခြီမဆီး
ဗမာရင်ခွင်ကို
ချိတ်တက်လူ တက်
ဒိုင်ဗီထိုးချလူက ချ
ငတ်ကြီးကျလာရေလားလို့ ထင်ရလောက်အောင်
ဗမာတိပါးစဖျားက ကြားလာရစွာက
'တိုင်းရင်းသားတွေထဲမှာ ရခိုင်မကို ဖန်ရတာ
အလွယ်ဆုံးပဲဗျာ'  လတ်

ရှက်တတ်ကေ လဲသီပစ်ဖို့ကောင်းရေ စကား
ခြီမ က သွီး ငယ်ထိပ်ရောက်လားလေ့
ပြန်ပြောစရာ စကားမဟိရေ အနီအထားနန့်
အမျိုးသန့် ရက္ခိတ လို့
ခေတ်အဆက်ဆက်
သွီးနန့်ရီးထိုးလာရေ ဂုဏ်ပုဒ်ကို
ဒေဂနို့ ရခိုင်သမတိက
သွီးနန့်ပြန် ခြီဖျက်
သနတ်သံ မကြားရေ တိုက်ပွဲကြားမှာ
သွီးထွက်သန်ယို မဟိ
အစုလိုက်အပုံလိုက် ကျဆုံးနီကတ်ပုံတိ

အမှန်က
ရခိုင်သမတိ နားဝင်ချိုရေ
ဗမာစကားသကာစွာ
ဗမာဘုရင် မောင်ဝိုင်း
ရခိုင့်ထီးနန်းကို မီးကင်၊ မြို့ရွာကိုပြာဖုံး
ရခိုင်သားတိ သွီးကို
ရခိုင်သမတိ အရှက်ခန္ဓာ အမြည်းနန့်
ရောသောက်
လောက်ကေ  ပြောင်ဗျာဆိုမှရာ
ပျားသကာမှာ အဖီးလောက်ကျရေ
ယဉ်ကျေးမှု ရခိုင်စာပီတိကို
အဆီအနှစ် ဆွဲထုတ်
ကိုယ့်စွာယောင်ယောင် လုပ်ပစ်ပြီးခါမှ
ပေါ် ပေါက်လာရေ
တမာအောက်ခံ
အပေါ် ယံ သကာခဲသျှေတစ်ခုပါရာ

ယေနန့်လေ့
ဗမာတိရေ
ကိုယ်ရို့ကျူးလွန်ထားရေ
အမျိုးသားရာဇဝတ်မှုကြီးအတွက်
တစ်နို့ မှာ
ရခိုင်တိ (သီချာပေါက်)
အကြွီးပြန်တောင်းလာဖို့မှန်းသိလို့
ကြောက်ကြီးသန်ဖက်ရ ရပနာ
ဗမာလူမျိုးတိုင်း နှလုံးသားထဲမှာ
တစ်ယောက်တစ်လက်စီ
( မဖြစ်မနီ ) ဝှက်သိမ်းထားရေ
လက်နက်က
ရခိုင်နန့်မြို့ပွီး ရခိုင်ကို အယင်သတ်ရဖို့လတ်

ကိုင်!
ရခိုင်သမရို့လေ
သတ်ဖို့အသင့် ဓါးဝှက်စောင့်နီရေ
အမျိုးယုတ်တိ ပစက ထွက်လာရေစကား
အစ်မရို့နားမှာ
အမှန်ချိုဖို့ မချိုဖို့  ။

မလေးသျှားနိုင်ငံက အမျိုးစောင့်ထိန်းကတ်တေ
ရခိုင်သမရို့ကို အစဉ်လေးစားလျက်

**ရရေလှု**

# သုံး ဘက် ညီ မှ



အတွေးအခေါ် ပေါင်းစုံဖော်ဖို့
ဂေါင်းတော်အများ ဝိုင်းဝန်းအားရေ
တစ်ဖြားမက လိုအပ်လှသည်
ပရ ရခိုင် သင်းပြန့်လှိုင်ဖို့ ။

ဝံလက်အဖွဲ့ အားကုန်ညှော့လေ့
မကြည့်ဘေးဖယ် သီလိမေကြောင့်
နာမည်ဘွဲ့မှန် မျိုးချစ်ဉာဏ်ဖြင့်
စာစျာန်ဝင်စား ကူညီလားစို့ ။

ကိုလိုနီခေတ် ရခိုင်ဖြစ်ရို့
ရာထူးဆိုက်ကပ် ကျွန်လုပ်ကတ်ရ်
မတတ်မိခင် စာပီပင်,လေ့
သီချင်လလု သူ,သတ်ထုသို့ ။

ဝံလက်ရက္ခ သူရှန်းထလေ့
မထ ရက္ခ စာ,မသ၍
ရက္ခဒေါင်းရန် ထွက်မမှန်စွာ
မတန်မျိုးချစ် မဆိုထိုက် သူရို့ကြောင့် ။ ။

ဖူးပွင့်ခိုင်



# ရက္ခဂီမ်း

ခေတ်.....မြို့ ပြတိ ချီပိုးမောင်းနှင်လာရေ
ရာစုစက္ကန့်တိ ပြုန်းတိုင်း ထိုးရပ်
အထပ်ထပ်ဂြင်းကပ်နီရေ ဖန်အိမ်ပျက်ပိုင်
ညဇ္ဇ ဘုံပိတ်ထက်မာ ချိတ်ဆွဲ ခံထားရ.......

လက်သည်ပေါ် ငပုပ်ကို
ပစ်ခွင်းဖို့ကျ လတစ်စင်း ခမျာ
မြွားလေးကုန် အားလေးကုန်လို့

ဧးရမ ဘုန်းသျှင် နန်းသျှင်အတွက်ဆို
သခီၤရတရားက ဂှက်ဖဲတစ်ချပ်ဖြစ်တေ လတ်

ယင်းပိုင်နန့် လခြမ်းပျို့ဇ္ဇ ဈာပနမာ မြီလူးပြာကျ
ဝမ်းနည်း ယှုံးနိမ့်မှု ပေါင်းများစွာက
နှမြိုးတသခြင်းကို  အလီလီဖန်လို့
ဝံသာန နှလုံးသွီးရို့တိဇ္ဇ  ခိုင်ခံ့ ရဲရင့်ရခြင်းမာ
ရှင်သန် အထမြောက်မှုအတွက်ဆို တည်ကိန်းက
တင်းဝပန်းခိုင် တမြိုင်မြိုင်+........

ကြည့်ဇမ်! ရိုးကျော်တောဖြတ်နန့်ကို
ခြံတပ်ရိုး အဖောက်ခံထားရရေ
သုခုမ (ယဉ်ကျေးမှု) ဝတ်ရုံထည်ရို့

ဒေရာစု  ပုဇ္ဇန်ဆီရောင်အလွန်မာ
ပြီလွတ် ကျွတ်ခြီ ကျလားဖို့ ယာလား
တရှားရှားနန့်  ရက္ခဖြီလွတ်
ကြိုးပြတ်စွန်တိကို အတိတ်ကောက်တေ...

ရက်စက် ကြမ္မာဓါးသွားတိကာရာ
ဒေမျိုးဆက်လှိုင်းတိကို
အပိုင်းပိုင်းပြတ်တောက်လားစီစွာ လတ်ယေ

ထိုထင် ဒေထင်
ယုန်ထင် ကြောင်ထင်
တစာစာ ဝံလက်ပေါက်ရို့နန့် ရီပိုလူးချန်း
ဝိမုတ္တိ အိမ်မက်လှလှထဲ
စမ်းဖတ် နယမ်းကို ကူးလို့ ခတ်လို့

ဒေအတွက် လပျိုတစ်စင်း
လဲ့ထိန်လင်းပ အသက်ဆက်စီချင်ဖို့လားဂု
**သီ...မြီကြီး၊ ရှင်...ရှီထီး ‘‘ဂီမ်း’’**ကို
ထူးတမ်း၊ ရှူးတမ်း ကာစပ်မှ ဖြစ်ဖို့။

ခိုင်ရဲရင့်

ရီပိုလူးချန်း=Revolution= တော်လှန်ရေး

# နှလုံးသားလမင်းကို
# မြို့ရွာဝလုံးခေါင်းထဲက ဆွဲထုတ်လိုက်ကတ်ပါဖို့



❁ ခါးသီးရေ
မုန်တိုင်း အိမ်မက်တိက
သိမင်းတမန် ရင်ခုန်သံမျိုးနန့်
နာကျည်းစရာ
အတိတ်စီးကြောင်းထဲမှာ
ငရို့သမိုင်းကို ငရို့
ဆီးကြောခွင့် ရချင်ယင့်.....

❁ ခွဲခြားကတ်တေ
မြို့စွဲရွာစွဲ စိတ်တိက
စက်ဆုပ်စရာ ကောင်းလောက်အောင်
ကျိန်းစပ်ကတ်ဗျာလ် .......

❁ ဆုံးယှုံးခရေ
ရာဇဝင်နို့တိအတွက်
လခြမ်းမြို့ အနားသတ် ရာသီထဲမှာ
ဆုတ်ကပ်တိကို
စိန်ခေါ် နိုင်ဖို့
အဆိပ်သင့်နီရေ နှလုံးသားအတုကို
မီးတိုက် သင်္ဂြိုလ်ရအုံးဖို့.......

❁ အလင်းပျက်ပြီး
အသက်မဲ့နီရေ
အမှောင်ညဉ့်တိမှာ
ကြယ်စုံ လစုံ
ကာရန်စုံလို့
ရှိုရောင်တောက်တေ
အနာဂတ်နို့တိအတွက်
မြို့ကိုချစ်တေ စိတ်သွေးထက်
မျိုးကိုချစ်တေ စိတ်တိမွှီးပနာ
ဝိဝါဒကွဲ အတ္တနွံထဲက
နိုးထပါဗလင့် ..........။

စံသိန်း (ဒွါရာဝတီ)

# ရိုးမသစ်ပင် ပိုင်ရှင်သို့



အရိပ်ကိုခို
အခက်ကိုချိုး
အပင်ခိုးဖို့
အမျိုးမျိုးကြံ
ကုလားရန်က တစ်မျိုး။


အနုကိုခူး
အဖူးကိုဆွတ်
အပင်ဖြတ်ဖို့
အမျိုးမျိုးကြံ
အောက်သားရန်က တစ်မျိုး။

ရိုးမသစ်ပင်
အသက်ရှင်ဖို့
ပိုင်ရှင်ငါရို့
မြဲဖို့ ရှိလောင်း
ပေါင်းမြက်ကို ခွတ်
ခြံတပ်ကိုကာ
ညီညာပြုစု
စောင့်ရှောက်မှုကို
ဂရုတစိုက် လုပ်ကတ်မေ။ ။

ခိုင်မင်းဇံ


## တစ်သက်စာ

# ကတိစကား



ပေါ်ပေါက်လာရေ
ဂလိုဘလိုက်ဇေးချန်းဇွ် စိန်ခေါ်မှု
အသစ် အသစ်တိကြားမာ
ပွဲကြိုက်ပါရေ ဆိုမှ
ခွီးကိုက်စွာကြည့်ကား ဇာဖြစ်လေ
လူလူချင်း အတူတူ
အသက်ယှူ ပိုစတာပုံက
စုပေါင်းတတ်ကေ မြတ်တေ
( သို့သော်) မြဲမှ လတ်

ထော..
သီခါနာမည်
ရှင်ခါ ပီတိဆိုပနာ
သမိုင်းပီးတာဝန်ထမ်းဖို့
ရှိအိုရောင် လိပ်ပြာတိ
ရက္ခဝံလက် ဥယျာဉ်ကို
ဦးတည်ပါလတ်ကတ်မျာလ်..



နားလည်ပီးလိုက်ကတ်ပါ ပန်းသျှေရို့
အဆုံးမဟိ ပန်းဝင်နီရေ ဒဏ်ရာတိလေ့ ရပ်ရအောင်
ဝတ်မှုံ မီဇ သမူဟလေ့ မပျက်ရအောင်
နလုံးသွီးအဆင့်ဆင့်ကို

ခါတော်မီ ကာရန်ညှိယူယင်း
သစ္စာကို ပွဲတင်သံနန့် ပီးချင်သူတိလေ့
ဒေဥယျာဉ်တော် ကြီးမာ
ပျော်ပိုင် ရွက်ရွှင့် လူးရွှန့် ကတ်ပါစီဖိ..

ယေရာလေ့
ကြီးကျယ်ခမ်းနားရေ ညီညွတ်မှုတိဇွ်
အဆုံးသတ်စွာ
စီဒီပြားပိုင်
ခြီခါအသစ် မခြီခါ အမိုက်
ဖြစ်ရာ ဖြစ်တတ်လွန်းလို့
ရှိအိုရောင် လိပ်ပြာတိ အားလုံးပါးက
တောင်းခံထားလိုက်ချင်ရေ
တစ်သက်စာ ကတိစကားသျှေတစ်ခုက
ဇာသူတစ်ယောက်လေ့
ဇာအကြောင်းနန့်မှ
ရက္ခဝံလက်ကို
နှုတ်ဆက်လက်ပြ
မကျန်းမမာဖြစ်အောင် မလုပ်ပစ်ခကတ်ပါကေ့လို့ ။

လင်းတေဇ



# ရခိုင်သဗသွေ့သိစီပိုး

ရင်ခုန်တတ်စ အငယ်ကခါ
တွိရပျှိုပြို ချစ်ရည်တူလေ့
မှတ်ယူစကား မိဗများကြောင့်
ဖယ်ထားအချစ် ဗစမ်းလိုက်လို့
ကြီးမိုက်နောင်တ ဂေဟုမှယေ ။

အရွယ်သင့်လာ ချစ်ချင်ပါလေ့
မျှော်ရာတက်လမ်း ရည်ရွယ်မှန်းဗျာ
လက်ကမ်းလာသူ လှဗဥ္စူတောင်
ချစ်သူဗရှိး ဗနွှိးထွိးခ
ကြီးမိုက်နောင်တ နှစ်ခါကျဗျာ။

စောင့်လီအမျိုး ရင်ဗာကြိုးလို့
သွိးတိုးတောင်းဆို ရက္ခပျှိုဗှု
တွဲခေါ်ရကေ ဝေလည်လည်နန့်
ဖြစ်မေဗမြင် ဓရာဝင်နှောင်း
ကုန်လွန်ညောင်းစွာ ရခိုင်သဗသွေ့ သိပါစီ ။

**မောင်ကြီးသျှင်**

# စာပီဂုဏ်ဖြင့် မျိုးဂုဏ်မြင့်စီလိုသည် (၃)

ကမ္ဘာ့အရပ်ရပ် တိုင်းနိုင်ငံတိုင်းမာ မိမိရို့ဘာသာစကားကို ကျောင်းသင်ပညာရပ်ထဲ ထည့်သွင်းသင်ကြားကတ်ပါရေ။ ခေတ်မှီတိုးတက်ချင်ဆီ တိုးတက်လီပါပတ်စီ ကိုယ်ရို့စာပီကို ပစ်ပယ်ထားရေလူမျိုး၊ တိုင်းနိုင်ငံကို မတွိမြင်ဖူးသိပါ။ လူရို့လေ့လာကတ်တေ ဗေဒတိထဲမာ ဘာသာဗေဒဆိုစွာလေ့ပါဝင်ပါရေ။ ယင်းပိုင်အတွက်နန့် ဘာသာဗေဒပညာသျှင်ဆိုစွာ ဟိလာကတ်တေ မဟုတ်ပါလာ။အင်္ဂလိပ်စာကို သင်ရမှပညာသင်စွာမဟုတ်ပါ။ မိမိဘာသာစကားကို သင်ယူစွာလေ့ ပညာသင်စွာပါရာ။ အင်္ဂလိပ်စာကိုဂျည်း ဦးတည်နီကတ်ကေမတရားရာကျပါရေ။ ဘက်စုံပညာရေး အသွင်ကို မဆောင်ပါ။ တစ်လမ်းမောင်းတိုင်းပြည်က သန်းလာရေလူတိဖြစ်လို့ ပညာသင်စွာတောင် တစ်လမ်းမောင်းစနစ်နန့် လားနီကတ်တေလို့ အပြောမခံရအောင် အချိန်တပွေလုပ်ပနာ ရခိုင်စာကို လေ့လာကတ်ပါ။ မိမိတစ်ဦးတည်း ဘဝလူရာဝင်ဖို့ အရေးကြီးရေပိုင် ရခိုင်စာပီဘဝ လူရာဝင်ဖို့လေ့ ပိုလို့ အရေးကြီးပါရေ။ အတ္တ–ပရ ညှိယူမှ မျိုးချစ်ပုဂ္ဂိုလ် ပီသပါဖို့။

ရခိုင်စာတတ်မှ ရခိုင်စာပီပညာသျှင် ဖြစ်လာပါဖို့။ ရခိုင်စာတတ်သူတိများလာမှ ရခိုင်စာပီစံတရပ် ခိုင်မာတင့်တယ်လာပါဖို့။ စိတ်ဝင်တစား သင်ယူချင်စိတ်ဖြစ်ထွန်းအောင် မြီတင်မြှင့်ပီးသူရို့လိုအပ်လာပါရေ။

ရခိုင်စကားရေ အထင်ငယ်စရာမဟိပါ။ ရခိုင်စကားရေ စံနှုန်းနိမ့်ရေဆိုကေ အင်္ဂလိပ်စကားရို့၊ ဗမာစကားရို့လေ့ စံနှုန်းနိမ့်ရေလို့ သဘာဝကျကျ မှတ်ချက်ပြုရပါဖို့။ ဇာကြောင့်လေးဆိုခကေ ကမ္ဘာ့အပြော ဘာသာစကားတိရေ စံနှုန်းတန်းတူဖြစ်တေ။ အနိမ့်အမြင့်မဟိလို့ ဘာသာဗေဒပညာသျှင်တိလက်ခံထားပါရေ။ ရခိုင်စာပီဆိုစွာ မျိုးဆက်နှစ်ဆက်ကျော်လောက်ခါးပြတ်နီခပါရေ။ တစ်လမ်းမောင်းလူမျိုးကြီးဝါဒလောင်းရိပ်ကြောက်မာ ရခိုင်စာပီစိန်ပွင့်သျှေရို့ ဖုံးမနိုင်၊ ဖိမရ ပွင့်ထွက်ပါလတ်ကတ်တေ။ ယင်းချင့်သျှေတိကို လက်ဆုပ်လက်ကိုင်ပြုပနာ စာပီငမောက်ကို ရှာကတ်ရပါဖို့။ ရဟိထားရေ စာပီစိန်ပွင့်သျှေရို့ကို မျိုးဆက်သစ်ရို့ လက်ပြောင်းထိန်းသိမ်းကတ်ပါ။ မျိုးဆက်သစ်တိလက်ဒို့ ရောက်ဖို့အတွက် လက်ပြောင်းပီးသူရို့ လိုအပ်လာပါရေ။ ဒီမိုကရေစီလိုချင်ကတ်စွာ ဇာကြောင့်ပါလေး။ စာပီ၊ ယဉ်ကျေးမှု၊ လူမှုရေးနန့် စီးပွားရေးရို့ကို လွတ်လွတ်လပ်လပ် မြင့်တင်ဖို့မဟုတ်ပါလာ။ မလေးသျှားနိုင်ငံဇွဒီမိုကရေစီ အရိပ်အာဝါသကြောက်မာ ရခိုင်စာပီတိဖော်ထုတ်နိုင်ရေ အနီအထားမာ ဟိနီပါရေ။ တခြားပြည်ပရို့မာလေ့ ၄င်းနည်းအတိုင်းဟိပါဖို့။ မိုးကြိုကြို မလင်းခင် အိပ်ရာထစွာကို လူတိုင်းလိုလားပါရေ။ မိုးလင်းလာဖို့စွာ သိချာကေလေ့ မိုးလင်းမှထကေ ရခိုင်စာပီရှုခင်းကိုတွိရဖို့ မသိချာပါ။ ရခိုင်အထိမ်းအမှတ်နီ့ရို့မာ ရခိုင်စာပီကိုထိန်းသိမ်းရဖို့ဆိုပနာ ပြောလာကတ်စွာနှစ်ပေါင်း မနည်းပါယာ။ ထိုင်း၊ မလေး၊ စင်ကာပူ၊ ဂျပန်၊ အမေရိကန်ရို့မာ ရခိုင်သားတိမကန် ဟိပါရေ။ ဇာမာလေး ရခိုင်စာပီ ထိန်းသိမ်းစွာ။ ရုံးတိက ထွက်တေစာအုပ်၊ စာစောင်တိုင်း ဗမာခြင်းနန့်။ ရခိုင်ရုံးက ထုတ်တိုင်း ရခိုင်စာနန့်ရီးရမေလို့မဆိုလိုပါ။ ရီသောက်မြစ် ဖြတ်သူရို့ကို အပြစ်ဖို့နီစွာတိထက် လက်တွိလုပ်နိုင်ရေအပိုင်းကို လက်တွိလုပ်ကတ်စွာကောင်းပါဖို့။

ရခိုင်ကျောင်း(လို့ပြောယင့်)က ကျောင်းဆရာတစ်ယောက်ပြောစွာကို ဖော်ပြလိုပါရေ။ ‘တို့အလံ’ကို သင်နီကေလေ့ ရခိုင်လီသံနန့် သင်ရေအတွက် ရခိုင်စာသင်စွာနန့် တတူပါရာလတ်။ ဗမာစကား(တို့) ရေ အများပြအဖြစ် သူရို့သုံးကတ်ရေ။ ရခိုင်ရို့က ‘ဒေမာတို့ ယူခ၊ တို့ချက်ပါလတ်’ ယင်းပိုင်မျိုး နီရာကိုညွှန်းပနာပြောကတ်ပါရေ။ မှန်းချက်နန့် နှမ်းထွက်ကိုက်တေလို့ကားမမြင်ပါကား။ ယင်းစာပုဒ်က စာတစ်ကြောင်းလောက် ထုတ်နှုတ်ဆွေးနွေးပါအုံးမေ။ ‘ကျွန်တော်တို့ ကျောင်းရှေ့ရှိအလံတိုင်တွင်နိုင်ငံတော်အလံကို လွှင့်တင်ထားပါသည်’ ဆိုရေစာကြောင်းက ဝေါဟာရတချို့ကို ရခိုင်ရို့ မပြောကတ်ပါ။ အဓိပ္ပါယ်ကွဲရေပိုင် အသံထွက်လေ့ ကွဲပါသို့ရေ။ ရခိုင်ရို့ မပြောရေစကား (ရခိုင်စကားမဟုတ်စွာ) ကို ရခိုင်ပိုင်သင်ရေ၊ ရခိုင်စာသင်စွာနန့် တူရေဆိုလို့ မဖြစ်နိုင်စွာပါ။ ‘ကျနော်ရို့ ကျောင်းရှိဟိအလံတိုင်တွင် နိုင်ငံတော်အလံကို ရွှင့်ထူထားပါသည်’ ဆိုပြန်ကေလေ့ ယုတ္တိမတန်၊ မုသာဝါဒဆန်နီပါရေထော။ ရခိုင်စာပီကို ရခိုင်လီသံနန့် သင်စွာလောက် တာလားစွာဟိပါဖို့သို့လား။ ထိရောက်တေ အမျိုးသားရေးစိတ်ဓာတ်ထွန်းကားဖို့အတွက် ထိရောက်တေသင်ကြားမှု လိုပါရေ။

ဝိဝါဒဆိုစွာ နယ်ပယ်စုံမာဟိကတ်စွာပါမနား။ ဝိဝါဒသျှေတိစွာ ပြဿနာဒို့ဦးတည်မနီပါ။ ဝိဝါဒသျှေတိကြောင့် ဆိုပနာ ရခိုင်စာပီရီးသားမှု၊ ဖတ်ရှုမှု အပိုင်းတိကို ယှောင်နီကတ်စွာရေ ခိုင်လုံရေအကြောင်းပြချက်မဟုတ်ပါ။ ဝိဝါဒသျှေတိစွာပြဿနာ ဆိုခကေတောင် ရခိုင်ပြဿနာဖြစ်တေအတွက် ရခိုင်သားရို့ ဝင်လို့တောင်ဖြေယှင်းပီးရပါဖို့သို့။ ဒီမိုကရေစီဆန်ဆန်ငြင်းခုံကတ် ဆွေးနွေးကတ်မေ။ ဆရာဂူဖေဆန် ပြောရေပိုင် ရခိုင်ခြင်းနန့်ရီးဖို့ အထူးလိုအပ်နီပါရေ။ ရခိုင်ခြင်းနန့် များများရီးမှများများဝေဖန်လာဖို့။ ဝေဖန်မှုတိ များလာမှတိုးတက်မှု အသီးအပွင့်တိဝီဆာလာပါဖို့။ ရခိုင်စာပီရေ ‘ရခိုင်နိုင်ငံဇွ အင်္ဂါရပ်တစ်ခု’ ဖြစ်ပါရေ။ နိစ္စဓူဝ နို့စဉ်နန့်အမျှ ပြောနီရရေ ဘာသာစကားလောက်ကိုပင် မထိန်းသိမ်းနိုင်ကတ်ဗျာလား ရခိုင်သားရို့။ အကျွန်ရို့စွာ ကြွပ်ပိုင်ကျင့်ရပါဖို့။

ကြွပ်ရို့မည်သည်မာ ထောက်တည်ရာ မြဲမှ၊ ခိုင်မှ၊ ပိုင်နိုင်မှ တခြားဒို့လှမ်းပါရေ။ မူလပျောက် ခြီလှမ်းတိကို တန့်ကတ်ပါဖိ။ မျိုးချစ်တေဆိုရေ စကားရပ်ကြောက်မာ အခြီခံအဖြစ်ပါဝင်ရေ ဘာသာစကားကို အယင်ချစ်ကတ်ပါ။

ရန်ကုန်ကအင်္ဂလိပ်စာပြရေ ကျူယှန်ဆရာတစ်ယောက်က ဒေပိုင်ပြောပါရေ။ 'အင်္ဂလိပ်စာကို ဗမာစကား(ပြော)အဖြစ် ဘာသာပြန်ရေခါ အင်္ဂလိပ်စာကို ညှပ်လို့၊ ညှပ်လို့ ပြောစွာရေ အင်္ဂလိပ်စာမကျွမ်းကျင်ဆိုစွာကို ပြနီစွာပါ' လတ်။ အကျွန်ကလေ့ ဒေပိုင်မြင်ပါရေ။ ရခိုင်စကားမာ ဗမာစကားကို ကျပ်လို့ ကျပ်လို့ ပြောနီကတ်စွာရေ ရခိုင်စကားမတတ်ယာ ဆိုစွာကို ပြနီစွာပါချင့်။ ဟုတ်ပါရေ၊ ဇဂုပိုင် ရခိုင်သားတိရေ တောင်မကျမြောက်မကျစကားတိပြောပနာ ကိုယ်လိုင် (လည်)ကိုကိုယ်လှီးနီကတ်ပါရေ။ ရခိုင်စကားကို မထိန်းသိမ်းကေ ဘဝပြောင်းဖို့ မကြာပါယာ။ ယင်းခါမနား ဂွကျကတ်ဖို့စွာ။ ရခိုင်ဂတိက ဗမာဂတိဖြစ်လားကေ ယူကျုံးမရအောင် ဝမ်းလားနီကတ်ဖို့ဒေ။ စကားမဟိကေလူမျိုးမဟိ နိုင်ပါနှန်း။ 'ပြူ' လူမျိုး ပျောက်လားစွာကိုကြည့်ပါ။

ရန်ကုန်က စာနယ်ဇိန်းတိမာ အင်္ဂလိပ်နာမည် အတပ်များလာလို့ ဗမာစာပီသျှင်ရို့ရေ အလုပ်ရုံဆွေးနွေးပွဲတိ လုပ်ကတ်ပါရေ။ ယင်းပိုင်အတွက်နန့် အင်္ဂလိပ်ပိုင်နာမည်တပ်စွာတိ ယော့ကျလားပါရေလတ်။ အများတကာရို့မာ ယင်းလောက်ထိ အရေးတကြီးထိန်းသိမ်းနီပါရေ။ ရခိုင်စာပီကို မမြတ်နိုးနိုင်ကတ်စွာ၊ သင်ယူဖို့အားမပြုနိုင်ကတ်စွာရေ နိုင်ငံသားစိတ်မဟိလို့ပါ။ ဗမာစာတတ်စွာ လောက်သျှေနန့် ကျီနပ်နီကတ်စွာရေ တိုင်းရင်းသားစိတ်ဟိနီလို့ပါ။ ရခိုင်က ရခိုင်ကို 'ရခိုင်တိုင်းရင်းသား'ခေါ်ပါရေလား။ အသူရို့က အားခမ္မွတ်သွင်းပနာ 'ရခိုင်တိုင်းရင်းသား'ဆိုပြီးကေ သမုတ်ထားစွာလေး။ တစ်ဦးကမှားနီရေ စကားလုံးသျှေတိကို တစ်ယောက်က အမှန်ကိုခင်းပြပါ။ ရခိုင်အချင်းချင်းပြောရေအခါ ရခိုင်စကားအစင်ကိုပြောနိုင်အောင် အားထုတ်ကတ်ပါ။ ကိုယ့်ငပိကိုင်စီကိုယ်ချိုကတ်တေ စကားရပ်မာ မချိုဘဲနန့်ချိုရေပြောရေ အပိုင်းလေ့ပါနိုင်ပါရေ။ ကိုယ်ဘာသာစကား ချိုစွာကတော့ကေ အမှားမဖက်တေ အမှန်တရားဖြစ်ပါရေ။ မုန့်တီစားလို့ ချုးချဲဖြစ်နီစွာကိုမြင်ကေ မစားဖူးသူရို့ မုန်တီစားရဖို့စွာကို စိုးရွံ့နီပါလိမေ။ လျှာဖျားမာ တင်မိလီဖို့ဆိုကေအသဲစွဲစီရေ ရခိုင်မုန့်တီဇွ ဂုဏ်သတင်းကမ္ဘီးပြန့်နီပါရေ။ ယင်းပိုင်ပါဗျာ။ ရခိုင်စာပီကို မြည်းကြည့်ပါ။ စွဲလမ်းမြတ်နိုးလာပါလိမေ။ ဗမာစကားအချိုလွှာကို ဖောက်ထွက်ကတ်ပါဖိ။ အင်္ဂလိပ်စာကို (၁၀) မိနေ့လေ့လာကေ ရခိုင်စာကို (၅) မိနေ့လေ့လာပါ။ ဗမာတေးခြင်းကို (၁၀)မိနေ့နားဆင်ကေ ရခိုင်တေးခြင်းကို (၅) မိနေ့နားဆင်ပါ။ ကမ္ဘာ့သမိုင်းကို (၁၀) မိနေ့ဖတ်ရှုကေ ရခိုင်သမိုင်းကို (၅)မိနေ့ဖတ်ရှုပါ။ ရုံးသစ်ဖွင့်ရေအခါ (ယူအန်)နန့်(အန်ဂျီအို) အဖွဲ့တိပါးဒို့ အင်္ဂလိပ်စာနန့် သတင်းပို့ကတ်ပါရေ။ ဗမာရို့ကို အသိပီးရရေဆိုကေလေ့ ဗမာပိုင်စာစီလိုက်ပါအုံး။ ရခိုင်ပြည်သူတိဒို့ ဖြန့်ရေစာစွာဇာကြောင့် ဗမာစာ ဖြစ်နီရစွာပါလေး။ ယင်းချင့်ပြည်သူကို မလေးစားစွာ မဟုတ်ပါလာ။ ရုံးဆိုစွာ ပြည်သူရို့ ဇာပုံစံမကြိုက်လေး၊ ဇာချင့်လိုအပ်လေး ဆိုစွာကိုသိရပါဖို့။ ရခိုင်ပိုင်စာစီဖို့ မအားမကြုံလို့ ဆိုပြီးကေယောင်လို့တောင်မပြောပါကေ့။ အင်္ဂလိပ်ပိုင်စာစီဖို့ကျကေအားပါရေကာ။ အင်္ဂလိပ်ကို ကျကေလေးစားပါရေကာ။ ဗမာကိုကျကေ လေးစားပါရေကာ။ ဇာရုံးမာမဆို ကွန်ပျူတာတိ ဖဖူလလုံဟိကတ်ပါရေ။ ရခိုင်ရုံးဆိုစွာ ရခိုင်သားတိအတွက်ဆိုပါရေမနား။ စာပီစကားလောက်ကိုပင် ပိုင်ပိုင်နိုင်နိုင် မချစ်နိုင်ကတ်ဘဲ မျိုးချစ် ရခိုင်လို့ မခံယူသင့်ပါ။ မျိုးဆက်သစ် ရို့ခန္ဓာမာ ဗမာစကားဆိုရေ အမှောင့်ကပ်နီပါရေ။ သံခမောက် မဆောင်းခင် ရခိုင်လူကြီးရို့က ဝိုင်းဝန်းပနာ ချွတ်ပစ်သင့်ပါရေ။

အဆုံးမသတ်ခင် ဥပမာသျှေတစ်ခု ထုတ်ပြချင်ပါရေ။ တစ်ခါက ဆိတ်ဘိုဆိတ်မလင်မယားတစ်စုံရေ ရီတွင်းပျက်တစ်ခုအပါးမာ မြက်စားနီကတ်ပါရေ။ ယေခါဆိတ်မက တွင်းဝမာ စိမ်းစိုနီရေမြက်နုကိုတောင်းပါရေ။ ဆိတ်တောင်းက တွင်းဝက မြက်နုချိုဖို့စွာထက် ငါ့သီလမ်းကကြောင်းနီရေ။ ယင်းအတွက်နန့် ယူမပီးနိုင်ဆိုပနာ ပြတ်ပြတ်သားသား ငြင်းလိုက်ပါရေ။ တခြားစာပီတိရေ ကိုယ့်စံနန့်ကိုယ်ထည်ဝါနီကတ်ပါရေ။ ယင်းပိုင် ထည်ဝါနီရေ အညွှန့်တိကိုမှ လှမ်းစားနီကတ်တေအတွက် ရခိုင်စာပီဇီဝိန်ရေ မရဏတွင်းဝနားဒို့ ရောက်ဖို့ပါးနီပါယာ။ အကျွန်ရို့စွာ ဆိတ်တောင်းထက်တော့ လိမ္မာသင့်ပါရေ။

အောက်စဖို့ထ်တက္ကသိုလ်က အထူးပြုဘာသာစကား မေဂျာတိထဲမာ ရခိုင်ဘာသာစကား ဝင်ပါနိုင်အောင် ကြိုးစားကတ်မေဖိ ရခိုင်သားရို့။

စာပီဂုဏ်ဖြင့် မျိုးဂုဏ်မြှင့်မည်

**ရခိုင်စာပီတူးဆွနီသူတစ်ဦး**

ယဉ်ကျေးမှုသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးအတွက် အဖိုးထိုက်တန်သော အမွေအနှစ်လည်း ဖြစ်သည်၊ စည်းစနစ်ကျသော အထိန်းအကွပ်လည်း ဖြစ်သည်၊ ခိုင်မာသော အင်အားလည်း ဖြစ်သည်၊ ထူးခြားသော သွင်ပြင်လည်း ဖြစ်သည်။

ဦးစက္ကိန္ဒနှင့် မာန်အောင်ပြီယ

(ရခိုင်ယဉ်ကျေးမှုများ အမှတ်-၁)

## အမျိုးသားရေးလုပ်တေဆိုစွာ

အမျိုးသားရေးလုပ်ခြင်းသည် အစပိုင်းခါ အများပြည်သူ မုန်းစာကျနိုင်ပြီးကေ နောက်ပိုင်းမာ လုံးဝကြည့်မရအောင်ထိ ဖြစ်လားတတ်သည်။

မောင်ချွတ်

☺☺☺☺☺

## အားရကောင်းထမန်းအိန်တာဗျူး

သတင်းသမား။ ။မလေးသျှားမာ ရခိုင်အဖွဲ့အစည်းတိ ချလူးချလာ ဖြစ်နီကတ်စွာနန့် ပတ်သတ်လို့ ဆရာကြီးဇှ္အမြင်ကို သိခွင့်ရနိုင်ပါဖို့လား။

နိုင်ငံရေးမျိုးချစ်တစ်ဦး။ ။အိန်း...ရပါရေ...ဒေကိစ္စနန့်ပတ်သတ်လို့ ကျနော့်အမြင်ကို ပြောရဖို့ဆိုကေ ... အကောင်းဖက်ကြည့်ကေတော့ကေ မလေးသျှားမာ ရခိုင်မျိုးချစ်တိ အမျိုးကိုချစ်ဖို့ လုကတ်စွာကနီ လက်လွန်ခြီလွန်ဖြစ်ကတ်စွာလို့ရာ ပြောရပါဖို့။ အေး... အဆိုးဖက်ကကြည့်ကေတော့ကေ... ယင်းမျိုးချစ်ဆိုရေ ပုဂ္ဂိုလ်တိစွာ ဂေါင်းကျက်ကေဂေါင်းကိုစားဖို့၊ ပတုံးကျက်ကေ ပတုံးကိုစားဖို့ အကောင်တိ ဖြစ်တေဆိုစွာကို လုံးဝသံသယ ဖြစ်စရာမဟိပါ။

ခိုင်ကရဲ့

☺☺☺☺☺

## မင်းရို့ဗမာတိစွာ တိုင်းဖျားသားလား

တစ်ရက်နို့ခါ ဗမာနိုင်ငံ လူမျိုးပေါင်းစုံအစည်းအဝေးတစ်ခုကို တခြားလူမျိုးတိနည်းတူ ရခိုင်ဖက်ကလေ့ ကိုယ်စားပြု(၃)ယောက် တက်ကတ်ရပါရေလတ်ထော။ ယေခါ ယင်းတက်လာကတ်တေ လူသုံးယောက်ထဲမာ ကကောင်း စိတ်ဆတ်တေ ဦးဖောက်ဆတ်ဆိုရေ လူတစ်ယောက်လေ့ပါ,ပါရေလတ်။ ယေပိုင်နန့် အစည်းအဝေးစ,စချင်း ဗမာ အခမ်းအနားမှူးပြောစွာ မိန့်ခွန်းတိထဲမာ–

“ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ သျှမ်း အစဟိရေ တိုင်းရင်းသားတိ...၊ ငါရို့ပြည်ထောင်စု ဗမာနိုင်ငံတော်မာ....၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး..၊ တိုင်းရင်းသားတိအခွင့်အရေး...၊ ရခိုင်တိုင်းရင်းသား၊ မွန်တိုင်းရင်းသား၊ ငါရို့ဗမာလူမျိုး”” ဆိုရေ အသုံးအနှုန်းတိကို ထပ်လီသချီး ကြားလာရရေအတွက်နန့် ဦးဖောက်ဆတ်စွာ ကကောင်းဒေါသထွက်လာပနာ ဖြုန်းခနဲထပြီးကေ ပြောလိုက်စွာက....

“အဝေး.....အခမ်းအနားမှူး ငါရို့နိုင်ငံမာလူမျိုးကြီး(၈)မျိုးရာဟိရေ...ယင်းချင့်ကို မင်းက ငါရို့လူမျိုးကြီး(၇)မျိုးကိုကျကေ တိုင်းရင်းသားဆိုပြီးကေ မင်းရို့ကိုယ်မင်းရို့ကျကေ စကားအလွတ်သုံးစွဲလားခရေ..ယင်းပိုင် ဆိုကေငါမသိလို့ တစ်ခုမီးကြည့်မေ.. ”

“ဟုတ်တေ ငါရို့က တိုင်းရင်းသား....ယကေ မင်းရို့ဗမာတိစွာ တိုင်းဖျားသားလား ”

မင်းထက်ခိုင်(ဒုက္ခသည်)

☺☺☺☺☺

## ကိုယ့်အဆိုနန့် ကိုယ်........

မျက်နှာစုံညီ ရခိုင်အမျိုးသား၊ အမျိုးသမီး စည်းဝေးပွဲကြီးတစ်ခုမာ အမျိုးသားတစ်ယောက်က အဆိုတစ်ခု တင်သွင်းလိုက်တေ။

“မလေးသျှားကိုရောက်လာကတ်တေ အကျွန်ရို့ရခိုင်လူမျိုးတိမာ အမျိုးသမီးတိစွာနိုင်ငံခြားသားတိနန့် လက်ဆက်နီကတ်စွာကို တွိနီရပါရေ၊ ဒေချင့်တိကိုတားဆီးနိုင်ဖို့ ခိုင်နောင်းရေအမျိုးသမီးအဖွဲ့အစည်းတစ်ခု အရေးတကြီးလိုအပ်နီပါရေ”

‘အမျိုးသမီးဖက်ကလေ့အားကျမခံ။ အဆိုတစ်ခုကို ချက်ချင်းကြီးတုံ့ပြန်တင်သွင်းပါရေ။

“ဇေဂုမလေးသျှားမာ ရခိုင်သားတိစွာ ဘူးသီးမတိ၊ အ,မတိနန့်လက်ဆက်ပနာ အိမ်ထောင်ရက်သား ကျနီစွာကို မတွိချင်အဆုံး၊ ယင်းချင့်တိကို ယော့ကျလားနိုင်စီဖို့အတွက် ခိုင်မာရေ ရခိုင်အမျိုးသားရေးရာနန့် ပတ်သတ်တေ ကော်မတီတရပ် (မဟုတ်ကေ) အဖွဲ့အစည်းတရပ်ဟိသင့်ပါကြောင်း”။

မောင်ချွတ်

☺☺☺☺☺


စည်းလုံးခြင်းစွာ အင်အား မဟုတ်လား အဖိုးသျှင်
အေးဝေ..မင်းမကြားသိုလား၊ ရှိငါးပိဿာ အလေးဟိရေ ဘုရားကို ဗမာပြည်မဒို့ ထိပ်ပြောင်ကိုယ်တိုင် ဖမ်းယူဖို့ ပျင်ရေကိစ္စမာ မြောက်ဦးသားတိ စည်းစည်းလုံးလုံး ဆန့်ကျင်နိုင်ခဲ ကတ်စွာရေ မင်းပြောရေ ...... စည်းလုံးခြင်းသည် အင်အား ဆိုစွာထက် အောင်ပွဲဆိုကေ ပိုမှန်ဖို့-ယင်းသူရို့က 'ဖမ်းကောင်တိ' ရာ မလားဝေး၊ အသျှေလော့ မထား၊ ဘုန်းကြီးကိုလော့ မထား၊ ဘုရားကိုလော့ ဖမ်းဖို့လာစွာ ကြည့်....
GOE GO
2011


မင်းရို့ရွာသျှေက သာသာယာယာနန့် နီဖို့ ထိုင်ဖို့ကောင်းရေကာဝေ
သာတော့သာယာပါယင့် ယကေလော့ ရွာသားတိ မွန်းနီယာ၊ ဒေဖက်က လယ်တိက သိမ်းဖို့ပျင်ထားရေ လယ်တိ ပါ-ထိုဖက်က သိမ်းပြီးသား တပ်ရင်းမှူး ပုဏ္ဏန်ကန်၊ ဗျူဟာမှူး ရော်ဘာခင်း၊ မြို့နယ်မှူးအိမ်ရာတိ၊ ဒေဆိပ်ကမ်းနန့်ချောင်း ကတော့ကေ မြို့နယ်ဦးစီးမှူး မယားနန့်ယောက်ဖ ကန်ထရိုက် ဆွဲထားစွာပါ။
GOE GO
2011

**ရခိုင်ရို့အတွက်**

# အနာဂတ်ခရီး

**ခိုင်အောင်အောင်**

သမိုင်းမှတ်တမ်းတိအရ ဘီစီ ၃၃၂၅ ခုနှစ်ကပင် သီးခြားလွတ်လပ်ပြီးကေ အချုပ်အခြာအာဏာပိုင်ဆိုင်ရေ တိုင်းပြည်တစ်ပြည်အဖြစ် ကမ္ဘာ့မျက်နှာပြင်ထက်မာ ကိုယ့်စံ၊ ကိုယ်ဟန်၊ ကိုယ့်အားမာန်နန့် ရပ်တည်ပါလတ်တေ ရခိုင်ပြည်ရေ အေဒီ ၁၇၈၄ ဒီဇိန်ဘာလ ၃၁ ရက်နို့မာ မောင်ဝိုင်းဦးဆောင်ရေ ဗမာပဒေသရာဇ်တိ မတရားကျူးကျော် နယ်ချဲ့ပနာ သိမ်းပိုက်ခြင်းကိုခံလိုက်ရရေ။ ယင်းအချိန်ကပင် ရခိုင်ရို့ဇ္ နိုင်ငံရေးပါဝါ (Arakanese Political Power)၊ မွီးရာပါ လူ့အခွင့်အရေး (Fundamental Human Rights)၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပြဋ္ဌာန်းပိုင်ခွင့် (Self-determination) နန့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတိ (Socio-economic growths and developments) အားလုံးဆုံးယှုံး လားခရရေ။ လူမျိုးတစ်မျိုးကို တခြားလူမျိုးတစ်မျိုးက ကိုလိုနီပြုဖိနှိပ်အုပ် ချုပ်ထားကေ အအုပ်ချုပ်ခံလူမျိုးရေ တခါလေ့ ဖွံ့ဖြိုးတိုးတက်လီ ဖို့မဟုတ် ဆိုရေ စကားကလုံးဝမှန်ကန်ကြောင်းကို ဗမာစစ် ပဒေသရာဇ်တိ သွီးစုပ်နှိပ်စက်အုပ်ချုပ်နီရေ ဇဂုခေတ်ကာလ ရခိုင်ပြည် အခြီအနီကသက်သီပြနီရေ။

**နှစ်ပေါင်းရာနန့်ချီပနာ သက်တမ်းရှည်လာနီရေ ရခိုင်ရို့ အဖြစ်ဆိုး (The tragedy of Arakan)၊ အစုလိုက်အပြုံလိုက် ဒုက္ခရောက်ရခြင်း (Mass of tormented)၊ စိတ်သောကဖိစီးမှု (Careworn)၊ အကြောက်တရား(Fear) နန့် ဝီခွဲမရလမ်းစပျောက် နီရရေလူတိ (Bewildered human beings) ဒေပိုင်ဘဝ အနိဋ္ဌာရုံတိက လွတ်မြောက်အောင် ရုန်းကန်ကြိုးပမ်းကတ်ရဖို့စွာရေ သွီးစစ်တေ အမျိုးသားရေးတာဝန်နန့် လူသားဖြစ်ခြင်းဇ္ ဂုဏ်သိက္ခာကို ရယူလိုခြင်း ဝတ္တရားပင် ဖြစ်တေ။** လူစိတ်ပျောက်နီရေ ဗမာစစ်ဝါဒီတိနန့် ယင်းသူရို့ စစ်အုပ်ချုပ်ရေး ယန္တရားအောက်က ဖောက်ထွက်ပနာ ရခိုင်ရို့ကိုယ်ပိုင် အနာဂတ်ခရီးသစ်ကို လားနိုင်ခါမှရာ ရခိုင်ရို့လူ့ဘောင်နန့် မျိုးဆက်တိကို ထိန်းသိမ်းလာနိုင်ဖို့။ ဒေနီရာမာ အရေးကြီးဆုံးက ရခိုင်တိအားလုံး ဘက်ပေါင်းစုံက အောက်ကျနောက်ကျ လူလုံးမလှဖြစ်နီကတ်တေအချိန်မာ ဇာပိုင်အင်အားနန့် ဗမာစစ်အုပ်စု လက်အောက်က ရုန်းထွက် ပနာ လွတ်လမ်း ရှာနိုင်ဖို့လေးဆိုရေမီးခွန်းပင်ဖြစ်တေ။ ဒေမီးခွန်းကို အဖြေရှာဖို့ သမိုင်းကပီးရေ သင်ခန်းစာတိကို လေ့လာခြင်းနန့် နိုင်ငံရေး ယဉ်ကျေးမှုကို ပြန်ပျင်ခြင်းဆိုရေ အပိုင်းသျှေ (၂) ခုခွဲပနာ သုံးသပ်တင်ပြချင်ရေ။

## သမိုင်းကပီးရေ သင်ခန်းစာတိကို လေ့လာခြင်း

ရခိုင့်သမိုင်းကို လှန်ကြည့်လိုက်ကေ အလိမ်ခံရခြင်းစာမျက်နှာတိနန့် ပြည့်နီရေ။ စီးပွားရေးပျက်ကိန်းဆိုက်ပြီးကေ နန်းတွင်းအယှုပ်အထွီးနန့် အချင်းချင်းသွီးကွဲပနာ ရခိုင်ပြည်ထိန်းမနိုင်သိမ်းမရ ဖြစ်နီရေအချိန်မာ မဟာသမ္မတရာဇာကို နန်းချပြီးကေ မင်းသားဟရိကို နန်းတင်ဖို့ ယင်းမင်းသားကို ထောက်ခံရေ ရွာစား၊ မြို့စားတိက ဗမာပဒေသရာဇ်မင်း ဘိုးတော်မောင်ဝိုင်း နန့် လားပြီးကေ မဟာမိတ်ဖွဲ့ခကတ်တေ။ သူခိုးကိုခါးရိုးကမ်း ခါးမြကိုတန်းခါးဖွင့်ဗျာလ် ကြိုမိခရေ အကျိုးဆက်ကြောင့် မြောက်ဦးမြို့ထီးနန်းကျပနာ ဗမာတိ သိမ်းခြင်းကိုခံလိုက်ရရေ။ နောက်မြီးဆွဲစိတ်နန့် သူတပါးကို အားကိုးရေစိတ်ဟိရေလူတိုင်း ဒေပိုင်အမှားမျိုးကို ကျူးလွန်တတ်တေ။ ဇဂုခေတ်ရခိုင်ရို့ သတိထားစရာပင် ဖြစ်တေလို့ ရခိုင်အမျိုးသားဂေါင်းဆောင် ဆရာစံကျော်ထွန်းက သူရီးထားခရေ ဇာလုပ်ကတ်ဖို့လေးစာအုပ်မာ သတိပီး ပြောထားခစွာကိုဖတ်ရရေ။ ရခိုင်အမျိုးသား တော်လှန်ရေး ဂေါင်းဆောင်တစ်ယောက်ဖြစ်တေ ဗုံပေါက်သာကျော်ကလေ့ သူရီးခရေ တော်လှန်ရေးခရီးဝယ် စာအုပ်မာ–

**‘ဂျပန်ကိုတော်လှန်ဖို့ အင်္ဂလိပ်ကိုဆက်သွယ်ပနာ ပူးပေါင်း ဆောင်ရွက်နိုင်ဖို့အတွက် ရခိုင်ပြည်က ဂေါင်းဆောင်တိနန့် ဗမာတိလာလို့ တွိဆုံဆွေးနွေးကတ်တေခါ ရခိုင်ဂေါင်းဆောင်ရို့က ဗြိတိသျှဗားမား လွတ်လပ်ကေ ရခိုင်ပြည်ကို သီးခြားလွတ်လပ်ရေးပီးရဖို့လို့ တောင်းဆိုရေခါ ဗမာကိုယ်စားလှယ်တိက အလွယ်တကူသဘောတူကတ်တေ။ ယင်းလောက်နန့် မလုံလောက်သို့လို့ ဗုံပေါက်သာကျော်ကိုယ်တိုင် ရန်ကုန်ဖဆပလဌာနချုပ်မာ ဆွေးနွေးခါလေ့ ယင်းအတိုင်းသဘောတူချက်ရခရေ။ ယင်းအတွက်နန့် ဘုံရန်သူ ဖက်ဆစ်ဂျပန်ကို တော်လှန်ရေးအတွက် ရခိုင်ဂေါင်းဆောင်ရို့ ဗမာဂေါင်းဆောင်တိနန့် ပူးပေါင်းခကတ်တေ”** လို့ မှတ်တမ်းတင်ရီးထားခရေ။ ၁၉၄၈ အင်္ဂလိပ်ပါးက လွတ်လပ်ရေးရရေခါရခိုင်သားစွာ လွတ်လပ်တေစာရင်းမာမပါ။ ဗမာပါးမာ အလိမ်ခံရပနာ ဗမာကိုလိုနီစစ်ကျွန် ဖြစ်ပါလတ်စွာ နေ့ထက်ထိပင်ဖြစ်တေ။

**နိုင်ငံရေးပါတီအဖွဲ့အစည်းတိလေ့ သာမန်သမရိုးကျ အဖွဲ့သျှေတိ အဆင့်ကနီ စွမ်းရည်ပြည့်ဝခေတ်မှီရေ ပရိုဖတ်ယှန်နယ်ပါတီ အဖွဲ့အစည်း တိ ဖြစ်လာအောင် ပြုပြင်ပြောင်းလဲ ဖွဲ့စည်းလားကတ်ရဖို့**

အထဲလားကောက်ကျစ်တေ ဗမာပရိယာယ်မာယာနန့် မဟာဗမာအမျိုးသားရေးဝါဒက ကမ္ဘာ့နိုင်ငံရေး ရာသီခေတ်စနစ်တိလိုက်လို့ အပြင်က သကာလူးထားပနာ ချိုချင်စွာပိုင် အကွန်ဆောင်နီကေလေ့ အထဲမာအတွင်းအနှစ်သား တမာအခါးတုံးက တခါလေ့ နီရာမပြောင်း၊ လမ်းမစောင်းခ။ ဖားတပိုင်းငါးတပိုင်း ပါလီမန် ဗမာဒီမိုကရေစီ၊ ဗမာ့နည်းဗမာ့ဟန် ဆိုယှယ်လေ့စ်ဝါဒနန့် ဇဂုနအဖဗမာစစ်အုပ်စုပြောနီရေ သိပ္ပံနည်းကျအမျိုးသားရေးဝါဒ၊ ဒေချင့်တိ အားလုံးကို ခြုံကြည့်လိုက်ကေ အဖြေက ဗမာတိကရာ နိုင်ငံရေးအာဏာကို လက်ဝါးကြီးချုပ်ကိုင်ပနာ ဗမာမဟုတ်တေ လူမျိုးတိကို ဗမာစစ်ကိုလိုနီ ကျွန်ပြုလားရေးပင်ဖြစ်တေ။ မဟာဗမာကျဉ်းမြောင်း၊လူမဆန်ရေ အမျိုးသားရေးဝါဒကို အကောင်အထည် ဖော်လားရေးပင် ဖြစ်တေ။ 'ပြည်ထောင်စုမပြို ကွဲရေး' ဆိုရေစကားလုံးကို တကျာကျာ အော်နီစွာကိုကြည့်ကေ ဗမာတိ ဇာနိုင်ငံရေးခြီလှမ်းနန့် လားနီကတ်လေဆိုစွာကို ခန့်မှန်းသိနိုင်ရေ။ လူမျိုးကြီးဝါဒယုံကြည်မှုနန့် အယူအဆလမ်းစဉ်တိ (Chauvinistic beliefs and doctrines)၊ လူမျိုးရေးခွဲခြား မုန်းတီးမှုဝါဒ (Racialism) နန့် ရက်စက်ကြမ်းတမ်းရေ စစ်စနစ်ပုံစံ အမျိုးသား ရေးဝါဒ (An aggressive and militaristic form of nationalism) တိပေါင်းစပ်ပနာ ဒေနိဗမာတိကျင့်သုံးနီရေ အမျိုးသားရေးဝါဒကို အင်္ဂလိပ်ပိုင်(Expansionist nationalism)လို့ခေါ်ပါရေ။ ဒေဝါဒကိုအခြီခံပနာ ဗမာမှုပြုရေးပေါ်လစီ (Burmani- zation Policy)ကို လက်တွိကျကျအကောင်အထည်ဖော်ကျင့်သုံး နီခြင်းပင်ဖြစ်တေ။

နိုင်ငံရေးလိမ်လည်မှုတိကို ကျူးလွန်ပနာ ဗမာအကျင့်စရိုက် ယဉ်ကျေးမှု အတွေးအခေါ်တိက ကြောရိုးခံထားရေ ဒေနိ့ကာလ နအဖဗမာစစ်စနစ်ရေ အနည်းဆုံးနောက်ထပ် နှစ်ပေါင်း (၃၀) လောက် ဒေပုံစံအတိုင်းလားနီဖို့စွာက တန်းလို့ လှမ်းမြင်နီရရေ။ အစိမ်းရောင်ယူနီဖောင်းကနီ ဂေါင်းပေါင်းတိုက်ပုံ ပြောင်းလားနိုင်ရေ။ ယေကေလေ့ ကျဉ်းမြောင်းလူမဆန်ရေ ဗမာဝါဒကမပြောင်း လားနိုင်။ အခြီခံနိုင်ငံရေးအပြောင်းအလဲ (Fundamental Political Change) ဖြစ်လာဖို့လမ်းစကလေ့ အဝီးကြီး။ ဒေနိ့ ဗမာတိ ကျင့်သုံးနီရေ နိုင်ငံရေးပေါ်လစီက ဗမာအချင်းချင်း တီးလုံးတိုက်ပနာ နိုင်ငံရေးအာဏာကို ချုပ်ကိုင်လားရေးပေါ်လစီပင်ဖြစ်တေ။ ကျိန်းသီနီစွာက ဗမာတိဇ္ဇ နိုင်ငံရေးအပြောင်းအလဲရေ ရခိုင်တိနန့်မဆိုင်။ ဗမာတိနောက်ကိုလိုက်ပနာ အမောင်တောင်မှန်းမြောက်မှန်း မသိလုပ်နီလို့မဖြစ်။ အတိတ်သမိုင်းနန့် ဒေနိ့ထိအောင် ဗမာပါးမာ အလိမ်ခံနီရခြင်းကို သင်ခန်းစာယူလို့ ရခိုင်တိလမ်းကိုရာ ရခိုင်တိလားပနာ ရခိုင့်နိုင်ငံရေးအဆင့်အတန်းကို မြှင့်တင်လားကတ်ရဖို့ ဖြစ်တေ။ အငှားကားကို တခါလေ့ တစ်ယောက်လေ့ မဆီး (No one ever washes a rented car) ဆိုရေ စကားပိုင် ရခိုင်ရို့ကိစ္စကိုတစ်ယောက်လေ့ လာလုပ်ပီးဖို့မဟုတ်။ ရခိုင်တိရာ လုပ်ကတ်ရပါဖို့။

## နိုင်ငံရေးယဉ်ကျေးမှုကိုပြန်ပျင်ခြင်း

ရခိုင်သားတိဇဝီဇဝါ ဖြစ်နီစွာတစ်ခုက ဒီမိုကရေစီလို့ပြောကေ ဗမာနောက်လိုက်လို့ ထင်နီကတ်တေ။ ကမ္ဘာကြီးမာ ယဉ်ကျေးရေလူမျိုးတိုင်း ကျင့်သုံးနီရေ လေဘရယ် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလိုခြင်းရေ ဗမာနောက်ကိုလိုက်ခြင်း မဟုတ်လို့ ပြောချင်ရေ။ နောက်တစ်ခုက ဒီမိုကရေစီစနစ်စွာ ဗမာတိတီထွင်လိုက်တေ နိုင်ငံရေးစနစ်တစ်ခုမဟုတ်။ ယကေလေ့ ဒေနိ့ဗမာတိပြောနီရေ ဗမာ့နည်းဗမာ့ဒီမိုကရေစီ နောက်ကိုလိုက်ကေတော့ သီချာရေ ဗမာနောက်လိုက် ဖြစ်လားနိုင်ရေ။ ဒေနီရာမာအဓိကထားပနာ ပြောချင်စွာက ရခိုင်နန့်ရခိုင်ကြားထဲမာ ဒီမိုကရေစီအတွေးအခေါ်ယုံကြည်မှုတိကို လက်တွိကျကျကျင့်သုံးလားလို့ရရေဆိုရေစကားပင်ဖြစ်တေ။

**ယပြီးကေ လွတ်လပ်ရေးနန့် ဖယ်ဒရယ်ဒီမိုကရေစီမာ ဇာလမ်းကို လားကတ်ရဖို့လေးလို့ ဝီခွဲမရဖြစ်ပနာ ငြင်းနီကတ်စွာကိုတွိရရေ။ ဒီမိုကရေစီ သို့မဟုတ် စီးပွားရေးတိုးတက်မှုမဟိခင် တိုင်းပြည်တစ်ခု အယင်ဟိရဖို့ (Before you can have democracy or economic development, you have to have a state) ဆိုရေစကား တစ်ခုဟိရေ။ ကိုယ်ပိုင်တိုင်းပြည်နိုင်ငံတစ်ခု မဟိဘဲနန့် ယင်းလူမျိုး ရေ ဒီမိုကရေစနစ်ကို တည်ဆောက်လို့မရနိုင်။ လွတ်လပ်ရေးနန့် အချုပ်အခြာအာဏာရေ နိုင်ငံရေးဇ္ဇ အမြင့်ဆုံးတန်ဖိုးဖြစ်ပြီးကေ ဒေတန်ဖိုးကို ပိုင်ဆိုင်ထားခါမှရာ ယင်းလူမျိုးရေ ကမ္ဘာ့လက်ဟိ နိုင်ငံရေးစနစ်တစ်ခုဖြစ်တေ လေဘရယ် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလို့ရလာနိုင်ဖို့။ လူမျိုးတစ်မျိုးဇ္ဇ အမြင့်ဆုံး တန်ဖိုးဖြစ်တေ လွတ်လပ်ရေးနန့် အချုပ်အခြာအာဏာကို ရခါမှရာ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်ကို ရလာဖို့ဖြစ်တေ။**

အတိတ်ကာလမာအနုသျှေထွက်ခါစ ပင်လုံဖယ်ဒရယ်အိမ်မက်ကို ဗမာအမျိုးသားရေးဝါဒက နင်းခြီဖျက်ပစ်လိုက်တေ။ ယင်းအတွက်နန့် နိုင်ငံရေးအဖြေကောင်းတစ်ခု ဖြစ်နိုင်ကေလေ့ ဖယ်ဒရယ်စနစ်စွာ ခေတ်သစ်မြန်မာနိုင်ငံအတွက် သီလားပြီးသား နိုင်ငံရေးအိုင်ဒီယာတစ်ခုဖြစ်ပါလတ်တေ (Although it can be a good political solution, the federal system is seen as an anachronism in the modern Burma) ငြိမ်းချမ်းရေးနတ်သမီးဟိကေ စစ်ပွဲဆိုရေ တမန်တော်နတ်ဆိုးဟိရေ ဆိုရေစကားပိုင် တန်းတူ ညီမျှရေ ငြိမ်းချမ်းရေး ရဖို့ ထိုက်တန်ရေတန်ဖိုးတော့ပီးကတ်ရဖို့။ ဖေသာ တစ်ယူရိုနန့်မာစီးဒီးကားဝယ်စီးလို့ မရရေပိုင် ဗမာက စစ်ရေးနိုင်ငံရေးအင်အားတိ သာနီရေအချိန်မာ လူမျိုးပေါင်းစုံအ တူတူလက်တွဲလို့ တန်းတူနီနိုင်ရေ ဖယ်ဒရယ်ဗဟုလူ့ ဘောင်ကို ထူထောင်ဖို့ အမျိုးသားဝါဒနန့် စစ်သွီးကြွနီရေဗမာတိ စဉ်းစားဖို့မဟုတ်စွာက လက်ဟိနိုင်ငံရေးဖြစ်စဉ်နန့် ပကတိအခြီအနီလို့ ပြောကတ်ရဖို့။ ဗမာတိအများစုနီရေ တိုင်းတိမာ ပြည်တွင်းစစ်ပီသရေ ပြည်တွင်းစစ်ပွဲတိဖြစ်ကေတော့ ဗမာဖက်က ဖယ်ဒရယ်ဆိုရေစကားလုံးကို အယင်ပိုင်လိမ်ဖို့ ပရိယာယ် တစ်မျိုးနန့် ပြောလာနိုင်ရေ။

ရခိုင်ပြည်ကို ဗမာတိလက်ထဲက ပြန်ပနာ ဇာပိုင်ရအောင် ယူဖို့လေးဆိုရေ မဟာဗျူဟာအတွက် နည်းဗျူဟာ (၂) ခုတော့ဟိရေ။

**ပထမတစ်ခုက ရခိုင်လူထုကို အခြီခံပနာ ရခိုင့်လူထု လွတ်မြောက်ရေးတိုက်ပွဲကို ဆင်နွှဲခြင်းပင်ဖြစ်တေ။ ဒေတိုက်ပွဲအတွက် ရခိုင်ပြည်အထဲနန့်အပြင် ဟန်ချက်ညီညီ သွီးစည်းခိုင်မာ စည်းလုံးညီညွတ်ဗျာလ် ဗမာစစ်ကိုလိုနီခေတ်သစ်ပဒေသရာဇ်ကို တော်လှန်ကတ်ရဖို့။ အနုနည်း၊ အကြမ်းနည်း နှစ်ခုစလုံးနန့် ထိုးစစ်ဆင်ဗျာလ် လူစိတ်မဟိရေ ဗမာခါးမြဂိုဏ်းစစ်သွီးကြွတိကို ရခိုင်ပြည်က မောင်းထုတ်ကတ်ရဖို့။** ဇဂုဗမာစစ်တပ်မာ စစ်သားအင်အား (၅) သိန်းဟိရေ။ ရခိုင်ပြည်မာ တပ်ချထားစွာ အင်အား (၅) သောင်း ပတ်ဝန်းကျင်လောက်ရာဟိရေ။ **ရခိုင်သား (၃)**

**သန်းမာ (၅) ရာခိုင်နှုန်း(တစ်သိန်းခွဲ)လောက် လူထုအင်အား စုနိုင်ကေ တော့ ရခိုင်ပြည်ကို ဧကန်မုချ ပြန်ရလာနိုင်ရေ။** ‘တော်လှန်ရေးအစ ငတ်ခြင်းက’ ဆိုရေစကားပိုင် အားလုံး ငတ်နီကတ်တေအချိန်မှာ ဒေပိုင်တော်လှန်ရေးမျိုး ဖြစ်လာတတ်စွာ ကမ္ဘာ့သမိုင်းမှာ မှတ်တမ်းတင်ထား ကတ်စွာတိကို ဖတ်ရရေ။ ယကေလေ့ ဒေပိုင်တော်လှန်ရေး အထမြောက်အောင်မြင်ဖို့ ကြောထောက်နောက်ခံ မဟာမိတ်နိုင်ငံတစ်နိုင်ငံတော့ လိုအပ်တေ။

ဒုတိယတစ်ခုက မီးစင်ကြည့်ကရေ နည်းဗျူဟာလို့ ပြောကတ်ရဖို့ ။ မင်းသီခေတ်ပြောင်းတတ်တေ ဗမာရာဇဝင်နန့် အညီ နအဖစစ်ဂေါင်းဆောင်**သန်းရွှေသီလို့** အလှည့်အပြောင်းကာလမာ ယှစ်ဆယ့်ယှစ်ပိုင် တစ်တိုင်းပြည်လုံး လူထုအုံကြွမှု ဖြစ်လာကေ ရခိုင်ပြည်ကိုရခိုင်တိ အသာသျှေထိန်းယူပနာ လွတ်လပ်ရေးကြေညာဖို့ပင်ဖြစ်တေ။ ဒေပိုင်လုပ်နိုင်ဖို့အတွက် လူဦးရေ (၅) ထောင်လောက်ဟိရေ ကိုယ်ပျောက်စစ်တပ် (Invisible Army) ကို ကြိုတင်ဖွဲ့စည်းထားဖို့လိုအပ်တေ။ ကိုယ်ပျောက်စစ်တပ်ဆိုစွာ အရေးကြုံမှ လက်နက်ကိုင်ပနာ စစ်တပ်ချက်ချင်းဖွဲ့နိုင်အောင်စစ်ပညာကို လျှို့ဝှက်သင်ယူထားခြင်းပင် ဖြစ်တေ။

ဒေပိုင်အထက်ကနည်းဗျူဟာ နှစ်ခုစလုံးအတွက် ရခိုင်သားမာ အင်အားတောင့်တင်းခိုင်မာရေ နိုင်ငံရေး မျိုးဆက်သစ်အုပ်စုတစ်စုဟိဖို့ လိုအပ်နီရေ။ ဒေပိုင်နိုင်ငံရေး မျိုးဆက်သစ်တရပ်ပေါ်လာရဖို့၊ လက်ဟိရခိုင်ရို့နိုင်ငံရေး ယဉ်ကျေးမှုကို ပြန်ပျင်ရဖို့ဖြစ်တေ။ အမျိုးသားရေးခံစားချက်သျှေ တစ်ခုတည်းနန့် နိုင်ငံရေး လုပ်စွာထက် နိုင်ငံရေးစနစ် အတွေးအခေါ်အယူအဆနန့် ကမ္ဘာ့အခင်းအကျင်း အပြောင်းအလဲတိကို စနစ်တကျလေ့လာပနာ နိုင်ငံရေး၊ တော်လှန်ရေး လောကထဲမာ ဘဝမြုပ်ဖောက်ချလုပ်လားဖို့စံမီရေ ရခိုင်နိုင်ငံရေးသမားတိ လိုအပ်တေ။ **နိုင်ငံရေးပါတီအဖွဲ့အစည်းတိလေ့ သာမန်သမရိုးကျအဖွဲ့သျှေတိအဆင့်ကနီ စွမ်းရည်ပြည့်ဝခေတ်မီရေ ပရိုဖတ်ယှန်နယ်ပါတီ အဖွဲ့အစည်းတိ ဖြစ်လာအောင် ပြုပျင် ပြောင်းလဲဖွဲ့စည်းလားကတ်ရဖို့**။ ဗမာတိ ‘က’ နီကတ်တေ ရာသီပေါ်နိုင်ငံရေးဇာတ်ကို ဆားမရရီမရ အချိန်ကုန်ထိုင်ကြည့် နီခြင်းထက် ရီရှည် အနာဂတ်ကို မျှော်မှန်းပနာ ကိုယ့်အင်အားကို ကိုယ်ရို့ တည်ဆောက်ဖို့ အလှည့်အပြောင်းကာလတစ်ခုကို ရောက်နီဗျာလ်။ ဗမာတိက ပုံစံတကျမှိုင်းတိုက်ထားလို့ ပျက်စီး နီကတ်ရရေ နိုင်ငံရေး စရိုက်ပျက်တိနန့် သံသရာလည်နီခြင်းကို အဆုံးသတ်ပနာ နိုင်ငံရေးအခင်းအကျင်းသစ်ကို ရခိုင်သားတိ ဖန်တီးကတ်ရဖို့ အချိန်ရောက်ပါလတ်ဗျာလ်လို့ထင်ရေ။ ဇေဂု လက်ဟိ အခြီအနီထက် အဆင့်မြင့်ရေနိုင်ငံရေး ယဉ်ကျေးမှုကို တည်ဆောက် ကတ်ရဖို့စွာက နိုင်ငံရေးမျိုးဆက်ဖြစ်ချင်ရေ ရခိုင်သားတိုင်းဇွတာဝန်ဝတ္တရားပင် ဖြစ်တေ။

ရခိုင်ရို့နိုင်ငံရေးယဉ်ကျေးမှုကို ပြုပြင်ပြောင်းလဲမှုလုပ်ဖို့ လေဘရယ် (Liberalism) အိုင်ဒီယာကို ကျင့်သုံးသင့်ရေလို့ အကြံပြုချင်ရေ။ လူတစ်ဦးချင်းစီဇွ အခွင့်အရေး၊ အရည်အချင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖောင်းပီးရေ လေဘရယ်အယူအဆကို အား ကောင်းအောင် လုပ်နိုင်ခါမှရာ ရခိုင်ရို့နိုင်ငံရေး အခင်းအကျင်း ပြောင်းလဲလာနိုင်ဖို့ ။ ဒေနီရာမာ ယှုပ်ထွီးမလားစီချင်စွာက လေဘရယ်ဒီမိုကရေစီစွာ နိုင်ငံရေးစနစ် (System) ဖြစ်ပြီးကေ လေဘရယ်လီဇမ် (Liberalism)စွာ အိုင်ဒီယိုလိုဂျီ (Ideology) ဖြစ်တေ။ လေဘရယ်ဒီမိုကရေစီ စနစ်ကို သီးခြားလွတ်လပ်တေ တိုင်းပြည် နိုင်ငံဟိခါမှရာ ကျင့်သုံးလို့ရနိုင်ကေလေ့ လေဘရယ်လီဇမ်ကို လူတစ်ဦးတစ်ယောက်ချင်းစီဇွ မွီးရာပါကိုယ်ပိုင်အခွင့်အရေး (Individual rights) အတွက်ကိုယ့်ဒူးကိုယ်ချွန်ပနာ ကိုယ်စွမ်းကိုယ်စဟိခြင်းကို လိုလားရေ လူပုဂ္ဂိုလ်တိုင်းက ကျင့်သုံးနိုင်ရေ။ အရီအတွက်နန့် အရည်အချင်းပါ အားနည်းနီရေ ရခိုင်ရို့အတွက် အရီအတွက် အနည်းသျှေနန့် အရည်အချင်းပြည့်ဝရေ နိုင်ငံရေး မျိုးဆက်သစ်တရပ်ကို ပြုစုပျိုးထောင်မွီးထုတ်နိုင်ခါမှရာ ရခိုင်ရို့လူပီသ လွတ်လပ်တေဘဝကို ရယူပိုင်ဆိုင်ဖို့ နိုင်ငံရေးတိုက်ပွဲကို ဆင်နွှဲလာနိုင်ကတ်ဖို့။ နှစ်ပေါင်း (၂၅) နှစ်ကိုအချိန်သတ်မှတ်ပနာ နိုင်ငံရေးယဉ်ကျေးမှု ပြုပျင်ပြောင်းလဲရေးနန့် မျိုးဆက်သစ်ပေါ် ထွန်းလာရေးကို အစီအစဉ်တကျအကောင်အထည်ဖော်လားကေ ဗမာတိကျချိန်မာရခိုင်တိတက်လာနိုင်ပနာ ရခိုင်ရို့ အနာဂတ်ခရီးသစ်ကို လှမ်းလားနိုင်ဖို့စွာက အမှန်ပင်ဖြစ်ပါရေ။ ။

**ခိုင်အောင်အောင်**

## မဂ္ဂဇိန်း

မဂ္ဂဇိန်း
ဘောင်တွင်းထဲမာ
ဆောင်းပါးကဗျာ
ဝေဖန်စာနန့်ကြော်ငြာဝထု
ရသစုကေ
ကာတွန်းကဏ္ဍ
ကြည်နူးရဗျာ
ရယ်ရဗျာ။

ကဏ္ဍစုံညီ
ထွန်းလီသုတ
ရည်ရွယ်ချက်ကောင်း
ကလောင်ဖောင်းထက်
လက်ချင်းဆက်ကေ
တည်ဆောက်ကတ်တေ
မဂ္ဂဇိန်း။

ရိုးသစ္စာ

# ရခိုင်ရာဇဝင်သစ်ဝါဒ

အသျှင်ကောသလ္လ (ဂဝေသီ)

ယဉ်ကျေးမှုဆိုင်ရာတိ လေ့လာလိုက်စားနီရေ စာပီပညာသျှင်တစ်ဦးက စာရီးသူကို ရခိုင်အကြောင်းသိကောင်းစရာ နာမည်နန့် စာအုပ်တစ်အုပ် (ကျမ်းတစ်စောင်) ရီးသားပီးပါရန်နန့် ကုန်ကျစရိတ်တိအားလုံးကို တာဝန်ယူပါမေလို့ ဆိုလာပါသည်။ စာရီးသူကလေ့ ကြိုးစားရီးသားပီးပါမေဖြစ်ကြောင်းဝန်ခံလိုက်မိပြီးနောက် စာအုပ်တစ်အုပ် ဖြစ်မြောက်ရန်ကြိုးစားမိ၏။

လက်လှမ်းမီသလောက် မီးမြန်းမှုကတစ်မျိုး၊ စာအုပ်စာပီရှာဖွီမှုကတစ်ဖုံ၊ မိမိတွင် စုဆောင်းထားသော စာအုပ်စာတမ်းတိက အချက်အလက်တိကို ရှာဖွီယင်းဖြင့် ရခိုင်တန်ဆောင်မဂ္ဂဇင်း(ဇိန်း) အမှတ်(၁၀)၊ ၁၉၉၆–ခုနှစ်တွင် ဆရာမကြီးမကြန်(ဒေါ်ကြန်)ရို့ ရခိုင်ရာဇဝင် ဆောင်းပါးကို ပြန်လည်ဖတ်ရှုမိရာကနီ ဇဆောင်းပါးကို ရီးဖြစ်ခရပါသည်။

## လစ်ဟာနီရေ ကွက်လပ်

ဆောင်းပါးတွင် ဖော်ပြချက်မာ သုတေသနစာတမ်းဖတ်ပွဲတစ်ခုတွင် ရခိုင်ဆိုရေဝေါဟာရကို မည်သည့်ခေတ်၊ မည်သည့်အထောက်အထားတွင် အစောဆုံးတွိရပါရေလေးလို့ တစ်ယောက်ကမီးသည်။ စာတမ်းသျှင်က တိတိကျကျ မဖြေနိုင်ခ။ အမီးနန့်အဖြေ ပြေလည်မှုမဟိခ။ သို့သော် သုတေသီတိအတွက်၊ သမိုင်းဝါသနာသျှင်တိအတွက် စဉ်းစားစရာ၊ ရှာဖွီလေ့လာစရာ အကွက်ပေါ်လာသည်လို့ ဖော်ပြ၏။ ဆရာမကြီးဒေါ်ကြန်က လစ်ဟာနီရေကွက်လပ်ကို ထောက်ပြရေအတွက် ကျေးဇူး တင်ရပါသည်။ ယင်းကိစ္စကိုပင် ရခိုင်အမျိုးသားတစ်ဦးက စာရီးသူကို ပြောပြဖူးရေအတွက်နန့် သိဟိနီခပြီးဖြစ်၏။ စာရီးသူအနီဖြင့် လစ်ဟာနီရေ ထိုကွက်လပ်ကို ဖြည့်ဆည်းပီးလိုပါသည်။ စာရီးသူဖြည့်လို့ ပြည့်ယာလို့မဆိုလိုပါ။ လိုအပ်ချက်တိ ဟိကောင်းဟိပါမေ။ သုတေသီရို့က ထပ်မံဖြည့်စွက်၍ ဖြည့်စီ လိုသည်။

## ရခိုင်ဝေါဟာရ

ရက္ခပူရ ပဝေသနကုလဝင်ကျမ်း ပီစာမူ (ရှီးပဝေသဏီမော်ကွန်း)တွင် ကုသမင်းသကြစ်(၄၉၀၀)ကျော် ပထမဓညဝတီခေတ်နန့်အနှစ်တစ်ထောင်အကွာ ဒွါရာဝတီသံတွဲမြို့ကို အုပ်ချုပ်ခရေ ဝါသုဒေဝ၊ ဗလဒေဝ မင်းညီနောင်တစ်ကျိပ်ရို့ရို့ လက်ထက်ကပင် အမျိုးအနွယ်ကို ရခိုင်ခေါ်၍ ပြည်ကို ရက္ခပူရလို့ ခေါ်ဆိုကြောင်း တွိဟိရပါသည်။ ယင်းပီမူတွင် ကုလပူရံ ရက္ခိတီတိရက္ခိုင် လို့ ဝိဂြိုလ်ပြုဖော်ပြ၏။ ကုလဆိုသည်မာ အမျိုးအနွယ်ဖြစ်၍ ပူရ ဆိုသည်မာ မြို့၊ အိမ်ပင်ဖြစ်ပြီးကေ ရက္ခိတပုဒ်မာကား စောင့်ယှောက်ခြင်း၊ လုံခြုံစီခြင်းပင်ဖြစ်သည်။ ဧကား အဘိဓာနပ္ပ ဒီပိကာကျမ်းဇွ ဖွင့်ဆိုချက်ပါ။ အဓိပ္ပါယ်မာ မိမိရို့ရို့ အမျိုးအနွယ်နန့် မြို့ရွာ အိမ်ခြီရို့ကိုလုံခြုံအောင်ပြုခြင်း၊ စောင့်ယှောက် ထိန်းသိမ်းခြင်းပင်ဖြစ်၏။

ရခိုင်ရာဇဝင်လင်္ကာတွင် ‘အသမ္ဘိန္န၊ ခတ္တိယလို့ ဝါသုဒေဝမင်းကစ၍ ကဣပနဒီ၊ မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခလီ၏’ လို့ မှတ်တမ်းပြုထားချက်လေ့ ဟိပါသည်။ ဓညဝတီရာဇဝင်မာလေ့ ယင်းအတိုင်းပင် မှတ်တမ်းတင်ထားပြန်၏။

သို့ဖြစ်၍ ရခိုင်ဆိုစွာဝေါဟာရသည် ရက္ခိတဆိုရေ မာဂဓဘာသာစကားက ဆင်းသက်လာခြင်းဖြစ်ပြီးကေ ရခိုင်ဆိုရေဝေါဟာရကို ဝါသုဒေဝ၊ ဗလဒေဝ မင်းညီနောင်ရို့ လက်ထက်ကပင် ခေါ်တွင်နီပြီးဗျာဖြစ်ကြောင်း တွိဟိရ၏။

## မယုံကြည်ချင်ကတ်

အချို့ဆရာတိက ဝါသုဒေဝ၊ ဗလဒေဝနန့် သံတွဲမြို့ ဒွါရာဝတီ အကြောင်းအရာတိကို မယုံကြည်ချင်ကတ်၊ လက်မခံချင်ကတ်ဘဲ ပုံးတဝါးအဖြစ်ရာ ထားချင်ကတ်သည်။ ရခိုင်ရာဇဝင်ဆရာတိက မိမိရို့တိုင်းပြည်နန့် သင့်တော်အောင် ပုံကြီးချဲ့ထား၍ ပြောကတ်ဟန်၊ ရီးကတ်ဟန် ဖော်ပြပနာဖယ်ယှား လိုကတ်ပြန်သည်။ ရခိုင်ရာဇဝင်ဆရာတိရာမက ရခိုင်၊ ဗမာ ရှီးပညာသျှင်တိအားလုံး အညီအညွတ်အတည်ပြုထားကတ်ပုံတိကို တင်ပြပါမေ။ အင်းဝနရပတိကြီး(၈၀၄–၈၃၀) နန့် မင်းပြိုင် အုပ်ချုပ်တေ မြောက်ဦးမြို့ အလီခင်မင်း(၇၉၅–၈၂၀) သိမ်းယူရေ သံတွဲမိဖုရား စောယဉ်မိဇွ ရတုတွင် မင်းစောဒသ၊ သာကီတရို့၊ ဒီပဇမ္ဗူ၊ လုံးလုံးချူ၍၊ ခွန်ယူ သိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်ရို့ရွာလေး၊ ဒွါရာဝတီ၊ သီဂီရောင်လျှံ၊ မြို့ရှင်ပျံဝယ် ဟူ၍လည်းကောင်း၊ မော်ကွန်းစာဆို နဝဒေးဇွ ရခိုင်နိုင်ငံ မော်ကွန်းတွင် ဝါသုဒေဝ၊ ဒသညီနောင်၊ မင်းကုန်အောင်တို့၊ ပြောင်ပြောင်ဇမ္ဗူ၊ လှည့်သိမ်းယူသော်၊ ရှုရှုပြင်လယ်၊ ငှက်နှယ်ပျံဝဲ၊ မြို့သံတွဲဝယ် ဟူ၍လည်းကောင်း၊ မြောင်လှ မြို့စားမင်းကြီး သီရိမဟာ ဇေယျသူဇွ ကဝိလက္ခဏာဒီပနီကျမ်းတွင် ဃဋပဏ္ဍိတ ဇာတ်တော်လာ ဝါသုဒေဝရို့ ကိုပင်ရည်ရွယ်၍ သံတွဲမြို့ဒွါရာဝတီကို ဖော်ညွှန်းဖြေဆိုရီးသားထားပြန်သည်။

ယင်းအပြင် စွယ်စုံကျော်ထင်ကျမ်း၊ ဂဇပကာသနီကျမ်း၊ ရတုနဝဒေးဇွ အံတော်ဘုရားတိုင်ရတု၊ ဦးတိုးဇွ ရခိုင်စစ်ချီရတု၊ လက်ဝဲသုန္ဒရဇွ မြတ်ပန်းဝီဆာချီ ကျေးစီရတုရို့တွင် ဝါသုဒေဝ ရို့ကိုပင် ရည်ညွှန်း၍ ဒွါရာဝတီသံတွဲမြို့ အကြောင်းကို ရီးဖွဲ့ ကတ်ပါ၏။

ဆိုလိုရင်းမာ ရှီးစာဆိုတိ၊ ပညာဟိတိ၊ အဆိုအမိန့်တိ ဟိနီပြီးသားဖြစ်၍ စာရီးသူရို့အနီဖြင့် ပိုးတဝါး ဒဏ္ဍာရီလို့ မျက်ကွယ်ပြုထားဖို့ မဖြစ်နိုင်ပါ။ ရခိုင်၊ ဗမာ ရှီးစာဆိုတော်တိ၊ ပညာသျှင်တိက အသိအမှတ်ပြုထားပြီးသား ဖြစ်နီလီသည်။

ဒွါရာဝတီ မဂ္ဂဇိန်းအမှတ်(၁)တွင် သုတဗောဓိ (မဟာဗောဓိစာသင်တိုက်၊ နိုင်ငံတော် သံဃဝန်ဆောင်နိုင်ငံတော် ဝိနည်းဓိုရ်၊ သာသနဓဇ ဓမ္မာစရိယ ဆရာတော်)ဇွ တံခါးမြို့ တော်ဆောင်းပါးတွင် ဘုရားဟော ပါဠိကျမ်းဂန်လာဟိပုံနန့်ဇေ မျက်မှောက်ခေတ်ကာလ အခြီအနီတိကိုပါ

သုံးသပ်၍ တင်ပြထားဧ။ အကျဉ်းချုပ်တစ်ချက်ကိုတင်ပြပါမည်။

ဃဋ္ဋပဏ္ဍိတဇာတ်တော်၌ တစ်ဖက်က ပင်လယ်ကမ်းခြီ၊ တစ်ဖက်က တောင်တန်းတိ တည်ဟိကြောင်း တွိရသဖြင့် သံတွဲမြို့ ဒွါရာဝတီကို မီးမောင်းထိုးပြထားရေပိုင် ဟုတ်မှန်နီကြောင်းကို တွိမြင်ရပြန်သည်။ ဘုရားဟော ကျမ်းဂန်လာ ဒွါရာဝတီမြို့သည် သံတွဲမြို့ အမှန်ပင်ဖြစ်သည်ကို ယုံမှားသံသယ ဖြစ်စရာမလိုပါလို့ အကိုးအကား အထောက်အထားနန့် ပြတ်ပြတ်သားသားတင်ပြထားသည်ကို လေ့လာကြည့်ကတ်ပါဖိ။ ယင်းအပြင် ကမ္ဘာ့နိုင်ငံအသီးသီးမာ မသီချာရေ မြို့တစ်မြို့ရာဟိကြောင်း၊ သံတွဲမြို့ပါဝင်ကြောင်း ပညာသျှင်တိ အသိအမှတ် ပြုထားချက်လေ့ဟိသို့ဧ။

## အချို့ဆရာအမြင်

အချို့ဆရာတိက ဝါသုဒေဝရို့သည် သံတွဲမြို့ထက် မြီသြဇာကောင်းမွန်ရေ စစ်တွေဒီစတြိတ်၊ ကစ္ဆပနဒီမြစ်ဝှမ်းကို မရွီးချယ်ဘဲ ဒွါရာဝတီသံတွဲမြို့ကိုရာ မင်းနီပြည်တော်အဖြစ် ရွီးချယ်တော်မူခြင်းကို အဇာကြောင့်လေးမသိနိုင်လို့ဆိုဧ။

ဝါသုဒေဝရို့မာ မြို့နီရာတည်ဖို့ ရှာဖွီသူတိ မဟုတ်ကတ်။ လက်ရုံးအားကိုးနန့် စစ်တိုက်လိုသူတိရာဖြစ်တေ။ သူရို့ဇွ မူဝါဒမာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး အသျှင်သခင်အဖြစ် သိမ်းယူလိုသူတိရာ ဖြစ်သည်။ ရခိုင်ပြည်အဝှမ်းတွင် သံတွဲဒွါရာဝတီရာ မြို့တော် အဖြစ်တစ်ခုတည်းဟိနီသို့လို့ မြို့တော်ကိုရာ တိုက်ခိုက်သိမ်းယူမှ နည်းလမ်းကျပါမည်။ မြို့တော်ကို တိုက်ခိုက်သိမ်းယူပြီးမှ မြီသြဇာ ကောင်းမွန်ရေ ကစ္ဆပနဒီမြစ်ဝှမ်းအရှိဘက်၊ အနောက်ဘက် မြို့ရွာတည်ဆောက်၍ အမျိုးအနွယ် အစဉ်အဆက်နီထိုင်ကတ်ကြောင်း ရာဇဝင်၊ သမိုင်း မှတ်တမ်းရို့တွင်တွိဟိနိုင်ပါသည်။

## အင်္ဂါနှစ်ရပ်

သမိုင်းဆရာတိ၊ စာရီးဆရာတိအနီနန့် အင်္ဂါနှစ်ရပ် ပြည့်ဝဖို့လိုသည်။ ဗဟုသုတပြည့်ဝခြင်းနန့် ရိုးသားမှုဟိခြင်းရို့ပင်ဖြစ်ဧ။ ဗဟုသုတ လွန်စွာပြည့်ဝ၍ ရိုးသားမှု မဟိကေ တစ်ဖက်စောင်းနင်းဖြစ်တတ်၍ မှားယွင်းတတ်သည်။ ရိုးသားမှုဟိသည်ကားမှန်ဧ။ သို့သော် ဗဟုသုတ နည်းနီသို့ကေလေ့ လစ်ဟာမှု မပြည့်စုံမှုဖြစ်တတ်ဧ။ မပြည့်စုံကေကား ရိုးသား၍ ဗဟုသုတပြည့်ဝသူရို့က ဖြည့်ပီးဖို့လိုဧ။ အင်္ဂါနှစ်ရပ် ပြည့်စုံပါကား လွန်စွာကောင်းပါသည်။

## ရခိုင်တစ်မျိုး

ရခိုင်ဇာတိဝံသမော်ကွန်းစာ ပီစာမူတွင် မာရာယုမင်း ပထမဓညဝတီခေတ်၌.........

(၁)ကစ္ဆပနဒီမြစ်ညာ၌ နီထိုင်သူတိကို အညာသားခေါ်၍ ကာလကြာလာခါ အညာသားက ကျောက်တော်သား ဖြစ် လာကြောင်း၊

(၂)ကစ္ဆပနဒီမြစ်ဇွ လက်ဝဲလက်ယာ ချောင်းဖျားအရပ်ကိုအမှီပြု၍ နီထိုင်လာသူတိကို ချောင်းသားလို့ ခေါ်ဆိုကြောင်း၊

(၃)ကစ္ဆပနဒီ (ကုလတန်) မြစ်တရိုးတွင် နီထိုင်သူတိကိုကား မရိုးသားလို့ ခေါ်ဆိုကတ်ကြောင်း၊

(၄)ကစ္ဆပနဒီ (ကုလတန်) မြစ်ဝတွင် ရဂိုင်ပင်တိကို ခွတ်ထွင်ယှင်းလင်း၍ နီထိုင်သဖြင့် ရခိုင်တွင်ဧ။ ထိုက ရခိုင်သား ဖြစ်လာကြောင်း ဆိုထားလီသည်။

## သုံးသပ်တင်ပြမှု

ကစ္ဆပနဒီ(ကုလတန်)မြစ်ဝတွင် ရဂိုင်ပင်တိကို ခွတ်ထွင်ယှင်းလင်း၍ နီထိုင်ကတ်လို့ ရဂိုင်က ရခိုင်ဖြစ်လာခြင်းမာ နီရာဒေသကျဉ်းမြောင်းလှသည် ထင်မိဧ။ ဇာကြောင့်ဆိုကေ မြစ်ဝသားတိရာ ရခိုင်ဖြစ်၍ ကျောက်တော်သား၊ ချောင်းသား၊ မရိုးသားနန့် အခြားဒေသတိက လူတိမာရခိုင်မဟုတ်၊ ရခိုင်လို့ခေါ်ဆို၍ မဖြစ်နိုင်လောက်တေ အခြီအနီဒို့ ရောက်လားစီဧ။ မြစ်ဝသားတိရာ ရခိုင်ဖြစ်ရဖို့ပိုင်ယှောင် ဖြစ်နီရေ တွက်နန့် ပညာပြည့်ဝ၊ နှလုံးလှကတ်သည့် ပညာသျှင်သုတေသီရို့စဉ်းစားဝေဖန်ကတ်ပါကုန်။

## ကုလတန်(ကူးလတန်း)မြစ်

ကစ္ဆပနဒီမြစ်ကို ကုလတန်မြစ်လို့ ရှီးအခါက ခေါ်ဆိုဧ။ ကုလတန်သည် ကုလတန္တီ ဟူသည့် မာဂဓဘာသာစကားမှ ဆင်းသက်လာဧ။ အမျိုးအနွယ် အစဉ်အဆက်လို့ အဓိပ္ပါယ် ရဟိသည်။

ဝါသုဒေဝ၊ဗလဒေဝရို့ဇွအမျိုးအနွယ် အစဉ်အဆက်မာ ဒွါရာဝတီမှစ၍ ကစ္ဆပနဒီမြစ်ဇွ လက်ဝဲလက်ယာ၊ အရှိဘက်၊ အနောက်ဘက်တိုင်အောင် နီထိုင်လျက် ဧမြစ်ကိုအမှီပြု၍ နီထိုင်လုပ်ကိုင်စားသောက် ခကတ်ကြောင်း ဓညဝတီရာဇဝင်၊ ရခိုင်ရာဇဝင် လက်ာရို့ဖြင့်ဖော်ပြပြီးဖြစ်ဧ။ ယင်းအမျိုးအနွယ် အစဉ်အဆက် (ရခိုင်အမျိုးအနွယ် အစဉ်အဆက်) ရို့ဇွ အမှီပြုရာမြစ်ဖြစ်၍ ရှီးက ကုလတန္တီ မြစ်ဟုတွင်ဧ။ ထိုမှ ဗမာမှုပြုပနာ ကုလတန်ဟု ခေါ်လီသည်။

ဓညဝတီရာဇဝင်၌ ဣန္ဒမာယု ရီမျိုးလတ်သော် ကူးအံ့ဟု ဆန့်တန်းသော အရပ်ဖြစ်၍ ကူးလတန်းမြစ်ဟု ခေါ်ကြောင်း တွိရသို့သည်။ ရခိုင်ရို့က ကလတန်ဟုခေါ်ဧ။ သို့သော် ရီးကေအမှန်ဟု ဆိုရိုးပြုကာ ကုလားတန်ဟု ရီးသားကတ်ရာ၌ လွန်စွာမှားယွင်းနီကြောင်း သိမြင်နိုင်သည်။ သို့ဖြစ်၍ ကုလတန်၊ ကူးလတန်းဟူသော အမှန်ကို ပြန်လည် ရီးသားရန် သင့်လှပါကြောင်း တင်ပြလိုပါသည်။

အဘိဓာနပ္ပဒီပိကာ ပါဠိအဘိဓာန်ကျမ်းတွင် နတ်(၈)မျိုးပြဆိုရာ၌ ယက္ခ ယက္ခနတ်တစ်မျိုး၊ ရက္ခသ ရက္ခိုသ်(ရက္ခိုက်) နတ်မျိုးဟုတွိဟိရဧ။ သို့ရာတွင် ယက္ခနတ်တစ်မျိုးမာ နတ်ဘီလူးပင်ဖြစ်၍ ရက္ခသ ဟုခေါ်သော ရက္ခိုသ်(ရက္ခိုက်) နတ်တစ်မျိုးမာလေ့ နတ်ဘီလူးပင်ဖြစ်သည်။

သို့ဖြစ်၍ ယက္ခနန့် ရက္ခိုသ်(ရက္ခိုက်)မာ ဘီလူးပင် ဖြစ်ပါသည်။

## ယက္ခ၊ ရက္ခသမှ ရခိုင်တစ်မျိုး

ဓညဝတီရာဇဝင်တွင်ငရက္ခိုက်ဘီလူးအကြောင်း ပါဟိရာ ရက္ခသပုဒ်ကို ဗမာမှုပြုရာ ရက္ခိုသ် (ရက္ခိုက်) ဖြစ်ဧ။ ငရက္ခိုက် ဆိုသည်မာ ဘီလူးပင်ဖြစ်၍ ဧနီရာ၌ ယ နန့် ရ ခွဲခြားသုံးသော်လေ့ ဘီလူးပင်ဖြစ်နီလီရာ အဇာသို့မျှ

ထူးခြားမလာပါ။

ယင်းကျောက်စာကိုဖတ်ရှု၍ ရေကျိုက်မှ ရခိုင်ဖြစ်လာသည်ဟု ကြံဆနိုင်ခြင်းမှာ အဇာသို့သော အတိုင်းအတာအထိ မှန်ကန်နိုင်ဖို့ကို စဉ်းစားဝေဖန်သင့်ပါ၏။

## ယက္ခပူရ၊ ရက္ခပူရ

ယက္ခပူရ ဟုဆိုဆို၊ ရက္ခပူရ ဟုပင်ရေးရေး ယက္ခ နန့် ရက္ခသပုဒ်မှ ဆင်းသက်လာသော စာလုံးတိ ဖြစ်ပါမူ ဘီလူး ပင်ဖြစ်၍ မည်သို့မျှထူးခြားလာစရာ မဟိပါ။ ကျောက်ရိုးရာဇဝင်၊ ဓညဝတီရာဇဝင်၊ ရခိုင်ရာဇဝင် မည်သည့်ကျမ်းအား ကြည့်ကြည့် ဘီလူးနန့် ကင်းသည်ဟူ၍မဟိ။

ဘုရားဟော ဇာတ်နိပါတ်တော်ရို့တွင်လေ့ ဘီလူး တိနန့်မကင်း။ မဇ္ဈိမ ဝေသာလီပြည်တွင် ဘီလူးတိ ဝင်ရောက် နှိပ်စက်၍ ရတနာသုတ်ပရိတ် ဟောကြားရခြင်း၊ ဓမ္မပဒတွင် ကာဠီဘီလူးမဝတ္ထု၊ ကင်းလှည်းသမားဝတ္ထု စသည်ဖြင့် ဘီလူးတိပါဝင်သော နီရာ၊ ဘီလူးတိအကြောင်းကား အဆန်း တကြယ်မဟုတ်ပါ။ သီရိလင်္ကာသာသနာပြု အသျှင် မဟိန္ဒမထေရ်ရို့ပင်ကား ဘီလူးတိကိုနှိမ်နင်း၍ သာသနာ ပြုရကတ်သို့သည်။ မွန်ပြည်နယ်တွင် ဘီလူးကျွန်း ဟိသို့သည်။ သို့သော် ရခိုင်လူမျိုးတိသည် ဘီလူးမှ ဆင်းသက်လာသော လူမျိုးတိမဟုတ်ကြောင်းကို ရာဇဝင်သမိုင်းမှတ်တမ်းအရ သိသာနိုင်သည်။

## ရက္ခိတ၊ ရက္ခသ

ဓဋ္ဌစဉ်းစားတွေးတောဖွယ်ရာ ဟိနီ၏။ ရက္ခိတဟူသော စောင့်ယှောက်ခြင်း၊ လုံခြုံခြင်း၊ မာဂဓစကား မှ ဆင်းသက်လာသော ရက္ခ စာလုံးနန့် ရက္ခသ ရက္ခိုည် (ရက္ခိုက်) ဘီလူး မှဆင်းသက်လာသော ရက္ခစာလုံးနှစ်လုံးတွင် အဇာ ရက္ခ စာလုံးကို ယူမည်နည်းဟု မီးမြန်းဖွယ်ရာဟိသည်။

ရက္ခသ၊ ရက္ခသ် ဘီလူးမှ ရက္ခကိုယူပါမူ ဘီလူးမျိုး ရာဖြစ်သင့်၏။ ရက္ခိတ (စောင့်ယှောက်ခြင်း၊ လုံခြုံခြင်း) မှ ရက္ခ ကိုယူပါက ကုလပုရံ ရက္ခတို့တိ ရခိုင်ဟူသော ရက္ခပူရ ပဝေသန ကုလဝင်ကျမ်းအရ အမျိုးအနွယ်နန့် မြို့ရွာရို့ကို စောင့်ယှောက်ခြင်း၊ လုံခြုံစီခြင်းကြောင့် ရခိုင်ခေါ်ကြောင်း ပီပြင်လားပါမည်။

## အာရက္ခ

အာနန္ဒစန္ဒြ ကျောက်စာတိုင်ဇ္ဇ မြောက်ဘက်မျက်နှာဟိ စာကြောင်းရီ(၄၂) တွင်အာရက္ခဒေသျှ ဟုပါဟိ၏။ ယင်း ကျောက်စာအရ ရခိုင်ပြည်ကို အာရက္ခဒေသ ဆိုကြောင်း၊ အာရက္ခမှ ရခိုင်ဖြစ်လာကြောင်း သုတေသီအချို့က ဆိုကတ်၏။ အာရက္ခ အဓိပ္ပါယ်မှာ အစောင့်အယှောက်ပြုခြင်း၊ စောင့် ယှောက်ခြင်းဟု အဓိပ္ပါယ်ရဟိ၏။

ယင်းအာရက္ခမှ ရခိုင်ဟုခေါ်ဝေါ်ကြောင်းအဆိုကို လက်ခံပါကေ ဝေသာလီခေတ် အေဒီ(၈)ရာစုရောက်မှ ရခိုင်ဟု နာမည်တွင်ကြောင်း မှတ်ယူရန်ဟိသည်။ သို့တည်းမဟုတ် ဒွါရာဝတီ၊ ဓညဝတီမှ အစဉ်အဆက် သုံးစွဲလာမှုကို ဝေသာလီ ခေတ်တွင် ဆက်လက်သုံးစွဲကတ်ကာ အာရက္ခဒေသျှဟု ကျောက်စာ တွင် ရီးထိုးမော်ကွန်းတင်ခြင်းလေ့ ဖြစ်တန်ရာ၏။

ရက္ခိတ မာဂဓဘာသာနန့်အာရက္ခဒေသျှ အနောက်ပိုင်း တိဘတ်ဗမာ ဘာသာစကားမှာ အဓိပ္ပါယ်ညီမျှမှုဟိ၏။ ပန်မလာဂန်မန်က ဝေသာလီခေတ်မင်းနန့် ပြည်သူရို့သည် အနောက်ပိုင်း တိဘတ်ဗမာစကား ကတစ်ဆင့် ဆင်းသက် လာကြောင်းဆို၏။ အချို့ဆရာတိက ဝေသာလီခေတ် ဒုတိယ ပိုင်းလောက် ရောက်သောအခါ အေဒီ ၉–ရာစု အာရိယန် နာမည်က ရခိုင်ဟုအမည်တွင်ကြောင်း ဆိုပြန်၏။ ဒွါရာဝတီ ခေတ်မှာ မပီပြင်မှုန်ဝါးဝါးဟု ယူဆခသော်လည်းကောင်း၊ အာရိယန်က ရက္ခိုင်ဖြစ်လာသည် ဆိုခြင်းမှာလေ့ မရေရာ ဟုသုံးသပ်မိသော် အာနန္ဒစန္ဒြ ကျောက်စာကိုရာ အခိုင်အမာ အထောက်အထားအဖြစ် ယူရန်သင့်ပါသည်။ အာရက္ခက အာရကန်ဖြစ်လာသည်ဆိုခြင်းမှာ ခိုင်မာ၏။ အလွန်နီးစပ်၍ သဘာဝလေ့ကျပေသည်။ အချို့နိုင်ငံ ခြားသားတိက အဲလ်ရီကွန်ဆိုရေ အာရေဗျဘာသာစကားက ဆင်းသက် လာကြောင်းဆို၏။ နိုင်ငံခြားမှတ်တမ်းကိုရာ အဓိက အားကိုး တစ်ခုမပြုသင့်၊ ဒေသမှတ်တမ်း ရာဇဝင်ရို့နန့်လေ့ ညှိနှိုင်းဗျာ အဖြေ ရှာရပါမည်။

## ရခိုင်ပြည်နယ်အဝှမ်း

ဓညဝတီရာဇဝင် စာ(၃၀)တွင် "အသမ္ဘိန္နခတ္တိယအနွယ် ဖြစ်သော ဝါသုဒေဝမင်းရို့ဇ္ဇ အစဉ်အဆက်ရို့သည် ကစ္ဆပနဒီ (ကုလတန်)မြစ်ဇ္ဇ အရှိဘက်၊ အနောက်ဘက် မြို့ရွာတိ တည်ထောင် ၍ အုပ်စိုးကတ်ပါ၏" ဟုပြဆို၏။ ရခိုင်ရာဇဝင် လင်္ကာတွင် 'အသမ္ဘိန္န၊ ခတ္တိယဟု၊ ဝါသုဒေဝ၊ မင်းကစ၍၊ ကစ္ဆပနဒီ မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခပေမှ' ဟုဆိုထားသည်။ သို့ဖြစ်၍ ဒွါရာဝတီမှစ၍ ကစ္ဆပနဒီမြစ်ဇ္ဇ အရှိဘက် အနောက်ဘက်တိုင်အောင် ဝါသုဒေဝ၊ ဗလဒေဝ အမျိုးအနွယ်ရို့သည် အစဉ်အဆက် နီထိုင်ခကတ် ကြောင်း ပေါ်လွင်၏။ ဝါသု ဒေဝရို့အကြောင်းသံသယ ဖြစ်စရာမလို၊ သာဓကများစွာဟိ၏။

## ရခိုင်အစ

ရခိုင်ရာဇဝင်၊ သမိုင်း၊ မှတ်တမ်းရို့တွင် အိန္ဒိယပြည် မဇ္ဈိမဒေသက ဝါသုဒေဝ၊ ဗလဒေဝ မင်းညီနောင်တစ်ကျိပ်ရို့က စတင်ခကြောင်း ရီးသားဖော်ပြကတ်၏။ နိုင်ငံခြားသားတိက ရခိုင်ပြည်နယ်နန့် နယ်နိမိတ်ချင်း ဆက်စပ်နီသော အိန္ဒိယပြည် အရှိမြောက်ပိုင်းဒေသက ဝင်ရောက်လာသူတိဖြစ်ကြောင်း ရီးသား ကတ်ပြန်၏။ ရခိုင်အစ မာရယုက၊ ရခိုင်အစ ရီကြည်(ကြိုင်)က စသည့်ဆိုရိုးစကားလေ့ ဟိပြန်၏။ ယင်းအဆိုကိုလက်ခံကေသံတွဲခရိုင်မှာ သီးခြားဖြစ်နီပါမည်။ ရခိုင်ကမ်းမြောင်ဒေသတွင် သမိုင်းမတင်ခင်ခေတ်က ဩစတြေ လွိုက်နွယ်ဝင်တိ နီထိုင်ခဟန်ဟိ၏ဟု သမိုင်းသုတေသီရို့ ခန့်မှန်းကတ်ကြောင်းနန့် ထိုလူမျိုးနွယ်ဝင်ရို့သည် ရုပ်ရည် ကြမ်းတမ်းသော ခေတ်ဦးလူတိဖြစ်ကတ်၍ ဘီလူးဟု သတ်မှတ် ခံရကြောင်း၊ ထိုသို့သမိုင်းခေတ်ဦးတွင် ဘီလူးဟုသတ်မှတ် ခံရသော ဘီလူးဇာတ်လမ်းတိဟိခကြောင်း ဆရာမကြီး ဒေါ်ကြန်ကဖော်ပြရီးသား၏။

## ရခိုင်

ဝါသုဒေဝ၊ဗလဒေဝမင်းရို့လက်ထက်ကစ၍ ဒွါရာဝတီမှ ကစ္ဆပနဒီမြစ်ဇ္ဇ အရှိဘက်အနောက်ဘက်တိုင်အောင် နီထိုင်သူအားလုံးရို့သည် မိမိအမျိုးအနွယ်နန့် မြို့ရွာရို့ကိုစောင့်ယှောက်ခြင်း၊ လုံခြုံအောင်ပြုခြင်းအမှုတိကို ဆောင်ရွက်ပြုမူကတ်တေအတွက် အမျိုးကိုရခိုင်ခေါ်၍ ပြည်ကို ရက္ခပူရခေါ်ဆိုကြောင်း ရခိုင်ရာဇဝင်သစ်၊ ဓညဝတီရာဇဝင်သစ်၊ ရက္ခပူရ ပဝေသနကုလဝင်ကျမ်း၊ ရခိုင်ရာဇဝင်လင်္ကာရို့ ညှိနှိုင်း၍အဖြေထုတ်နိုင်သည်။ ရက္ခိတနန့် အာရက္ခရို့မာ အဓိပ္ပါယ် တူညီမှုဟိ၍ အာနန္ဒစန္ဒြကျောက်စာနန့် ရက္ခပူရ ပဝေသန ကုလဝင်ကျမ်းရို့ကိုက်ညီ၏။

### ဝေဖန်ညှိနှိုင်း

ဆရာမကြီး ဒေါ်ကြန်ထောက်ပြသော လစ်ဟာနီသည့် ကွက်လပ်ကို စာရီးသူက ဖြည့်စွက်တင်ပြခြင်း ရာဖြစ်ပါသည်။ စာပီဝါသနာသျှင် ရဟန်းသျှင်လူရို့အနီဖြင့်......

(က)ရက္ခပူရပဝေသနကုလဝင်ကျမ်းအရ ဝါသုဒေဝလက်ထက်ကစ၍ ရက္ခိတက ဆင်းသက်လာသော ရခိုင်။

(ခ)ရခိုင်ဇာတိဝံသမော်ကွန်းပီစာမူက မာရယုလက်ထက် ပထမဓညဝတီခေတ် ရဂိုင်ပင်ကဆင်းသက်လာသောရခိုင်။

(ဂ)ဓညဝတီရာဇဝင် ငရက္ခိုက်ဘီလူးကို အစွဲပြု၍ ရခိုင်ဖြစ်လာကြောင်းကြဲဆသည့် ငရက္ခိုက်က ဆင်းသက်လာသည့်ရခိုင်။

(ဃ)အာနန္ဒစန္ဒြကျောက်စာတိုင်တွင် ရီးထိုးထားသော အာရက္ခက ဆင်းသက်လာသောရခိုင်။

(င)ဝေသာလီခေတ် အေဒီ ၉-ရာစု အာရ်ယန်က ဆင်းသက်လာသည်ဆိုသောရခိုင်။

ယင်းဖော်ပြထားသောရခိုင်ရို့တွင်မည်သည်ကို အခိုင်မာဆုံး ယူပါမည်နည်း။ သို့တည်းမဟုတ် ဇာပိုင်ကျမ်းညှိကတ်မည်နည်း။တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ဖို့တော့လိုနီဗျာဟုယူဆယင်းတင်ပြရပါသတည်း။

**အသျှင်ကောသလ္လ (ဂဝေသီ)**

ရခိုင်ညွန့်ဖူး–အမှတ်(၅)မှ ရခိုင်မှုပြု၍ ကူးယူဖော်ပြပါသည်။

# ခါတော်မီ တမ်းခြင်း

နှင်းဝီမိုး(ဝါဘိုမြို့)

ကြည့်ဖိ မိုးကောင်းကင်တိ ပြာနှမ်းလိုက်ပုံ။ ပင်လယ်ပြင်ကို ငုံ့ကြည့်လိုက်တေပိုင် (ငုံ့ကြည့်စွာနန့် မော့ကြည့်လိုက်စွာရာကွာရေ) စွန်ဘုတ်တစ်ရှီက အာကာပြင်မာ ဝဲပျံပနာ အစာရှာနီစွာ မြင်ကတ်ရယင့်။ ထော..အဝီးကြီးက မိုးကြိုးပစ်သံ တတိုးသျှေတတိုးသျှေ ကြားနီရတုန်း။ သူ့အသံကို ဘာသာပြန်လိုက်ကေသူတစ်နှစ်စာအတွက် တာဝန်ကျီခကြောင်း၊ သူလားဖို့ယာ ဆိုရေအကြောင်း၊ နောင်နှစ်မာ ပြန်တွိကတ်ဖို့ယာဆို ရေအကြောင်း အသံပီးပြီးကေ နှုတ်ဆက်နီသယောင်ယောင်။ ဆောင်းအကူးဆိုကေလေ့ မိုးကမကုန်သို့၊ စီးစီးထိုင်းထိုင်း မဟုတ်ကေတောင် မြီသားသျှေတိက ကြွကြွရွရွ ဖိနပ်မစီးဘဲ လမ်းလျှောက်လို့ကောင်းရေအချိန်။ တောကြိုတောင်ကြား စိမ့်စမ်းရီအိုင်ပါမကျန် ကျော်ဖြတ်တိုက်ခတ်လာရေ လီသျှေတိက စပါးခင်းတိကို ဖြတ်ကျော်ပြီးကေ ဆောင်းရနံ့တိကို ယူဆောင်လာရေ။ အီးချမ်းလိုက်တေဖြစ်ခြင်း။ ငါ့ဘေးနား ရီချိုကမ်းပိုင်ထဲက ကြာဖြူကြာညို ကြာနီရနံ့တိကလေ့ သင်းပျံ့ပျံ့ စိမ်းပြာရောင်မိုးကောင်းကင်ကို အမှတ်မထင်ကြည့်လိုက်ဖို့ဆိုကေ အရှိနန့်အနောက်ကို ခွဲပြီးကေ စီးကြောင်းတားထားလိုက်တေပိုင် လီယာဉ်ပျံတစ်စီးက မီးခိုးတိကိုတန်းနီအောင် ရီးဆွဲနီစွာ မြင်ကတ်ရဖို့။ ပိုးရီသျှေတစ်ကောင်က တဝီဝီမြည်ပနာ မွိကာပတ်ကာ ပျံသန်းနီရေ။ စပါးပင်တိကလေ့ တစ်ပင်နန့်တစ်ပင် ဦးခိုက်ပနာ တတိုးတတိုးနန့် သက်ပြင်းချလို့ ဂေါင်းခါနီကတ်တေ။ အိမ်း...သူရို့တိလေ့ ဆောင်းဝင်လာဗျာလ်ဆိုခါ ဒေလောက်ချမ်းအီးရေရာသီမာ သူရို့ဂေါင်းကိုဖြတ်ပြီး လူတိကို ဆက်သရကတ်ဖို့သို့။ ကြည့်ဇမ် တကာကာနန့် မြည်ပြီးကေ ဘဲတစ်အုပ် စပါးခင်းကို ဝင်လားခသို့ယင့်။ ထိုနားက ဗြူ...ဒေနားက ဘွ...နန့် ရီခမ်းငါးသျှေတိကို ယင်းသူရို့ ဖမ်းစားလီကတ်ဖို့။ ကြည့်ဖိတချက်..ပြောနီတုန်းမာ စွန်ဘုတ်တစ်ကောင်က ကြွက်တစ်ကောင်ကို ကိုက်ပနာ ငါ့ပက်ခုံးထက်မာ တဘုတ်ဘုတ်နန့် သတ်ပြီးကေ အရီခွံခွာစားနီပြန်ယာ။ (အဘာလေ ငါရွံတတ်ပါရေဆိုနီခါမှ) ဂုနားကခံစားနီရေ သဘာဝအလှတိအားလုံး ပျောက်လား ခယာ။ မဖြစ်သို့ မဖြစ်သို့။ ရွင့်လားခ ရေ စိတ်သျှေကို ပြန်ချုပ်ပနာ အနုပညာဗျာန်စိတ်ကို ငါပြန်ဝင်စား ရဖို့။ ငါ...ပြန်..ဝင်..စား..ရ..ဖို့။ (ထွက်ရေ)...(ဝင်ရေ)... (ထွက်)ရေ...(ဝင်)ရေ။ ရွာနားက သူငယ်ချင်းတိက မင်းယင်းမာ တစ်သက်လုံး နီဖို့ယာလားလတ်။ လီတိုက်ကေ တကျွိကျွိနန့် အမြဲတမ်းမီးကတ်တေ။ ငါကရွာနားမာနီစွာမကြိုက်။ နို့လေ့လူမစဲ ညဥ့်လေ့လူမစဲ။ တစ်ခါတလီရွာထဲက အစိတ်ကေသျှေတိ လက်ကိုဆွဲခါဆွဲ မုတ်ဆိတ်ကို ဆွဲခါဆွဲနန့် ယိုင်းစီး ကတ်သို့ယင့်။ ညဥ့်ခါကျကေလေ့ ယှူပ်ယှူပ်ယှက်ယှက် အတွဲတိလာကတ် ပြန်ပါယာ။ မဖြစ်မဖြစ် ငါနန့်မဖြစ်။ ဇေ့ပိုင် ရွာနန့်မဝီးမပါးနီရာမာရာ ငါပျော်ရေ။ ညဇာဖက် နီဝင်တရီးအချိန်မာ ငှက်သျှေတိ သခြင်းဆိုစွာကိုနားထောင်။ ရွာထဲမာ ထမင်းချက်ရေ အချိန်မာလေ့ မီးခိုးသျှေ တအူအူနန့် စက္ခုအရသာလေ့ ခံစား၊ သောတအရသာလေ့ခံစား။ နို့ခင်းသားဆိုကေလေ့ ပြင်လဂေါင်မာ လီသျှေတသွက်သွက်နန့် အဘာလေ ရွာပြင်မာနီရစွာရာ ငါကကောင်းပျော်ရေထော။ ဇေ့ပိုင်

ရိနာစားငှက်တစ်ကောင်တရီ အလိုက်ကန်းကိုမသိ။ ငါ့ပက်ခုံးထက်မာ ငါးစား၊ ကြွက်စားနန့်။ ယင်းချင့်တိကား တစ်နို့တလီပါရာ။ (နီအုံးသို့ပြောရဖို့သို့) ငှက်တိအကြောင်းကို။ ဆောင်းဦးပေါက်မာဆိုကေ သဘာဝတရားက ဆုတစ်ခု ငါ့ကို နှစ်တိုင်းပီးရေ။ မြီဆီလွှာတိဇ္ဇ ကောင်းမှုတော်ကြောင့်ထင်ယင့်။ ငါကလေ့ အသီးစားသူရို့ဇ္ဇ ဖောင်ဒေးချန်း ဆိုပြီးကေ နှစ်တိုင်း ဖောင်းဒေးချန်းတစ်ခုဖွင့်ရေ။ ဥပမာပြောရဖို့ဆိုကေ မတ်ဒေါနားရို့၊ ဒေးဗေ့ဘတ်ခမ်းရို့ ဖောင်းဒေးချန်း ဖွင့်ထားရေပိုင် ငါလေ့အားကျမခံ။ ငါတတ်နိုင်ရေဖက်က ငါဖွင့်စွာယေ။ ယင်းနို့တိဆိုကေ ပျော်ဖို့လေ့ကောင်းရေပိုင် စိတ်ညစ်ဖို့လေ့ကောင်းရေ။ ကြည့် ဖောင်းဒေးချန်း နို့တစ်နို့အကြောင်းငါပြောပြမေ။ ငါ့မာဖောင်ဒေးချန်း ဖွင့်ဗျာလ်ဆိုကေ ထိုကငှက် ဒေကငှက်ကန်ကမကန်။ တစ်ခါတစ်ခါ အမေရိကန်က ငှက်တိတောင်ပါသို့ယင့်။ ကုလားပြည်က လာရေငှက်၊ သျှမ်းပြည်က လာရေငှက်၊ အိင်္ဂလန်က လာရေငှက်၊ ခမီးရွာက လာရေငှက်ထိုငှက်၊ ဒေငှက်နန့် ယှူပ်ယှက်ခတ်နီရေ။ ငါတောင်မလေးစကား အပါအဝင် ဘာသာစကားပေါင်း ၇၀ ကျော်ကျော်လောက် တတ်နီယာ။ (ငှက်တိပါးကရစွာ …ငှက်တိပါးကရစွာ)။ ထိုး..တစ်နှစ် နှစ်နှစ်ကထင်ရေ။ တရုတ်ကဆိုဝါ ငှက်ငါးကောင် ရောက်လာကတ်တေ။ အိပ်နီရေအချိန်မာ ခတ်ငွိ့ဝယ်ရေ၊ ရီအားဝယ်ရေ၊ ကဏာန့်ဝယ်ရေ၊ ဗလိဝယ်ရေနန့် ယောင်နီလီယင့်။ယပြီးကေ အသီးစားနီကတ်တေ အချိန်မာလေ့ မဆီမဆိုင် ငါ့နိုင်ငံတိုးတက်တေ သူ့နိုင်ငံ ယဉ်ကျေးရေ၊ မင်းရို့နိုင်ငံက လက်ယာ၊ နင့်နိုင်ငံကလက်ဝဲနန့်။ ကောက်ကာ ငင်ကာ ကျီကရော်ဘာကရော် ငြင်းနီကတ်စွာ မပြီးနိုင်ဗျာ၊ ငါလေ့ နားပူလာရေမခံနိုင်ယာ၊ ယေဇုနန့် အဝေရို့..စားစရာ ဟိစွာစားကတ်၊ နိုင်ငံရေးမပါကေ့လို့ ခန္ဓာကိုယ်တုန်ပနာ ဟောက်ပစ်လိုက်မှ တိန်းလားခကတ်တေ၊ ညဥ့်ခါသား အိပ်ချိန် ရောက်ကေလေ့ အီဂျေ့က ပိရမေ့အကြောင်း၊ အီတလီက ဖတ်ချန် အကြောင်း၊ အိင်္ဂလန်က ပရီးမီးယားလိ(ဂ်) အကြောင်း၊ တရုတ်က ဂရိတ်ဝေါထရံအကြောင်း၊ ကချင်ပြည်က ကျောက်စိမ်း အကြောင်း၊ ရုယှားက လွန်းပျံယာဉ်အကြောင်း၊ စုမာတြားက ပြန်ပီးဆွဲတိအကြောင်း၊ ဟေတီနိုင်ငံက မြီငလျင်အကြောင်း၊ ဂျပန်မာ ရှူးကလီး ယားပေါက်စွာပါမကျန် ကျူးဘားက ဒုံးပျံအကြောင်း၊ ကိုးရီးယားက မင်းသား မင်းသမီးတိအကြောင်း၊ အိုဇုန်းလွှာအကြောင်း၊ ခရမ်းလွန်ရောင်ခြည်အကြောင်း၊ အတ်ဆေ့အကြောင်း၊ ခါတ်ငွိ့အကြောင်း၊ အွန္တာတိကတိုက် ရီခဲတောင် အကြောင်း၊ မီးတောင်အကြောင်း၊ လောင်ပွန်းပျံအကြောင်း အပါအဝင် အောက်စဖို့ထ် တက္ကသိုလ်အကြောင်း၊ စစ်တွေ အထကအကြောင်း၊ အဏုမြူအကြောင်း၊ ခရု(ဇ်)ဒုံးကျည် အကြောင်း၊ AIDS အကြောင်း၊ H1N1အကြောင်း၊ ကုလသမဂ္ဂအကြောင်း၊ UNHCR အကြောင်း၊ ဒေါ်လာအကြောင်း၊ ယူရိုအကြောင်း၊ နောက်ဟိသို့ရေ ထိုအကြောင်းဒေအကြောင်း အများကြီးမှ အဂေါင့်ဂေါင့်အများကြီး။ ပြောရဖို့ဆိုကေ တစ်ထောင့်တစ်ညဥ့် ကဖို့မဟုတ်၊ တစ်ထောင့်နန့် လေးငါးညဥ့် လောက် ဖြစ်လားဖို့။ ကိုယ့်အုပ်စုသျှေနန့်ကိုယ် ထိုအဖျား သျှေမာတစ်စု ဒေအဖျားသျှေမာတစ်စုနန့် ပြောနီကတ်စွာ စစ်ရေး နားထောင်ချင်လား၊ လူမှုရေးလား၊ ကျန်းမာရေးလား၊ ပညာရေးလား၊ စီးပွားရေးအကြောင်းလား ကြိုက်စွာ နားထောင်လို့ရရေ။ ဇာက လာ ..သတင်းစာတောင် ဝယ်ဖတ်ဖို့မလို။ ဇေုခေတ်မာ သုံးနီကတ်တေ အိန်တာနက် ပိုင်ဗျာလ် (သတင်းတိ၊ အဖျင်းတိစုံစွာ)။ တောက်တဲ့ × × × × တောက်တဲ့ × × × × တောက်တဲ့ × × ×။ ယော်….ဇာပိုင်စွာလေ့တစ်ကောင် ပြောက်ပြောက်ကျားကျား နန့်။ ငါ့ဝမ်းခေါင်းထဲက ထွက်လာပြီးကေ တောက်တဲ့.. တောက်တဲ့နန့် မြည်နီလီပြန်ယာ။ ပုဝါပိုင်းတစ်ပိုင်းကို ဂေါင်းမာခြုံထားရေ ငှက်မသျှေတိနန့် ဒေါက်ချာပိုင် အဖြူတစ်ခုကို ဂေါင်းမာဆောင်ထားရေ ငှက်ထီးကြီး တစ်ကောင်က မျက်လုံးတိ ပြူးပနာကြည့် ပြီးကေ "အဘာလေ ဒေပိုင်အကောင်တိ ဒေနိုင်ငံမာကကောင်းဟိရေကာ။ ကြည့်ဇမ် အနည်းဆုံး တစ်ပွာကျော်ကျော်လောက် ဟိဖို့ထော။ ငါရို့ပါးမာဆိုကေ ရိန်းဂေ့သောင်းချီလို့ ရဖို့ယေ" လတ်။ သူရို့ဘာသာစကားနန့် ပြောနီကတ်စွာ ငေ( )ာက်ကန်း သား တောက်တဲ့ကတော့ကောင်းနားမလည်။ တောက်တဲ့ × × × တောက်တဲ့× × × နန့်ဂျည်း မြည်နီလီယင့်။ ယကေငါလေ့ မထူးယာ။ လွတ်ဖို့× × မလွတ်× × × လွတ်ဖို့× × × မလွတ်× × × လို့ရာ စိတ်ကလိုက်ဆိုနီလိုက်ပါရေ။

နှင်းဝီမိုး(ဝါဘိုမြီ)





# ရခိုင်သားနန့် ရခိုင်စကား

ခိုင်မင်းဇံ(ရခိုင်ပြည်)

**အမှတ်(၂)မှ အဆက်**

ရခိုင်ဘာသာစာပီကို ဖော်ထုတ်ရီးသားနီရေ နီရာမာ ဝေါဟာရအသစ် (ဗမာဝေါဟာရ၊ မြို့ကြီးသားတချို့သုံး ဝေါဟာရ နန့် အဝီးရောက် ရခိုင်တချို့သုံးရေ ဝေါဟာရ) (သို့မဟုတ်) အပျက်ဆန်ရေ ဝေါဟာရတိကို မသုံးကတ်ဘဲ ရခိုင်ဝေါဟာရ စစ်စစ်ကိုရာ သုံးသင့်ပါရေ။ အပျက်ဆန်ရေ ဝေါဟာရအသစ်တိ တွင်လာလီ ရခိုင်စာပီစွာ ဗမာစာပီနန့် ခွဲရခက်လီ ဖြစ်ရပါရေ။ ယင်းပိုင်ရာ ဗမာနန့်ရခိုင်စာပီ တူလားခဖို့ဆိုကေ ရခိုင်တိပြောနီကတ်တေ ရခိုင်စကား ပျောက်ပနာ ဗမာစကားကိုရာ ရခိုင်စကားအဖြစ်နန့် သုံးလာကတ်ပါလိမေ။ ယင်းဟင့်ရှိကိုတွေးကြည့်လိုက်ကေ ရခိုင်လူမျိုးအတွက် ရင်လီးဖို့ကောင်းရေ အကြောင်း တရားတိဂျည်းစိတ်အာရုံမာ ပေါ်လွင်လာပါရေ။

ဘာသာစကားတစ်ခုကို နာမည်တပ်ဖို့ဆိုကေ ယေဘုယျအားဖြင့် ယင်းဘာသာစကားကို တီထွင်သူရို့ (သို့မဟုတ်) ယင်းဘာသာစကားကို သုံးစွဲသူရို့မျိုးရိုး (လူမျိုး) ကို အစွဲပြုပနာ နာမည်ပီးကတ်ပါရေ။ သုံးစွဲသူ ဆိုစွာမာလေ့ မူလအစ သုံးစွဲသူတိ ဖြစ်ပြီးကေ ယင်းဘာသာစကားကို ခက်ခက်ခဲခဲနန့် သင်ယူရရေ လူမျိုးခြားတိကို မဆိုလိုပါ။ ဥပမာ–ရခိုင်သားတိ တီထွင်ခပြီးကေ ရခိုင်သားတိ ပြောဆိုခရေ အတွက်ကြောင့် ရက္ခဝဏ္ဏအက္ခရာလို့ ခေါ်ပါရေ။ ယင်းပိုင် တီထွင်ခကတ်စွာမာလေ့ ရခိုင်လီသံ (လျှာရင်းသံ) နန့် ကိုက်ညီအောင် တီထွင်ခကတ်စွာ ဖြစ်ပါရေ။

ဒေနို့ ဒေအချိန်မာ ယင်းရက္ခဝဏ္ဏအက္ခရာ (ရခိုင်စာ) ကို ရခိုင်သားတိက အမြင်အမျိုးမျိုးနန့် မြင်နီကတ်ပါရေ။ တချို့ကလေ့ ရက္ခဝဏ္ဏအက္ခရာဆိုစွာ ရှီးရခိုင်ဘုရင်တိ ခေတ်က ရီးထိုးထားခရေ ကျောက်စာတိကို ပြောရေလို့ ထင်ကတ်ပါရေ။ တချို့ကတော့ ယင်းကျောက်စာတိ အပါအဝင် ရခိုင်ခြင်းနန့် ရီးသားကတ်တေစာတိရေ ရခိုင်စာဖြစ်တေလို့ ဆိုပါရေ။ တချို့ကျလေ့ ယင်းပိုင် မမြင်ကတ်။ ဒေနို့ ဗမာလက်အောက်မာ သင်နီကတ်ရရေဗမာစာ (မြန်မာစာ) စွာ ရခိုင်စာနန့် ကွဲလွဲမှုမဟိလို့ မြင်ကတ်ပါရေ။ ဗမာစာနန့်ရခိုင်စာ တူရေလို့ဆိုကေ ဒေနို့ဗမာစာကို ရခိုင်စာ (ရက္ခဝဏ္ဏအက္ခရာ) လို့ ဆိုရပါဖို့၊ ယင်းပိုင်ပြောဖို့ ကျပြန်ကေလေ့ ယင်းလူရို့ သတ်မှတ်ထားရေ ရခိုင်စာကို ရခိုင်စကား လျှာရင်းသံနန့် ကိုက်ညီ၊ မကိုက်ညီ ဆိုရေအချက်ကို စကေသျှေ လွဲရေလား၊ များများစားစား လွဲနီရေလား ထည့်စဉ်းစားဖို့လိုပါရေ၊ ရခိုင်စာနန့်ဗမာစာ တူရေလို့ယူဆကတ်တေ လူတချို့ရေ သူရို့ပြောကတ် တေစကားတိကိုပါ ဗမာစာအတိုင်း(ဗမာလီသံအတိုင်း) ပြောလာကတ်စွာကို တွိရပါရေ။ ယင်းပိုင် ပြောလာကတ်တေ အတွက်နန့် ဧနို့ခေတ် ရခိုင်တိပြောရေ စကားနန့် အစဉ်အလာသုံး ရခိုင်စကားတိကြားမာ ကွာခြားချက်တိများသထက် များလာစွာကို ကြုံကတ်ရပါရေ။ ယင်းအတွက်ကြောင့် ရခိုင်သားတိပြောရေ စကားတိုင်းကို ရခိုင်စကားပါလို့ကား မပြောနိုင်ပါ။

> ရခိုင်စာနန့်ရီးသားကတ်တေ ပုဂ္ဂိုလ်ရို့အနီနန့် စာရီးပြီးတိုင်း မိမိစာရခိုင်စစ်မစစ် ပြန်လည်ဆန်းစစ်ဖို့လိုအပ်ပါရေ။ စာလုံးပေါင်းကတော့ခါ ရီးရေလူ တစ်ယောက်နန့်တစ်ယောက် တစိတပွေ သျှေကွဲလွဲကောင်း ကွဲလွဲပါဖို့။ ယေကေလေ့ ‘ယ’ နန့်ရီးရဖို့အရီးအသား၊ ‘ရ’ နန့် ရီးရဖို့ အရီးအသား ကွဲပြားသင့်ပါရေ။ ‘စောင့်ယှောက်’ လို့ ပြောကတ်တေအတွက် ‘စောင့်ရှောက်’ လို့ မရီးစီချင်ပါ။ အသံထွက်အတိုင်း ‘ယ’ သံ၊ ‘ရ’ သံ ကွဲပြားအောင်စောင့်ယှောက်လို့ ရီးသင့်ပါရေ။

အဖရခိုင်အမိရခိုင်၊ ရခိုင်ကမွီး ရခိုင်သားသမီးပင် ဖြစ်ကေလေ့ အစဉ်အလာသုံး ရခိုင်စကားကို မပြောဘဲ ဗမာစကားနန့် ဗမာမကျရခိုင်မကျစကားတိကို ပြောရေ သားသမီးတိ ရခိုင်ပြည်၊ ဗမာပြည်နန့် ကမ္ဘာ့ဒေသအရပ်ရပ်မာ ဟိနီပါရေ။ စာပီပညာသျှင်တချို့ကရခိုင်ပြည် ဒေသ အသီးသီးမာ နီထိုင်ကတ်တေ ရခိုင်လူမျိုးတိပြောရေ ဘာသာစကားကို ရခိုင် စကားလို့ ခေါ်ရေလတ်။ ယင်းဆရာရို့ အဆိုအရ သံတွဲစကားလေ့ ရခိုင်စကား၊ မြောက်ဦးစကားလေ့ ရခိုင်စကား၊ ဂွစကားလေ့ ရခိုင်စကား၊ စစ်တွေစကားလေ့ ရခိုင်စကားလို့ ဆိုရပါဖို့။ အတိုင်းအတာတစ်ခု အထိတော့ခါ မှန်နိုင်ပါရေ။ အကျွန်ရေ စာပီပညာသျှင် တစ်ယောက်မဟုတ်ပါ။ ရခိုင်စာပီကို ချစ်မြတ်နိုးရေ စာပီဝါသနာသျှင် တစ်ယောက်ရာ ဖြစ်ပါရေ။ ယင်းအတွက် ကြောင့်လားမသိ အကျွန့်အမြင်နန့် ယင်းဆရာရို့ အမြင်မတူမညီ ဖြစ်နီပါယင့်။

ယင်းပိုင်ရာ ရခိုင်ပြည်နီရာတိုင်းက ရခိုင်သားတိ ပြောရေစကားတိုင်းရာ ရခိုင်စကားဖြစ်ဖို့ဆိုကေ ဂွစကားကို မြောက်ဦးသားရို့ပြောကေ မြောက်ဦးသားတိက လက်ခံနိုင်ပါဖို့လား။ ဂွစကားကို ဂွဒေသမာ နီထိုင်ကတ်တေ ညီအစ်ကိုရို့ ပြောစွာကလွဲကေ တခြားတစ်စုံတစ်ယောက် ပြောစွာကိုလေ့ လက်ခံနိုင်ကတ်ဖို့ကား မဟုတ်ပါ။ ဂွဒေသ သုံးစကားရေ ဗမာဝေါဟာရတိအများကြီး ရောနီရေစကား

ဖြစ်တေပိုင် ရခိုင်ဝေါဟာရကို သုံးလို့ပြောကေတောင်မှ ဗမာလီသံတိနန့်မကင်းပါ။ ရခိုင်လူမျိုး ဖြစ်တေအတွက်ရာ ရခိုင်သံတစိသျှေ ပါနီစွာပါ။ ယေဇူးကြောင့် ဂွဒေသသုံးစကားရေ ဂွဒေသစကားရာဖြစ်ပါဖို့။ ရခိုင်စကားစစ်စစ် (စံ ရခိုင်စကား၊ ဘုံ ရခိုင်စကား) မဖြစ်နိုင်ပါ။ ဂွဒေသမာနီထိုင်ကတ်တေ ညီအစ်ကိုရို့အနီနန့် မည်သည်စကား၊ မည်ဝါစကားကို လုပ်ပြောရဖို့လို့ကား မဆိုအပ်ပါ။ မှန်ကန်ရေ ရခိုင်စကားကို တော့ခါ အတတ်နိုင်ဆုံး ပြောကတ်စီချင်ပါရေ။

မှန်ကန်ရေ ရခိုင်စကားဆိုစွာကား ဇာစကားလေးလို့ မီးချင်စရာလေ့ဟိပါလိမေ။ မြောက်ဦးစကားစွာ ရခိုင်စကားလား။ စစ်တွေစကားစွာ ရခိုင်စကားလားလို့ မီးဖို့စွာတိလေ့ ဟိလာပါရေ။ ရခိုင်ရို့မာ စကားအမျိုးအစားတိ ကွဲပြားကတ်တေအတွက် ဇာနီရာက လူတိပြောရေ စကားစွာ ရခိုင်စကားအစင်ဖြစ်တေလို့ ပြောဖို့ခက်ပါရေ။

စကားအမျိုးအစား ကွဲပြားကတ်တေ ဆိုစွာမာလေ့ ဗျာလ်၊ ဗျာယ်၊ ဗျာ၊ ပျာ၊ ယာလ်၊ ယာ အစဟိရေ ရခိုင်စကား အမျိုးအစား ကွဲပြားခြင်းကို ပြောစွာရာဖြစ်ပြီးကေ ယင်းဟင့်တိ နီရာမာ အဓိပ္ပါယ်တူ အောက်သားစကားပြင်ကို အစားထိုး လို့ပြောရေ ရခိုင်သားတိဟိကေလေ့ ယင်းစကားပြင်ကို ကွဲပြားရေ ရခိုင်စကားလို့ မယူဆသင့်ပါ။ ရခိုင်စကားနန့် ကွဲပြားပြီးကေ ရခိုင်စကားနန့် လုံးဝမဆိုင်ရေ ဗမာစကားရာ ဖြစ်ပါရေ။

လက်ဟိ အခြီအနီကို သုံးသပ်ဖို့ဆိုကေ မြောက်ဦးသား တချို့ပြောကတ်တေ စကားတိကိုတောင်မှ ရခိုင်စကား စစ်စစ်လို့ သတ်မှတ်ဖို့ခက်ပါရေ။ ယင်းလူတိပြောရေ စကားတိရေ ရခိုင်ဝေါဟာရအစစ်တိ အများဆုံးပါဝင်ရေ စကားဖြစ်ကေလေ့ ဗမာဝေါဟာရတိ ထိုတစ်စ၊ ဒေတစ်စ ရောပါနီရေ အတွက်ကြောင့် ရခိုင်စကား ကောင်းကောင်း မစစ်လို့ဆိုရပါဖို့။ ဥပမာ အနီနန့် ပြောရကေ ‘ ရွာလယ်မာ ဘုန်းကြီးကျောင်းရှိရေ၊ သိန်းထွန်းမာ နွားနှစ်ကောင်ရှိရေ ’ ဆိုရေ စကားတိစွာ ရခိုင် စကားမဟုတ်ပါ။ ရခိုင်မစစ်တေ ကပျက်(ကပြား) စကားရာ ဖြစ်တေ။

ယင်းစကားတိကို ဇာကြောင့် ရခိုင်စကား မဟုတ်လေး လို့မီးကေ‘ ရှိ’ကြောင့်လို့ ဆိုရပါဖို့၊ အထက်က စကားစုနှစ်ခုအရ ရှိ(ယှိ) သဘောမာ တည်နီရေ၊ ပိုင်ဆိုင်ရေလို့ အဓိပ္ပါယ် ထွက်ပြီးကေ ဗမာတိက ယှိ လို့ အသံထွက်ပါရေ။ ဗမာစာ သင်နီရေ ရခိုင်တိလေ့သော့ ဗမာတိနန့်အတူ ယှိလို့ အသံ ထွက်ကတ်ပါရေ။ ဗမာစာသင်နီရေအချိန်မာ ‘ယှိ ’လို့ မဖတ်မဖြစ်ဖတ်ရကေလေ့ ရခိုင်အချင်းချင်း စကားပြော ကတ်တေအခါ ဆင်ခြင်ကတ်ဖို့ လိုပါရေ။ ရခိုင်စကား အစင်မာကား ယင်း ရှိ(ယှိ)နီရာမာ ဟိကိုရာ သုံးလို့ ပြောကတ် ပါရေ။ ရခိုင်ပြည်က မြို့ကြီးသားတချို့က ဗမာကို အတုယူပနာ ရှိ(ယှိ)ကို သုံးကတ်တေပိုင် ကျွန်းသားတချို့က လေ့ မြို့သားကို အတုခိုးပနာ ရှိ(ယှိ) ကိုသုံးလို့ ပြောခြင်းရာ ဖြစ်တေ။ ရှိရေ ယှိ ဖြစ်လာစရာအကြောင်း မဟိရေပိုင် ဟိကလေ့ ယှိ မဖြစ် သင့်ပါ။ ရှိ(ယှိ)ရေ ရခိုင်ဝေါဟာရ ဟိကိုမျိုဖို့ ကြိုးစားနီရေ ဗမာဝေါဟာရ ဖြစ်ပါရေ။ ရှိ ဆိုစွာကလေ့ ရခိုင်ရို့မာ အဓိပ္ပါယ် သီးခြားဟိရေ ဝေါဟာရဖြစ်တေပိုင် ဗမာဝေါဟာရ ရှိ(ယှိ) နန့် အဓိပ္ပါယ်အားဖြင့် လုံးလုံးမတူပါ။ ရှိ ကို ရခိုင်စကားမာ မျက်နှာမူရာ ဘက်၊ နီထွက်ရာအရပ်လို့ ဆိုလိုခြင်းဖြစ်တေ။ ယင်းဟင့်ကိုလေ့ ယှိ လို့ အသံမထွက်ပါ။ ရှိ(=ဟြိ) လို့ရာ အသံထွက်ပါရေ။ဝင်းကိုခိုင် တေးခြင်းတစ်ပုဒ်ဖြစ်တေ ဇုဋ္ဌနန့်တွိဆုံခြင်းမာတော့ခါ ရှိ(=ဟြိ)လို့ အသံမထွက်ဘဲနန့် ဟိလို့ အသံထွက်ထားစွာတွိရပါရေ။ ယင်းတေးခြင်း တစ်ပုဒ်တည်းမာ ရှိ နှစ်လုံး ပါပြီးကေ တစ်လုံးကို ‘အသျှင် ဘုရားရှိ (ယှိ) မာ ဒူးထောက်ပနာ’ လို့ ဆိုထားပြီးကေ နောက်တစ်လုံးကိုကျခါ ဘဝဆိုးရှိ (=ဟြိ) မာ လို့ ဆိုထားပါရေ။ ယင်းပိုင်အဓိပ္ပါယ်နန့် အရီးအသားတူရေ ဝေါဟာရတစ်လုံးတည်းကို အသံနှစ်ခုနန့် ဆိုထားရေအတွက် နားထောင်သူရို့အနီနန့် ဇာအမှန်၊ ဇာအမှားဆိုစွာကို ဝီခွဲရ ခက်ပါဖို့ယေ။

တချို့က သိကတ်တေပိုင် တချို့ကလေ့ မသိကတ်ပါ။ တချို့ကျပြန်ကေလေ့ သိယင့်သားနန့် အသံထွက်အမှန်ကို မဖတ်ကတ်ပါ။ အသံထွက်အမှန်ကို မသိသူရို့ရေ အသံထွက် အမှန်ကိုသိအောင် ကြိုးစားရပါဖို့။ သိရေလူတိကလေ့ သိရေအတိုင်း လက်တွိကျင့်သုံးဖို့လိုပါရေ။ ယေမှလေ့ ရ သံနန့် ယ သံ ကွဲပြီးကေ ရခိုင်စကား၊ ဗမာစကား ကွဲကွဲပြားပြား ဖြစ်လာပါဖို့။

ရခိုင်စာနန့် ရီးသားကတ်တေ ပုဂ္ဂိုလ်ရို့အနီနန့် စာရီးပြီးတိုင်း မိမိစာ ရခိုင်စစ်မစစ် ပြန်လည်ဆန်းစစ်ဖို့ လိုအပ် ပါရေ။ စာလုံးပေါင်းကတော့ခါ ရီးရေလူတစ်ယောက်နန့်တစ် ယောက် တစိတပွေသျှေ ကွဲလွဲကောင်း ကွဲလွဲပါဖို့။ ယေကေလေ့ ယ နန့် ရီးရဖို့ အရီးအသား၊ ရ နန့် ရီးရဖို့ အရီးအသား ကွဲပြား သင့်ပါရေ။ စောင့်ယှောက်လို့ပြောကတ်တေအတွက် စောင့်ရှောက်လို့ မရီးစီချင်ပါ။ အသံထွက်အတိုင်း ယ သံ၊ ရ သံ ကွဲပြားအောင် စောင့်ယှောက်လို့ ရီးသင့်ပါရေ။

ဗမာစာကို ဗမာစာနန့်တူအောင် ရီးကတ်တေပိုင် ရခိုင်စာကိုလေ့ ရခိုင်စာနန့်တူအောင် ရီးသင့်ပါရေ။ ရီးရေ လူတိက ရီးချင်ပိုင် ရီးကတ်တေအတွက်နန့် ဖတ်တေလူတိရေ အသံထွက်တေနီရာမာ အမှားအယွင်းတိ ဟိလာပါရေ။ ရခိုင်စာပီကို စမ်းသပ်လို့ရီးကတ်တေ မျိုးဆက်သစ်ရခိုင် လူငယ်တိရေပညာ သျှင်ကိုလေ့ ပညာရှင်လို့ ရီးကတ်စွာတိကို တွိရပါရေ။ ဒေပိုင်ရီးသားကတ်ခါ ရခိုင်စာပီကို ချစ်မြတ် နိုးသူရို့ရေ အရီးအတိုင်း ပညာရှင် (ပညာဟြင်)လို့ ဖတ်လား ကတ်ဖို့စွာ စိုးရိမ်ရပါရေ။ အဓိပ္ပါယ်တိလေ့ အလွဲလွဲအချော်ချော် ဖြစ်ကတ်ပါဖို့ယေ။

ရခိုင်စာကို ရခိုင်သားတစ်ယောက် ဘာသာပြန်ရေပိုင် ပြန်ဖို့ဆိုကေ ပညာသျှင်ဆိုစွာ ပညာဟိ၊ ပညာကို ပိုင်ဆိုင်ရေလူ၊ ပညာအသျှင်သခင်လို့ အဓိပ္ပါယ်ရပြီးကေ ပညာရှင်(အသံထွက်– ပညာဟြင်)ကျခါ အသက်ဟိရေ ပညာ (သို့မဟုတ်) အနီအထား အမျိုးမျိုး ပြောင်းလဲလို့ရရေ ပညာလို့ အဓိပ္ပါယ် ရလီပါဖို့ဗျာလ်။ ဗမာတိမာတော့ခါ သက်ဟိကိုဖြစ်ဖြစ်၊ အသျှင်သခင်ကိုဖြစ်ဖြစ် အရှင်(အသံထွက်–အယှင်) လို့ရာသုံးကတ်တေ။ သူရို့ တိုင်းသားတိမာ ဇာပိုင်ပင်ရီးရီး အသံတစ်သံတည်းရာ ထွက်တေ အတွက်နန့် သူရို့စွာနန့်သူရို့ မှန်ကန်ပါရေ။ ရခိုင်ရို့မာကျရေခါ နဂိုကပင် ရ သံ၊ ယ သံ ကွဲပြားရေအတွက် ဗမာတိပိုင် ရီးလို့မရပါ။ ယင်းပိုင် အရီးအသားမာ မှားယွင်းရေ အတွက် မြို့ကြီးသားတချို့ ရှင် ကို သျှင် လို့ ဖတ်လာကတ်စွာကို ရင်နာစရာ ကြားနီရပါယင့်။

မြတ်စွာဘုရားသျှင် သက်တော်ထင်ရှား ဟိစဉ်ကပင် တည်ထားကိုးကွယ်ခရေ မဟာမြတ်မုနိ... 

ဆံတော်သျှင် လို့ခေါ်လာကတ်စွာကို ကြားရပါရေ။ မျိုးဆက်သစ်ကျွန်းသားတချို့လေ့ ယင်းအတိုင်းဖြစ်လာပါရေ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးမှ ဓာတ်တော် ရယူပြီး ကေတည်ထားရေစာတီဆိုတေ့ခါ ဆံတော်သျှင်ဓာတ်လို့ ခေါ်ကောင်း ခေါ်လို့ရပါလိမေ။ ဇေက မြတ်စွာဘုရားသျှင် ကိုယ်တော်တိုင် ပီးသနားချီးမြှင့်ခရေ ဆံတော်အရှင်ဖြစ်တေအတွက် ဆံတော်ရှင် (ဟြင်) လို့ ခေါ်ကတ်ရပါဖို့။ ယင်းဟင့်ရေ မှန်ကန်ရေ အစဉ်အလာသုံး အသံထွက်ဖြစ်ပါရေ။ အသံထွက်အမှား ဆံတော်သျှင်လို့ လုံးဝမခေါ်သင့်ပါ။

ခေတ်ကာလတိ ပြောင်းလဲလာစွာနန့် အမိရခိုင်စကားတိထဲမာ ဗမာစကားစိမ့်ဝင်မှုတိ များလာပါရေ။ ရခိုင်လီသံတိလေ့ အယင်ခေါက်ကလောက် မပြင်းမမာကတ်ပါယာ။ လီသံတိပျော့ပြီးကေ ဗမာတိနန့် အဆင်တူလာပါရေ။ ဗမာလက်အောက်ကို ကျရောက်စ အခါကတေ့ခါ ဗမာစကားတိ ဇာလောက် လွှမ်းမိုးခလီရေ မသိရပါ။ အကျွန်ရို့မျက်စိရှိမာတေ့ ရခိုင်လီသံတိ သိသိသာသာကြီး ပြောင်းလဲလာစွာကို တွိရပါရေ။

လွန်ခရေ ဆယ်စုနှစ် နှစ်ခုလောက်က ဗမာစကားနန့် ဗမာအရီးအသား 'ရှေ့နေ'ကို ရခိုင်ပိုင် ရှိနီ (ဟြိနီ)လို့ တွင်တွင်ကျယ်ကျယ် သုံးကတ်၊ ပြောကတ်စွာကို တွိခ၊ ကြားခရပါရေ။ ယင်းရှိနီရေပညာတတ် အသိုင်းအဝိုင်းတိကြားမာ တဆတ်ဆတ်နန့် 'ချိနီ' ဖြစ်လာပြီးကေ ဇေခေတ်မာတေ့ခါ 'ချေ့နေ' ဖြစ်လားခပါရေ။ ယေကေလေ့သေ့ လုံးဝ ပြောင်းလဲလားခစွာတေ့မဟုတ်ပါ။ ရခိုင်ကျွန်းရွာတိမာ ရှိနီ(ဟြိနီ)လို့ ပြောနီကတ်တေ လူတိ ဇေထက်ထိ ဟိပါသို့ယင့်။ ရှိနီဆိုစွာ တရားခံ သို့မဟုတ် တရားလိုဇွ ရှိကနီပနာ ဥပဒေနန့်အညီ မားမားမတ်မတ် ရပ်တည် ပီးရေလူကို ခေါ်စွာဖြစ်ပါရေ။ ဥပဒေအကြောင်းကို နားလည်ရေ ဥပဒေ ပညာသျှင်လေ့ ဖြစ်ပါရေ။ ရခိုင်စကားနန့် ချေ့နေနန့်ကား တစ်ခုလေ့ မအပ်စပ်ပါ။ ဗမာကို အပြစ်လားပြောဖို့ကလေ့ ဗမာက အမွေပြောခိုင်းခြင်း မဟုတ်ပါ။ ယင်းအတွက်ကြောင့် ကိုယ့်အသိစိတ်နန့်ကိုယ် ကိုယ့်စကားအမှန်ကို ပြောသင့်ပါရေ။

ဗမာဝေါဟာရတိဗမာလီသံတိရေ ရခိုင်စကားတိကြားမာ ဝင်ရောက်နီရာယူလာရေပိုင် တချို့ဝေါဟာရတိကျခါ ဝင်ရောက်ဖို့ တာဆူနီကတ်ပါရေ။ တချို့ရခိုင်တိက ရခိုင်စကားတိကြားထဲမာ ညှပ်လို့ပါနီရေ ဗမာစကားတချို့ကို ဗမာစကားမှန်း သိယင့်သားနန့် အထူးအရသာခံပြီး ပြောကတ်တေပိုင် တချို့ရခိုင်တိကျခါသူရို့ ဂဃနဏ မဆန်းစစ်ချင်မှုက အမှား၊ အမှန်ကို ဝီခွဲမရ ဖြစ်စီပါရေ။

ဇာက ရခိုင်စကားမှန် ဖြစ်ပြီးကေ ဇာက အောက်သားစကားဆိုစွာကို ဂဃနဏ မသိရေလူတိစွာ ရီသစ်မြို့သစ်သို့ ပြောင်း ရွှိနီထိုင်လာကတ်တေအခါ ကိုယ်ရို့အရပ်ဒေသက စကားပြော စွာနန့်မတူရေ စကားကိုပြောရေလူတိနန့် ဆုံကတ်၊ ကြုံကတ်ရ ပါရေ။ ယေခါ ကိုယ်ပြောခရေ ကိုယ်ရို့ဒေသက စကားတိစွာ မှားရေလို့ ယူဆလားတတ်ပါရေ။ ယင်းနီရာမာ အနီကြာလာရေခါ ကိုယ်ရို့ဒေသက လူတိနန့်တွိလို့ အလွှာပ၊ သလ္လာပ ပြောကတ်ကေတောင်မှ ကိုယ်ရို့ဒေသမာ ပြောခရေ စကားတိကို မသုံးဘဲ ရီမြို့သစ်ကလူတိ ပြောရေပိုင် ပြောလာကတ်ပါရေ။ ဇေစွာကလေ့ ရခိုင်စကားတိ တဆတ်ဆတ်နန့် ပျောက်ကွယ်လာဖို့ အကြောင်းလို့ ဆိုရပါဖို့ယေ။

အကျွန်ရို့ရခိုင်တိရေ ဗမာလက်အောက်မာ ကျွန်ဘဝနန့် ဗမာစာကို သင်လာကတ်ရကေလေ့ ရခိုင်စကားတိစွာမပျောက်မပျက်ဘဲတည်ဟိနီပါသို့ရေ။ နှစ်ကာလတိ အလှည့်အပြောင်းကြောင့် တချို့တစ်ဝက် ပျက်စီးဆုံးယှုံးလားရကေလေ့ ကျန်ဟိနီ စွာကို ထပ်ပြီးကေမပျက်စီးစီချင်ပါ။ ပျက်စီးအောင်လေ့ မလုပ်သင့်ပါ။

တချို့ရခိုင်သားတိစွာ ရခိုင်စာပီ၊ ရခိုင်စကားကို ပျက်စီးအောင် ကိုယ်တိုင်မလုပ်ကေလေ့ သူများကြောင့် ကူးစက်ခံလိုက်ရရေအတွက် ရခိုင်စာပီ၊ ရခိုင်စကားကို စိတ်စေတနာနှိုးဆော်မှုအရင်းခံမဟိသည့်တိုင် ဖျက်ဆီးစွာနန့် တူလားခပါရေ။

တချို့ ရခိုင်စကားတိစွာ ဗမာစကားတိ အလွှမ်းအမိုးကို မခံဘဲ မရမကရုန်းထွက်နီစွာတိကို တွိရပါရေ။ ယင်းဟင့်ကို အကျွန်ရို့အားလုံး တစ်ညီတစ်ညွတ်နန့် ကယ်တင်ဖို့၊ ဖေးမဖို့ လိုအပ်ပါရေ။

အကျွန်ရို့ရေ ဗမာစာထဲမာပါရေ 'အစားအစာဝါးစားပါ' ကို အထပ်ထပ်အခါခါ သင်ခကတ်ရကေလေ့ ယင်း'ဝါးစား' ဆိုစွာ ကို ကျွန်းသားရခိုင်တိက ဇာကြောင့်နန့် မွားစားလို့ ပြောနီ ကတ်စွာကို တချက်သျှေ့ စဉ်းစားကြည့်ကတ်ဖို့သင့်ပါရေ။ ဗမာတိပြောရေ 'ငုံ' ကိုလေ့ အကျွန်ရို့ဒေသမာ 'မုံ' လို့ ပြောကတ်ပါရေ။ အကျွန်ရို့ဒေသ တစ်ခုတည်းမာရာ ပြောစွာလား၊ တခြားဒေသ တိမာပါ ပြောစွာလားလို့ လေ့လာကြည့်ရေခါ တခြားရခိုင်ဒေသ တိမာပါ ပြောကတ်တေအတွက်နန့် ရခိုင်စကားလို့ မှတ်ယူရပါရေ။ အကျွန်ရို့ဒေသ တစ်ခုတည်းမာ ပြောကတ်ကေတေ့ခါ အကျွန်ရို့ဒေသကလူတိ စကားမပီလို့ ငုံကို မုံ၊ ဝါးကို မွား ပြော ကတ်စွာလို့ ဆိုနိုင်ကေလေ့ အများနန့်ကျလာရေခါ ယင်းပိုင်ပြောလို့ မရပါယာ။ ရခိုင်စကားကို ရခိုင်ပိုင်မမြင်၊ မတွေးရေလူတိ အတွက်ကျခါ ငုံ ကို ရခိုင်စကားအဖြစ် မှတ်ယူပြီးကေ မုံ ကို သုံးလို့ ပြောရေလူတိကို ခေတ်မမှီလို့ သတ်မှတ်လားတတ်ပါရေ။ ယင်းကြားထဲမာ အဆိုတော် ခိုင်ကျော်လင်းက ပါးစထဲမာငုံထား ချင်ရေလို့ တေးခြင်းတောင်မှ စပ်ဆိုလိုက်ပါသို့ရေ။

ရခိုင်စကားအစင် (ဗမာစကားနန့် မတူရေစကား) တစ်ခွန်း ဟိယင့်သားနန့် ဗမာစကားတစ်ခွန်းကို အစားထိုး သုံးနှုန်း ပြောဆိုလိုက်စွာရေ ရခိုင်စကား၊ ရခိုင်စာပီကို အညှန့်ချိုးနီစွာနန့်တူပါရေ။ အကျွန်ရေ ရခိုင်စာပီကို ကြိုးစားရီးသားနီတုန်းမာ သူငယ်ချင်းတစ်ယောက်ဇွ အရီးအသားတစ်ခုကို ဖတ်ဖူးပါရေ။ သူ့အရီးအသားထဲမာ ဗမာအရီးအသားဖြစ်တေ မျက်စိနိတ်ကို မျက်စိမိုတ်လို့ ရီးထားပြီးကေ နိုင်ငံကိုလေ့ နိုင်ဂံလို့ ရီးထားစွာကို တွိပါရေ။ ရခိုင်စာပီ အနုပညာလောကမာ နိုင်ငံကို နိုင်ဂံလို့ မသုံးကတ်ကေလေ့ မျက်စိမိုတ်ကို မျက်စိနိတ်လို့ သုံးနှုန်းရီးသား ပြောဆိုကတ်စွာကို တွိပါရေ။ ရခိုင်အဆိုတော် သိန်းထိုက်ဇော် သခြင်းတစ်ပုဒ်မာ မျက်လုံးအစုံမိုတ်လို့ ဆိုထားပြီးကေ ခိုင်ကျော်လင်း သခြင်းမာခါ မျက်စိတနိတ်လို့ ဆိုထားစွာ တွိပါရေ။ ဇ 'မိုတ်'နန့် 'နိတ်'စကားနှစ်လုံးမာ မိုတ်ကို ရခိုင်၊ ဗမာ နှစ်မျိုးစလုံး ပြောကတ်ပြီးကေ နိတ်ကို ကျရေခါ ရခိုင်လူမျိုးတစ်မျိုးတည်းရာပြောပါရေ။ အကျွန်ရို့ ရခိုင်သားတိရေ မိုတ်ကိုမပြောကတ်ဘဲ နိတ် တစ်ခုတည်းကိုရာ ပြောရ၊ ရီးရဖို့လို့ကား မဟုတ်ပါ။ ယေကေ လေ့သေ့ ရခိုင်စာပီ ရီးသားကတ်တေနီရာမာဇပိုင်စွာတိကို ထည့်သွင်းစဉ်းစားကတ်ဖို့ လိုပါရေ။

ဆက်ပါဖို့သို့.....။

ခိုင်မင်းဇံ (ရခိုင်ပြည်)

# အဖရခိုင်ပြည်အတွက် သင့်အားအလိုဟိသည်(၂)

ဇာနီခိုင်

ဟုတ်ပါရေ။ အဖရခိုင်ပြည် ပြန်လည်တည်ဆောက်ဖို့ သင်ရို့တိအားလုံးကို အလိုဟိပါရေ။ ကျွန်သက်တမ်း ၂၂၆– နှစ်ဟိပါယာ။ တိုင်းပြည်လွတ်လပ်ရေးနန့် အချုပ်အခြာအာဏာ ပြန်လည်ရဟိရေးစွာ ရခိုင်လူမျိုးတိအတွက် ဇာလောက်အရေး ကြီးလေးဆိုစွာ မျိုးချစ်စိတ်ဟိသူ၊ ဇာတိမာန်ဟိသူတိုင်း သိကတ်ပါရေ။ သန်းနန့်ချီလို့ ဒုက္ခရောက်နီရေ ရခိုင်လူမျိုးတိအရေး၊ ဗမာအစိုးရဇ္ ဖျက်စီးမှုအမျိုးမျိုးခံနီရရေ အကျွန်ရို့တိမွီးဖွားရာ ကျေးဇူးသျှင် အဖရခိုင်ပြည်အရေးကို သွားပိုးစားနီရေ ဝေဒနာလောက်တောင် ဂရုမစိုက်ဘဲ ဥပေက္ခာပြုထားကတ်ဖို့ဆိုကေ ဗမာနိုင်ငံတော်သစ်ကြီး တည်ဆောက်တေအထဲမာ ရခိုင်ပြည်နန့် ရခိုင်လူမျိုးစွာ လ'ကို ငပုပ်ဖမ်းရေပိုင် တစစနန့် ကြမ္မာအမှောင် ကျပနာ ပျောက်ကွယ်လားပါလိမေ။

အရိုးကိုအရွက်မဖုံးစီချင်လို့ ဒေဆောင်းပါးကို အခန်းဆက်တင်ပြရခြင်းဖြစ်ပါရေ။ အကျွန့်ကို ဆရာတစ်ယောက်က ပြောပါရေ။ 'အဝေး ငါ့တပည့်..ရခိုင်လူမျိုးတိကို ဇာလုပ်ဖို့အလိုဟိစွာလေး' ဆိုပါရေ။ လက်နက်တပ်ဆင်ပြီးကေ တိုက်ပွဲဝင်စီဖို့လားလေ့ မီးပါရေ။ အကျွန်လေ့ ကိုယ့်ယုံကြည်ချက်အတိုင်း ပြောလိုက်ပါရေ။ 'သမိုင်းဦးဘုံမြီခေတ်ဇ္ စနစ်ပြိုကွဲလားပြီးကေ ဒေနို့ထိ ကမ္ဘာမာ ဖြစ်ထွန်းတိုးတက်မှုမှန်သရွှိကို revolution ဆိုရေ တော်လှန်ရေး အသွင်နန့် ကူးပြောင်းလားပါရေ။ revolution ဆိုစွာ ခေတ်ကိုတော်လှန်စွာ၊ စနစ်ကိုတော်လှန်စွာ၊ အယူဝါဒကို တော်လှန်စွာတိကို ဆိုလိုပါရေ။ သူတပါးကျွန်ပြုခံ ဘဝက လွတ်မြောက်အောင် လက်နက်ကိုင် အမျိုးသားတော်လှန်ရေးတရပ် လိုအပ်တေပိုင် သူ့ကျွန် မခံချင်စိတ်နန့် ကျရာတာဝန်ကို မိမိရို့တတ်နိုင်သလောက် ကိုယ်ဇ္ စောင့်မမှု၊ နှုတ်ဇ္ စောင့်မမှုတိ ပီးကတ်ဖို့ နှိုးဆော်စွာပါ'လို့ ပြောလိုက်ပါရေ။ ဒေနို့ ပင်လယ်ပြင်မာရီကူးခတ်နီရေ အမျိုးသားတော်လှန်ရေး ခရီးကို ကမ်းဒို့ရောက်အောင် အထောက်အပံ့ပီးနီရေ ဘော ကွင်းနန့် တူရေ ပြည်သူတိဇ္ အကူအညီကို အများကြီး လိုအပ် နီပါရေ။ ဒေနီရာမာ ရခိုင်ပြည်သူပြည်သားတိကို သတိပီးချင်စွာ တစ်ခုက အယူအဆမတူလို့ သဘောတရားကွဲလွဲ မှုတိကြောင့် အဇာလမ်းကိုလိုက်ရဖို့လေ့မသိ ဖြစ်နီကတ်ပါရေ။ အကျွန်ဆန္ဒပြုလိုသည်မာ ဦးဏှောက်နန့်နှလုံးသား ချင့်ချိန်ပြီး ပေါင်းပင်လား၊ ဆီးပင်လား ခွဲခြားသိနိုင်ကတ်ပါစီ။ သမိုင်းကိုဖုံးကွယ်လို့မရပါ။ အမှားထဲက အမြတ်ဖြစ်တေ အတွိအကြုံနန့် သင်ခန်းစာယူနိုင်ကတ်ပါစီ။ ဒိုင်အိုးထဲက ခုန်ဆင်းလို့ မီးပုံထဲကျလားရေ ဆီကျော်ငါးပိုင် မဖြစ်ရအောင် စဉ်းစားပါ။ သူ့ကျွန်ဘဝမာ ဒူးထောက်ပြီး အသက်ရှင်နီရစွာနန့်စာကေရန်သူကိုရင်ဆိုင်ယင်း မတ်မတ်ရပ်ပနာ သီရစွာ ကမြတ်တေလို့ရှိကပြောခရေ ဂေါင်းဆောင်ကြီးတိဇ္ စကားလွန်လီပါဖို့လား။

အင်အားကြီးရေရန်သူကို ငါရို့အင်အားလောက်နန့် နိုင်အောင်တိုက်နိုင်ပါဖို့လားလို့ သံသယဟိကတ်ပါလိမေ။ အတွေးအခေါ်မမှားကတ်ပါကေ့။ အတွေးအခေါ်မှားကေ အယူအဆပါ မှားတတ်ပါရေ။ သဘာဝနန့် တိုက်ရိုက်ဆန့်ကျင်ရေ ကြီးနိုင်ငယ်ညှဉ်း ကျူးကျော်အနိုင်ကျင့်မှုတိကြောင့် ကမ္ဘာမာစစ်ပွဲတိ နီရာအနှံ့အပြား ဖြစ်ပွားခပါရေ။ ရန်သူအင်အားကို မတွန်းလှန်နိုင်လို့ အခြီအနီအရ အယှုံးပီးလိုက်ရကေလေ့ အင်အားပြန်လို့ တောင့်တင်းလာရေအခါ နိုင်ငံရေးရာသီဥတုပေါ် မူတည်ပြီး စစ်ပွဲကိုစစ်ပွဲနန့် အဆုံးသတ် အောင်ပွဲဆင်ခစွာ ကမ္ဘာ့သမိုင်းမာ အများကြီးပါ။ အကျွန်စွာ ပကတိပိုင်းကိုပစ်ပြီးကေ ဆန္ဒပိုင်းကို ဂျည်းဦးစားပီးသူမဟုတ်ပါ။ နည်းဗျူဟာသဘောမာ အဘိဓမ္မာပိုင်းကိုလေ့ ထည့်သွင်းစဉ်းစားရပါလိမေ။ ဂျူးလူမျိုးတိကို စနစ်တကျ စီမံကိန်းချဗျာ သတ်ခရေ အာဏာသျှင်ဟေတလာသီပြီး (၁၅)နှစ် အကြာမာ နှစ်ပေါင်းနှစ်ထောင်ကျော် ကွယ်ပျောက်နီရေ ဂျူးနိုင်ငံ ပေါ်ပေါက်လာပါရေ။ ၁၉၆၇–ခုမာ အေ့စရေးစွာ သူရို့ထက် အဆ ၂၀–အင်အားသာလွန်ရေ အာရပ်လူမျိုးတိကို အနိုင်တိုက်နိုင်ခပါရေ။ မကြာခင်က လွတ်လပ်ရေးရလားခရေ အရှိတီမောနိုင်ငံစွာ စစ်အင်အား ၃၀၀–ထက်မပိုပါ။ နပိုလီယန်၊ မဟာအလတ်ဇန္ဒား၊ ပီဇာရို၊ ဂျိန်ဂျေ့ခန် စရေဗိုလ်ချုပ်တိစွာ ကိုယ့်ထက် အဆပေါင်းမြောက်များစွာ အင်အားကြီးရေ ရန်သူတိကို အနိုင်ယူခကတ်ပါရေ။ ကမ္ဘာ့သမိုင်းထဲက စစ်ဂေါင်းဆောင်တိ မှာကြားခရေစကားက 'စစ်နိုင်ခြင်းဇ္သဘောမာ တိုက်ရည်ခိုက်ရည်နန့် စွမ်းရည်သတ္တိရာ အဓိကဖြစ်တေ'လို့ ပြောခပါရေ။ ဒေအထဲမာ လွတ်လပ်ရေးလိုလားရေ ရခိုင်မျိုးချစ် ရဲဘော်ရို့ဇ္ တိုင်းပြည်ချစ်စိတ်နန့် ဇာတိမာန်ကို ထည့်ပေါင်းလိုက်ကေ ဇာလောက်သီချာလားပါဖို့လေး။ ရခိုင်လူမျိုးတိဇ္ စွမ်းရည်သတ္တိကို ရာဇဝင်သမိုင်း အဆက်ဆက်ကပင် ဂနို့တိုင်တွိမြင်နိုင်ပါရေ။ ယေကေလေ့ ယင်းသတ္တိကို အသုံးချမှားကေ ကျားတော့ခါ ကျား၊ နဖားထိုး ခံထားရရေ ကျားပိုင် ဖြစ်လားဖို့ကိုလေ့ သတိထားယှောင်ကတ်ဖို့ သတိပီးလိုပါရေ။

ရခိုင်လူမျိုးစွာ လူနည်းစုပါ။ လူငယ်သျှေတိကို စစ်တပ်ထဲကို ပို့ပြီးကေ အသက်သီအောင် ဖန်တီးဖို့ဆိုရေ စိတ်နန့် ဒေဆောင်းပါးကို ရီးခြင်းမဟုတ်ပါ။ မူဆိုလိုနီ ပြောရေပိုင် တိုင်းပြည် တစ်ပြည်မာ လူဦးရီစွာ တိုင်းပြည်ဇ္ အင်အားပါလတ်။ ဒေချင့်တိကို အကျွန်သိပါရေ။ ရခိုင်ပြည်စွာ ရခိုင်လူမျိုးဖျက်လို့ ပျက်နိုင်ရေပိုင် ရခိုင်လူမျိုးတိ ဝိုင်းဝန်းကြိုးစားကေ လိုချင်ရေပန်းတိုင်ကို ရောက်နိုင်ပါရေ။ ရခိုင်လူမျိုးကိစ္စကို ရခိုင်လူမျိုးမလုပ်ကေ အသူရို့တိ လာလုပ်ပါဖို့လေး။ ဒေချင့်တိကိုစဉ်းစားပါ။ ငွေတစ်ကျပ် လိုချင်လို့ ဆယ့်ငါးပြားသျှေရင်းကေ ယှစ်ဆယ့်ငါးပြား မြတ်တေဆိုပါဖိ။ အမြတ်က ငါးဆကျော်ရေအတွက် ဆယ့်ငါး ပြားကို ရင်းသင့်ပါရေ။ ဥပဒေဘောင်အတွင်း ပါလီမန်မာ ဝင်ရောက်လှုပ်ယှားဖို့ ကြိုးပမ်းကတ်စွာတိကို အချည်းအနှီးလို့ အကျွန် မပြောလိုပါ။

လီနင်ပြောရေပိုင် ဖြစ်ပျက်နီရေအခြီအနီတိကို အသိအချာ လေ့လာပြီးကေ လက်ဟိအခြီအနီနန့် ကိုက်ညီအောင် လုပ်ကတ်ပါလို့ ဝေဖန်စီးစစ်ဖို့နန့် ဆင်ခြင်ဖို့ သတိပီးလိုပါရေ။ ဗိုလ်–နာမည်က ဦး–နာမည်သို့ ဇာလောက်ပင်ပြောင်းပြောင်း ရုပ်ပြောင်းရုပ်လွှဲရာဖြစ်တေ။ ဗမာအစိုးရကို မယုံလီကတ်ပါကေ့။ သူရို့တိ အပေါ်ယံပေါ်လစီ ပြောင်းထားစွာပါ။ ဝိုင်အရက်ကို ပုလင်းခွံပြောင်းပြီးကေ ထည့်ထားစွာပါ။ ဝိုင်အရက်မာ ဝိုင်အရက်ပါယာ။ မပြောင်း လဲပါ။ မီဒီယာနန့် အကျဉ်းထောင် တိုင်မိန်ကိုက် ညီရေ ဗမာလူမျိုး အောက်ကလွတ်အောင် ဟိနီရေ ရခိုင့်သတ္တိတိကို အမှန်တရားအတွက် အကောင်းဖက်မာ ၅၀%ထက် ပိုသုံးဖို့ ထပ်လောင်း နှိုးဆော်လိုက်ပါရေ။

ဇဂုလောက်ဆို အဖရခိုင်ပြည်အတွက် သင့်အား ဇာကြောင့် အလိုဟိရေဆိုစွာ သဘောပေါက်ပြီး ဖြစ်ပါလိမေလို့ ယူဆပါရေ။ အကျွန်ရို့တိမာ နိုင်ငံရေးဆိုရေစကား ကြားလိုက်စွာ နန့် အကယ်၍..ကို အစချီပြီး ကြောက်စရာတိ ကိုဂျည်း တွေးကတ်စွာ ကြားရပါရေ။ အကြောင်းအရာ တစ်ခုခုနန့် တွိကြုံရတိုင်း စိတ်ယိမ်းယိုင်လားဖို့ဆိုကေ ကိုယ့်စိတ်ကို ကိုယ်မပိုင်ပါယာ။ ကိုယ့်စိတ်ကို ကိုယ်ပိုင်မှရာ ကိုယ့်ဘဝကို ကိုယ်ပိုင်ပါမေ။ တော်လှန်ရေးစိတ်ဓါတ် ယုံကြည်ချက် သက်ဝင်လာကေ အစမ်းသပ်ခံ နိုင်ရပါဖို့။ တော်လှန်ရေးစွာ ပီးဆပ်ခြင်းမာ အခြီခံပါရေ။ ပန်းတိုင် မရောက်ခင် ဆူးခင်းလမ်းကို လျှောက်ရစွာက ဓမ္မတာပါ။ သီနတ်ကိုင်ပြီး စစ်မြီပြင်ကိုလိုက်ပါမှ တော်လှန်ရေး လုပ်စွာ မဟုတ်ပါ။ ကလောင်သွားနန့်လေ့ တော်လှန်နိုင်ပါရေ။ ကလောင် သွားရေ ဓါးသွားထက် ပိုထက်ပါရေ။ ရခိုင်အမျိုးသား တော်လှန်ရေး အဟုန်မြင့်လာအောင် နည်းအမျိုးမျိုးနန့် ကူညီထောက် ပံ့ခြင်းသည်လေ့ တော်လှန်ရေး အသိတရားဟိဟိ ပါဝင်ခြင်း ဖြစ်ပါရေ။ အမျိုးကိုတော့ခါ စောင့်ပါယင့်၊ သီလကို မဆောက်တည်ကေ သမဝါယမစနစ်နန့် အယင်ကပင် ယှဉ်တွဲနီလာကတ်တေ လေးရပ်ဝတီသား ရက္ခိတညီနောင်များရို့ အစဉ်အလာ ပျက်လားပါဖို့။ အခက်အခဲတိကြားမာ ဝှက်ထားရေ လွတ်လပ်ရေးကို အကျွန်ရို့ စုပေါင်းအားနန့် ကျားကုတ်ကျားခဲ ဖော်ထုတ်ကတ်ပါမေ။စည်းလုံးညီညာကေ အောင်ကြောင်းဖြာရေ မဟုတ်ပါလာ။

အို..ရခိုင်ပြည်သူပြည်သား အပေါင်းရို့... ရခိုင်ရို့ ကျင့်သုံး တရားထုံးနန့်အညီ ဗုဒ္ဓကိုးကွယ် ရခိုင်ပြည်အတွက် ရခိုင်လူမျိုးတိကို ဘာသာရေးနန့် သွီးကွဲအောင် ဗမာတိ မလုပ်နိုင်ပါ။ ယေကေလေ့ တခြားနည်းနန့် သွီးကွဲအောင် ဗမာတိကသော်လည်းကောင်း ကိုယ့်ရခိုင်အချင်းချင်း သော်လည်းကောင်း ပြောဆိုလုပ်ကိုင်ကတ်စွာ တွိနီရပါရေ။ ဥပမာပီးပနာ ပြောချင်ပါရေ။ သံလိုက်တုံးတစ်တုံးမာ တောင်ဝင်ရိုးစွန်းသတ်သတ်၊ မြောက်ဝင်ရိုးစွန်းသတ်သတ် ခွဲထားလို့မရပါ။ သံလိုက်တုံးကို ဇာလောက်ပင် ပိုင်း,ပိုင်း၊ အပိုင်းတိုင်းမာ တောင်ဝင်ရိုးစွန်းနန့် မြောက်ဝင်ရိုးစွန်း ဟိနီပါရေ။ ပထဝီအနီအထားအရ တောင်မြောက်သွယ်တန်းပနာ လေးကိုင်း ပမာ ရခိုင်ပြည်သည်လေ့ လေးရပ်ဝတီ ပေါင်းထားရေ ရက္ခပူရ ရခိုင်ပြည်ဖြစ်ပါရေ။ တောင်နန့်မြောက် အလှမ်းစကေ ဝီးနီကေလေ့ တစ်ပိုင်းစီခွဲထားလို့မရပါ။ စိတ်ဝမ်းကွဲအောင် မဖန်တီး မဖျက်စီးနိုင်ကတ်ပါ။ ဒေသန္တရအပြောအဆို အသံအနီအထား စိကေတပွေကွဲပြားကေလေ့ ရခိုင်သည် ရခိုင်ဖြစ်ပါရေ။ ရခိုင့်အဖွဲ့အစည်း အသီးသီးလေ့ ရခိုင် အမျိုးသားရေးအတွက် ရှိတန်းနောက်တန်း တာဝန်တိကို ဆက်လက်ပြီးကေအသိတရားဟိဟိ ထမ်းဆောင်လား ကတ်ပါမေ။ သစ်ပင်တစ်ပင်ကိုဂျည်း အာရုံစိုက်ကြည့်ကေ သစ်တောတစ်ခုလုံးကို မမြင်နိုင်ရေပိုင် မဖြစ်ရအောင် အမျိုးသားရေးကိုရှိရှုပြီး အပြန်အလှန်နားလည်မှုတိနန့် လက်တွဲဖို့ အချိန်ကျနီပါဗျာ။ ပဋိပက္ခကို ဦးတည်ရေ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဒေသန္တရစွဲ အတင်းအဖျင်းစကားတိနန့် ဆန့်ကျင်ဖက်တိကို ယှောင်ယှားကတ်ပါလို့အကျွန်မေတ္တာရပ်ခံပါရေ။

အိင်္ဂလန်နိုင်ငံကို ဘုရားသခင် ဖန်ဆင်းခြင်းသည် တိုင်း တစ်ပါးထံမာ ကျွန်ခံရန် မဟုတ်ပါလို့ ဝိန်စတန်ချာချီက ကြွေးကြော်ခပါရေ။ ဘူမိနက်သန် အဖရခိုင်ပြည်ကြီးစွာ အမျိုးယုတ် အောက်သားအစိုးရပါးမာ အရာဇာဖြစ်လို့ ကျွန်ခံနီပါဖို့လေး။ လူသည် အသိဉာဏ်ဟိသည်နန့်အညီ လူတိုင်း ကောင်းမွန်ကတ်မေဆိုကေ ဥပဒေပုဒ်မတိကို ရီးဆွဲဖို့ လိုမေမထင်ပါ။ မကောင်းနိုင်ကတ်လို့ ဥပဒေပြုရပါရေ။ နိုင်ငံရေးဆိုစွာလေ့ လူ့သဘောအတိုင်း ချွတ်ယွင်းချက် မကင်းနိုင်ကတ်လို့ပေါ်ပေါက်လာရေပိုင် တော်လှန်ရေးဆိုစွာလေ့ ဖိနှိပ်ခံရခြင်းကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်ပါရေ။ လူမှန်ကေ နိုင်ငံရေးနန့် မကင်းနိုင်ပါ။ ယင်းအတွက်ကြောင့် နိုင်ငံရေး အသိနန့် တော်လှန်ရေးစိတ်ဓာတ်နိုးကြားရှင်သန်ကတ်ဖို့ အချိန် တန်ဗျာလို့ နှိုးဆော်ချင်ရေအတွက် ဒေဆောင်းပါး ဒုတိယပိုင်းကို တင်ပြရခြင်း ဖြစ်ပါရေ။

ရခိုင်သားအပေါင်းကိုလေးစားပါရေ

**ဇာနီခိုင်**

# အော်...ရှိုးမ

- စာတစ်အုပ် ပီတစ်အုပ် ငါ့လက်မာ မပြုတ်
  နိုင်ငံတကာနန့် သုတအဖြာဖြာ
  တတ်သယောင်မော်ကြွား
  ငါရာလူသားလို့ ကိုယ့်ကိုယ်ကို ပလွှား
  မိမိရို့ဘာသာစကားနန့် အနုပညာလက်ရာ
  စော်ကားရာ မရောက်ခကေလေ့
  ဂရုပြုရေထဲမာ မပါ......

- ယင်းပိုင်နန့် communication ဇွ နို့တိ
  ရောက်လာယာ အကျွန့်လက်ထဲသို့ စာတစ်အုပ်
  နာမည်က ရက္ခဝံလက်
  သူဇွ mission က ရခိုင်ဘာသာစကားနန့်
  စာပီများထုဆစ်ဖော်ထုတ်ခြင်း
  မကြင်ရေ အကြည့်နန့် ထိုလှန်ဒေလှန်.....

- အသီချာဖတ်ကြည့်လိုက်ခါမှ ရခိုင်သားရို့ဇွ
  ရိုးရာဓလိနန့် စာပီရသ ဂန္ထဝင်မာ စာတင်ခရေ
  ယဉ်ကျေးမှု သုခုမ နှစ်ထောင်ချီပိုင်ဆိုင်ခရေ
  ရာဇဝင်သမိုင်းရို့က နှိုးဆွ နှိုးထ
  တမ်းတမိရေ အော်......ရိုးမ
  ကမ္ဘာမကြီသရွှိ တည်ပါစီ။

သူရိန်(light house)

# ရခိုင်လူမျိုး အုပ်စုဝင်များ

အသျှင်ကြီး

ရခိုင်တွင် စဦးလူမျိုးကို အတည်တကျမသတ် မှတ်နိုင်သို့ပါ။ အိန္ဒိယပြည်ဇ္ အရှေ့မြောက်ပိုင်းဒေသတိနန့် ရခိုင်ဒေသသည် ဆက်စပ်ဟိနီသည်။ ထိုဒေသဒို့ အခြား မျိုးနွယ်တိဝင်ရောက်ခြင်း မဟိသို့ခင်က ဩစတြေလွိုက် အနွယ်ဝင်တိဟိနီခကတ်သည်ဟု သုတေသီအချို့က ယူဆကတ်သည်။ ထိုလူမျိုးနွယ်ကား ဧဂုလူတိက ဘီလူးဟုခေါ်ဆိုကတ်သူတိဖြစ်ကတ်သည်ဆို၏။ ၎င်းဘီလူးဟု ဆိုအပ်သော ဩစတြေလွိုက် လူမျိုးရို့သည် မြောက်ဘက်မဏိပူရနယ်မှ ရခိုင်ကမ်းမြောင်ဒေသထိ ရွှေ့ပြောင်းလားလာ နီထိုင်ခကတ်သည်။ ၎င်းရို့သည် တစ်စတစ်စဒေသခံလူမျိုးတိ ဖြစ်လာကတ်ပနာ ရက္ခသျှဟူ၍ ခေါ်တွင်လာကြောင်းဟူဆကတ်သည်။ ထို့ကြောင့် ရခိုင်ဒေသတွင်ဒေသခံ ပင်ရင်းလူမျိုးအဖြစ် ရက္ခသျှတိကိုပင်သတ်မှတ်မှုစတင်ရမည်ဖြစ်၏။

ရက္ခသျှရို့ဆိုကေ ရခိုင်ပင်လယ်ကမ်းရိုးတန်း တလျှောက် နီထိုင်လေ့ဟိသော လူအနည်းအကျဉ်းကိုပင် စဦးဆုံးအိန္ဒိယဒေသရို့ကဝင်လာသူတိဖြစ်လာရသည်။ ၎င်းရို့သည် ရခိုင်ဒေသတွင် ယဉ်ကျေးမှုအခြေခံအုတ်ခုံတည်၍ ရခိုင်သမိုင်းတိကို စတင်ခကတ်သူတိဟုဆိုရမည်ဖြစ်သည်။ ရခိုင်ပြည် ကမ်းရိုး တန်းတလျှောက်နန့် ဒေသအနှံ့အပြားရို့တွင် ရက္ခသျှရို့သည် နီထိုင်ခကတ်သည်ဟုမှတ်တမ်းအရသိရသည်။

ခရစ် အေဒီ–၁၅၀ က ရီးသော တော်လမီပထဝီကျမ်းတွင် ရခိုင်ဒေသကို ခရိုင်ဇိ(Chryze)နန့် အာရ်ဂျရီ(Argyre)ခေါ် ရွှီမြို့ငွီမြို့များဟုခေါ်ကတ်သည်။ ထိုခေါမတိုင်းသားမှတ်တမ်းအရ ခရစ်အေဒီတစ်ရာစုထိ လူမည်းများ(ရက္ခသျှများ) ရခိုင်ကမ်း မြောင်ဒေသရို့တွင် ဟိနီကတ်သို့သည်ဟုဆို၏။ ရခိုင်ရာဇဝင်နန့် နှိုင်းယှဉ် ကြည့်ကေ ဓညဝတီနှောင်းခေတ်ထိ တည်ဟိနီသည်ဟု သိသာနိုင်လီသည်။

ရက္ခသျှနန့် ရက္ခိုက်ဆိုသော စကားသည် အချိန်ကာလ ရှိလျှားခြင်းဖြင့် လည်းကောင်း၊ သံပြောင်း–သံလွဲနိုင်ခြင်းဖြင့် လည်းကောင်း အခေါ်တူအသုံးတူ ဖြစ်နိုင်ပါသည်။ ထိုသို့ဆိုကေရက္ခိုက်နာမည်သည် ကျောက်ခေတ်နှောင်းလူသားဇ္ နာမည်တစ်ခု ဖြစ်နိုင်ရာကား ဘီလူး စင်စစ် မဟုတ်ပါ။ လူနာမည်ဘီလူးသာ ယူဆနိုင်စရာဟိ၍ ရက္ခသျှကိုရှီးကရက္ခိုက်ဟု အသံပြောင်းခေါ်လာနိုင်သည်။ သို့မဟုတ် အသားမည်း၍ ဘီလူးနန့် အတုပြုတင်စားသတ်မှတ်ခြင်းဖြစ်ရာသည်။ ထို့ကြောင့် ရက္ခိုက်မှာ ဘီလူးစင်စစ်မဟုတ်ဘဲလူနာမည်ဖြစ်ရာသည်။ သို့မဟုတ် ရက္ခသျှနွယ်ဝင်တိကို ရက္ခိုက်ခေါ်လာရာက ဘီလူးဟု တင်စားမှည့်တွင် လာရခြင်းဟု ယူဆကတ်ရခြင်း ဖြစ်လီသည်။

မာရယုသည် လူသားစားဘီလူးကို တွန်းလှန်၍ ဓညဝတီနိုင်ငံကို တည်ထောင်ခသည်။ ဘီလူးကို တွန်းလှန်အောင်နိုင်ရာ နိုင်ငံဖြစ်၍ ရက္ခိုက် (ရက္ခိုင်)ပြည်၊ လူမျိုးကို ရက္ခိုင်ဟု တွင်လာရသည်ဟု ရခိုင်ရာဇာဝင်ရို့က မှတ်တမ်းတင်ခကတ်သည်။ ခေတ်သမိုင်းသုတေသီရို့က ရှီးလွန်ခရေဘီစီ–ငါးထောင်ကျော်ကပင် ရက္ခသျှရို့ရေ ရခိုင်၌ နီထိုင်ဟိပြီးဆို၏။ သို့သော် တခြားလူ့အဖွဲ့အစည်းနန့် ဆက်သွယ်မှုမဟိဘဲ သီးခြားနီထိုင်ခကတ်သဖြင့် ခေတ်ယဉ်ကျေးမှု အဆင့်အတန်း၊ အသိအလိမ္မာ၊ အတတ်ပညာ နိမ့်ကျနိုင်ရာကား ရိုင်းစိုင်းကြမ်းကြုတ်သော လူတန်းစားတရပ်ပိုင် ဟိခရမည်ဟု ယူဆကတ်၏။

နှောင်းခေတ်တွင် တစ်ရီတစ်မြီတည်း ဆက်စပ်ဟိသောအိန္ဒိယနိုင်ငံမှ ခေတ်ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူ့အဖွဲ့အစည်းရို့ ဝင်ရောက်လာကတ်ရာမှ သူရို့ဇ္ ယဉ်ကျေးမှုဓလိထုံးစံတိ ဆက်သွယ်ရောယှက်ခကတ်လီရာသည်ဆို၏။ ထို့ကြောင့်အိန္ဒိယဒေသက ဝင်ရောက်ခကတ်တေ အာရီယန်၊ မွန်ဂိုလွိုက်ရို့ဇ္ ယဉ်ကျေးမှုနန့် ရောနှောမှု မကင်းခပါ။ ခီရာဋ္ဌကို သကျ (သာကီဝင်) ဟုလည်း သမိုင်းသုတေသီတိက သတ်မှတ်ခ ကတ်လီသည်။

အထက်ဖော်ပြပါရို့ကို ထောက်ထားလျက် ရခိုင်ပင်မဒေသခံလူမျိုးတိကို အခြီခံထားကာ ရက္ခိုက်၊ ရက္ခိုင်၊ ရခိုင်ဟူသော ဝေါဟာရမာ ရခိုင်ဒေသသမိုင်းကို မှတ်တမ်းတင်သည့် အချိန်ကပင်ဟုဆိုနိုင်လီသည်။ မာဂဓတိုင်းကဝင်လာသူတိဖြစ်လို့ မာက်၊ မက်ဂ၊ မောက် (Mug, Muga, Maghs) ဟူ၍လေ့ ဘင်္ဂလားနယ်သားတိက ခေါ်လာခကတ်သို့၏။

ရက္ခိုင်နာမည်ကား အာရီယန်ရို့နန့် ရောနှောခကေလေ့ မတိမ်ကောခပါ။ ထို့ပြင် နှောင်းအုပ်စုတိသည် ဟိရင်းရခိုင်ရို့ရိုးရာယဉ်ကျေးမှုကို မလွှမ်းမိုးနိုင်ခဘဲ လက်ခံကျင့်သုံးခြင်းရာပြုခကတ်လီသည်ဟု ယူဆကတ်သူတိ ဟိလီ၏။ ရက္ခိုင်အုပ်စုသည် ကစ္ဆပနဒီမြစ်ညှာတွင် အခြီစိုက်ပြီး ရပ်စုရွာစုစသောလူနီမှု အဆောက်အဦးပြု၍ နီခကတ်သည်။ ထိုက ပိုရခိုင်၊ မြံ့ရခိုင်၊ သက်ရခိုင်ဟူ၍ အုပ်စုသုံးစု ကွဲလာကတ်သည်ဆို၏။ ထို့ကြောင့် မိသားစုအုပ်စုဖွဲ့၍ နီတတ်လာကတ်ခြင်းဖြင့်လူမျိုးဆက်ပြန့်ပွားလာပုံ၊ တိုးတက်လာရပုံရို့ ဖြစ်လာခရလီသည်။ အာရီယန်က အာရကန်၊ အာရက္ခ၊ ရက္ခ၊ ရဃု (သက္ကဋ ဘာသာ)မှ ရခိုင်နာမည် ဖြစ်လာသည်လေ့ ဟူ၏။

သကျသည် ရက္ခ၊ ရက္ခိုင်နန့် ခေါ်ဆိုမှုသဘော တူလီသည်။ အင်ဒိုမွန်ဂိုလွိုက်(ခီရာဋ္ဌ)တိကို သကျဟု သတ်မှတ်ခကတ်၏။ ဟိမဝန္တာ တောင်ခြီတလျှောက် အခြီစိုက်နီလာကတ်သူတိ ဖြစ်ပါသည်။ သကျဆွီမျိုးစု နီမြို့ဟု မြို့ပြပြည်နယ်တိ တည်ထောင်ဟိခကတ်သည်။ ကပိလဝတ္ထု၊ ဒေဝဒဟ၊ ကောလိယ သုံးပြည်မာ သာကီဝင်ရို့ဇ္ မြို့ပြများတည်း။ သက်လူမျိုးလေ့ သကျသာကီနွယ်ဝင် ဆို၏။ ရခိုင်မာရယုဖခင် အဇ္ဇုနလေ့ သာကီဝင်နွယ်က ရသိပြုလာသူဖြစ်သည်ဟုယူဆခကတ်သည်။ ထို့ကြောင့် သာကီဝင်နွယ်တိမာ ဆွီမျိုးသားချင်းအုပ်စုတစ်စုရပ်စုပြည်ထောင်ဖွဲ့၍ သီးခြားနီထိုင်လာ ခကတ်သူတိအဖြစ် ထင်ရှားလီသည်။

အာရီယန်ရို့ရောက်လာချိန်က သာကီဝင်(ဆပ်ကျ) ရို့မာ ဂင်္ဂါမြစ်ဝှမ်းတလျှောက်၊ ဗြဟ္မပုတြမြစ်ဝှမ်းတလျှောက်နန့်

အိန္ဒိယပြည်မြောက်ပိုင်းထိ အနှံ့အပြား နီထိုင်ဟိလီခပြီးဟု ဆို၏။ ခေတ်သုတေသီရို့က ခီရာဋ္ဌ၊ အင်ဒိုမွန်ဂိုလွိုက် ဟူ၍ သတ်မှတ်ခကတ်သည်။ ပါကေစတန် ဗုဒ္ဓသာသနာ စာအုပ်တွင် ဗရှုဝါ (မရာမာကြီး)၊ သက်၊ ရခိုင်၊ ဒိုင်းနက်ရို့မှာ တစ်မျိုးတည်း ဖြစ်ပြီး ဆပ်ကျမျိုးနွယ်စုဝင်များဟု ပြဆိုထား၏။

သာဂရမင်းရို့ တည်ခကတ်သော ရက္ခပူရတိုင်းပြည် ဟူသော နာမည်ကိုစွဲ၍ ရခိုင်ပြည်၊ ရခိုင်လူမျိုးဟူ၍ ဖြစ်လာရင်းဆို၏။ ရခိုင်လူမျိုးရို့ဇ နီရာဌာန ရီကြိုင်တော၊ ရီကြိုင်ချောင်းကိုစွဲ၍လေ့ ရီကြိုင်သားဟု ခေါ်လာ၏။ ထိုက ရခိုင်သားဖြစ်လာရခြင်းဟုလေ့ဆိုကတ်၏။ တချို့သမိုင်းကမူ သောဠသ (၁၆) ပြည်ရို့တွင် ရခိုင်သည် ရမ္မာပူရ နာမည်ရ၍ သမုတ္တိဒေဝမင်းမှစ၍ စိုးစံလျက် ရခိုင်အမျိုး ဖြစ်ထွန်းခရသတည်းဟု ဆို၏။

မာရယုသည် ရက္ခိုက်ဘီလူးရို့ကို အောင်ရာမြီဖြစ်၍ ရက္ခိုင်ဟု တွင်လာခြင်း၊ နာဂိန္ဒရသိက ရက္ခ (အမျိုးသီလစောင့်သူ) ဟူ၍ နာမည်ခေါ်တွင်ခခြင်း၊ ဖော်ပြပါ ရက္ခသျှမှ ရက္ခိုင်၊ ရခိုင်ဖြစ်လာခြင်း စသည်နာမည်ဖြစ်ရပ်ရို့ကိုသိခရပြီး ဖြစ်၏။

ရခိုင်ဇာတိဝံသမော်ကွန်းစာတွင် မြစ်ညှာတွင် လုပ်ကိုင်စားသောက်လာကတ်သည်။ ထို့ကြောင့် ဒေသနီပယ်ကို စွဲ၍ အညာသားဟုလေ့ ခေါ်တွင်ခံလာရသည်ဆို၏။ ချောင်းဖျားတွင် လုပ်ကိုင်စားသောက် နီခကတ်သဖြင့် ချောင်းသားလေ့ နာမည်ရလီ၏။ မြစ်ရိုးတလျှောက် နီလာကတ်၍ မ-ရိုး(နောင်-မြို)ဟူ၍ နာမည်ရလာလီ၏။ တောရဂိုင်ကိုခွတ်ထွင်နီလာခရ၍ ရဂိုင်သားလေ့ မည်သတည်း။

ရာဇဝင်လင်္ကာက ရမ်းဗြဲသားရို့ကို ကမ်းယံတွင် ကြောင်းဖြင့် ‘န းစာနန့်၊ ကံသာအရင်း၊ ဟိတုံလျင်းဟု၊ ဆိုခြင်းအသံ၊ ခံဝန်ဟန်ကြောင့်၊ ကမ်းယံတွင်ငြား၊ ရက္ခိုင်သားရို့’ ဟု စပ်ဆိုခလီသည်။ အလကပ္ပတိုင်း နာမည်က အာရကပူရ်ဖြစ်လာသည်။ ထိုက အာရကပူရ်၊ အာရကန်၊ ရကန်၊ ရခိုင် ဆိုပိုင်ရွှိပြောင်းလာနိုင်သည်ဟု အဆိုဟိလီသည်။ အလကပ္ပကား စိမ်းလန်းစိုပြည် အရပ်ဌာနဟူ၍ အဓိပ္ပါယ်ဟိလီသည်။ အလကပ္ပတိုင်းသည် မာဂဓပြည် တစ်ခုဖြစ်ရာ ဗီဟာနယ် မြောက် ပိုင်းတွင် ကျရောက်ဟိနီ၏။

ရခိုင်တွင် လူ့အဖွဲ့အစည်းများပြု၍ ဖွဲ့စည်းနီထိုင်ခကတ်ရာ၌ ထောင်တည်ချရာတွင် ပါဝင်ခကတ်ရသော ထောင်စုသားများ၊ အမှုထမ်း၊ အရာထမ်းအဖြစ် လုပ်ကိုင်ကတ်ရသော အစို့အစု အသင်းအပင်းဝင်များ၊ အလာခေါ် နိုင်ငံခြားသားများ၊ အသည်နန့် အလာမှဖြစ်ပေါ်လာသော ကလာများ၊ ကပြားများ၊ လူတန်းစား ခွဲခြားခံရသူများ စသဖြင့် ဟိကတ်သည်။

ထောင်စုသားတိမှာ တိုက်နယ်အလိုက်၊ ဒေသအလိုက်၊ လူမျိုးအစုအလိုက် မြို့ရွာဒေသတည်ထောင် ပီးခခြင်းဖြစ်သည်။ ထိုတွင် သက်လူမျိုးကို သက်ပြည်ထောင်၊ မြံုလူမျိုးကို မြံုပြည်ထောင်၊ ရှုံပြည်ထောင်ဟူ၍ နာမည်ပီးခသည်။ ပြည်ထောင်ချင်းဝင်အဖြစ် အုပ်ချုပ်သူများ ခန့်၍ ထားပီးခသည်။ သက်မင်း၊ မြံုမင်း၊ ရှုံမင်း ဟူ၍ အကြီးအကဲဟိသည်။ ထို့ပြင် ဗိုလ်မင်းထောင်၊ ဖလံထောင် ဟူ၍ တောင်တန်းနယ်ကို လူနီဌာနချမှတ်ပီးထားခြင်း ဟိလီသည်။ ထိုတောင်ရို့မှာဆိုကေ ဗိုလ်မင်း၊ တပ်မင်းရို့ကို အကြီးအကဲ ထားခသည်။ ရခိုင်သမိုင်းတွင် ရီကြိုင်ထောင်၊ ကံသာထောင်ကိုပင် ရီကြိုင်ပြည်၊ ကံသာပြည်ဟူ၍ သုံးနှုန်းပြုခသည်။ ဇဂု ဗိုလ်မင်းထောင်ဟု ခေါ်တွင်နီကေလေ့ ကံသာ -ရီကြိုင်ထောင်ကား မြို့စားထားဟိ အုပ်ချုပ်ခရာ ဖြစ်သည်။

ဒိုင်းနက်၊ မြို၊ ခမီး၊ တရွှိန်း၊ ကမံရို့ကား လက်နက်ကိုင်အမှုထမ်းများ၊ မြင်းသည်တော်များ၊ ရခိုင်မင်းဇ အမှုထမ်းအင်အားစုများရာဖြစ်၏။ ထို့ကြောင့်လေ့ လက်နက် အလုပ်အကိုင်၊ ကျောက်ဖျာ၊ မ-ရိုး စသော နီရာရို့ကို စွဲ၍ နာမည်တွင်လာခရခြင်းရာ ဖြစ်ပါ၏။ စင်စစ်မာ ရခိုင်မျိုး နွယ်စုဝင်မျိုးကွဲဆက်ပွားရို့သာ ဖြစ်သတည်း။

အသည်သားမာ ရခိုင်ပြည်ရင်းသား ဖြစ်ကတ်၏။ မင်းဇအမှုထမ်းအစို့အစု၌မပါခပါ။ မင်းပိုင်နက်မြီတွင် အုပ်ချုပ်ခံလာရသူအဖြစ်တည်ဟိ၏။ အမှုထမ်းမဟုတ်သူအသည်သားအပြင် အလာ(ကလာသား)၊ ကပ္ပါးသားလေ့ ဟိသို့၏။ ဝင်နီ ဟူ၍လေ့ တစ်မျိုးထည့်၍ လေးမျိုးခွဲပြကတ်၏။ ဝင်နီနန့် ကပ္ပါးမာ အတူသာဖြစ်၍ ခွဲခြား ရန်မလိုပါ။ ကပ္ပါးနန့် ဝင်နီမာတိုင်းတပါးက အခွင့်မဲ့ (ကျူးကျော်) ဝင်နီသူများ ဖြစ်ကတ်၏။ ပြည်ပသားဟုပင် သတ်မှတ်ရ၏။ သို့သော်ကာလကြာ၍အမှုထမ်းသတ်မှတ်ခံရ ကေကားအစို့သား၊ အသည်သားစသည်ဖြစ်ခရလီကုန်၏။ တိုင်းရင်းသားရို့နန့်ကား တစ်တန်းတည်း မနီရ။ အသည်ထောင်၊ အသည်ရွာဟူ၍ခွဲခြားသတ်မှတ်ပီးထားခံခရ၏။ လူမျိုး မရောရန် ကာကွယ်ထားခြင်း သဘောဖြစ်သည်။ ပြည်မ အသည်သားနန့်ကား ကွဲလီသည်။

ပြည်ပ ကပ္ပါးနန့် ပြည်ပအသည်သားရို့ စပ်သူတိကို အလာ(ကလာ)ဟူ၍ ခေါ်လီသည်။ ကပ္ပါးဟူ၍ သိမှတ်နိုင်လီသည်။ ကလာ(အလာ) ကိုကား မယုံကြည်ရသောသူ ဟူ၍လေ့ သတ်မှတ်ခကတ်လီသည်။ထိုအလာကတစ်ဆင့် အသည်သားသို့ တရွှိရွှိပြောင်းလာနိုင်၏။ သို့သော် ကပ္ပါးမာမူ အလာကတစ်ဆင့် တက်နီရလီ၏။ ဘုရင်သည် လူတန်းစား ဖွဲ့စည်းခြင်း၊ အသင်းသတ်မှတ်ခြင်းရို့ကို ပြုနိုင်သည်။ ထို့ကြောင့် မင်းဇအမိန့်အာဏာအရ အသည်သားထိ ဖြစ်လာရသော်လေ့ ပြည်ပ- ပြည်မ အသည်နှစ်မျိုးကား ခွဲခြားလီသည်သာတည်း။

အသည်သားရို့သည် ရပ်ရွာကြီးကြပ်ရာတွင် ပါဝင်ရသည်။ အသည်လူကြီး၊ အသည်ဝန်ရာထူး ရဟိကတ်သည်။ အသည်ထောင်စားဟူ၍ စားကျေးခံယူခကတ်ရသည်။ အလာရို့ကို အကြီးအမှူးခံရသူသည် ကလန် အမည်တွင်၏။ ကလန်ကား ရွာသူကြီး၊ အရပ်လူကြီးပင်တည်း။ အသည်သားကား တာဝန်မနည်းပါ။ မြောက်ဦးမြို့နန့် ရခိုင်အာဏာမပျက်ရာဟု တာဝန်ဟိ လီသည်။ အဘိသိက်ခံပွဲ၌ တာဝန်ယူခရသည်ကိုဒသရာဇာမင်း အဘိသိက်အစီရင်တွင် တွိနိုင်၏။

ဘုရင်ခေတ်တွင် အရေးသာဆုံးများမာ မင်း၊ မိဖုရား၊ မင်းညီ၊ မင်းသား၊ မင်းသမီး၊ မင်းဆွိ၊ မင်းမျိုးရို့ ဖြစ်ကတ်၏။ အဆင့်အတန်းလိုက် မှူးကြီးမတ်ရာ၊ သူဌီးသူကြွယ်၊ ယာသူကြီး၊ တောင်သူကြီး၊ လယ်သူကြီးနန့် ပြည်တွင်းအသည်သားရို့ ဖြစ်ကတ်၏။လုံခြုံရေးအတွက် ကာလသား(ကလွေ)တပ်ကို ဖွဲ့စည်းထားခ၏။ ကုလားပျိုတပ်နာမည်ဖြင့် ချောင်းတိုင်း၊ ကျွန်းတိုင်းဟိခ၏။ ၎င်းရို့တပ်ချရာကို ကုလားချောင်း၊ ကုလားကာဟူ၍ နာမည်တွင်ဟိ၏။ ကျွန်းပေါင်း(၄၄) ကျွန်း၌ချထားခသည်။ လက်ဝဲ-လက်ယာ အသင်းဖွဲ့ထားဟိ၏။ မင်းကျွန်ခေါ် အိမ်ထောင်ကျပြီးသူရို့က စစ်ချီစစ်တက်ရာ၌ ဘေးကပ်လိုက်ပါရသည်။ အသည်သားမာ ကိုယ်ရံတော် အသင်းတွင် ပါဝင်ရလီ၏။

အစို့အစုအသင်း ဖွဲ့စည်းခြင်းကို (ပုရိန်ခေတ် ခရစ်-

၁၁၂၃–၁၁၃၉)ဒသရာဇာမင်းလက်ထက် ဖွဲ့စည်းခဲ့သည် ဆို၏။ ငနေလုံးမင်း (ခရစ်-၁၂၄၆-၁၂၅၀) လက်ထက်က ကုလားစစ်သုံ့ပန်းတိကို ဖွဲ့စည်းပီးခဖူး၏။ အမှုထမ်းရို့တွင် ဘာသာရေး၌ အမှုထမ်းချထားခံရသူတိလေ့ ဟိလီ၏။ ဥပမာ– ဘုရား၊ စာတီ၊ ကျောင်း၊ ကန်၌ ဖြစ်၏။ အစောင့် အနီ၊ ဆွမ်းတင်၊ စည်တီး၊ မျက်နှာသုတ်၊ တံခွန်ဆွဲ၊ တံမြက်ခတ်၊ ကျီးနှင်စာခြောက်တာဝန် လုပ်ရ၏။

သံဃိကမှ သင်္ဃိ၊ ထိုမှ သင်္ချိဟူ၍ သတ်မှတ်ခံရသော ဘုရားကျွန်၊ ကျောင်းကျွန် ဖြစ်ခကတ်ရ၏။ စားမြေများ၊ နီမြေများ ချပီးထား၏။ ဝတ္တကမြေများကို စီမံလုပ်ကိုင်ခ ကတ်ရသည်။ ကျောက်စာရို့တွင် အများကြီးတွိရတတ်၏။ မဟာမုနိတွင် လှူဒါန်းခသော သင်္ချိများတွင် ပဲရုံ၊ မြို၊ ကလေး၊ ပုဂံ၊ ပုသိန် လူမျိုးများပါဟိကြောင်း ရခိုင်မင်းသမီးဧးခြင်း၌ စပ်ဆိုထားခ၏။ ဗုဒ္ဓဂယာ ကျောက်စာတွင် သူငယ်တော်များပါ လှူရာ၌ ပါ၏။

အစုအစို့ဝင်ရို့တွင် ပြူ၊ ကမ်းယံ၊ မွန်၊ ကုလားလေ့ ပါဟိ၏။ အစို့နာမည်များလေ့ဟိ၍ အမှုထမ်းဌာန အဇာ လောက်ဟိမည်ကို သိနိုင်၏။ ဒိုင်းဝင်းကာ၊ ဆင်စာမြင်းစာ၊ ဟရာ၊ မင်းတရားကျွန်၊ လယ်လုပ်(လမိုင်း)၊ စီရီ၊ ယာဉ်သည်၊ စော်တလီ၊ ဆပ်ကျာ၊ ဒုံး၊ ဟာရီ၊ ပရဝါ၊ လက်သမား၊ ပန်းထိမ်၊ ပန်းဖဲ့၊ ရွှတိုက်၊ ဓရိ၊ ပန်းစင်၊ မောလိပ်၊ ဒရကာ၊ တုရင်္ဂါ၊ ကမံ၊ ဟယား၊ သင်္ချိ၊ ပုဏ္ဏား၊ စကြော၊ ကိုယ်ရံတော်အသင်း၊ သင်အောင်းမအသင်း၊ လေးကျော့အစု စသည်ရို့ဖြစ်ကတ်သည်။ ထောင်၊ အစု၊ အသင်းရို့ကား ဖွဲ့စည်းပုံချင်းတူကတ်သည်။ အခြင်းအရာသာ ကွဲ၏။ ကိုယ်ရံ၊ အစို့၊ အသင်းရို့ကား အခွန် မပီးရပါ။ စားကျေးပီးရသူကား စားကျေးပီးခံရမည်သာတည်း။

### လူမျိုးနာမည် ဖြစ်လာရခြင်းများ

ဒိုင်းသည်တော် အမှုထမ်းဘဝမှ ဒိုင်းနက်(ဒိုင်းနင်း) ဟူ၍ နာမည် ဖြစ်လာသည်။ ဒုံးနန့်ဟာရီ ရောစပ်သူကို စဉ်းဒါးတွင်၏။

**ရခိုင်က အကြမ်းလုပ်နိုင်သည်ကို ဒွန်းခံနိုင်သည်ဟု အသုံးအစွဲပြုလီသည်။ ပဒေသရာဇ်ခေတ်ထိုအစွဲအလမ်းတိကြောင့် ဇေ့ထိ ထိုလူတန်းစားရို့မှာ လူရာဝင်မခံရသို့ပါ။**

ကခြီသည်များကို စကြောစုဖွဲ့လီသည်။ ထို့ကြောင့် စကောကခြီ ဟူ၍ တွဲစပ်၍သုံးသည်။လေးကမံ အမှုထမ်းရသူကို ကမံတွင်လာသည်။ ထောင်ဖြည့်ရာ၌ ထောင်နာမည်ကိုစွဲ၍ မ-ရိုးသား၊ ဖလံသား၊ ဖရင်းသား- ရီကြိုင်သား၊ ကျောက်ဖျာ၊ ဝန္ဓယ်၊ သဗက်၊ ဒလက်သား၊ ကောက်ကတန်သား၊ လေးဝမြို့သား၊ ပြားသား၊ မရမာသား၊ ချောင်းသား (ချောင်းနာမည်အလိုက်)၊ ရမ်းဗြဲသား၊ မာန်အောင်သား၊ မလိုင်(မွန်)သား၊ တောင်စဉ်သား၊ ကျွန်းစဉ်သား စသည် ခေါ်တွင်လာခကတ်ရသည်။ အမှန်မာ လူမျိုးမဟုတ်ပါ။ ဒေသကိုစွဲ၍၊ လုပ်ငန်းကိုစွဲ၍၊ ထောင်မည်နာမကိုစွဲ၍ ဖြစ်လာရခြင်းတည်း။

ထောင်သင်းနာမည်ရို့တွင် တိုင်းခြားသား နာမည် တိလေ့ပါဟိကတ်၏။ ဒေဝန်းဌာန၊ ဒါရကာ၊ မောလိပ်၊ ကမံ စသည် နာမည်တိ ဖြစ်၏။ အင်္ဂလိပ်လက်ထက် အရောက်တွင် ကပ္ပတင်၊ နာဇိ၊ သရဇင်၊ ဖွဲဒါ၊ ပျာတာ၊ ဒက်တင်၊ သော်ဒလီ စသည်ရို့ကို အမှုထမ်းနာမည် ခေါ်လာကတ်သည်။ ရီခပ်သူ(ပါဏိဝလာ)၊ ဒရဝန်(အစောင့်)၊ မာစီ (အလုပ်ဂေါင်းဆောင်)၊ နာယာ (ပိုက်သည်) စသည်အခေါ် ဖြစ်လာခရ၏။ တွဲစပ်၍ လေးကမန်၊ လံတောင်း၊ ပျဉ်တောက်တား၊ ကိတ်မုန့်၊ မြီဇကားအခမဲနာ၊ သံမယ်န၊ ဗာဇူအင်္ကျီ စသည် ဝေါဟာရရို့ကို သုံးလာခကတ်၏။ မြို့သား၊ ကျွန်းသား ဟူ၍ပင် အသုံးဖြစ်ပေါ်လာသို့ သည်။

ဖော်ပြပါ ထောင်အသင်း၊ အစု၊ ဒေသခွဲ၊ အမှုထမ်း နာမည်၊ မျိုးစပ်ဝေါဟာရရို့ကိုစွဲ၍ ရခိုင်တွင်လူမျိုးစုဆက်များ ဖြစ်လာရသည်။ လူမျိုးတစ်မျိုးအဖြစ် မှတ်ယူရမလောက် စိတ်ဓာတ်ပေါက်လာသည်။ ထို့ပြင်ဒေသရီမြေ၊ ကျွန်းကမ်းဆက်သွယ်ရေး အလှမ်းဝီးခရခြင်းလေ့တစ်ခုပါလီသည်။ ယင်းနောက်နယ်ချဲ့ရို့ဇာ့သွီးခွဲမှု၊ လူတန်းစားခွဲမှုရို့ကလေ့ တရားခံ မကင်းကတ်ပါ။

ဥပမာ- ဟာရီ၊ သင်္ချိ၊ ဟယား၊ ဒုံး၊ စဏ္ဍာလရို့ ဆိုကေ ရှန်းကြမ်းညစ်နွမ်း အောက်တန်းကျ အမှုထမ်းများ ဖြစ်သည် ဆိုကာ လူတန်းစား ခွဲခြားထားတတ်ကတ်သည်။ ၎င်းရို့ကလေ့ မိမိကိုယ်ကိုလူရာမဝင်ဟုထင်မှတ်လာကတ်သည်။ အမှန်မာ ဇာတ်(ပင်မ) အားဖြင့် ဇသို့နာမည်ရလာသည်မဟုတ်။ လုပ်ငန်းအရသတ်မှတ်ခေါ်ဝေါ်မှု အဖြစ်ခံလာခြင်းသာဟု မထင်ကတ်ပါ။ ရခိုင်မင်းရို့ကအသည်သား၊ ပြင်ထောင်သား အဖြစ် နှုတ်ယူရှီးဖယ်နိုင်ခကတ်သည်ကို ထောက်၍ ဇေ့ လွတ်မြောက်ရေး ဖြစ်လောက်ပါဗျာလ်။

အိန္ဒိယဖြဟ္မဏဝါဒတွင် ဗြဟ္မဏ၊ ခတ္တိယ၊ ဝေသိယ၊ သုဒ္ဒဟူ၍ လေးမျိုး ခွဲထားသည်။ ပညာတတ်၊ လယ်ပိုင်သျှင်၊ ကုန်သည်၊ ဆင်းရဲသားဖြစ်၏။ ဆင်းရဲသားကား အောက်တန်းကျ သည်။ ၎င်းအလုပ်မှန်သမျှ အလုပ်ကြမ်းဖြစ်၍ စဏ္ဍာလမည်သည်။ ရခိုင်ကအကြမ်းလုပ်နိုင်သည်ကို ဒွန်းခံနိုင်သည်ဟု အသုံးအစွဲပြုလီသည်။ ပဒေသရာဇ်ခေတ် ထိုအစွဲအလမ်းတိကြောင့် ဇေ့ထိ ထိုလူတန်းစားရို့မှာ လူရာဝင် မခံရသို့ပါ။

ထို့ပြင် ထောင်သား၊ အသင်း အစို့သား မျိုးနွယ်ဆက်များ အခေါ်အဝေါ် ဟိနီကတ်သို့ရာကား ထိုလူတန်းစား မပျက်နိုင်သို့။ ထို့ကြောင့် ဇေ့လူမျိုးစုနွယ်အဆက် အစဉ်အလာကို ဖယ်ယှားနိုင်ရန်လိုအပ်၏။ မဖယ်ယှား နိုင်ကေလေ့ လူတန်းစား ခွဲခြားမှုမပြုနိုင်ရန် ချစ်ကြည်မှု၊ ပေါင်းသင်းမှု ဖြစ်နိုင်ကတ်ရန် ကြိုးစားဖို့လိုအပ်၏။ ဥပဒေအရ လုပ်ဆောင်သင့်ကေလေ့ လုပ်ဆောင်ပီးရန် ဥပဒေပြဋ္ဌာန်းခြင်း၊ အရေးယူခြင်းများ ပြုသင့်ကတ်၏။


### သိသင့်ရန်

ရခိုင်ထောင်၊ အသင်းအစု ဖွဲ့စည်းခြင်းနန့် ပတ်သတ်၍ ရခိုင်ထောင်တည်၊ မြို့တည်၊ ရွာတည်ခြင်း စာတမ်းကို လေးကောင်း၊ အစို့အသင်း ဖွဲ့စည်းခြင်း စာတမ်းကိုလေးကောင်း ပြုစုထား ဟိပြီး ဖြစ်ရာ နောင် အခွင့်အခါသင့်က ဖော်ထုတ်နိုင်ပါလိမ့်မည်။ ဇေ့လေ့ အမြွက်မျှလိုရင်း တင်ပြထားပြီး ဖြစ်ပါ၏။ မင်းစဉ်ထောင်ခွဲစကားရှုပါ။

ထိုထောင် အသင်းအစုမှ အဖွဲ့အစည်းဝင်၊ လုပ်ငန်း ဌာနနာမည်စွဲဝင်စသည်ရို့မှ လူမျိုးအနွယ် နာမည်သည် တသီးတခြားရာ တည်ဟိလာရခြင်း ဖြစ်သည်။ ရခိုင် လူမျိုးတစ်မျိုးတည်းမှ ခက်လက်၊ သားမြီးတိရာ မှတ်ယူကတ်ရန်ဖြစ်သည်။ အဆက်အနွယ်မကင်းကတ်သူတိလေ့ သမိုင်းဆက်ကို သိဟိစီသင့်သည် အတိုင်း အသင်းအစု ထောင်ဖွဲ့စည်းယင်းက ရခိုင်လူမျိုးစု၊ အုပ်စုသျှေ(ဝ္ဂတ္တ)မှုကွဲဝင်

အဆက်အနွယ်များကို ယှဉ်စပ်လေ့လာသိဟိနိုင်ကတ် ပါရန် ဧသို့ဇယားချ၍ တင်ပြလိုက်ရပါ ကြောင်း.....။

ရခိုင်လူမျိုးမာ.....




(က) ၁။ အသည်၊ ၂။ အလာ၊ ၃။ ကလာ၊ ၄။ သင်္ချိ မျိုးဟူ၍ (၄) မျိုး။ အသည်မျိုးတွင် (တောဖျား၊ ချောင်းသား၊ ရမ်းဗြဲ ဟူ၍ ကွဲလာသည်)။

(ခ) ၁။ တန်းမင်းသား၊ ၂။ ဗိုလ်မင်းသား၊ မုန်းတိုင်းသား၊၄။ ကြောစီးသား၊ ၅။ ရှီဘော်သား၊ ၆။ မြအောင်သား၊ ၇။ အာတောင်းသား။

(ဂ) ချောင်းသား ၁၄–မျိုး။ ။(ဖရင်းသား) ဖျားသား၊ ပျာရည်၊ တရွိန်း၊ ဝန္နယ်၊ ကျောက်ဖျာ၊ လောင်းက တုတ်၊ သဘက်သား၊ မရွိတ်၊ အောင်ကျော်၊ ကောက်ကတန်း၊ ပြားသား၊ မ–ရိုးသား၊ မလဲသား (မလိုင်း)၊ လေးမြို့သား

(ဃ) ရမ်းဗြဲသား ၉–မျိုး။ ။ကျောက်ဖြူ၊ တောင်စဉ်(ပလဲ-ပရဲသား)၊ ဂန့်ဂေါ၊ အဝပြင်၊ တံတိုင်း၊ လေးတောင်၊ ကျောက်ချောင်း၊ ဟုမ်းချောင်း၊ မာန်အောင်။

(င) ရမ်းဗြဲသွေ့မျိုး။ ။ရမ်းဗြဲသွေ့မျိုး၊ သင်ပန်းကိုင်းမျိုး၊ တန့်မျိုး၊ ရမ်းပေါက်မျိုး၊ ဆိပ်စမျိုး၊ ရဗဒင်မျိုး။

(စ) အနွယ်ဂွတ္တလိုက်၍(ဘေး-ဘိုး-ဘအစဉ်)ဟာရီဖြူ အမျိုး၊ မောင်ဖြူဘဂူသျှိ၊ ထွန်းတင်ဘဂူသျှိ၊ ကာလာဘိ၊ ဘဂူသျှိ၊ ကျောက်ဂူသျှင်မမျိုး၊ ရဲကျော်သူမျိုး။

(ဆ) လုပ်ငန်းရာထူး ဂုဏ်သိရ်ကိုလိုက်၍- သော်တလိမျိုး၊ကျွန်းအုပ်မျိုး၊ ပြုစုကောင်းမျိုး၊ စစ်ကဲ, မင်းကြီး, မြို့ဝန်, အရေးပိုင်, နယ်ပိုင်, ဌာန, ရွာသူကြီး၊ လက်သမားမျိုး စသည်။ (မှတ်ချက်) ဗုဒ္ဓသည် သကျဝံသဂေါတမအနွယ် (ဂွတ္တ) ဖြစ်သည်။

အသျှင်ကြီး
အသျှင်စက္ကိန္ဒ ဇ ရခိုင်ယဉ်ကျေးမှုများ
အမှတ်(၇) မှ ရခိုင်မှုပြ၍
ကူးယူဖော်ပြပါသည်။

## ငါ့ဆန္ဒ

ငါမွီးဖွားလာ ငါ့အိမ်ရာမာ
ငါ့ကြောင့်ကောင်းကျိုးတိုးရမေ ။

ငါသင်ကြားရာ ငါ့ကျောင်းတော်မာ
ငါ့ကြောင့် ကောင်းကျိုးတိုးရမေ ။

ငါကြီးပြင်းလာ ငါ့ပြည်ရွာလေ့
ငါ့ကြောင့် ကောင်းကျိုးတိုးရမေ ။

ငါကိုးကွယ်ရာ ငါ့ဘာသာလေ့
ငါ့ကြောင့် ကောင်းကျိုး တိုးရမေ ။

ငါ့ဇမျိုးရိုး ငါ့လူမျိုးလေ့
ငါ့ကြောင့် ကောင်းကျိုးတိုးရမေ ။

ငါလျှောက်လှမ်းလာ ဘဝခရီးမာကား
မကောင်းမှုတိပြွန်း
ဇာလောက်ပင် ဆိုးသွမ်းနီပါစီ
မှန်သောလမ်းမာ ငါလျှောက်မေ ။

နိုဗယ်

ရခိုင်ပြည်က တစ်နှစ်မာ စပါးတင်းပေါင်း သိန်းတစ်ရာ ခုနစ်ဆယ်ကျော် ထွက်တေ။ ယင်းစပါးတိကို ရခိုင်ပြည်တွင်း လူဦးရီနန့် သုံးနှစ်ထိုင်စားလို့ မကုန်နိုင်ပါ။

ဦးလှထွန်းဖြူ
(နိုင်ငံတော်ကောင်စီဝင်)
ရခိုင်ပြည်စီးပွားရေးဘဏ္ဍာတိုက်

# ရခိုင်အမျိုးသားရေးဝါဒ

**မဟာနွယ်(ဓညဝတီ)**

ဇဂုတလိုင်း ဗမာမီဒီယာလောကမာ ကျဉ်းမြောင်းရေ အမျိုးသားရေးဝါဒဆိုရေ စကားတစ်ခု ခေတ်စားနီပါရေ။ ယင်းပိုင် ဖြစ်လာရစွာက သမ္မတကြီးဦးသိန်းစိန်ရေ ရခိုင်ပြည်မြောက်ဦးကို လားခီရေခါ ရခိုင်လူမျိုးတိရေ ကျဉ်းမြောင်းရေ အမျိုးသားရေးဝါဒ ကို ကိုင်စွဲမထားကတ်ဖို့ ပြောကြားခရေလို့ သိရပါရေ။ သူ့ဆိုလိုချက်အရ ရခိုင်သား တိရေ ကျဉ်းမြောင်းရေအမျိုးသားရေးဝါဒကို ကျင့်သုံး နီကတ်တေလို့ ဆိုလိုက်စွာဖြစ်ပါရေ။ ယင်းပိုင်ဆိုကေ ကျဉ်းမြောင်းရေ အမျိုးသားရေးဝါဒနန့် ကျယ်ပြန့်ရေ အမျိုးသား ရေးဝါဒကိုဇာပိုင်စည်းခြားအဓိပ္ပါယ်သတ်မှတ်ကတ်ပါဖို့လေး။ ဇနီရာမာ လက်ဟိဦးသိန်းစိန်အစိုးရက တိုင်းရင်းသားလို့ အခေါ် ခံရရေ ဗမာမဟုတ်တေ နိုင်ငံသားတိကို ဇာပိုင် ဆက်ဆံနီကတ် လေ ဆိုစွာကိုလေ့သော့ လေ့လာသင့်ပါရေ။ ဗမာအစိုးရအဆက် ဆက်ရေ ဗမာလူမျိုးကို နိုင်ငံပိုင်သျှင်အဖြစ် သတ်မှတ်ပြီးကေ တိုင်းရင်းသားဆိုစွာက ဗမာပြည်မာ ကပ်ခိုနီကတ်တေ၊ မှီခိုနီကတ်တေ လူမျိုးတိ၊ ဗမာဆိုရေ အိမ်မကြီးမာ မောင်းကာချ (အယတ်ဆွဲ) ကပ်ခိုနီကတ်တေလူမျိုးတိလို့ သတ်မှတ် ထားကတ်ပါရေ။ လက်တွိအားဖြင့် ဗမာစကားမာ တိုင်းရင်း သားဆိုရေဝေါဟာရရေ–

(၁) ဗမာမဟုတ်သော
(၂) နယ်စွန်နယ်ဖျားများတွင် နီထိုင်ကတ်သော
(၃) အသိပညာနိမ့်ပါးသော
(၄) ပညာမတတ်သော
(၅) မဖွံ့ဖြိုးသော
(၆) မယဉ်ကျေးသော
(၇) နိမ့်ကျသော
လို့ အဓိပ္ပါယ်တိ သက်ရောက်ပါရေ။

ဗမာဂေါင်းဆောင် အဆက်ဆက်ရေ ဗမာမဟုတ်တေ အခြားတိုင်းရင်းသားတိကို–
(က)နည်းမျိုးစုံနန့် ဖိနှိပ်ထားပါရေ။
(ခ)နည်းမျိုးစုံနန့် ခွဲခြားဆက်ဆံကတ်ပါရေ။
(ဂ)နည်းမျိုစုံနန့် လူမျိုးပျောက်အောင် လုပ်နီကတ်ပါရေ။

ယင်းပိုင် လူမျိုးပျောက်အောင် လုပ်နီစွာကို ခံရရေနီရာမာ သမိုင်းအစဉ်အလာ ကြီးမားရေ၊ မျိုးချစ် စိတ်ဓာတ်ရင့်သန်ရေ၊ အာရက္ခစိတ်ဓာတ်ဟိရေ ရခိုင်သားတိရေ အဓိကပစ်မှတ် ဖြစ်ပါရေ။ ရန်ကုန်မာ နဝတ အစိုးရလက်ထက် အမျိုးသားပြတိုက် ဆိုပြီးကေ ပြတိုက်တစ်ခုဖွင့်ပါရေ။ ဖွင့်ခါစကပင်ကျနော်လားကြည့်ဖြစ်ခပါရေ။ ပြည်လမ်း မကြီးမာပါ။ယင်းပြတိုက်မာမြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများဆိုရေ ပြကွက်စုံကို သက်ဆိုင်ရာ ဝတ်စုံ အပြည့်နန့် ပလာစတာ ရုပ်လုံးထုပြီးကေ ပြသထားပါရေ။ ယင်းပြ ကွက်မာ ကရင်၊ ကချင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ သျှမ်း တိုင်းရင်းသား ရုပ်တုတိကို ပြသထားပြီးကေ ယင်းအထဲမာ ဗမာမပါဝင်ပါ။ **ဗမာကို တော့ခါသီးခြားပြကွက်တစ်ခုနန့် ကော်ဇောနီ ခင်းပြီးကေ တခမ်းတနား ပျင်ဆင် ပြသထား ပါရေ။** ဂုထက်ထိတိုင် လားရောက်လေ့လာ နိုင်ကတ်ပါရေ။ ကျနော် ပြောချင်စွာက ဗမာရေအခြားတိုင်းရင်းသားတိကို လက်တွိ ဘဝမာတောင် ခွဲခြားဆက်ဆံရုံမက ပလာစတာ ရုပ်တုမာတောင် တန်းတူရည်တူ မထားနိုင်စွာ ယင်းပြကွက်က ယှင်းယှင်းကြီး ပြသနီပါရေ။ သူရို့အမြင်မာ ဗမာရေ တိုင်းရင်းသားမဟုတ်ပါ။ နိုင်ငံပိုင်သျှင် မဟာဗမာလူမျိုး ဖြစ်ပါရေ။ ယင်းအချက်ရေ ဗမာအာဏာသျှင်အစိုးရရို့ အစဉ်အဆက်ကျင့်သုံးလာရေ၊ ဇဂုလက်ဟိလေ့ ကျင့်သုံးနီဆဲလေ့ ဖြစ်တေဝါဒရေ အစွန်း ရောက် ဗမာအမျိုးသားရေးဝါဒဖြစ်ပါရေ။

ယေကေ အမျိုးသားရေးဝါဒဆိုစွာ ဇာကို ဆိုလိုပါလေး ဆိုစွာ စီးစစ်ဖို့ လိုလာပါရေ။ အတိုချုံးပြောရဖို့ဆိုကေ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးရေ ဝါဒရေ အမျိုးသားရေး ဝါဒပင် ဖြစ်ပါရေ။ လက်ဟိအခြီအနီမာ အမျိုးသားရေးဝါဒရေ ရခိုင်လူမျိုးရို့အတွက် မဟိမဖြစ်လိုအပ်ချက်လေ့ဖြစ်၊ ရခိုင် သားရို့ အတွက် အသက်လေ့ ဖြစ်ပါရေ။ ယေတွက်တာနန့် ဇဂုချိန်ရေ ရခိုင်သားတိုင်း ရခိုင်အမျိုးသားရေးဝါဒကို လက်ကိုင် ထားကတ်ဖို့အထူးလိုအပ်နီပါရေ။ အစွန်းမရောက်ဖို့တော့ သတိထားကတ်ရပါဖို့။

**ယေကေ အမျိုးသားရေးဝါဒဆိုစွာ ဇာကို ဆိုလိုပါလေး ဆိုစွာ စီးစစ်ဖို့လိုလာပါရေ။ အတိုချုံး ပြောရဖို့ ဆိုကေ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးရေ ဝါဒရေ အမျိုးသားရေး ဝါဒပင် ဖြစ်ပါရေ။**

လက်ဟိရခိုင်သားတိ စွဲကိုင်ထားကတ်တေ အမျိုးသား ရေးဝါဒကို နှိုင်းယှဉ်ကြည့်ဖို့ဆိုကေ ဗိုလ်ချုပ်အောင်ဆန်း ရို့ ကိုင်စွဲခရေ အမျိုးသားရေးစိတ်ဓာတ် မြှင့်တင်ရေးဆောင်ရွက် ချက်တိ၊ ဝံသာနုအသင်းရို့၊ ဒို့ဗမာအစည်းအရုံးရို့၊ သခင်အဖွဲ့ အစည်းရို့တိနန့် နှိုင်းယှဉ်လေ့လာလို့ ရပါရေ။ ယင်းအချိန်က ဗမာဂေါင်းဆောင်တိရေ အင်္ဂလိပ်ကိုလိုနီ လက်အောက်က လွပ်လပ်ရေးရအောင် ကြိုးပမ်းနီရေ ကာလဖြစ်ပါရေ။ ယင်းကာလကဗမာဂေါင်းဆောင်တိရေ ဗမာအမျိုးသားရေး ဝါဒကို ပြင်းပြင်း ထန်ထန်မြှင့်တင် ပီးခကတ်ပါရေ။ အင်္ဂလိပ် ဆန့်ကျင်ရေးအတွက် ရာမက ဗမာလူမျိုးကြီး ဝါဒအတွက်ပါ အလွန်ကျဉ်းမြောင်းရေ အစွန်းရောက် ဗမာအမျိုးသားရေးဝါဒ တိကိုပါ သွတ်သွင်းခကတ် ပါရေ။ ဥပမာတစ်ခုအနီနန့် ဗမာတိ ဘုရားတစ်ဆူပိုင် ကိုးကွယ် ကတ်တေ သခင်ကိုယ်တော်မှိုင်း သီတမ်းစာပါတိုင်းရင်းသားတိ နန့် ပတ်သတ်လို့ မှာကြား ခချက်ကိုလေ့လာတွိဟိနိုင်ပါရေ။ အလွန်ကျဉ်းမြောင်းရေ အစွန်းရောက် ဗမာအမျိုးသားရေးဝါဒ ဖြစ်ပါရေ။

လက်ဟိဗမာဂေါင်းဆောင်တိကို တစ်ခုမီးခွန်းထုတ်ချင် စွာက လူကြီးမင်းရို့အင်္ဂလိပ်ကိုလိုနီ လက်အောက်က လွတ် မြောက်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ဂေါင်းဆောင်ကြီးတိ ကြိုးပမ်းခကတ်တေ လုပ်ရပ်တိရေ

မှားလာ၊ မှန်လာဆိုစွာကို တိတိကျကျဖြေပီးဖို့လိုပါရေ။ ဗိုလ်ချုပ်အောင်ဆန်းရို့ဇွ အင်္ဂလိပ်ကိုလိုနီလက်အောက်က လွတ်လပ်ရေးကြိုးပမ်းမှုရေ မှန်ရေ၊ တရားမျှတမှုဟိရေလို့ လူကြီးမင်းရို့ယုံကြည်ပါကေဗမာကိုလိုနီလက်အောက်က လွတ်မြောက်ချင်ရေ ရခိုင်သားရို့ဇွဆန္ဒကိုလေ့ မှန်ကန်ရေ၊ တရားမျှတမှုဟိရေ ဆန္ဒတိဖြစ်တေဆိုစွာကို လက်ခံရပါလိမေ။

ဗမာလူမျိုးတိရေ ကိုယ့်နိုင်ငံကြမ္မာကို ကိုယ်တိုင်ဖန်တီးခွင့်ဟိကေ ဇာဖြစ်လို့ ရခိုင်လူမျိုးတိက ကိုယ့်ကြမ္မာကိုကိုယ်တိုင်ဖန်တီးခွင့် မဟိရပါလေး။ ရခိုင်လူမျိုးတိလေ့ဗမာတိပိုင်လွတ်လပ်မှုကိုလိုချင်ကတ်ပါရေ။ ဇာဖြစ်လို့လေ့ဆိုပါကေ ဗမာပြည်ထောင်စုမာ ရခိုင်လူမျိုးတိပါဝင်နီရစွာရေ ရခိုင်ပြည်သူလူထုဇွ ဆန္ဒကြောင့်မဟုတ်ဘဲ လွန်ခရေနှစ်, နှစ်ရာကျော်က ဗမာရို့ဇွအဓမ္မနယ်ချဲ့ကျူးကျော် တိုက်ခိုက်ပြီးကေ ကျွန်ပြုထားရေဆိုစွာကို သမိုင်းသက်သီ အခိုင်အမာဟိပါရေ။ လက်ဟိမာရခိုင်ပြည်ရေ ဗမာကိုလိုနီနိုင်ငံ တစ်ခုရာဖြစ်ပါရေ။ လက်ဟိအချိန်မာ ရခိုင်သားတိ ဇာဖြစ်လို့အမျိုးသားရေးဝါဒ ပိုပြင်းထန်လာလေးလို့ စဉ်းစားကြည့်ပါကေ ရခိုင်သားရို့ဇွနင်းပြားဘဝကြောင့်ပင်ဖြစ်ပါရေ။ စဉ်းစားကြည့်ကတ်ပါ။

(၁)ရခိုင်ပြည်ရေ ဗမာကျွန် ဖြစ်နီရပါရေ။
(၂)ရခိုင်ပြည်အုပ်ချုပ်ရေးကို အောက်ခြီကအစ ထိပ်ဆုံးထိ ဗမာ (သို့မဟုတ်)ဗမာသြဇာခံတိက အာဏာအားလုံး ယူထားပြီးကေရခိုင်လူထုကို ဒုက္ခပီး နီကတ်ပါရေ။
(၃)ရခိုင်ပြည်ကထွက်တေ သယံဇာတတိ အများကြီးဟိကေလေ့ ရခိုင်ပြည်ရေ ဗမာကိုလိုနီထဲမာ ဒုတိယအဆင်းရဲဆုံး ပြည်နယ်ဖြစ်နီပါရေ။
(၄)ရခိုင်သားတိ ကိုယ့်ရွာနားက ချောင်းမြောင်းတိမာ ကွန်ပစ်ခွင့်၊လမုံ့ပိတ်ခွင့်၊ ငါးရှာခွင့် မဟိပါ။ ကွန်ပစ်ချင်ကေငါးရှာချင်ကေဗမာအာဏာပိုင်တိဘက်ကခွင့်ပြုချက်လက်မှတ်လိုပါရေ။
(၅)ရခိုင်သားတိ ရခိုင်စာသင်ခွင့်မရရေအပြင် ရခိုင်စာဆိုစွာ ဗမာစာဖြစ်တေဆိုရေ ယုံကြည်မှုမျိုးထိ သွတ်သွင်းလာနီကတ်ပါဗျာလ်။
(၆)စာသင်ကျောင်းတိမာရခိုင်စကားပြောခွင့် ကန့်သတ်လာပါရေ။
(၇)ရခိုင်သမိုင်း သင်ခွင့်မဟိပါ။ လူသတ်ကောင် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်ရို့ကို ကိုးကွယ်ခိုင်းထားပါရေ (အနော်ရထာရေ သူ့အာဏာတည် မြဲဖို့အတွက် သာမန်အပြစ်မဲ့အရပ်သား ထောင်ပေါင်းများစွာ သတ်ဖြတ်ခရေ သမိုင်းဟိပါရေ)
(၈)ပုဂံရို့၊ မန္တလေးနန်းရို့ကို ဖေသာအများကြီး ကုန်ကျခံပနာ ပြုပြင်ပီးနီကေလေ့ ရခိုင်ဖက်မာ ငါးပြားတစ်စိ အကုန်မခံပါ။
(၉)ဗမာစကားပြောကေ ဗမာဆိုကေ အထင်ကြီးအောင်လုပ်ပီး ထားပါရေ။
(၁၀)ခြုံပြောရပါကေ ရခိုင်လူမျိုး-ရခိုင်ယဉ်ကျေးမှုတိပျောက်ကွယ်လားပြီးကေ ရခိုင်ပြည်မာ ဗမာလူမျိုးကြီးဝါဒ လွှမ်းမိုးရေး-ဗမာပြုရေးဝါဒကို စနစ်တကျ ရီရှည်စီမံကိန်းချ လုပ်ဆောင်နီစွာကို တွိရပါရေ။

ယင်းပိုင် ဗမာပြုရေးဝါဒကို သခင်ကိုယ်တော်မှိုင်းရို့ကအစ လက်ဟိဦးသိန်းစိန် အစိုးရအပါအဝင် ဗမာအစိုးရအဆက်ဆက် ကျင့်သုံးလာစွာရေ ဗမာလူမျိုးရို့ဇွ အစွန်းရောက်ဗမာအမျိုးသားရေးဝါဒဖြစ်ပါရေ။ ရခိုင်ပြည်ကို ပြန်ကြည့်ပါကေ အရှိဘက်က**ဗမာလူမျိုးကြီးဝါဒ–ဗမာပြုရေးဝါဒရန်စွယ်ရေ** အင်နန့်အားနန့် ရခိုင်ပြည်–ရခိုင်လူမျိုးရို့ကို **သတ်ဖြတ်နီကတ်ပါဗျာလ်။**

အနောက်ဘက်ကိုကြည့်ပါကေ မစင်ပုံထက်က လောက်တိပိုင် ကျိတ်ကျက်ခတ်နီရေ ရှိဟိန်ဂျာနာမည်ခံ ဘင်္ဂလားကုလားတိက ရခိုင်ပြည်ကို အပိုင်စီးဖို့ကြိုးစားနီကတ်ပါဗျာလ်။ ယင်းပိုင်အခြီအနီမာ ရခိုင်သားတိရေ လူမျိုးရှင်သန်ရေးအတွက် မိတ္တာသုတ်ရွတ် ဖတ်နီလို့မရပါ။ ကိုယ့်ဘဝရှင်သန်ရေးအတွက် မိမိမှတစ်ပါး အားထားရာကိုးကွယ်ရာမဟိပါ။ ယေကေဇာလုပ်ကတ်ဖို့လေး။ **ရခိုင်အမျိုးသားရေးစိတ်ဓာတ်ကိုရာ လက် ကိုင်မထားနိုင်ကေ ရခိုင်ဆိုရေ လူမျိုးရေ အတိတ်သမိုင်း စာမျက်နှာထက်က မှင်စက်အစွန်းသျှေတစ်ခုဖြစ်လားဖို့စွာမြီကြီးလက်ခတ် မလွဲပါ။**

ယေတွက်တာနန့်ရခိုင်အမျိုးသားရေးဝါဒရေ ရခိုင်လူမျိုး တည်တံ့ရေးအတွက် မဟိမဖြစ်လိုအပ်ချက်ဖြစ်ပါရေ။ ကျနော်ရို့ ကျင့်သုံးကတ်ရဖို့ အမျိုးသားရေးဝါဒရေ အခြားလူမျိုးတိကို မုန်းတီးဖို့မဟုတ်။ ကိုယ့်ကိုကိုယ်ကာကွယ်ဖို့ဝါဒ၊ ရခိုင်လူမျိုးကိုကာကွယ်ဖို့ဝါဒ၊ ရခိုင်ယဉ်ကျေးမှုကို ကာကွယ်ဖို့ဝါဒ၊ ရခိုင်စကားကို ကာကွယ်ဖို့ဝါဒ၊ ရခိုင်လူမျိုးရို့ဇွ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ဝါဒ၊ ရခိုင်လူမျိုးတိကိုယ့်ကြမ္မာကိုကိုယ်တိုင်ဖန်တီးခွင့်ရဖို့အတွက် မဟိမဖြစ်လိုအပ်တေ အမျိုးသားရေးဝါဒဖြစ်ပါရေ။

ယေကေဇာလုပ်ကတ်ဖို့လေး။ ရခိုင်သားတိုင်းပြင်းပြရေ အမျိုးသားရေးစိတ်ဓာတ် ပျိုးထောင်ကတ်ရဖို့။ အမျိုးသားရေး စိတ်ဓာတ် ထက်သန်ကတ်ရဖို့။ အမျိုးသားရေးအမြင်နန့် စည်းလုံးကတ်ရဖို့အထူး (အထူး) လိုအပ်ပါရေ။

(၁)ရခိုင်သားတိုင်း ရခိုင်သမကို လက်ထပ်ဖို့ လိုပါရေ။
(၂)ရခိုင်သားတိုင်း ရခိုင်စကားပြောကတ်ဖို့၊ ရခိုင်စကားကို ထိန်းသိမ်းကတ်ဖို့ လိုပါရေ။
(၃)ရခိုင်သားတိုင်း ရခိုင်စာပီကို ထိန်းသိမ်းကတ်ဖို့ လိုပါရေ။
(၄)ရခိုင်သားတိုင်း ရခိုင်ယဉ်ကျေးမှု အမွီအနှစ်တိကို ထိန်းသိမ်းကတ်ဖို့၊ ကာကွယ်ကတ်ဖို့ လိုပါရေ။
(၅)ရခိုင်သားတိုင်း ရခိုင်အမျိုးသား ပညာရေးဖက်မှ တစ်တပ်တစ်အားပါဝင်ကူညီကတ်ဖို့ လိုပါရေ။
(၆)ရခိုင်သားတိုင်း ကိုယ့်ကြမ္မာကို ကိုယ်တိုင်ဖန်တီးခွင့်ရဟိရေးဆိုရေ ဘုံရည်မှန်းချက် ထားကတ်ဖို့ လိုပါရေ။
(၇)အထက်ကအချက်ခြောက်ချက်ပြည့်ဝဖို့အတွက်ရခိုင်သားတိ စည်းလုံးညီညွတ်ဖို့ လိုပါရေ။

ဓညဝတီပြည်ကြီးရေ ဗုဒ္ဓဗျာဒိတ်ရ နိုင်ငံတော်ဖြစ်ပါရေ။ ကမ္ဘာတည်သရွေ့ ဓညဝတီပြည်ဆိုစွာ ဟိနီရပါဖို့။ အရှိတောင်အာသျှ ဓညဝတီပြည် ဘူမိနက်သန်မြီမာ တစ်နို့နို့ ဓညဝတီနိုင်ငံတော်သစ်ထပ်မံပေါ်ပေါက်လာရပါဖို့။

**မဟာနွယ်(ဓညဝတီ)**





# ရခိုင်စာ သဘောသဘာဝ

•••••••••••• ဒေါင်းရန်

ရခိုင်စာကိုခေတ်မှီ အဆင့်မြင့်ချင်ကေ ဝေါဟာရတစ်လုံးချင်းစီကို လိုက်ပနာ သတိထားရီးသားဖို့ လိုပါရေ။ ရခိုင်စာပီဘာဝလူလုံးမလှ ရစွာ တခြားကြောင့် လို့ပုံ ချနီစွာကြားရပါရေ။ တခြားကြောင့် လေ့ ဟုတ်တေပိုင် ရခိုင်သားတိကြောင့် လေ့ ဟုတ်ပါရေ။ ရခိုင်သားတိရေ ရခိုင်စာပီကို ချစ်သယောင်နန့် ပါးစက တတွတ်တွတ်ပြောပနာ ဟုတ်တိပတ်တိ ဖော်ထုတ်ထိန်းသိမ်းခသူ ရာခိုင်နှုန်းတစီသျှေရာဟိပါရေ။ ပြီးလား ခစွာပြီးပါလီဖိ။ ဧဂု ထိန်းသိမ်းကတ်မေ။ ရခိုင်စာပီ ကြော့ယှင်းလှပအောင် စုပေါင်း ပြုစုကတ်မေ။ အမှိုက်လို့ ပြောနီကျင့်ကို တစ်ယောက်က အညှက်ဖြစ်ကြောင်း တင်ပြခီလို့ ရခိုင်သားစာတတ်တိ ဝိုင်းပနာ ရယ်ကတ် ပါရေ။ သူခိုးလား၊ သမက်လား ကွဲကွဲပြားပြားသိအောင် လုံ့လပြုကတ်ပါဖိ။

ရခိုင်စာပီ ဖော်ထုတ်ကတ်တေ လူတိထဲမာ

(၁) သမိုင်းကြောင်းနန့် လက်ဟိကို သုံးသပ်ပိုင်းခြားပနာ ကျိုးကြောင်းညွှန်ပြ ဖော်ထုတ်သူ

(၂) မျက်ကန်းကိုယ်ချစ်ပနာ ရှိနောက်မကြည့်ဘဲ ထင်ပိုင် သွီးထိုးဖော်ထုတ်သူ

(၃) သူတစ်ပါးအကြံပြုချက်ကို ကြားနာချင့်ချိန်ပနာ အမှန်ဖက်မာ ရပ်တည်ရီးသားသူ

ဆိုရေ စာရီးသူ သုံးမျိုးတွိ ရပါရေ။ ရခိုင်စာပီဝိဝါဒတိ ဖြစ်နီရစွာ၊ ဝေါဟာရကြွယ်ဝလှပမှု မဟုတ်တေ ဖောင်းပွမှုတိ ဖြစ်နီ ရစွာတိရေ မျက်ကန်းကိုယ်ချစ်ရို့ဇွ လက်ချက်နန့် မရှုတ်ပါ။အမျိုးသားစာပီလမ်းကြောင်းမာ အမည်းစက်ထင်းစီရေအတွက် အမျိုးသားသစ္စာဖောက်တိလို့ သမုတ်နိုင်ပါရေ။ သစ္စာဖောက်ရို့ရန်ကရှုတ်အောင်၊ မျိုးဆက်သစ် ရို့လေ့ ဝေဖန်ပိုင်းခြားနိုင်အောင်ရခိုင်စာသဘောသဘာဝကို စုစည်းတင်ပြလိုက်ပါယင့်။

### (၁) ရခိုင်'အီ'သရနန့်ဗမာ'အေ'သရရို့အချိုးကျ ဆက်စပ်နီခြင်း

| ရခိုင် | ဗမာ | ရခိုင် | ဗမာ |
|---|---|---|---|
| (က) ကျီ | ကျေ | (ခ) ခွီ | ခွေ |
| ကျီး | ကျေး | ခွီး | ခွေး |
| ကြီ | ကြေ | ချီ | ချေ |
| ကြီး | ကြေး | ချီး | ချေး |
| ကြွီ | ကြွေ | ခြီ | ခြေ |
| ကြွီး | ကြွေး | ခြွီ | ခြွေ |

ယှဉ်တွဲပြထားရေပိုင်ဝေါဟာရတိကို ပုံသီ မတွဲသင့်ပါ။ သဘောက ဗမာဖက်မာ ကျေးတွိတိုင်း ရခိုင်ဖက်မာ ကျီး ရီးရမေလို့ တသမတ်တည်းမသတ်မှတ်သင့်ပါ။ ဗမာစာထဲမာ ကျေးရွာလို့ပါစွာကို ရခိုင်စာအဖြစ် ဘာသာပြန်ရာမာ ကျီးရွာ ဆိုပနာမရီးသင့်ပါ။ ဆက်ပြီးကေတင်ပြထားရေဝေါဟာရတိကိုလေ့ သတိနန့်သုံးစွဲပါ။

| ရခိုင် | ဗမာ | ရခိုင် | ဗမာ |
|---|---|---|---|
| (င) ငွီ | ငွေ | (တ)တိ | တွေ |
| ငွီ့ | ငွေ့ | တွိ | တွေ့ |
| (စ) စိ | စေ့ | တစ္ဆိ | တစ္ဆေ |
| စီ | စေ | (ထ)ထွိ | ထွေ |
| စွိ | စွေ | ထွီး | ထွေး |
| စီး | စေး | ထီး | ထေး |
| (ဆ) ဆွိ | ဆွေ | (ဒ)ဒေ | ဒီ |
| ဆီး | ဆေး | (န) နို့ | နေ့ |
| ဆွီး | ဆွေး | နီ | နေ |
| (ဈ) ဈီး | ဈေး | နွိ | နွေ |
| (ဌ) သဌီး | သူဌေး | နွီး | နွေး |

နို့၊ နီ ရေ ဒေမာအချိုးကျလှပစွာတွိရရေပိုင် ကျောက်စာမာလေ့ယင်းပိုင်ရာ ရီးခပါရေ။ နို့ ကိုဗမာစာ သင်ရိုးနန့်ဖတ်ကေ အောက်မြစ်သံဖျောက်ပနာဖတ်ပါရေ။ အိ–သရသံ ထုတ်ပါရေ။ ရခိုင်သင်ရိုးနန့် ဖတ်ကေ အောက်မြစ်သံပါပနာ ဖတ်တေအပြင် အိန့်–သရသံလေ့ ထုတ်ပါရေ။ မျက်ကန်းကိုယ်ချစ်ရို့မာ ဗမာသင်ရိုးစွဲနန့်ဖတ်ကတ်တေအတွက်အိန့် သရသံထွက်မလာပါ။မိ၊မြိ၊နိရို့မာအောက်မြစ်ထည့်ရှက်ကေလေ့ အသံတူထွက်ပါရေ။ မြို့ကြီးသားရို့မာ အောက်မြစ်လေ့ မမြင်ရ၊ ဖတ်စွာလီသံကလေ့ ဗမာသင်ရိုးစွဲနန့် ဖြစ်နီလို့ ဝေါဟာရတချို့(ဥပမာ–နိန့်၊ ဟိန့် နန့် တခြားစာလုံးများ)ကို ငါးပါးမှောက်ပစ် ခစွာပါ။

| ရခိုင် | ဗမာ | ရခိုင် | ဗမာ |
|---|---|---|---|
| (ပ)ပီ | ပေ | ပွိ | ပွေ |
| ပီး | ပေး | ပွိ | ပွေး |
| ပြီ | ပြေ | (ဖ) ဖွိ | ဖွေ |
| ပြီး | ပြေး | (ဗ) ဗွိ | ဗွေ |

ရခိုင်လူထုအတွင်းမာ ကစပ်တစ်ဝက်ထင်ရရေ စကားတစ်ခွန်း ဟိပါရေ။ ရခိုင်အသိုင်းအဝိုင်းအတွင်း ဗမာစကားတစ်ခွန်းသျှေလောက် ရခိုင်သားတစ်ယောက်ပြောမိခီကေ ရခိုင်ရို့က 'ဗမာစကားသိပ်ပေတာပဲ' ဆိုပနာ ကရဲ့ပါရေ။ အပြောခံရသူမာ ဆိုလိုရင်းအဓိပ္ပါယ်ကို မသိရေအတွက် နာရကောင်းမှန်းလေ့ မသိပါ။ ကြောသားကို ခါး မတင်ဘဲရာ

လို့စွာကို ယူပါ။ ရခိုင်သားတိပါးက အားနုံးကိုရနိုင်ပါရေ။ နိုင်ငံပျောက်နီစွာတောင် အီးနီကတ်စွာ ကြည့်ဗလင်။ 'ဗမာစကား သိပ်ပေတာပဲ' ဆိုစွာ ပညာသားပါပါ ဆုံးမချက် ဖြစ်ပါရေ။ ရခိုင်စကား အသန့်အစင်ကို ပြောနီယင်းပင် ဗမာစကားပေကျံစွာကို တားမြစ်ခြင်း ဖြစ်ပါရေ။ ပေကျံရေဆိုစွာ လိုရင်းနီရာဒို့ မရောက်စွာ၊ ကျော်လွန်စွာ၊ ကြည့်ရှုမကောင်း၊ နားထောင် မကောင်းစွာကို ဆိုလိုပါရေ။ ဇာကား သာမန်သျှေ ပေကျံစွာ မဟုတ်ပါယာ။ ဇာလောက်ထိ ပေမှန်းမသိ ပေနီကတ်တေလေ့ ဆိုကေ ရခိုင်အသက်ကိုတောင် စာပေဆိုပနာ ပေနီကတ်ပါရေ။

| ရခိုင် | ဗမာ | ရခိုင် | ဗမာ |
|---|---|---|---|
| (မ)မိ | မေ၊ မေ့ | မှွီး | မှွေး |
| မီး | မေး | မြိ | မြေ့ |
| မွိ | မွေ | မြီ | မြေ |
| မှွိ | မှွေ | မြီး | မြေး |
| မွီး | မွေး | မြွီ | မြွေ |

မိသားစု၊ မိဖ ဆိုပနာ ရီးကတ်ကေလေ့ မေသားစု၊ မေဖ လို့ မတွိဖူးပါ။ ရခိုင်ရို့မာ မေမေ ခေါ်ရိုးမှန်ကေ မေသားစု၊ မေဖ ဆိုရေရီးထုံး ဇာကြောင့် မဟိရစွာပါလေး။ အီးယောင်၊ အမင်နန့် အမိကိုရာ သမိုင်းကြောင်းမာ တွိရပါရေ။ မေမေဆိုရေ ဇီးစူးကို မထွင်မနှုတ်စွာရေ မနာတတ်လို့ရာလား။ နာနာ မနာနာ၊ ထွင်ထွင် မထွင်ထွင် အနာမာ အနာပါရာ။ အနာကို ဆီးမတင်ကေအထဲမာလှိုက်မစားနိုင်ပါလို့ အသူအာမခံ ပါဖို့လေး။ စစ်တွေမြို့ ပလ္လင်ပြင်ရွာက သူငယ်ချင်းနန့် ညီအစ်ကိုမောင်နှမတစ်စုရေ သူရို့အမိကို မင်မင်လို့ခေါ်ပါရေ။ တစ်ရွာလုံးမာ သူရို့တစ်စုတည်းခေါ်စွာပါ။ မင်မင်လို့ ခေါ်သံကြားကေ ရွာသူရွာသားတိ ရယ်ကတ်ပါရေလတ်။ ကကောင်း ထူးဆန်းမနီပါလာ။ အပျိုဖြန်း အရွယ် ရောက်သူရို့ သစ်ရွက်သျှေ လှုပ်စွာကိုပင်ရယ်ပါရေလတ်။ အယင်ခါ ကကောင်း ထူးဆန်းရေလို့ ထင်ခဖူးပါရေ။ ယင်းချင့်ကား ဇာ၊ စကားမှန်ပြောလို့ ရယ်ရေ ရခိုင်သားတိမနား ထူးဆန်းစွာ။

| ရခိုင် | ဗမာ | ရခိုင် | ဗမာ |
|---|---|---|---|
| (ရ)ရိ | ရေ | ရှိ | ရှေ |
| ရီး | ရေး | ရှီး | ရှေး |
| ရှိ | ရှေ့ | ရှိ | ရှေ့ |
| ရှီ | ရှေ | ရှီး | ရှေး |

အထက်မာ ရီးနန့်ရှီး စွာ အခြားခြားဆိုစွာတွိနိုင်ပါရေ။ ဥယျာဉ်မှူးအသွင် ရခိုင်စာပီပန်းခင်းကို အမှန်ပင်ပြုစုသူ ဆိုခကေ အတ္တကိုအဝီးမာထားလိုက်ပါ။

| ရခိုင် | ဗမာ | ရခိုင် | ဗမာ |
|---|---|---|---|
| (လ) လိ | (ခ)လေ့ | (သ) သိ | သေ့ |
| လီ | လေ | သီ | သေ |
| လှိ | လှေ | သီး(ပေါက်) | သေး(ပန်း) |

| | | | |
|---|---|---|---|
| လီး | လေး | သွိ | သွေ့ |
| လွီ | လွေ | သွီး | သွေး |
| (ဝ)ဝိ | ဝေ | အီး | အေး |
| ဝီး | ဝေး | အ | အီ |

ဗမာဖက်မာ ပြထားရေ ဝေါဟာရတချို့ကို ရခိုင်ရို့လေ့ သုံးနှုန်းပါရေ။ နားရှက်လို့ လီးစားတက်စား လေးစားလို့ ရီးကတ်စွာကို နားလည်ပီးနိုင်ပါရေ။ လီးစားလတ်၊ ရခိုင်စကားကလေ့ ဇာပိုင်လေးမသိ ဆိုစွာကိုတော့ခါ လက်မခံနိုင်ပါ။ fuck ဆိုရေ ဝေါဟာရရေ အဘိုအမကိစ္စအပြင် တခြားအဓိပ္ပါယ် နန့်သုံးနှုန်းရီးသားသို့ကြောင်းကိုဗမာမဂ္ဂဇိန်း(အပျိုစင်ထင်ပါရေ) တစ်ခုမာ တင်ပြထားလို့ ဖတ်လိုက် ရပါရေ။ ဆိုကေဘို၊ မကိစ္စ မဟုတ်တေ အင်္ဂလိပ်ဝါကျ တစ်ကြောင်းမာ fuck ပါကေ ဇာပိုင် ပြောကတ်ပါဖို့လေး။ ရခိုင်သားတိမာ ရခိုင်စာကိုဂျည်း ဝိုင်းဗျာ နှိပ်ကွက်နီကတ်တေ။ တခြားစာပီတိကိုလေ့ လှမ်းကြည့်ကတ်ပါ အုံး။ အင်းဝခေတ်က ဥတ္တမကျော်ဇို့ တောလားဘွဲ့ တစ်ခုမာ လပြွတ်၊ လဖြဲ၊ လဖြန်း၊ လချောင်း၊ လဥ၊ လဆန်၊ လထစ်၊ လမွှေး၊ လမှန် ဆိုရေ လကိုးလုံး ကိုကျကေ ဇာပိုင်ပြောကတ် ပါဖို့လေး။ တက္ကသိုလ်ဘုန်းနိုင်ဇို့ 'သူငယ်ချင်းလို့ပဲ ဆက်–၍ခေါ်မည်ခိုင်' ဝတ္ထုထဲမာ ဂျိုင်ထဲလူးကျလားခရေခိုင်ကို အိမ်နားပါးချင်း ဝါကြီးတစ်လုံးက မြင်လို့ဆင်းပနာ ကူညီ ပီးပါရေ။ တစ်ခေါက်တင်လို့မရ၊နှစ်ခေါက် တင်လို့မရကေ ဝါကြီးရေမာန်ပါပနာ အာမေဋိတ်သံတစ်ခုပြုလိုက်ပါရေ။ ရှာလို့ရာ ဖတ်လီပါဖိလူ့ယဉ်ကျေးရို့။ အသဒိသရတု (ဗမာဆရာတော်တစ်ပါးရီးစပ်စွာပါ)ထဲမာ–

'တစ်လုံးနှစ်လုံး ဂျိုးဥလုံးကို
မဖုံးနိုင်ပြီဘဲတည့်လေး ( ရွှဲ )
တစ်ပေါင်နှစ်ပေါင် သပြေရောင်ကို
လုံအောင်တတ်နိုင်ဘဲတည့်လေး ( ရွှဲ )
တစ်ပေါ်နှစ်ပေါ် ကိုယ်လုံးပေါ်သည်
ပဲလှော်အာတာကွဲတည့်လေး ( ရွှဲ )

အထက်ပါအရီးအဖွဲ့ကိုကား ရိုင်းရေလို့ ပြောကတ် ပါဖို့လား။ ဆရာမင်းသုဝဏ် ကတော့ကေ 'ဒေပိုင် ရယ်ဖွယ် မျိုးရို့ကို စာပီမာ အင်တန်တွိရရေ' လို့ဆိုပါယင့်။ 'လီးစား ခင်မင်'ရေ ဂြိုးဥလုံးနန့် အဓိပ္ပါယ် အကြောင်းအရာ ကွဲပါယင့် သားနန့် ရိုင်းရေလို့ပြောစွာကားတရားမျှားပါရေ။ လေးစား မရီးကေ့ လီးစား ရီးရမေလို့ ဆွေးနွေးနီစွာမဟုတ်ရပါ။ ရခိုင်စကားကို မကရဲ့ဖို့ပါ။

မေစတာတေလာ နန့် ဒေါင်တာ သန်းထွန်း ရို့က ပုဂံသားရို့ရေသူရို့စကားကို အက္ခရာတင် ရီးသားကတ်တေအခါ ပြောသံအတိုင်း စာလုံးပေါင်းကတ်တေလို့ ဆိုခကတ်ပါရေ။ ရခိုင်စကားနန့်တူရေ ပုဂံခေတ်က ဝေါဟာရတိကို မောင်ရခိုင်က အောက်ပါဇယားနန့် ထုတ်နှုတ်ပြထားပါရေ။

| ပုဂံကျောက်စာ | လိယ် | ရိ/ရိယ် | မှိယ် | နိ/နိယ် | သိယ် | ခြိ | ကြိ/ကြိယ် |
|---|---|---|---|---|---|---|---|
| ဂနို့ရခိုင် | လီ | ရီ | မြီ | နီ | သီ | ခြီ | ကြီး |
| ဂနို့ဗမာ | လေ | ရေ | မြေ | နေ | သေ | ခြေ | ကြေး |
| ပုဂံကျောက်စာ | ရှိယ် | ဟိ | သိယ် | ဆိယ် | စိယ် | ရိယ် | |
| ဂနို့ရခိုင် | ရှိ | ဟိ | သီး | ဆီး | စီ | ရီး | |
| ဂနို့ဗမာ | ရှေ့ | ရှိ | သေး | ဆေး | စေ | ရေး | |

ဂနို့ဗမာသံရေ ပုဂံသားရို့ဇို့ အသံနန့်မတူဘဲ အေ အေ့ အေး သရသံဒို့ ရှိလာခြင်းမာ ဗမာရို့ရေ ပြူ၊ မွန်ရို့နန့် ဆက်ဆံ

ခရရေအတွက်အသံပြောင်းလဲလားစွာလို့ မောင်ရခိုင်က ဆိုပါရေ။ရခိုင်ကဗျာစစ်တမ်း (ရခိုင်သဟာယမဂ္ဂဇိန်း အမှတ် (၈)၊ စာ–၁၄၀)မာလေ့ အောက်ပါ အတိုင်း ထုတ်နှုတ်ပြထားပါသို့ရေ။

***ပုဂံကျောက်စာ ရခိုင်အသံထွက်***

| | | |
|---|---|---|
| *ဣယ်ရှုယ်ပုရှာကာ* | *အေရှ္ဘိဘုရားကား* | *မြစေတီကျောက်စာ၊မြန်မာ–၄၇၄* |
| *အဖုရစိယ်* | *ဖုးရစီ* | *〃* |
| *ပီယအေ်* | *ပီးဇွ* | *〃* |
| *သြက်မိရကာ* | *အောက်မိရကား* | *〃* |
| *ခြင်သိယ်* | *ခြသ်ိ* | *(ပုဂံသက်စိုးတောင်ဘုရားကျောက်စာ၊ မြန်မာ၄၀၀ကျော်)* |
| *သောကရိယ်* | *သောက်သောရီ* | *အထောလတ်ကျောက်စာ၊၅၂၇* |
| *သုကြ္ကာနိယ်* | *သောကြာနိ* | *ထရော်ရွာကြီးကျောက်စာ–၅၂၉* |
| *သက်သိယ်* | *သက်သီ* | *စခီပုနာကျောက်စာ၊ ၅၃၀* |
| *စာစိယ်သတေ* | *စားစီသတေး* | *(နတ်မောက်တောင်ထောင့်ရွာကျောက်စာ)* |
| *ဟိယ်စိယ်သတေ* | *ဟိစီသတေး* | *〃* |
| *လှူခသော* | *လှူခသော* | *ငါပေါင်သင်ကျောက်စာ၊ ၅၃၇* |
| *ကြီမုံ* | *ကြီးမုံ* | *သူဌေးမှစ်ဂူဘုရား၊ ၅၅၉* |
| *စာတီ* | *စာတီ* | *〃* |
| *ဟုတ္တေ* | *ဟုတ်တေ* | *ဓမ္မရာဇိက ဘုရား၊ ၅၅၈* |
| *ရိယ်ကန်ရိယ်* | *ရီကန်ရီတွင်း* | |
| *တွင်းတန်ထာ* | *တန်းထား* | *သင်ကြီးညောင်ခုပ်၊ ၅၆၃* |
| *ဥ္ဆယ်ဂ္လောနိယ်* | *အေကျောင်းနီ* | |
| *သောသဃ်ာ* | *သောသဃ်ာ* | *သင်ငါနှစ်လို့သင်၊ ၅၆၇* |
| *မိတ္တာဘာဝနာ* | *မိတ္တာဘာဝနာ* | *နားတောင်းများမင်းကြီး၊ ၅၆၉* |
| *ရှိ့ဝ်လျှင်* | *ရှိ့လျှင်* | *〃* |
| *ကြိယ်ဆိမိတိုင်* | *ကြီးဆီမီးတိုင်* | *ပုဂံပြတိုက် အမှတ် ၈၂၊ ၅၇၇* |
| *တန်နင်ကန္တိယ်နိယ်* | *တနင်္ဂနွီနိ* | *မင်းမယားကျောက်စာ၊ ၅၇၇* |

## (၂) 'အည်' သရ တချို့ကို 'အေ' သရ အသံထုတ်ခြင်း

အည်–သရတချို့ ဆိုရေအတိုင်း အည်–သရ မြင်တိုင်း အေသရသံ ဖတ်တေလို့ ပုံသီမမှတ်ပါကေ့။ ကျည်၊ ကြယ်၊ ကြည်၊ ကြည့်၊ ခြည်၊ စည်၊ စည်း၊ ဆည်၊ ဆည်း၊ ညွှဲ့၊ တည်၊ တည့်၊ တည်း၊ ထည်၊ ထည့်၊ နည်း၊ ပည့်၊ ပြည်၊ ပြည့်၊ မည်၊ မည်း၊ ရည်၊ ရည်း၊ လည်၊ လှည့်၊ လည်း၊ လှည်း၊ သည် နန့် သည်း တိကို ရခိုင်ရို့က အေ–သရသံထုတ်ပါရေ။ ဗမာရို့က အိ–သရသံ ထုတ်ပါရေ။ ခြွင်းချက်တိတော့ခါ ကိုယ်စီ ဟိကတ်ပါရေ။ ရခိုင်ရို့က အေ သရထုတ်ကေလေ့ ဗမာရို့က အီသရနန့် အယ်သရ အသံနှစ်မျိုးထုတ်ပါရေ။ များကာက အီ–သရသံထုတ်ပါရေ။ ကြည့်ကို ရခိုင်ရို့က အေ့ သရထုတ်ကေလေ့ ဗမာရို့က အိ သရသံထုတ်ပါရေ။ ကြွေလို့ရီးပြီးကေ ဗမာနန့် အရီးမတူအောင် ယှောင်ပြီးသူတချို့ တွိနီပါရေ။ ရခိုင်စာပီကို ချစ်လို့ ယင်းပိုင် ပျင်ရကြောင်းကို အကြောင်းပြပါသို့ရေ။ ထမင်းကို ဗမာနန့် အရီး မတူအောင် ဇာပိုင် ယှောင်ပြီးပါဖို့လေး။ ကကြီးအစဟိရေ ဗျည်းတိကို မြောင်းထဲသွန်ပစ်ခီမှ ယှောင်လို့ရွတ်လီဖို့လား မဆိုနိုင်ယာ။ ရခိုင်စာက ငါးရာစုလောက် ယင်ထားစွာကိုလေ့ သတိပြုကတ် ပါချက်။ တည်းရေ ပါဠိဝေါဟာရ မေတ္တယျ ကရှိလာရေ ပါဠိသက်ဝေါဟာရ ဖြစ်ပါရေ။ ရခိုင်ရို့က အေး– သရသံ ထုတ်တေအတွက် ပါဠိမူရင်းနန့်နီးစပ်ပါရေ။ ဗမာရို့က အီး–သရထုတ်ပါရေ။ 'လည်း'ကိုလေ့ ရခိုင်ရို့က အေး–သရ ထုတ်ပါရေ။ မြန်မာစာအဖွဲ့က လီး–သရ ထုတ်ပါလို့ ပြဋ္ဌာန်း ထားပါရေ။ ဗမာလူထုမာ အဲသရ ထုတ်ပါရေ။ ပုဂံခေတ် ကျောက်စာတိမာ သတေ၊ တေည်၊ ရှေည် လို့ ရီးထိုးခစွာတိကို ထောက်ကေလေ့ ညကြီးသတ်သံကို ပုဂံသားရို့ အေ သရသံ ထုတ်ကြောင်း ထင်ရှားပါရေ။ ဇေုခေတ်မာ ရခိုင်ရို့က အေ သရသံ ထုတ်ပါရေ။ ဗမာရို့က အီသရသံထုတ်ပါရေ။

## (၃) 'အည်' သရတချို့ကို 'အိုင်' သရ ထုတ်ခြင်း

ကျဉ်း၊ ကြည်၊ ချဉ်း၊ စဉ်၊ စဥ့်၊ စဉ်း၊ စည်း၊ ပဉ်၊ ပျဉ်၊ ပျဉ်း၊ ဗျည်း၊ ယဉ်၊ ယျာဉ်၊ လည် အစဟိရေ သရတိကို အိုင် သရထုတ်ပါရေ။ ကြည်၊စည်း နန့် လည် ရေ အေ သရထုတ်ကြောင်းဖော်ပြခပါရေ။ သုံးစွဲရေနီရာကိုလိုက်ပနာ အသံအပြောင်းအလဲ ဟိပါရေ။ ယုံကြည်မှု၊ ခြ်စည်းရိုး၊ အလည်အပတ်စရေ နီရာတိမာ အေ သရ ထုတ်စွာကိုမြင်နိုင် ပါရေ။ ရခိုင်ရာဇဝင်သစ် ကျမ်း (ဒု–တွဲ) မာ ဇေုခေတ်အရီး စိုင်းတင်ကို စည်းတင်လို့ ရီးခပါရေ။

## (၄) 'အိ' သရ တချို့ကို 'အိန့်' သရထုတ်ခြင်း

အိ သရ အားနုံးကို အိန့် သရ ထုတ်တေလို့ မထင်ပါကေ့။ နိ၊ နီ၊ နီး၊ နှီး၊ မို့၊ မီး၊ သို့၊ သီး(သီးမာ နှစ်သံကွဲပါရေ)နန့် ဟိ ရို့ကို ဖတ်တေအခါ အိန့် သရ ထုတ်ပါရေ။သို့ရေ သိန့် သံထုတ်ပါရေ။ ကြားသိမှု၊ သိကြားမင်း အစဟိရေ အပိုင်းမာ အိ–သရ ရာ ပုံမှန်ထုတ်ပါရေ။ ဖရဲသီး၊ နန္ဒြာသီး အစဟိရေအပိုင်းမာ သံမှန် အီး သရ ထုတ်ပါရေ။ ယကေ ဟိ ကို ဟိန့် သရ ထုတ်စွာ မဆန်းပါယာ မနားယေ။ ကျန်ရေ စကားလုံးတိလေ့ ယင်းသဘောပါရာယေ။ သီးကို သိန်း–သရသံထုတ်ကြောင်း ဥပမာကား ကြက်သီးစရေ အရီးအသားဖြစ်ပါရေ။ မိမိအထင်နန့် သရသျှေတစ်လုံးရာလို့ ချင်ပိုင်ပျင်လိုက်စွာနန့် နောက်က သရရို့ တန်းလျှောက် ဇယ်ပြိုနိုင်ပါရေ။ရခိုင်စာပီဇယ်ပြိုနီစွာ ရခိုင်သားတိ ချင်ပိုင်ပျင်နီကတ်လို့ဖြစ်ပါရေ။

## (၅) 'အော်' သရနန့် 'အွာ' သရ အသံ စပ်ယှက်ပုံ

အော်သရ နန့် အွာ သရတချို့ကို သံတူထုတ်ကြောင်း ထုတ်ပြပါမေ။ ကော်/ ကွာ၊ ခေါ်/ ခွာ၊ဂေါ်/ ဂွာ၊ စော်/ စွာ၊ ဇော်/ ဇွာ၊ တော်/ တွာ၊ ထော်/ ထွာ၊ ဒေါ/ ဒွား၊ နော/ နွား၊ ပေါ်/ ပွာ၊ ဖော်/ ဖွာ၊ ရော်/ ရွာ၊ လော့်/ လွှာ၊ သော/ သွား ရို့ကို အောက်မာ ကောက်ချ ပြထားပါရေ။

ကွာဆဲ၊ ကော်ယှင်း၊ မြင်းခေါ်ရွက်၊ ဂွာပြ၊ လားစော်၊ ဘူဇော်၊ လက်တစ်ထော်၊ တွာရေ၊ တော်ရော် လို့ အသံထုတ်ဖတ်ကေလေ့ ရီးရေအခါ ကော်ဆဲ၊ ကွာယှင်း၊ မြင်းခွာရွက်၊ ဂေါ်ပြား၊ လားစွာ၊ ဘူဇွာ၊ လက်တစ်ထွာ၊ တော်ရေ၊ တောရွာ လို့ ရီးရပါရေ။ ဆလိပ်တစ်ဖော်လို့ အသံထုတ်ကေလေ့ ရီးရေအခါ တစ်ဖွာလို့ရီးရပါရေ။

## (၆) 'အစ်' သရ နန့် 'အိုက်' သရ အသံတူ ဖတ်ခြင်း

ရခိုင်စာ သဘောမာ အစ်သရ နန့် အိုက် သရ အသံတူ ဖတ်ပါရေ။ ကျစ်/ ကျိုက်၊ ကြစ်/ ကြိုက်၊ ချစ်/ ချိုက် (အရီးမဟိပါ)၊ ခြစ်/ ခြိုက်၊ ဂစ်/ ဂိုက်၊ စစ်/ စိုက်၊ ဆစ်/ ဆိုက်၊ ညစ် /ညိုက်( အ ရီးမဟိပါ)၊ တစ်/ တိုက်၊ ထစ်/ ထိုက်၊

နှစ်/နှိုက်၊ ပစ်/ပိုက်၊ ပျစ်/ပျိုက်(အရီးအသားမဟိပါ)၊ ဖြစ်/ဖြိုက်(အရီးအသားမဟိပါ)၊ မြစ်/မြိုက်၊ ယှစ်/ယှိုက်၊ ရစ်/ရိုက်၊ လစ်/လိုက်၊ သစ်/သိုက်၊ ဟစ်/ဟိုက်၊ အစ်/အိုက် ရို့ရေ တစ်တွဲစီအားဖြင့် အသံတူထုတ်ကေလေ့ သူ့နီရာနန့်သူ ရီးသားကတ်ပါရေ။ အာရကန်မိတိန်းပွိုင့်မာ ချိုက် ရီးပနာ ခြီနီကတ်ပါရေ။ ချစ်ကို ချေ့လို့အသံထွက်တေ ထင်စွာကတစ်ကြောင်း၊ရခိုင်စာသဘော သဘာဝကို မစီးစစ်၊ မသိ စွာကတစ်ကြောင်း၊ ဗမာအရီးနန့် မတူအောင် မျက်ကန်း ကိုယ်ချစ်စွာက တစ်ကြောင်းကြောင့် ချိုက် အရီခွံသစ်နန့် ဟုတ်နီဗျာထင်ပနာ ကျီနပ်နီကတ်ပါရေ။ တိုက်ပုံကာမိတ် ဝတ်ပနာ နီကာမျက်မှန်တပ်လို့ လားနီရေပိုင် မြင်ရပါရေ။ ရယ်စရာ မလုပ်ကတ်ပါကေ့။ ချစ်ကို ရခိုင်ဖတ်ကေ ချိုက်၊ ဗမာဖတ်ကေချေ့။ ချစ် ကို ချိုက် လို့ ပျင်လိုက်စွာနန့် စစ်တွေကို စိုက်တွေလို့ ပျင်ပစ်ရဖို့ပိုင် ဖြစ်မနီပါလာ။

အရီးနည်းကေလေ့ သတိထားရဖို့ စကားတစ်ခု ဟိပါရေ။ ချီးစိုက် ဆိုပြီး ပြည်တွင်းပြည်ပ ရခိုင်မီဒီယာတိမာ တွိရပါရေ။ စိုက် ဆိုစွာ အထက်အောက်ထောင်လို့၊ ကြောင်းလို့၊ ဖြောင့်လို့၊ ဆိုရေသဘောမျိုး သက်ရောက်ပါရေ။ယင်းပိုင်ဆိုကေ အိပ်ရာမာ ဘဘုန်းလဲနီရေ ဝါကြီး/မတိ၊ ပုခက်မာအိပ်နီရေ အသျှေတိမစင်စွန့်စွာကိုကား ချီးစိုက်ချ(စိုက်ချ=အထက် အောက်သဘော) ဆိုကေ အဓိပ္ပါယ်မပြည့်စုံ၊ မခြုံငုံပါယာ။ အကျွန်အကြံပြုချင်စွာက ဝမ်းမီးလောင်ကျွမ်းရာက ပိုထွက် v ma& (**ချီး**) တိကို စအိုဝအပြင်ဒို့ စွန့်ပယ် (**စစ်**)ထုတ် ပစ်(**တေ**)ဆိုကေဆီးသိပ္ပံသဘောတရားနန့် နှီးနွယ် ခေတ်မှီကြောင်း တွိရပါရေ။ အဓိပ္ပါယ်ပိုလို့ လီးနက်ပြည့်စုံစီ ရေအတွက် **ချီးစစ်** ရာဖြစ်သင့်ပါရေ။ (**ရီ**) ကို အထက်က ထည့်ပနာ အောက်ဒို့ (**စစ်**) ချစွာကို ရီစိုက်ဆိုလို့ရပါဖို့ လားယေ။

## (၇)ခိုးချစာ (သို့မဟုတ်) စာကျွန်

အိုင်တီခေတ်မာ ဘာသာခြားစကားတိကို ရခိုင်စာနန့် အသံဖစွာတိရေ အရေးပါရေ လုပ်ဆောင်ချက်တိ ဖြစ်ပါရေ။ အင်္ဂလိပ်စကားကို ရခိုင်စာနန့် အသံဖရာမာ ဗမာရို့ ကြိုးစားထားရေ အသံဖလှယ်ချက်တိကို လွယ်လင့်တကူ ခိုးချနီကတ်ပါရေ။ ရခိုင်စာ နန့် ဗမာစာသဘောသဘာဝကွဲစွာကို သတိမထားလို့ ခိုးချရေပိုင် ဖြစ်နီရစွာပါ။

### (က) ရခိုင်'င'သတ်သံနန့် ဗမာ'င'သတ်သံ ကွဲပြားခြင်း

Magazine ကို ခိုင်ဂလိစ်လုပ်ကေ မဂ္ဂဇိန်းနန့် နီးစပ်ပါရေ။ ဗမာရို့မာ မဂ္ဂဇင်းဆိုပနာ ကွက်တိနီးပါး အသံ ထုတ်ပါရေ။ ရခိုင်ရို့ကပါ မဂ္ဂဇင်းလို့ လိုက်ရီးကေ မူရင်း အင်္ဂလိပ်အသံနန့် ကကောင်းကွဲစီပါရေ။ Indonesia ကိုဗမာရို့က အင်ဒိုနီးရှား လို့ရီးပါရေ။ ရခိုင်မာလေ့ ယင်းပိုင်လိုက်ရီးကေ ခိုးချစွာမဟုတ်ကေဇာ။ အိန်ဒိုနီးယှားရီးမှ ရခိုင်စာနန့် အသံဖစွာလို့ ပြောနိုင်မေနန့်။ အင်ဒိုနီးရှား= on-do- ne- rhar.

### (ခ) ရခိုင် 'က' သတ်နန့် ဗမာ 'က' သတ် ကွဲပြားခြင်း

ရခိုင်စာမာ ဗျည်းတစ်လုံးတည်းကို အသံထုတ်စွာနန့် ဗျည်းကို က–သတ် စွာရို့အသံထုတ်တူရေလို့ ယေဘုယျ သတ်မှတ်ပါ။ (မှတ်ချက်။ ။လူနည်းစုမြို့သားရို့ရာအသံတူထုတ်စွာပါ၊ မြို့တိကိုခြံရံထားရေလူများစုကျေးရွာရို့မာအသံထုတ်မတူပါ။)

ဥပမာ–ခနန့်ခက်၊ ချနန့်ချက်၊ စနန့်စက်၊ ဆနန့်ဆက်၊ ညနန့်ညက်၊ တနန့်တက်၊ ထနန့်ထက်၊ ဒနန့်ဒက်၊ နနန့်နက်၊ ပနန့်ပက်၊ ပျနန့်ပျက်၊ ပြနန့်ပြက်၊ မနန့်မက်၊ မျနန့်မျက်၊ မြ နန့် မြက်၊ လ နန့် လက်၊ ဝနန့်ဝက်၊ သနန့်သက်၊ ဟနန့်ဟက် ရို့ကို မြို့ထက်ရို့မာ အသံထုတ်တူပါရေ။ ဟထိုး သရနန့် ဟထိုးသရမာ က–သတ်ထား စွာရို့လေ့ အသံထုတ်တူပါရေ။ ဥပမာ– ငှနန့်ငှက်၊ မှနန့်မှက်၊ အသံထုတ် မတူပုံက ချက်ရေ ချွက်၊ ချော ရို့နန့် နီးစပ်ပြီးကေ အသံထုတ်လားပါရေ။ အထက်မာ ကွဲပြားထားရေ ဥပမာသရတိကို ဗမာရို့က အသံထုတ်မတူပါ။ဗမာရို့မာ က သတ်နန့် အသံတူထုတ်စွာတိ က တ–သတ်၊ ပ–သတ်၊ ဋ–သတ်၊ ဒ–သတ်၊ ဘ–သတ် ရို့ ဖြစ်ပါရေ။ ဥပမာ–ကျက်၊ ကျတ်၊ ကျပ်၊ ကဋ္ဌ၊ လဒ်၊ လာဘ် ရို့ဖြစ်ပါရေ။ Acid ကို ရခိုင်ရို့က အတ်ဆေ့၊ ဗမာ ရို့က အက်ဆစ် ရီးပါရေ။ ရခိုင်ရို့က အက်ဆစ်လိုက်ရီးကေ Art-Cide ဖြစ်လားပါဖို့။

### (ဂ) ရခိုင် 'စ'သတ်နန့် ဗမာ 'စ'သတ် အသံကွဲပြားခြင်း

ရခိုင်စာသဘောမာ စ–သတ် နန့် အိုက် သရ အသံတူ ထုတ်တေလို့ ပြပြီးခပါယာ။ ဗမာမာ စသတ်ကို အေ့သရ သံထုတ်ပါရေ။ Site-tway ရီးမှ စစ်တွေ ဖြစ်ပါဖို့။ ဗမာရို့က စေ့တွေ လို့ဖတ်ပါရေ။ ဗမာအရီး မျက်နှာသစ်နန့် ရသေ့က သစ် နန့် သေ့ ရေ အသံထုတ်တူပါရေ။ Oasis ကို ရခိုင်ရို့က အိုအေစေ့ လို့ရီးမှ မှန်ကန်ပါဖို့။ ဗမာရို့က အိုအေစစ် ရီးပါရေ။

### (ဃ)ရခိုင်စာနန့်ဗမာစာမာ ရကောက်အသံထုတ် ခြားနားခြင်း

ရခိုင်ရို့ရေ ရကောက်ကိုပြတ်ပြတ်နောင်းနောင်း နန့် တစ်သံတည်းထုတ်ပါရေ။ ဗမာစာမာ Ra သံထုတ်ဖို့ ပြဋ္ဌာန်း ထားပါရေ။ ဗမာပြည်သူတိမာကား 'ရ' သံ ပျောက်ချချင် ဖြစ်နီပါယာ။ ဗမာမာ 'ရ' သံ ကို အသံသုံးမျိုး ထုတ်ပါရေ။ (က) 'ရ'သံ (Restaurant)၊ (ခ) 'ယ'သံ(ရီဝေဝေ) ၊ (ဂ) ခသံ(မလေးရှား) ။ Rangoose ကနီ Yangon ဖြစ်လားစွာ ကောင်းမကြာသို့ပါ။ ရခိုင်စာမာလေ့ 'ရ' ကို ခခြီသံ ထုတ်ခရေ နီရာသျှေတိ ဟိခပါရေ။ နည်းပါရေ။

### (င) ရခိုင်သား နာမည်တိဇ္ စာလုံးပေါင်းသတ်ပုံ

အောင်ကျီ– အောင်မြင်ပြီးမြောက်ခြင်း၊ အောင်ကြည်– သန့်သန့်ယှင်ယှင်း အောင်နိုင်သူလို့ အဓိပ္ပါယ်ဖွင့်ဆိုနိုင် ပါဖို့ရာ။ ကျီ နန့် ကြည် ရေ အသံထွက်ကွဲရေပိုင် အဓိပ္ပါယ်လေ့ တစိသျှေ ကွဲနီပါရေ။ ယင်းအတွက်နန့် အောင်ကြည်လို့ ရီးပနာ အောင်ကျီ လို့ အသံထုတ်စွာရေ မှားယွင်းနီပါရေ။ မြင့်အောင် လို့ ရီးပြီးကေ မျိုင့်အောင် ဆိုပနာ အသံထုတ်နီ ကတ်ပါရေ။ နာမည် ဇာလေး၊ မောင်ဖြူ။ အင်္ဂလိပ်ပိုင် ရီး၊ မောင်ဖျူ (Mg Phyu)။ Fru = ဖြူရီးကေအသူလာသတ်ပါဖို့လေး။ မျိုးချစ်ရို့က မိန်းဗာကျီး (Min Bar Gyi) လတ်။ ခိုင်မိုးလင်းကလေ့ ခိုင်မိုးလိန်းဖြစ်နီယင့်။ ပြောကေ အောင်မြတ်။ ရီးကေ အောင်မျတ် (Aung Myat)။ Mrat လို့ ရီးပနာ မျိုးချစ်ပြပါ။ Kyaw Morn ကလေ့ Kyaw Min (ကျော်မိန်း) ဖြစ်နီယင့်။ Rakhine Thazin လတ်။ သီချာလား။ ဗမာ သဇင်မနားချင့်။ Thazorn (မဟုတ်ကေ) Thazon ရီးမှ ယေ ရခိုင်သဇင်။ မြ=Mra ၊ မျ= Mya ။ အကျွန့် အစ်မတစ်ယောက်မာ သမီးကို ကြူကြူ လတ်။ အင်္ဂလိပ်ပိုင် Kyu Kyu ( ကျူကျူ)ဆိုဝါ။ Kru ရီးမှ ကြူ ဖြစ်ပါမေန။

ရခိုင်သားရို့ နာမည်မှည့်စွာတိနန့် ပတ်သတ်ပြီးကေ လိုက်နာမှတ်သားဖွယ် စာတစ်ပိုဒ်ကို ကိုးကားပြပါမေ။ ဦးရွှေဝ စာပီဗိမာန်မာ တာဝန်ကျခါက အေ့စရေးနိုင်ငံဒို့ လေ့လာရေး ခရီးလားရရေလတ်။ ယင်းမာ အေ့စရေးစာရီးဆရာတိနန့် မိတ်ဆက်ကတ်တေလတ်။ ဦးရွှေဝက သူ့နာမည်ရင်း မွီးလှအောင်ဖြစ်ကြောင်း မိတ်ဆက်ရေခါ အေ့စရေးစာရီးဆရာ တစ်ယောက်က မင်းရခိုင်လားလို့မီးရေလတ်။ ယပြီးကေ ရခိုင်နာမည်တိကို အထူးလေ့လာနီရေ စာရီးဆရာမ တစ်ယောက်နန့်မိတ်ဆက်ပီးရေလတ်။ ဆရာမကြီးက မင်းရို့ရခိုင်လူမျိုးမာ နာမည်ပီးရေခါ သားကြီး၊ သမီးကြီးကို ဦး တပ်ပနာ နာမည်ထားရေမနား၊ နာမည်ကြည့်စွာနန့် ရခိုင်ဖြစ်ကြောင်း ငါသိရေ။ ဧဂုမင်းနာမည် မွီးလှအောင်၊ မင်းကိုယ်တိုင်က ရခိုင်လို့မပြောကေလေ့ မင်းရခိုင်သား ဆိုစွာငါသိနီရေ။ မင်းရို့ရခိုင်ထဲမာ– ယက်သဲ့အောင်၊ ကျော်ဇံရှိ၊ သာ်ငါကျော်၊ စံရွှေမောင်၊ ကျော်ဇောဝေ၊ ကျော်မြသာ၊ သာအေးမောင် ဧပိုင်နာမည်တိလေ့ ဟိရေမနား။

ယေကေလေ့ မိန်းမတိကို နာမည်ထားရေခါ ဓာပိုင်နာမည် မျိုးကိုထားကတ်လေလို့ မီးရေလတ်။ ယေခါဆရာက သူ့အမျိုးနန့် သူ့သမီးရို့ နာမည်တိကို ပြန်စဉ်းစားရေခါ ရခိုင်နာမည်လို့ ပြောရလောက်အောင် တစ်ယောက်ကိုလေ့ စဉ်းစားလို့ မတွိရေခါ မွန်းလားခရေလတ်။ ယင်းခါပြီးမှ သူစိတ်ကူးတည့်ရေ နာမည်တိကို ပြောလိုက် တေလတ်။ ဥပမာ–သဇင်ဦး၊ ဦးမြသိန်း၊ လှသန္တာ၊ လှမြသူ၊ အေးမြသိန်း၊ သန္တာဖြူ လို့ ပြောလိုက်တေခါ အေ့စရေး စာရီးဆရာမရေ စိတ်ဝင်တစားနန့် လိုက်ရီးပြီးကေ တအံ့တဩနန့်မှတ်သားပါရေ။သူရို့တိ ယင်းပိုင် တလေး တစားနန့် လေ့လာမှတ်သားနီရေ အချိန်မာ ငါရို့တိကတော့ အလီးမထားဘဲ ခေတ်မွီဖို့ကြိုးစားယင်း ကိုယ်ထားချင်ရေ နာမည်ကိုစိတ်ကူးပေါက်ရာထားကတ်တေ။ (ရီတန်ဖိုး– ရခိုင်လှမြင့်)

ရုံးမာလုပ်မှ မျိုးချစ်စွာ မဟုတ်ပါ။ ရောက်တေ အရပ်မာ ကိုလိုနီဘဝက ရွတ်ကျွတ်ချင်စိတ် ပြင်းထန်နီရဖို့။ ငါဟော့ရခိုင်သား လို့ ထမအော်ခင် စဉ်းစားပါ။ ငါနာမည်ကား ကျွန်စာက ရွတ်ယင့်လား။ ကိုလိုနီရို့ရေ နာမည် မှည့်စွာတိကို လိုက်ပြီးကေ မချုပ်ချယ်နိုင်ပါ။ရခိုင်ရို့ကရာ အညှို့ခံထားရစွာပိုင် အယွတ်ကြီးကျပနာ အလိုလို ဒူးထေက်နီကတ်တေ မြင်ယင့်။ မျိုးချစ်ရခိုင်သားလို့ မှတ်ယူထားကေ စာကျွန်ဘဝက ရွတ်အောင် ရုန်းထွက်ပါအုံး။

သုတေသီ မေစတာတေလာက ရခိုင်နန့်ဗမာရေ နှစ်ပေါင်း တစ်ထောင်လောက်က လမ်းခွဲခကတ်တေလတ်။ လမ်းခွဲရေဆိုပြီးမှတော့ခါ လမ်းကွဲဖို့လိုပါရေ။ ခွဲလူတစ်တိုင် ပြတ်ပြတ် သားသား လမ်းခွဲလားခပြီးယာ။ ရခိုင်ရို့မာ သံယောစဉ် တန်းလန်းသို့။ ဓာမာလေး ရခိုင်သားပြတ်သားစွာ။

ကိုယ်လမ်းကို ကြောင်းနီအောင် မဖောက်ခကတ်လို့ ရခိုင်စာပီ လမ်းကြောင်း ညှိုးမှုန် ပိတ်ဆို့နီစွာ ဖြစ်ပါရေ။ အလွယ်ကြိုက် ရခိုင်သားရို့မာ သူများလမ်းမာ အသရေမဟိ တက်လျှောက်နီကတ်ပါရေ။ ဆက်ပြီးကေ လိုင်းပူးနီကတ်ဖို့ ဆိုကေ ပိုလီယိုအကြောသီနီရေ ရခိုင်စာပီကို မြီမြုပ်ဖို့ရာ ကျန်ပါဖို့ယာ။ ရခိုင်စာ ပီးသနားပါလို့ ခွက်ပေါက်နန့် တောင်းကတ်ရဖို့စွာ မြင်ယောင်မိပါရေ။ နှုတ်တစ်ရာ စာတစ်လုံး ဆိုရေပိုင် စာက ကကောင်း စွမ်းပါရေ။ ရခိုင်သားလေ့ အစွမ်း ငုပ်နီလို့ပါရာ။ အစွမ်း ဟိပါရေ။ ရခိုင်လေ့ စွမ်း၊ စာလေ့ စွမ်းကေ ရခိုင်စာ စွမ်းစွာပြောဖို့လိုပါဖို့သို့လား။ စွမ်းရေစာကို ပစ်မထားကတ်ပါကေ့လို့ ပြောကြားယင်း နိဂုံးချုပ်ပါရေ။

ရခိုင်စာပီကမ္ဘာ့အဆင့်မွီစီရမေ
ဒေါင်းရန်

# ဝံလက်ဟူသည်

ဝံလက်ဟူသည်
ရီမြီတောတောင် သန္တာသောင်ကမ်း
ပင်လယ်ကြမ်းလေး သတ္တဝါဖွဲ့နန့်
ပျံသန်းကျော်လွှား သူစွန့်စား၏။

ဝံလက်ဟူသည်
ငှက်မည်နာမ ရဲရင့်လှသော
သတ္တိအင်အား ဂုဏ်ဆောင်ထားယင့်။

ဝံလက်ဟူသည်
ရခိုင်ရီတပ် အမှတ်အသား
သမိုင်းကြားမာ ထင်ရှားပါယင့်။

ဝံလက်ဟူသည်
ကမ္ဘာချီဗျာလ် သတ္တိမာန်ဝင့်
မျိုးဂုဏ်မြင့်အောင် ကြိုးစားဆောင်ဗျာလ်
ဂန္ထဝင်သစ် သူထုဆစ်ယင့်။

ဝံလက်အသွင် ရခိုင်တွင်လေ့
အမျိုးသီလ နှစ်ဌာနကို
စောင့်ထိန်းလိုခြင်း ရင်မာပြင်း၍....
သတ္တိသတိ လက်ကိုင်ဟိကာ
ပညာအသိ ဖွီ ရှာညှိလို့
ဘဝကိုရင်း ပီးဆပ်ခြင်းနန့်
ကြည်နူးတတ်တေ အမျိုးနွယ်။

ရက္ခနွယ်





**မေနှင်းဇော်**

# နွားတစ်ကောင်ပြောပြသော သူ့သမိုင်းကြောင်း

'အမင်..အမင်'လို့ အော်ခေါ်ပြီးကေ
ဒေဘဝထဲကို အကျွန်ရောက်လာလတ်ပါရေ။
ယှင်းယှင်းပြောရဖို့ဆိုကေ အသားပါ၊
အရီပါ လုပ်အားပါ ပီးရရေ
နွားဘဝကို ဆိုပါဖိ။ အဂေါင့်ဂေါင့်ပါလေ
လူတိ ဒေလောက် ရက်စက်တတ်မှန်း
အစက အကျွန်မသိခပါ။
အကျွန်အငယ်သျှေခါက အမင့်နို့ချိုကို
ဝဝလင်လင် မစို့ခရရေ ဘဝပါ။
သခင်က သူရို့ လူသားတိအတွက် ဆိုပြီးကေ
အမင်ပါးက နို့တိကို ယူကတ်တေ။
အမင်က သူရို့ကို မပီးချင်လို့
ရုန်းကန်လှူပ်ယှားကေလေ့ ဒေလူတိက
အမင်ကို ကြိုးနန့် ချိုင်ပြီးကေ
သတ်ကတ်ပြန်သို့ရေ။ အမင်ခမျာ
နို့မဝလို့ အရိုးပြိုင်းပြိုင်းထနီရေ အကျွန့်ကို
ကြည့်ပနာ လူတိမသိအောင် သူ့နို့တိကို
ချန်ထားပြီးကေ အကျွန့်ကို ခိုးတိုက်တတ်ပါသို့ရေ။
စကေ ကြီးလာရေအချိန်မာ
အကျွန်ဇ မျိုးဗီဇကို ဖျက်ပနာ နွာဝကိုလေ့
စူးနန့်ထိုးဗျာ နဖားကြိုး တတ်ကတ်ပြန်ပါရေ။
အေးလေ... သခင်ရို့ လူသားတိစွာ
သက်မဲ့ဖြစ်တေ ရုပ်သီးရုပ်ကို တောင်မှ
ကြိုးတပ်ပြီး ကခိုင်းတတ်ကတ်တေဆိုကေ
အကျွန့်ပိုင်သက်ဟိဖြစ်တေ
မဖြစ်စလောက် နွားသျှေတစ်ကောင်ကိုတော့
ပြောမနီချင်ပါဗျာ။ မိုးရာသီရောက်လို့
လယ်ထွန်ကတ်ကေ တချက်သျှေရပ်ပြီး
မှက်,ခြင်,ယင် လိုက်စွာတောင်မှ
သခင်က အကျွန့်ကို ဆူရေ ဆဲရေနန့်။ ယေပြီးကေ
နောက်ကုန်းကို တဘုန်းဘုန်းနန့် သတ်သို့ရေ။
အကျွန်ဆိုကေ သခင့်ကို ကြောက်လိုက်စွာလေ
နောက်ကိုတောင်မှ လှည့်မကြည့်ဝံ့ပါ။
တစ်ခါ တစ်ခါ 'အီရေ' ဆိုပြီးကေ အကျွန့်ကို
လိုက်သတ်လို့ ကြောက်အား လန့်အားနန့် ပြီးမိပြီးရာ
ပြီးစွာကနီ ခွာကြားကို အပ်ထိုးပြီးကေ
ဟတ်တတ်ကွဲလခ ပါသို့ရေ။
ယင်းဟင့်နန့် မိုးထဖက် မိုးလင်းကေလေ့ လယ်ထွန်ရစွာ
ပါဗျာ။ မိုးနှောင်း ကုန်လို့ စပါးပင်သျှေတိ ရွှီရောင်သန်း

လာကတ်ဗျာဆိုကေ ကိုယ့်ချွေး၊ သွီး၊ မျက်ရည်နန့် စိုက်ထားခရေ ဒေစပါးတစ်လုတ်သျှေလောက် မြည်းကြည့်မေလို့ မကြံလိုက်ပါကေ့ နွားကျောင်းသားက လှောက်လွှဲဂွနန့် ပစ်ထည့်လိုက်စွာ ကံကောင်းလို့မျက်စိမာကျဖို့ တစိသျှေလောက်ရာ လိုရေ။ ယေပြီးကေ နဖားကြိုးကို ဆောင့်ဆွဲပနာ နှာနုကို ပိတ်သတ် ပစ်လိုက်စွာ ကြယ်တိ၊ လတိမြင်လခပါယင့်။ ဇေ့ဂုချိန်ထိ အကျွန်နှာနုနန့် ရင်ဘတ်ထဲကပင် နာနီတုန်းလို့ ထင်ပါရေ။ အကျွန်ရို့သွီး၊ ချွေး၊ မျက်ရည်နန့် ပေါင်းစပ်ထားရေ ဆန်စပါးတိကို ဇာမဟုတ်တေ ကြက်တိ၊ ဝက်တိ၊ ခွီးတိ၊ ကြောင်တိရာစားရပြီးကေကိုယ်လုပ်ထားစွာ ကိုယ်တစ်လုတ်သျှေ စားခီမိလို့ အသတ်ခံရရေ အကျွန်ရို့ဘဝ စဉ်းစားဖို့ဆိုကေ ဝမ်းနည်းစရာ၊ ရင်နာစရာ၊ ခံပြင်းစရာ တိပါရာ။ အကျွန်မှတ်မိပါသို့ရေ။ အကျွန် ပေါက်စိကလောင်ဘဝခါက နို့မွတ်လို့ တမြဲမြဲ အော်ဟစ်ငိုကြွီးနီရေ အကျွန့်ကို သခင်မက သူ့သားသမီးတိကို ခေါ်လာပြီးကေ ‘နင်ရို့ဒေနွားသျှေကို ကြည့်ကတ်၊ စာမတတ်ကေ ဒေနွားပိုင် ဂြိုထွက်လာဖို့၊ အုံးဘတ်မြည်ရဖို့၊ လူတိခိုင်းစွာ အားနုံးလုပ်ရဖို့’လို့ လက်ညှိုး ငေါက်ငေါက်ထိုးပြီးကေ ဆုံးမနီစွာ ကြားသိခရပါရေ။ အမှန်ဆိုကေ အကျွန်ရို့ဘဝက စာတတ်စွာ မတတ်စွာနန့် မဆိုင်ပါ။ ရှိရီစက်ကံတရား အကြောင်းမလှလို့ရာ ဆိုလိုက်ချင်ပါယင့်။ ဟုတ်ပါရေလေ အကျွန်ရို့ နွားတိဘဝစွာ သခင်မပြောရေပိုင် လူသားအားနုံးအတွက် အခိုင်းခံနန့် အသားစားခံ သတ်သတ် မွီးဖွားလာကတ်စွာပါ။ ကဗျာဆန်ဆန် ပြောရဖို့ဆိုကေ အဖြည့်ခံတိပါရာ။ မိုးရာသီကုန်လို့ ဆောင်းရာသီရောက်ပြန်ကေလေ့ ထင်းဆွဲ၊ ဝါးဆွဲ၊ ကောက်လှိုင်းတိုက်၊ အခင်းစိုက်နန့် ဇာမာပါလေး အကျွန်ရို့ နားချိန်ဆိုစွာ။ နွီရာသီရောက်လို့ ပွဲလမ်းသဘင်ဟိခကေလေ့ မြက်ခြောက်သျှေတိကိုစားပြီးကေ လူတိကို ဂါရီတိုက်ပီး ရပြန်ပါရေ။ ယင်းပိုင် နွီ၊ မိုး၊ ဆောင်း ရာသီသုံးပါးစလုံး လူတိဇ္ဇ အကျိုးထမ်းပိုးယင်းနန့် အကျွန့်အသက် အရွယ်စွာ တဆတ်ဆတ်နန့် အိုမင်းရင့်ရော်လာပါဗျာ။ အမှန်အတိုင်း ပြောရဖို့ဆိုကေ တက်တုန်းပျိုတုန်းကပိုင် ထွန်အပ်ကိုဆွဲဖို့ အားက မဟိယာပိုင်၊ ဂါရီကိုဆွဲဖို့လေ့ ခါးကမနိုင်ပါဗျာ။ (သခင်ကို ကြောက်လို့ရာ အားတင်းပနာ ဆွဲနီရစွာပါ)။ ယေဒါလေ့ ဖြစ်သရွှိအကြောင်း အကောင်းပါရာ။ နွားဖြစ်မှတော့ အလုပ်ကိုကြောက်လို့ ဇာရပါဖို့လေးချင့်။ သခင်ရို့ကြီးပွားကေငါလေ့ ဝမ်းဝရေဆိုပိုင် အရိုးကြီကြီ အရီခန်းခန်း အကျွန် လုပ်ပီးခပါသို့ရေ။ ယကေလေ့ နောက်ဆုံးမာ တစ်သက်လုံး စောင့်သိလာရေ သစ္စာနန့် တစ်ဘဝလုံး ပီးဆပ်ခရေ အကျွန့်ကျေးဇူးကိုသခင်ဆပ်လိုက်ပုံကသားသတ်သမားတိ ပါးမာ အကျွန့်ကို ရောင်းစားလိုက်ပါရေ။ အကျွန်ရို့ ဒုက္ခဝဋ်ဆင်းရဲခံပနာ သွီး၊ ချွေး၊ မျက်ရည်နန့် စုပေါင်းဗျာ ထုတ်လုပ်ထားရေ ဆန်ထမင်းနန့် လူသားတိကို တစ်သက်လုံး လုပ်ကိုင် ကျွေးမွီးဖူးခရေ အကျွန်ရို့နွားတိဇ္ဇ အသားနန့် ပေါင်းစပ်ဗျာ စားဝုံ့ရေ သခင်ရို့ဇ္ဇ သံမဏိနှလုံးသားကိုတော့ အကျွန်ဩချပါယင့်။ ဒေပိုင်အချိန်မာ အမှန်လို့အကျွန်ရာ လူစကားပြော တတ်ဖို့ဆိုကေ ‘ဒေအသက်တစ်ချောင်းကိုတော့ခါ အီးအီးဆေးဆေးနန့် သီခွင့်ပီးပါသခင်’လို့ သခင့်ရှိလားပြီး တစ်ကြိမ်သောဆုကို ဒူးထောက်ဗျာ တောင်းလိုက်ချင်ပါရေထော။ ယကေလေ့ ကံကြမ္မာက မျက်နှာသာ မပီးရေအတွက် မျက်ရည်ရာ ကျခပြီးကေ အကျွန့်ပါးစဖျားက ထွက်လာစွာက ‘အုံးဘတ်’ မြည်သံပါရာ။ ဒေဘဝဝဋ်ကြွီး ဒေမျှနန့်ရာ ကျီပါစီဖိသခင်။ နောက်ဘဝဆိုစွာ အဂေါင့်ဂေါင့်ရာ ဟိခဖို့ဆိုကေ ပီးဆပ်သူနန့် ပီးအပ်သူရို့ဇ္ဇ ဘဝကို စာနာ နားလည် ပီးရေ သံသရာဘုံဘဝ တစ်ခုခုမာရာ ဖြစ်လိုက်ချင်ပါဗျာ။ အမှန်လို့ရာ သျှင်တော်ဘုရား၊ နတ်သိကြားတစ်ပါး,ပါးက သီခါနီးဆဲဆဲဖြစ်နီရေ အကျွန့်ကို ဆုသျှေတစ်ခု တောင်းဖို့ အခွင့်အရေး ပီးလာဖို့ဆိုကေ ‘အကျွန်ရို့ နွားတိသည် လူသားရို့ဇ္ဇသတ်ဖြတ်စားသုံးခြင်း ရန်မှ ကင်းဝီးရပါလို၏’ဆိုရေ ဆုတစ်ခုကိုရာ တောင်းလိုက်ချင်ပါဗျာ။ ယေဇုနန့် အစက အကျွန်ပြောပါရေမနား။ လူတိဒေလောက် ရက်စက်တတ်မှန်း အစက အကျွန်မသိခပါလို့။

ကိုင်...ဒေမာ စဉ်းစားဉာဏ် ဟိပါရေ ဆိုရေ လူ့မိတ်ဆွီ၊ ဒေနို့ သင်စားလိုက်တေ ထမင်းကကား အကျွန်ရို့ နွားတိလုပ်စွာမဟုတ်ပါလို့ဇာသူကျိန်ပြောဝုံ့ ရေလေး...။

**မေနှင်းဇော်**

---

## ဗျိုင်းသိုက်က စာသျှေ

နင်းပျပျသျှေဝီနီရေ တစ်မိုးသောက်မာ လောင်းသျှေတစ်စင်း စီးမျိုးပါလတ်ပါရေ။ အပျင်းပြေသခြင်းတကျော်ကျော်နန့် ခရီးဆက် လာစွာလေ့ ဖြစ်ပါရေ။ ရွာနားဒို့ ပါးလာရေအတွက် ကြင်သူ သျှေ မိုးကျော့အေးကိုလေ့ သတိရပစ် လိုက်သို့ရေ။

“ဟေးလှေ့ပေါ်မာ ဘာတွေပါလဲ”

အကောင်မမြင်ရသို့ဘဲ အသံကြောင့် အတွေးစတိ ရှင့်စဉ်ပနာ လေးလုံးတုန်လားပါရေ။

“လှေ မဟုတ်ပါ ဆရာကြီး လောင်းပါရာ”

အသံလောက်နန့်ပင် ကြောက်ပနာ ဆရာကြီးလို့ ပျင်ပစ်လိုက်ရရေ။

“ဘာစကားပျောတာလဲ၊ ဘာပါလဲလို့ မင်းကို မေးနေတယ်လေ”

“ဟုတ်ပါရေဆရာကြီး တကူနန့် ပေါင်းခေါင်ရာ ပါပါရေ”

လဝဲလယာကြည့်မှ အရိပ်အရောင် ထွေအကောင်ကို မြင်ရရေထော။

“တယ်..ငါလုပ်လိုက်ယ၊ ဘယ်ယွာကလဲ ပျောစမ်း”

“ဗျိုင်းသိုက်ကပါ”

“မိင်းနာမည်ကော”

“စာသျှေ”

“စာသျှေက ဗျိုင်းသိုက်မာ ဘာသွား လုပ်လဲ”

ဆိုပနာ အကျွန့်ထိပ်ကို ဂျီသရီးဘောင်နန့် ဂျိဂျိထောင်း ပစ်ပါရေ။ ဇာခါကပင် သတ်ချင်နီစွာ မသိ။ အကျွန်လေ့ ရင်နာလို့ နာမည်ကို သင့်တော်အောင် ပြောင်းလိုက်ပါရေ။

“ပျောင်သျှေ”

ကြဲဇဲ

# ဗမာရှိ့အုပ်ချုပ်မှုအောက်ကရခိုင်ပြည်

## (ခရစ် ၁၇၈၄–၁၈၂၄)

ရုံးခံရွှေ

ဗမာရို့ပထမဆုံး လုပ်ဆောင်ချက်ကတော့ခါ ရခိုင်ပြည်က(၁၆၈၅–၁၇၈၄)ကာလနောက်ဆုံးဘုရင်(၂၄)ပါး အုပ်ချုပ်မှုအတွင်း တာရှည်တာများ ဖြစ်ပေါ်နီခရေ တရားဥပဒေကင်းမဲ့မှုကို နှိမ်နင်းကွပ်ညှပ်ပစ်စွာပါ။ လူဆိုးခါးမြတိကို မရမချင်းလိုက်လံ ဖမ်းဆီးပါရေ။ ရကေရက်ရက်စက်စက် နှိပ်စက်တေ။ သံကြိုးနန့် ချိုင်ထားရေ။ ယင်းပိုင်လုပ်ဆောင်နီချိန်အတွင်း အင်းဝအိမ်ရှိ မင်းသားက ကြေငြာချက်တစ်ခု ထုတ်ပြန်ပါရေ။ ရခိုင်တစ်ပြည်လုံးကို အင်းဝဘုရင် ဘိုးတော်ဘုရားက သိမ်းပိုက်အုပ်ချုပ်လိုက်ဗျာလ်ဆိုရေ အကြောင်းပါ။ (ဘိုးတော်ဘုရားဇွ နေပြည်တော်စွာ အမှန်က အမရပူရပါ။ ၁၁၈၉ ဘကြီးတော် လက်ထက်ကျခါမှ ထီးနန်းကို အင်းဝသို့ပြောင်းရေလို့ ညိုမြဇွ ကုန်းဘောင်ရှာပုံတော် (သတ္တမအကြိမ်) စာ–၂၂ မာ ဖော်ပြထားပါရေ– ဘာသာပြန်သူ) လူတန်းစားအလွှာအသီးသီးက ရခိုင်သားပေါင်းတစ်သိန်းနန့် သျှစ်သောင်းကို သုံ့ပန်းအဖြစ် ဗမာပြည်သို့ ခေါ်ယူလားပါရေ။ မဟာမုနိရုပ်ရှင်တော်မြတ်ကို ဗမာပြည်သို့ ပင့်ယူလားပြီးကေ ဇေဂုမ္ဗန္ဓလေးဟိ ရခိုင်ဘုရားမာ ထားပါရေ။ ဘုန်းကြီးကျောင်းတိ စေတီပုထိုးတိနန့် အခြားဘာသာရေးအဆောက်အဦးတိကို စနစ်တကျ ဖျက်စီးပစ်ပါရေ။

ဗမာရို့ဇွ အုပ်ချုပ်မှုကာလအစပိုင်းမာခါ အားနည်းပျော့ညံ့ကေလေ့ ကိုယ်အားကိုယ်ကိုးပနာ တော်လှန်ပုန်ကန်မှုတိ ဟိခလီပါရေ။ ဗိုလ်ချုပ်တစ်ယောက်က နောက်လိုက်နောက်ပါ တဆိတ်ကေနန့် ပုန်ကန်ပါရေ။ မအောင်မြင်ပါ။ ပုန်ကန်သူတိကို ဗမာရို့ဖမ်းမိလားခရေအခါ ယင်းပုန်ကန်သူတိပါ ပုန်ကန်သူရို့ဇွ အမျိုးအဆွီတိပါ ပုန်ကန်ရေဒေသက ရပ်သူရပ်သားတိပါ ထောင် ပေါင်းများစွာသောလူတိကို ရက်ရက်စက်စက် သတ်ဖြတ် သုတ်သင်ပစ်ပါရေ။ ယင်းပိုင်ပုန်ကန်မှုမျိုးတိ ဆက်တိုက်ဆက်တိုက်ဖြစ်ပေါ် လာရေအခါမာရခိုင်တစ်ပြည်လုံး လူသိန်းပေါင်း များစွာသတ်ဖြတ်ခံကတ်ရပါရေ။

၁၅ ရာစုနန့် ၁၆ ရာစုကာလအတွင်း ရခိုင်ပြည်ဆိုစွာ ကမ္ဘာ့အရှိပိုင်းမာ အင်အားအကြီးမားဆုံး တိုင်းပြည်တိထဲက တစ်ခု ဖြစ်တေလို့ ပေါ်တူဂီမှတ်တမ်းတိမာ ဖော်ပြထားပါရေ။ ရခိုင်ဘုရင်မာ အမြဲတမ်းစစ်တပ်ကြီးတစ်ခုဟိရေ၊ စစ်ပညာကျွမ်းကျင်တတ်မြောက်တေ၊ စစ်ရေးအတွဲအကြုံကြွယ်ဝရေဆိုစွာ သိရပါရေ။ နိုင်ငံခြားတိုင်းပြည်တိနန့် ကုန်သွယ်ရောင်းဝယ်မှုတိ ဟိခရေ၊ ရခိုင်ပြည်ဇွ လူဦးရီလေးသော့ ဇေဂုခေတ်သစ်ကြွယ်ဝချမ်းသာရေ နိုင်ငံတိမာ ဟိရေ လူဦးရီတိနန့် နှိုင်းယှဥ် ကြည့်နိုင်ရေလို့ ဆိုပါရေ။ ဗြိတိသျှ၊ အင်္ဂလိပ်ရို့သိမ်းပိုက်မိရေအခါမာ ရခိုင်ပြည်မာ လူဦးရီတက်တက်ပြောင်နီပါဗျာလ်။ ပုန်ကန်တော်လှန်မှုတိ ငြိမ်သက်လား အောင်ဆိုရေ ရည်ရွယ်ချက်နန့် အစုလိုက်အပြုံလိုက် သတ်ဖြတ်သုတ်သင်ပစ်မှုတိကြောင့် ဇေဂုပိုင် လူဦးရီ လျော့နည်းလာရခြင်း ဖြစ်ပါရေ။

တော်လှန်ပုန်ကန်မှုတိ ဖြစ်ခစွာထဲမာ ဟာရီဆွေ (Hari Tsway) ဂေါင်းဆောင်ရေ ပုန်ကန်မှုကတော့ခါ ဗမာရို့ကို အကြီးအကျယ်ဒုက္ခပီးနိုင်ခပါရေ။ ဗမာရို့အုပ်ချုပ်မှုကိုလေ့ ဂယောက်ဂယက်ဖြစ်လားစီခပါရေ။ ဟာရီဆွေနန့် သူ့နောက်လိုက်နောက်ပါတိစွာ ဗမာတပ်တိကို အကြိမ်ပေါင်းများစွာ လာရောက်စီးနင်းတိုက်ခိုက် အောင်ပွဲခံနိုင်ခပါရေ။ နောက်ဆုံးမာ ဗမာတပ်တိစွာ မြောက်ဦးမြို့တွင်းထဲအထိ ဆုတ်ခွာပနာ ခုခံနီခကတ်ရပါရေ။ ဟာရီဆွေဇွတပ်တိစွာ မြို့ပြင်နန့် သုံးမိုင်အကွာမာ စခန်းချဝန်း ရံထားပါရေ။ ယင်းပိုင်အချိန်မာ ရမ်းဗြဲနန့် မာန်အောင်ရို့က ရခိုင်ဂေါင်းဆောင်တိစွာ ဟာရီဆွေနန့်ပူးပေါင်းလာကတ်ပါရေ။ ယေဒါလေ့ စစ်ဆင်ရေးစီမံချက်တိနန့် ပတ်သတ်လို့ သဘောထားချင်း မကိုက်ညီရေအတွက် မကြာခင်မာပင်ပြန်လားခကတ်ပါရေ။ ယင်းကြောင့် ရခိုင်ပြည်လွတ်မြောက်ရေးအတွက် သွီးစည်းညီညွတ်စွာ တော်လှန်တိုက်ခိုက်ဖို့ကိစ္စကား မျှော်လင့်ချက်ကင်းမဲ့လားခရပါရေ။

ယင်းကစလို့ ရခိုင်ပြည်အတွက် ဂြိုလ်ဆိုးကြီးဝင်စွာပါဗျာလ်ယေ။ တော်လှန်ပုန်ကန်မှု အယှုံးနန့် အဆုံးသတ်လားခပနာ ဟာရီဆွေလေ့ စစ်တကောင်းကိုထွက်ပြီးခိုလှုံလားခပါရေ။ ဗမာတပ်တိက သူ့ကိုလိုက်ဖမ်းပါသို့ရေ။ ရာမူးဟိ အင်္ဂလိပ်တပ်တိက ဗမာတပ်တိကို တားဆီးထားလိုက်လို့ လွတ်မြောက်လားခစွာပါ။ ဟာရီဆွေကို သူ့ရို့လက်ဒို့အပ်ဖို့ ဗမာရို့တောင်းဆိုစွာကို အင်္ဂလိပ်တိက ပြင်းပြင်းထန်ထန် ငြင်းပစ်လိုက်တေအတွက် ဗမာရို့လက်ခစဲပြန်လာခကတ်ရပါရေ။ ယင်းချင့်စွာ ရခိုင်သကြစ် ၁၁၅၂ မာ ဖြစ်ပျက်ခစွာပါ။ အေဒီ ၁၇၉၀မာ အင်္ဂလိပ်တိအနီနန့် ရခိုင်ပြည်ကိစ္စမာ ပထမဆုံးဝင်ရောက်ပတ်သတ်မှုလေ့ ဖြစ်ပါရေ။

ခရစ်နှစ် ၁၇၉၃ မာ ရမ်းဗြဲက ဗိုလ်ပေါလုံး(Pow Loon) ဂေါင်းဆောင်ရေ ပုန်ကန်မှုကြီးတစ်ခု ပြင်းပြင်းထန်ထန် ဖြစ်ပွား ပြန်ပါရေ။ ကာလတစ်ခုအထိတော့ခါ ပုန်ကန်မှုစွာ အောင်မြင်ခပါရေ။ ယေကေလေ့သူ့မာက လက်နက်လူသူ အင်အားကန့်သတ်ချက်ဟိစွာပါကို။ ယေနန့်သူရို့လေ့ စစ်တကောင်းကို ဝင်ပြီးပနာ အင်္ဂလိပ်ရို့ဇွ အကာအကွယ်ပီးမှုကို တောင်းခံကတ်ရစွာပါဗျာလ်။ ဗိုလ်ပေါလုံးဆိုစွာ ဥပဒေပြင်ဖက်ကလူဆိုးခါးမြရာဖြစ်တေအတွက် အင်္ဂလိပ်ပိုင်နက်ထဲမာ ခိုလှုံခွင့်ပီးစွာ မှားရေ။ သူရို့လက်ထဲဒို့ အပ်ပါလို့ ဗမာရို့က တောင်းခံပါရေ။ စစ်တကောင်းစွာ ယင်းခါက အရှိအိန္ဒိယကုမ္ပဏီပိုင်နက်ပါ။ ယင်းကိစ္စကို ဥရောပသား (အင်္ဂလိပ်) တစ်ယောက်က တာဝန်ယူဖြေယှင်းရပါရေ။ ယင်းသူက ဗိုလ်ပေါလုံးကိစ္စကို ကုမ္ပဏီဒို့ တင်ပြပါရေ။ ဒေလူစွာ အဂေါင့်ရာခါးမြဆိုကေ ဖမ်းပနာအကျဥ်းချထား၊ ခါးမြမဟုတ်ကေ ရွှတ်ပီးလိုက်လို့ ကုမ္ပဏီကအမိန့်ချပါရေ။

ယေခါ ဗမာရို့က ယင်းအင်္ဂလိပ်ကို ငွေကြေး အများအပြား လာဘ်ထိုးလိုက်တေအတွက် ဗိုလ်ပေါလုံးကို ဖမ်းပနာ ဗမာရို့လက်ကို ပီးအပ်လိုက်ပါရေ။ ဗိုလ်ပေါလုံးကို ဗမာပြည်ဒို့ ခေါ်ယူပနာ သုတ်သင်ပစ်လိုက်ပါရေ။ နောက်ပိုင်းမာ ယင်းအင်္ဂလိပ်ဇွ မရိုးမသား ဆောင်ရွက်လုပ်ကိုင်မှုကို ကုမ္ပဏီဒါရိုက်တာတိ ကြားသိလားခရေအတွက် သူ့ကိုရာထူးချပနာ အရေးမပါသော စစ်ရေးတာဝန်တစ်ခု ပီးထားလိုက်ပါရေ။

သကြစ် ၁၁၅၇ (ခရစ် ၁၇၉၅)မာ မိတ္ထီလာကန်ဘောင် တစိတ်တဒေသ ပေါက်ထွက်ပြိုကျလားပါရေ။ ယင်းချင့်ကို ပြန်လို့ ပြုပျင်ဖို့ အတွက်ရခိုင်သားတစ်ထောင်ကိုအာဏာနန့် အခမ္ဘပို့ပါရေ။ ဇာကြောင့်လေ့တော့ခါမသိပါ။ ယင်းရခိုင်သားအားလုံး တစ်ယောက်မကျန် မိတ္ထီလာမာ သီပျောက်လားခကတ်ပါရေ။ ၁၁၅၉ ခုနှစ် (ခရစ် ၁၇၉၇)မာ ဗမာရို့သိမ်းယူလားခရေ ပိဋကတ်သုံးပုံကို ဘိုးတော်ဘုရားအမိန့်နန့်ပြန်ပို့ပနာ မြောက်ဦးမြို့တော်ဇွအရှိဖက်မာပိဋကတ်တိုက်တည်ဆောက်လို့ ထိန်းသိမ်းထားလီ ပါရေ။

ဗမာအုပ်စိုးသူရို့ဇွ ရခိုင်ပြည်မာ ကျင့်သုံးပြုမူလားခရေ ရက်စက်မှုတိ၊ လူသားမဆန်မှုတိစွာ သမိုင်းမာ တစ်ပုံတပင်သက်သီပြလို့ ဟိလီပါရေ။ မည်သည့်တစ်ခုလေ့ ခုခံကာကွယ်နိုင်စွမ်းမဟိရေ ယောကျာ်း၊ မိန်းမ၊ အသျှေသူငယ်တိကို မဟုတ်မမှန်စွပ်စွဲပြောဆိုပနာ အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှုတိ နို့စဉ်နန့်အမျှ ဟိနီခပါရေ။ ရခိုင်ပြည်ကို ဗမာရို့အုပ်စိုးမှုနှစ် ၄၀ သမိုင်းဆိုစွာ သွီးချောင်းစီးသမိုင်း တစ်ခုပါဗျာလ်။ အတိတ်ကာလက ဟိခဖူးရေ ဇာတိုင်းပြည်တစ်ခုခုဇွ သမိုင်းမာလေ့ ဒေပိုင် ရက်စက်ယုတ်မာမှုမျိုး မဟိခလီဖူးပါ။

ယင်းအတွက်ကြောင့် ဗမာရို့လက်ထဲကအာဏာကို အင်္ဂလိပ်ရို့လွှဲပြောင်းယူလိုက်တေအခါမာ ရခိုင်တစ်ပြည်လုံးစွာ တောကြီးမျက်မဲဖုံးပနာ စတုရန်းတစ်မိုင်မာ နီထိုင်သူလူပေါင်း ၂၀ ကျော်ရာကျန်လိုက်ဗျာလ်လို့ဆိုကေ အံ့သြစရာဟိပါဖို့ သို့လားယေ။ ဗမာရို့ဇွ ရီတွက်လို့မရနိုင်သော အစုအပြုံလိုက်သတ်ဖြတ်မှုတိကြောင့် လူဦးရီအကြီးအကျယ်လျော့နည်းကျဆင်းလားခရေ တိုင်းပြည်တစ်ခုမာ ငြိမ်းချမ်းတည်ငြိမ်မှုမြှင့်တင်ပီးဖို့ ရည်ရွယ်ချက်နန့် ဘုရင်ခံချုပ်က ရခိုင်ပြည်အတွက် ခန့်အပ်စီရွှတ်လိုက်တေ အင်္ဂလိပ်အရာဟိ တစ်ယောက်အကြောင်းကို ရခိုင်ရာဇဝင်ထဲမာ မှတ်တမ်းတင်ထားဟိပါရေ။ ယင်းအရာဟိစွာ (.............) တစ်ယောက်ဖြစ်ပြီးကေ သူ့ကိုရခိုင်သားရို့က (........ ) လို့ ခေါ်ကတ်ပါရေ။ ယင်းပုဂ္ဂိုလ်စွာ သူ့တာဝန်တိကို တစ်စိတ်တစ်ပိုင်း ဆောင်ရွက်အောင်မြင်ခပါရေ။ ယပြီးကေ အိန္ဒိယနန့် ရခိုင်ပြည်ရို့ကုန်းလမ်းကုန်သွယ်မှု ဆက်ဆံရေးပွင့်လင်းလာဖို့ အတွက်လေ့ ကြိုးပမ်းပီးခပါရေ။ ၁၁၆၁ ခုနှစ် (ခရစ် ၁၇၉၉) မာပါ။ ယင်းကုန်သွယ်ရေးညီလာခံစွာ အောင်ဆိပ် (Aungtsit) က ဘားဘူတောင် ခြီရင်းမာ ကျင်းပပြုလုပ်ခစွာ ဖြစ်ပါရေ။

အင်းဝဘုရင်ကရခိုင်သားတိအပေါ်မာ ပီးအပ်ချမှတ်တေ တာဝန်တိကိုအောက်မာ ဖော်ပြလိုက်ပါရေ။

ခရစ် ၁၈၀၀ ပြည့်မာ အိမ်ထောင်စုတစ်စုစီကို ၃ ခု ထပ်ခွဲပစ်ပနာ အိမ်ထောင်စုတိုင်းအတွက် မြီခွန်ကောက်ယူပါရေ။ နောက် ၆ လအကြာမာ လူပျို ၃၀၀ ကို ဘုရင့်နန်းတော်မာ တာဝန်ထမ်းဆောင်ဖို့ပို့ရွှတ်ရပါရေ။ ယင်းသူရို့ဇွ လက်မောင်းမာ ဘုရင်မင်းမြတ်ဇွ ကျွန်ဖြစ်ကြောင်း မှင်ထိုးပီးပါရေ။ ၁၈၀၁ ခုနှစ် ဖေဖော်ဝါရီလမာ ရခိုင်သားတစ်ထောင်ကို စစ်မှုထမ်းဖို့အတွက် ဗမာပြည်ဒို့ပို့ပါရေ။ ၁၈၀၂ ခုနှစ်ကစလို့ ရခိုင်သားတစ်ယောက်စီ ၁ ကျပ်ကျအခွန်ဆောင်ရပါရေ။ နို့စို့သျှေတောင်ကင်းလွတ်ခွင့် မရပါ။ ယင်းချင့်ကို (.......... ) လို့ ခေါ်ပါရေ။ ၁၈၀၃ ခုနှစ်မာ ရခိုင်သားတိအားလုံး အမရပူရကိုလားပနာ ဆင်ဖြူတော်ကို ဖူးမျှော် ပူဇော်ကတ်ရပါရေ။ ၁၈၀၅ ခုနှစ်မာ ပုံမှန်ပီးဆောင်နီကျ အခွန်ငွေမာ ထပ်ပနာလူတစ်ယောက်စီ တစ်ကျပ်နှုန်း အခွန်ထပ်ဆောင်ကတ်ရပါရေ။ ပထမကောက်ခစွာမလုံလောက်လို့ပါလတ်။ နောက် (၂) နှစ်အကြာမာ ဗမာတပ်တိ ယိုးဒယားကို စစ်ချီတက်ကတ်ရပါရေ။ ရခိုင်ပြည်က စစ်သားတိအားလုံးလေ့ လိုက်ပါကတ်ရပါရေ။ ၁၈၀၉ ခုနှစ်မာ ဘိုးတော်ဘုရားက သံတွဲမြို့စားကို အိန္ဒိယပြည် ကပ္ပိလဝတ္ထုမြို့ကို စီရွှတ်ပနာ ကပ္ပိလရသိဇွ ရုပ်တုကိုအရှာခိုင်းပါရေ။ မရခပါ။ အာသောကမင်းကြီး သွန်းလုပ်ကိုးကွယ်ခရေ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ဗုဒ္ဓဂါယာက ဓာတ်တော်၊ မွီတော် တဆိတ် ကေနန့် ပြန်လာလတ်ပါရေ။

> ရခိုင်သားတစ်ထောင်ကို အာဏာနန့် အခမ္ဘပို့ပါရေ။ ဇာကြောင့်လေ့တော့ခါ မသိပါ။ ယင်းရခိုင်သား အားလုံး တစ်ယောက်မကျန် မိတ္ထီလာမာ သီပျောက်လားခကတ်ပါရေ

သကြစ် ၁၁၇၃ (ခရစ် ၁၈၁၁)မာ ဧရာမ ပုန်ကန်တော်လှန်မှုကြီးတစ်ခု ဖြစ်ပွားလာပါရေ။ ယင်းပုန်ကန်မှုကို လူစွမ်း ကောင်းတစ်ယောက်ဖြစ်တေ ဗိုလ်ချင်းပြန်က ဦးဆောင်ပါရေ။စွမ်းရည်သတ္တိနန့် နည်းပရိယာယ်ကြွယ်ဝရေအတွက်နောက်လိုက်နောက်ပါနန့် လက်ထောက်ဂေါင်းဆောင်သျှေတိအများအပြားစုဆောင်းရဟိပါရေ။ ချင်းပြန်ဇွ ပုန်ကန်မှုစွာ နတ်မြစ်ကမူလဇစ်မြစ်အစပြုလာစွာပါ။ နောက်ပိုင်းခါ တဆတ်ဆတ်နန့် ရခိုင်ဒေသတစ်ခုလုံးက ရခိုင်သားရို့ဇွ ထောက်ခံအားပီးမှုကို ရဟိလာစွာဖြစ်ပါရေ။ နှိမ်နှင်းဖို့ ရွှတ်လိုက်တေ ဗမာတပ်တိလေ့ ချင်းပြန်တပ်တိပါးမာ ထထွတ်ကြီလားရစွာပါဗျာလ်။ အောင်ပွဲတိ အလီလီ ရလာပြီးရေခါ ချင်းပြန်ရို့စွာ မြောက်ဦးမြို့တော်ကို ချီတက်လတ်ကတ်ပါရေ။ ချီတက်ရာလမ်းတလျှောက်မာ တပ်အင်အားလေ့ ပိုလို့ကြီးထွားလာပါရေ။ ယင်းကြောင့်တပ်ခွဲတိ အများအပြားခွဲပနာ စစ်ရေးအရအရေးကြီးရေနီရာတိမာ တပ်စွဲထား၊ တစ်ပြည်လုံးမာ ပြန့်ကြဲင်းနီရေ ဗမာတပ်တိ တစ်ခုနန့်တစ်ခုအဆက်အသွယ် မလုပ်နိုင်အောင် ဖြတ်တောက်ထားလိုက်နိုင်ပါရေ။ ယင်းသေနင်္ဗျူဟာစွာ အလှပလှ အောင်မြင်ပါရေ။ ဗမာရို့အထိနာနီ ကတ်ဗျာလ်ဆိုရေသတင်းကို ကြားသိရရေအတွက် အင်းဝမင်းစွာ မင်းလှစည်သူကို ဦးစီးခန့်ပနာ ကြီးမားသော တပ်အင်အားကြီး တစ်ခုကို ရခိုင်ပြည်ဒို့ စီရွှတ်ပါရေ။ ယေကေလေ့ မိုးကျလာဗျာလ်ဖြစ်လို့ မင်းလှစည်သူစွာ သူ့တပ်အင်အားကို သရေ ခေတ္တရာ(ပြည်)မာ စခန်းချပနာ ရခိုင်ပါးဒို့ ချီတက်မှုကို ဆိုင်းငံ့ထားလိုက်ပါရေ။

ယင်းပိုင်အခြီအနီမျိုးမာ ရခိုင်ပြည်က ဗမာတပ်တိလေ့ တွိရေနီရာမာ ချေမှုန်းခံရရေအတွက် ဇာလုပ်ရမှန်းမသိ မျှော်လင့်ချက်ကင်းမဲ့ရေအဖြစ်ကို ရောက်နီကတ်ရပါရေ။

မိမိအနီနန့် အသာစီးရလာဗျာလ်ဆိုစွာ သိလာရေခါ ရခိုင်ဂေါင်းဆောင်ချင်းပြန်စွာ ကုလားတန်မြစ်ဇွ အနောက်ဘက် ဇာဝတီ/ဇေဝတီ (Zawadi Zaiwadi) မြို့မာ ဘိသိက်ခံပြီးကေ ဓနုဓမ္မရာဇာဘွဲ့ကို ခံယူလိုက်ပါရေ။ သူ့ဘွဲ့နာမည်ပါရေ ဒင်္ဂါးတိ ကိုလေ့ခပ်နှိပ်ပါရေ။ ငွေကြေးတတ်နိုင်ရေ အမျိုးသား၊ အမျိုးသမီးတိပါးက တစ်ယောက်ကို ၂၁ ရူပီစီ အခွန်ကောက်ခံပါရေ။ ယင်းပိုင်နန့်ပင် **ဗိုလ်ချင်းပြန်စွာ မင်းဆိုးမင်းညစ်တစ်ပါး** ဖြစ်လာလတ်ပါရေ။ ပြောဆိုအကြံပီးမှုတိကိုလေ့ မနာယူ၊ ထိုးကန်း လုပ်ပနာ ရက်စက်ကြမ်းကြုတ်လာပါရေ။ နောက်လိုက်ငယ်သား တိကိုလေ့ ညှာတာ ထောက်ထားမှု မဟိရေအတွက် တဆတ်ဆတ် နန့် ဗိုလ်ချင်းပြန်ကို အကြည်ညိုပျက်လာ ကတ်ပါရေ။ ဗိုလ်ချင်းပြန်ဇွ အာဏာလွှမ်းမိုးမှု တာမရှည်ခစွာ ယင်းပိုင်အကြောင်းခံတိ

ကြောင့်ပါ။ ရခိုင်ပြည်သူ လူထုရို့ဇွ အမြင်မာ ချင်းပြန်နန့် စာကေဗမာရို့ဇွနှိပ်စက်ညှင်းပမ်းမှုပင်က သက်သာ သို့ယင့်ဆိုစွာမျိုးဖြစ်လာရေအတွက် ဗမာတိက နောက်ပိုင်းထိုးစစ်ဆင်တိုက်ခိုက်လာရေအခါ ဗမာတိကိုရာ အကူအညီပီးကတ်လီပါရေ။ မြောက်ဦးမြို့ဝန် ငထင်ကျော်စွာ စစ်ရေးကျွမ်းကျင်ရေ တပ်တစ်တပ်ကို ဦးစီးပနာ ချင်းပြန်ကို တိုက်ခိုက် နှိမ်နှင်းပါရေ။ ရခိုင်ပြည်အနှံ့ တပ်စွဲထားရေချင်းပြန်တပ်တိ ကိုလေ့ အနိုင်ရလိုက်နိုင်ပါရေ။ ယင်းခါကပင်စလို့ ချင်းပြန်ဇွ သြဇာအာဏာနန့် ချင်းပြန်အပေါ် နောက်လိုက်ငယ်သားရို့ဇွ ယုံကြည် အားထားမှုတိ ယုတ်လျော့လာလတ်ပါရေ။

ဗမာတပ်တိ ချီတက်တိုက်ခိုက်လာရေအတွက် ရခိုင်တပ်မှူးသျှေတိလေ့ ဓာဝတီ/ ဖေဝတီမြို့ဒို့ ထွက်ပြီးလာကတ်ပနာ ဘုရင်ချင်းပြန်ပါးမာ မိမိရို့ဇွယှုံးနိမ့်မှုကို အစီရင်ခံလာကတ်ပါရေ။ ဓာပိုင်လုပ်ကေ အကောင်းဆုံး ဖြစ်ဖို့လေ့ဆိုစွာ ဆွေးနွေးတိုင်ပင် ကတ်တေအခါ တစ်ယောက်ကလေ့ တစ်ခွန်းမဟကတ်ပါဗျာလ်။ ဗိုလ်မှူးတစ်ယောက်ကရာ ဇေ့ဂုအခြီအနီကိုရောက်လာပြီးမှ စုစည်းခုခံလို့ အောင်မြင်ကေလေ့ အကျိုးမဟိဗျာလ်ဖြစ်ကြောင်း၊ ဒေခန်းမကို စွန့်ခွာလားစွာရာ ကောင်းဖို့ဖြစ်ကြောင်း ပြောဆိုတင်ပြပါရေ။

နောက် ၄-၅ ရက်အကြာမာ ဗမာတပ်တိချီလာဗျာလ်ဆိုစွာ ချင်းပြန်သတင်းရပါရေ။ တပ်တိကိုစုစည်းပနာ ရန်သူကို ရင်ဆိုင်ဖို့ထွက်ပါရေ။ ယေခါတပ်မှူးတိက ချင်းပြန်ဇွ အမိန့်ကိုမနာယူကတ်ပါဗျာလ်၊ ပြန်တိုက်ဖို့ ငြင်းဆန် ကတ်ပါရေ။ ချင်းပြန်နန့် သူ့တပ်တိလေ့ တကွဲတပြားထွက်ပြီးဖို့ကျလားပါရေ။ မျှော်လင့်ချက် မဟိဗျာလ်ဆိုစွာ သိလာရေအတွက် ချင်းပြန်ရေ နောက်လိုက်နောက်ပါရို့ကို စုစည်းပနာ စစ်တကောင်း ဗြိတိသျှ ပိုင်နက်ထဲကို ဝင်ပြီးရပါရေ။

ချင်းပြန်ကိုသူရို့လက်ထဲအပ်ဖို့ ဗမာမြို့ဝန်ဇွ တောင်းဆိုချက်ကို အင်္ဂလိပ်တိက ပြတ်ပြတ်သားသား ငြင်းပယ်ပစ်ပါရေ။ ယေခါ ဗမာမြို့ဝန်က ချင်းပြန်ဇွ နောက်လိုက်တိထဲက ရသမျှကို ကတိအမျိုးမျိုးပီးပနာ သွေးဆောင်ပြန်ခေါ်ပါရေ။ ပြန်ပါလာရေ ရခိုင်သားတိကို ရခိုင်ပြည်ရောက်စွာနန့်အပြတ်ယှင်းပစ်လိုက်ပါရေ။ ယင်းကစလို့ ဗမာပြည်နန့် ရခိုင်ပြည် နှစ်ခုစလုံးမာ ရခိုင်သား တိကို မျိုးဖြုတ်သုတ်သင်ပွဲတိ ဖြစ်လာလတ်ပါရေ။ ချင်းပြန်ဇွ ပုန်ကန်မှုစွာ စုစုပေါင်းတစ်လရာ ခံခပါရေ။

ပထမဆုံးရခိုင်မြို့ဝန်စွာ မင်းကြီးကျော်ထင်ပါ။ အုပ်ချုပ်ပြီးလို့ ၁၈-လအကြာ (၁၁၇၅ ခုနှစ်)မာ ကွယ်လွန်ပါရေ။ နောက် မဟာနော်ရထာမြို့ဝန် ဖြစ်လာပါရေ။ ၁၁၇၄-၁၁၇၅ (ခရစ် ၁၈၁၂-၁၈၁၃)ကာလအတွင်း ရခိုင်ပြည်မာ ဒုဗ္ဘိက္ခန္တရကပ် အကြီးအကျယ်ဖြစ်တေအတွက် လူထောင်ပေါင်းများစွာ သီကြီကတ်ရပါရေ။

၁၁၈၀ ခုနှစ် (ခရစ် ၁၈၁၈)မာ ရမ်းဗြဲမြို့ဝန် နေမျိုးသူကအရှိအိန္ဒိယကုမ္ပဏီပါးဒို့ စာရီးအကြောင်းကြားပါရေ။ စစ်တကောင်းနယ်က တချို့သောနယ်တိကို ရခိုင်က အစဉ်အလာပိုင်ဆိုင်ကြောင်း၊ ယင်းကြောင့် ရောင်ပူ၊ ကောက်ပဇား၊ ကောက်တီးယားနန့် ဝန်းကျင်ဒေသတိမာ နီထိုင်ကတ်တေ (ရခိုင်) မိသားစုတစ်သိန်းစွာ ဗမာရို့ဇွ အုပ်ချုပ်မှုအောက်မာ ဟိကြောင်း တောင်းဆိုစွာပါ။ ယပြီးကေ ယင်းရခိုင်သားတိမာ ဗမာအစိုးရကို အခွန်ဆက်သရဖို့၊ မပီးခကေ အင်္ဂလိပ်တိကို တိုက်ခိုက်ဖျက်ဆီးပစ် ဖို့လို့လေ့ ဖော်ပြထားပါရေ။

ဘုရင်ခံချုပ်က ရန်ကုန်မြို့ဝန် သတိုးမင်းလှပါးကို စာရီးပနာ ဗမာတိကစစ်တိုက်ခိုက်ဖို့ အလိုဟိရေဆိုကေ သူ့ဖက်ကလေ့ ယင်းကိစ္စအတွက်အဆင်သင့် ပျင်ဆင်ထားကြောင်း၊ ယင်းပိုင်ရာ စစ်ပြိုင်တိုက်ခိုက် ကတ်ဖို့ဆိုကေ ဗမာရို့ဖက်ကထောင်ပြတ်သောင်းပြတ် သီပျောက်ကတ်ဖို့စွာကို တွက်လို့သူသည်းခံနီစွာဖြစ်ကြောင်း အကြောင်းကြားလိုက်ပါရေ။ (၆)နှစ်အုပ်ချုပ် ပြီးရေနောက်မာ ရခိုင်မြို့ဝန် မဟာနော်ရထာကို ရာထူးကနုတ်ပယ်လိုက်ပါရေ။ ကြာရှိုးဆိုရေလူက မင်းကြီးကျော်ထင်ဘွဲ့ခံပနာ ၁၁၈၁ (ခရစ် ၁၈၁၉)မာဆက်ခံပါရေ။ ဒေပုဂ္ဂိုလ်ကတော့ ခါသူပြုမှုဆောင်ရွက်တေ ကိစ္စအားလုံးမာ မတရားပြုကျင့်သူဖြစ် ပါရေ။ အမှန်စကား တစ်ခွန်းမဆိုဘဲ အခွန်ငွေကိုလေ့ အခမ္ဘအပိုကောက်ခံပါရေ။

ခရစ် ၁၈၁၉ မာ ဘိုးတော်ဘုရား လွန်ပါရေ။ စစ်ကိုင်းမင်း (ခေါ်) ဘကြီးတော် နန်းတက်ပါရေ။ အင်္ဂလိပ်ရို့ဇွ ခွင့်ပြုချက်အရ ဘိုးတော်ဘုရားဇွ အရှိုးတိကို ဗုဒ္ဓဂါယာမာ မြုပ်နှံပါရေ။

ရခိုင်မြို့ဝန်ကြာရှိုးစွာ (၂)နှစ် အုပ်ချုပ်ခပါရေ။ ၁၁၈၃ (ခရစ် ၁၈၂၁)မာ မင်းကြီးကျော်စွာ ဆက်ခံပါရေ။ ၁၁၈၅ မာ ပထမအင်္ဂလိပ်-ဗမာစစ်ဖြစ်ပွားပါရေ။ အကြောင်းရင်းက ဒေပိုင်ပါ။

ရခိုင်ပိုင်နယ်နန့် အင်္ဂလိပ်ပိုင်နယ်ကြားမာ နတ်မြစ်က ခွဲခြားထားပါရေ။ ယင်းမြစ်မာ ရခိုင်ရို့က သျှင်မဖြူလို့ ခေါ်ရေ ကျွန်းတစ်ကျွန်း ဟိပါရေ။ ဒေကျွန်းပိုင်ဆိုင်မှု အငြင်းပွားရာက စစ်ပွဲဖြစ်လာရစွာပါ။

ပထမခါ ဗမာရို့က ယင်းကျွန်းမာ စခန်းချပါရေ။ တစ်ရက်နို့ခါ အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်က ရခိုင်သားတစ်ယောက်စွာ စပါးလောင်းနန့် ယင်းကျွန်းနားက ဖြတ်လားပါရေ။ ဗမာတပ်က ပစ်ခတ်လို့ ယင်းလူသီရ လီပါရေ။ ကျန်ရေလူတိ လက်လွတ်ထွက်ပြီးပနာ အကြောင်းစုံကို စစ်တကောင်း အုပ်ချုပ်ရေးမှူးပါးမာ တင်ပြတိုင်တန်း ကတ်ပါရေ။ အုပ်ချုပ်ရေးမှူးက ဘုရင်ခံချုပ်ပါးကို ထပ်ဆင့်အစီရင်ခံပါရေ။ ပြဿနာကို အကောင်းဆုံး ဖြေယှင်းဖို့အတွက် မေစတာရောဘတ်ဆန်ကို စစ်တကောင်း အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ပါရေ။ ယင်းအရာဟိက အင်္ဂလိပ်ရို့ဇွ အကျိုးစီးပွားကို ကာကွယ်ဖို့ဆိုရေ ရည်ရွယ်ချက်နန့် စစ်သားတပ်ခွဲတစ်ခုကို သျှင်မဖြူကျွန်းမာ တပ်စွဲလိုက်ပါရေ။

ယင်းချင့်ကို ဗမာရို့က ခိုးကြောင်ခိုးဝှက် လာရောက်တိုက်ခိုက်တေအတွက် တပ်ခွဲမှူးထွက်ပြီးလားရပါရေ။ အကြောင်းစုံကို မေစတာရောဘတ်ဆန်က ဘုရင်ခံချုပ်ပါးဒို့ အစီရင်ခံပါရေ။ ဘုရင်ခံချုပ်က ရခိုင်ပြည်မာဟိရေ ဗမာတပ်တိကို တိုက်ထုတ်ပစ်လိုက်ပနာ ရခိုင်ပြည်ကို အင်္ဂလိပ်လက်အောက်ဒို့ သိမ်းသွင်းဖို့ အမိန့်ထုတ်ပြန်ပါရေ။

**ဦးစံရွှေဘု**

မဟာရာဇဝင်နန့် ရခိုင်ရာဇဝင်ရို့ကို အခြီခံစွာပါ။
Arakan Under Burmese Rules (1784-1824AD)

# ရခိုင်စာနန့်ကျောက်စာယှင်းလင်းချက်

ရခိုင်သားတိ မီးရေ မီးခွန်းတချို့ ရှက်ကောင်းထမန်း ပေါ်ထွက်ခပါရေ။

ရခိုင်မာ အမျိုးသားဝတ်စုံ ဟိလား၊
ရခိုင်မာ စာကား အမှန်ဟိလား၊
ရခိုင်နိုင်ငံ ဟိခစွာ ဟုတ်ယင့်လား၊
ဘင်္ဂလား(၁၂)ခရိုင်ကို ပိုင်ခစွာ ဟုတ်ယင့်လား

အစဟိရေ မီးခွန်းတိကို ရခိုင်ပညာသျှင်ရို့ ဖြေယှင်းပီးခပြီးပါယာ။ အကျွန်လေ့ မလေးသျှားမာ ကြားနီရရေ အယူအဆတရပ်ကို စေတနာရှိထားပနာ ဖြေကြားပီးနိုင်ရေ အပိုင်းဖြစ်လို့ ဖြေကြားလိုက်စွာ ဖြစ်ပါရေ။ မီးခွန်းတိကို ကြားရေခါ အကျွန် စိတ်မကောင်း ဖြစ်ရပါရေ။ မီးခွန်းသျှင်တိရေ ဘူးသီးအဆင့်မြင့် ပညာကို သင်ကြားပြီးထားသူတိ ဖြစ်နီပါရေ။

(၁)ဇေဂု ရခိုင်စာဆိုပြီးကေ ရီးနီကတ်စွာရေ
ဗမာအက္ခရာနန့် ရီးနီစွာ မဟုတ်လား လတ်။
(၂)ထိုခေတ်မာ တစ်မျိုး၊ ဒေခေတ်မာ တစ်မျိုး အမျိုးမျိုးဖြစ်နီရေ၊ ဇာမာလေး ရခိုင်စာလတ်။
(၃)ရခိုင်စာနန့် ရီးရဖို့ဆိုစွာ ကျောက်စာနန့် ရီးရဖို့စွာလားလတ်။

(၁)ရခိုင်စာကို ရခိုင်ကိုယ်ပိုင် ရက္ခဝဏ္ဏအက္ခရာနန့် ရီး ပါရေ။ **ခွဲခြမ်းစိတ်ဖြာပြီး တိတိကျကျပြောရကေ ရခိုင်စာ့ နာမည်အရင်းက ရက္ခဝဏ္ဏအက္ခရာကို ပြောစွာပါ။ ရက္ခဝဏ္ဏ အက္ခရာ(ကကြီး၊ ခခွေးအစဟိရေ ဗျည်း–၃၃လုံး) နန့် ရခိုင်လီသံကို ဖော်ကျူးရီးထားရေ စာစွာ ရခိုင်စာ အစစ် အမှန် ဖြစ်ပါရေ။**

ယကေ ရခိုင်ပြည်မာ တွိရရေ တခြားစာတိကို ရခိုင်စာ မခေါ်လား။ မီးစရာဟိပါရေ။ ရခိုင်ရို့နီရေ မြီကို ရခိုင်မြီ လို့ ခေါ်ကတ်တေပိုင် ရခိုင်မြီမာ တွိရရေစာတိဖြစ်လို့ ရခိုင်စာ ဆိုပြီးကေ ရောထွီးပနာ ဒေါင်းတောကျီးရော ခေါ်ကတ်စွာပါ။ ရခိုင်စာ အစစ်အမှန် မဟုတ်ပါ။ ပြောရဖို့ဆိုကေ နာမည်အဖျား ပါရာ။ မဟုတ် လား ဟုတ်တေ၊ ဟုတ်လား မဟုတ် ဆိုရေပိုင် ဖြစ်နီပါယာ။ တစ်ဝမ်းတည်းထွက်မဟုတ်တေ အမိမာ ဇးမသားကို အစ်ကိုလို့ခေါ်ရေပိုင် အိမ်ကအစ်ကိုကိုလေ့ အစ်ကို။ **အခေါ်ချင်းတူကေလေ့ အရင်းအဖျားကား မတူပါယေ။** ရခိုင်သားစာရီးဆရာ စာရင်းတစ်ခုထဲမာ ဆန်းလွင်ကို ရခိုင်သားအဖြစ် စာရင်းထည့်ထားရေပိုင်ပါလေး။ ရခိုင်စာ အခေါ်ချင်းတူကေလေ့ရက္ခဝဏ္ဏအက္ခရာကိုယ်ရုံ ဆင်မြန်း ထားစွာရေ မိခင်အရင်း ဖြစ်ပါရေ။ အိန္ဒိယ ပြည်မြောက်ပိုင်းက ဆာရီဓြုံ ထားရေ မိန်းမကား အဘောင်မ ဖြစ်ပါရေ။ ဆိုကေ ရခိုင်စာလို့ ပြောလိုက်စွာနန့် ရောရှူဝ ရခိုင်စာနန့်တသီးတသန့် ရခိုင်စာ (၂)ပိုင်း ဟိရေဆိုစွာကို ခွဲခြားသိသင့်ပါရေ။

ဂိုးသျှေရို့ ရက္ခဝဏ္ဏအက္ခရာ ခေါ်ရေ ကကြီး၊ ခခွေး အစဟိရေ ဗျည်းတိနန့်ရီးထားရေ စာတိမကန်ဟိပါရေ။ ရက္ခဝံလက် အမှတ်(၁) ထဲက မောင်ဗသိန်းစုစည်းတင်ပြရေ ရခိုင်သင်ပုန်းကြီး ဆောင်းပါးထဲမာ ရက္ခဝဏ္ဏအက္ခရာနန့် ရီးထားရေ ကျောက်စာတိ မကန်မကန်တွိခရပြီး ဖြစ်ပါလိမေ။

(၂)ထိုခေတ်မာတစ်မျိုး၊ ဒေခေတ်မာတစ်မျိုး အက္ခရာတိ အမျိုးမျိုးဖြစ်နီရေ ဇာမာလေး ရခိုင်စာလတ်။ မှန်ပါရေ။ ရခိုင်ရို့မာစာတိကို ထိုခေတ်မာတစ်မျိုး ဒေခေတ်မာ တစ်မျိုး အမျိုးမျိုး ရီးခကတ်ပါရေ။ ကရဲ့သံ တပွေပါနီလို့ တစိသျှေ ယှင်းပြချင်ပါရေ။ ရက္ခဝဏ္ဏအက္ခရာ ခေါ်ရေ ရခိုင်စာ ဖြစ်တည်လာ ဖို့အတွက် အမျိုးမျိုးသော အိန္ဒိယပြည်မြောက်ပိုင်း အက္ခရာတိက ကျေးဇူးပြုခပါရေ။ ရှီးမှီနောက်မှီ မဟိဘဲ ရက္ခဝဏ္ဏအက္ခရာလို့ တုံးခနဲ၊ တိခနဲ၊ ဘွင်းခနဲနန့် ဖြစ်တည် လာစွာ မဟုတ်ပါ။ ရက္ခဝဏ္ဏအက္ခရာ အဖြစ်ဆက်နွယ် ဆင်းသက်လာစွာရာ ဖြစ်ပါရေ။ ဒေအချက်ကို မျက်ခြီ ပြတ်လားစွာ ဖြစ်ပါဖို့။ **'ဝေသာလီ ခေတ်နှောင်းပိုင်းမာ ရက္ခဝဏ္ဏအက္ခရာ စတင်ပေါ်ပေါက် လာရေ'**ဆိုရေ နောက်ဆုံး သုတေသန ရလဒ်ကိုလေ့ ကြားဖူးပုံမရပါ။

(၃)သူရို့ပြောကတ်တေ အထဲမာ ကျောက်စာ ဆိုစွာက သာမန်လူရို့ ဖတ်ဖို့မလွယ်ရေစာ၊ တနည်းအားဖြင့် ကောက်လီ ကောက်လောက်နန့်စာ၊ တနည်းအားဖြင့် ရက္ခဝဏ္ဏအက္ခရာ နန့်ရီးထားစွာ မဟုတ်တေ စာတိကို ဆိုလိုစွာပါ။ ရခိုင်ပြည်မာ တွိရရေ ကျောက်စာတိုင်း ရခိုင်စာ(ရက္ခဝဏ္ဏအက္ခရာ) နန့် ရီးထားစွာမဟုတ် ဆိုစွာကိုသတိပြုဖို့လိုပါရေ။ **ကျောက်မာ ရီးရဖို့စာဆိုပနာ တသီးတခြားမဟိပါ။ ဇာစာပင်ရီးရီး၊ ကျောက်ထက်မာ ရီးထားရေအတွက် ကျောက်စာ လို့ ခေါ်ရစွာပါ။ ကျောက်စာဆိုစွာ နီရာကိုညွှန်းစွာ ဖြစ်ပါရေ။ အက္ခရာပုံစံကို ညွှန်းစွာ မဟုတ်ပါ**။ ရခိုင်မာ အမျိုးမျိုးသော အက္ခရာတိနန့် စာတိတွိရရေပိုင် နီရာအမျိုးမျိုးမာလေ့ ရီးထားခ ကတ်ပါရေ။ ကျောက်၊ အုတ်ခွက်၊ ဒင်္ဂါး၊ ကြီးပြား၊ ပုရပိုက်၊ ခေါင်းလောင်း စရေနီရာ အမျိုးမျိုးမာ ဆိုင်ရာစာတိကို ဂနို့တိုင် တွိနိုင်ပါရေ။ ရခိုင်စာကို ကျောက်ထက်မာလေ့ တွိနိုင်ရေပိုင် အုတ်ခွက်မာလေ့တွိနိုင်ပါရေ။ ဒင်္ဂါးမာ ရီးနိုင်ရေပိုင် အရီပြား ထက်မာလေ့ မှင်စာအဖြစ် ရီးနိုင်ပါရေ။

အထက်ပါမီးခွန်းတိကို အကျွန့်နားနန့် တိုက်ရိုက်ကြား ဖူးခကေလေ့ အားနာရေအတွက် မရီးအင်ခပါ။ သူငယ်ချင်း တိလေ့ဒေပိုင်မီးခွန်းမျိုးတိကို မကြာမကြာ ဖြေယှင်းပီးနီ ရကြောင်း၊ အများသိအောင် ရီးသင့်ကြောင်း တိုက်တွန်း လာကတ်လို့ ရီးသားလိုက်ရခြင်း ဖြစ်ပါရေ။ ရခိုင်အကျိုးပြု အတွက် အမှန်တရားသျှေတစ်ခု တင်ပြခွင့်ရရေအတွက် ရက္ခဝံလက်(ရခိုင်စာပီရှင့်ပြင်)ကိုကျေးဇူးတင်မိပါရေ။

အစာငတ်ကေ တစ်ရက်၊ စာငတ်ကေ တစ်သက်

**စာဖွဲ့မကျီ ကဿပနဒီသား**

# ရခိုင်ဂေါင်းဆောင်ကြီးရို့ လက်ထဲမှ ပြည့်ကံကြမ္မာနန့် ရခိုင်ရို့ဇ ရက္ခိတခြင်းများ

## ခါးသွားထက်က ဂေါင်းဆောင်မှုတာဝန်

နိုင်ငံတစ်နိုင်ငံပင်ဖြစ်ဖြစ်၊ လူမှုအသိုင်းအဝိုင်း တစ်ခုပင် ဖြစ်ဖြစ်၊ အဖွဲ့အစည်းကြီးငယ်တစ်ခုပင် ဖြစ်ဖြစ် ယင်းရို့ဇ အနာဂတ် သည် ဆိုင်ရာဂေါင်းဆောင်ရို့ဇ ဦးဆောင် စီမံနိုင်မှု အရည်အချင်း၊ အသိပညာ–အတတ်ပညာ ရီချိန်၊ အိုင်ဒီယာကောင်း မွီးထုတ်ပီး နိုင်မှု၊ လားရာအမြင်၊ အမှား အမှန် ဆုံးဖြတ်ချက်...စသည်ရို့အပေါ် အများကြီး မူတည်နီပါ လိမည်။ ဂေါင်းဆောင်တစ်ဦး(သို့) ဂေါင်းဆောင်တစ်စုဇ အထူး ပြောင်မြောက်သော စွမ်းဆောင်မှုသည် နိုင်ငံ(သို့)အဖွဲ့အစည်း တစ်ခုဇအနာဂတ်ကို အကောင်းဆုံးစံချိန် တင်နိုင်ရေပိုင် ဂေါင်းဆောင်ရို့ဇ ညံ့ဖျင်းသော ဦးစီးဦးဆောင်မှု၊ အဆုံးအဖြတ် မှားယွင်းမှုတစ်ချက်သည်လေ့ ဆိုင်ရာနိုင်ငံ၊ လူ့ဘောင် အဖွဲ့အစည်းဇ အနာဂတ်ကံကြမ္မာကို ကြယ်တစ်ခုန်၊ ကြက်တစ်ခွပ် အချိန်တွင်းမာပင် ကြီးစွာသော ဆန့်ကျင်ဖက် ပြောင်းလဲမှုတိနန့် ကံဆိုးမိုးမှောင်ကျလားနိုင်ပါသည်။

## ရခိုင်ဂေါင်းဆောင်တိနန့် ဆုံးဖြတ်ချက်များ

ရခိုင်ပြည်သည် ဘီစီ ၆ ရာစုမှ အေဒီ ၁၈ရာစုအထိ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနန့် သမိုင်းတလျှောက် တခမ်းတနား မားမားမတ်မတ်ကြီး ရပ်တည်နီလာခသည်။ ၁၇၈၄ ရောက်မှရာ ဘဇာကြောင့်အချုပ်အခြာအာဏာ ကျယ့်ုးပနာကိုလိုနီကျွန်ဘဝကို ကျရောက်လာရပါသနည်း။ ကိုလိုနီသွီး ဆာနီသော ပဒေသရာဇ် ဗမာမင်းယုတ်ရို့ဇ သစ္စာမဲ့၊ နယ်ချဲ့ကျူးကျော် သိမ်းပိုက်ခ ခြင်းကြောင့် ဖြစ်သည်ဟု စွပ်စွဲကတ်သည်။ တချို့က ရခိုင်နိုင်ငံဂေါင်းဆောင်များ အာဏာရဖို့အရေး အုပ်စုပြိုင်၊ ဘက်ပြိုင် အင်အားပြိုင်ဆိုင်မှု ကြောင့် ဖြစ်သည်ဟုဆို၏။ တချို့ရို့ ကောက်ချက်မာကား ရခိုင်ပြည်သူရို့ဇ စည်းလုံးညီညွတ်မှု ပျက်ပြားခြင်းကြောင့်ဟု သုံးသပ်ကတ်သည်။ တချို့ရို့မာလေ့ အသားမှ ထွက်သော လောက်၊ အမျိုးနာ ပြည်သစ္စာဖောက် လူတစ်စုဇ ပယောဂ ကြောင့်ကျရောက်ရသည်ဟု သုံးသပ်ကတ်သည်။ အကြောင်း အမျိုးမျိုး ဟိနိုင်သည်၊ ဖြစ်နိုင်သည်။ ဇာပင်ဖြစ်ဖြစ် ယင်းအကြောင်းပြချက်တိ အများကြီးထဲက ရခိုင်ပြည်ကြီး ကျ ဆုံးရခြင်းမာ ရခိုင်သားရို့ဇ ပယောဂ ၊ အထူးသဖြင့် ရခိုင်ပြည် ဂေါင်းဆောင်ရို့ဇ (ပယောဂ) ဆုံးဖြတ်ချက် မှားယွင်းခြင်း ကြောင့်လေ့ ဖြစ်သည်ဟု ပြောကေမှားပါမည်လား။ ဆက်ကတ် ပါဦးမေ။

## နန်းလိုက်ကာနောက်ကွယ်က မဟာနွယ်တစ်သိုက်

၁၇၈၄–ခုနှစ် ရမ်းဗြဲစားသတိုးအောင်က မဟာ သမ္မတရာဇာမင်းနာမည်နန့် မြောက်ဦးမြို့၌ နန်းတက်သည်။ ထိုမင်းမာ အများကရွီးကောက်တင်မြှောက်ခြင်းခံရသော မင်းဟု ဆိုနိုင်သော်လေး ပြည်သူ့ဆန္ဒအရ ဒီမိုကရေစီ (Democracy) ကျကျ ရွီးကောက်တင်မြှောက်မှုစနစ်မဟုတ်ဘဲ နန်းတွင်းဟိ အထက်တန်း လူတစ်စုက ရွီးကောက် တင်မြှောက်သောစနစ် (Mobcracy) အဆင့်ရာ ဖြစ်ခသည်။

*ရခိုင်ပဒေသရာဇ်မြီသျှင်စနစ်မာ အရိစတိုကရေစီ (istocracy) ခေါ် သုခမိန်ထိန်းကွပ်ရေးစနစ် ခိုင်နောင်းကေလေ့ နောက်ပိုင်းကာလ လူအုပ်ဝါဒခေါ် မောဘ်ကရေစီ(Mobcracy) ထွန်းကားစပြုလာပါသည်။ ကိုယ်ရုံတော်တပ်ရို့က အချုပ်အခြာ အာဏာကို ကြိုးဆွဲလာလတ်၏။ မြို့စား၊ ရွာစားတိ(Feudal lords) က နန်းလုလာလတ်၏။ (ဇာလုပ်ကတ်ဖို့လေး–စာ– ၁၃– စံကျော်ထွန်း(မဟာဝိဇ္ဇာ))*

သို့နန့် မင်းသွီးပါသော မင်းသားဟရီကို နန်းတင် နိုင်စီဖို့ ငသံဒွေရို့ဦးဆောင်သော ရခိုင်ဂေါင်းဆောင်တိ ဗမာဘုရင် ဘိုးတော်မောင်ဝိုင်းနန့် မဟာမိတ်ဖွဲ့ကာ ရခိုင်ပြည်ကို သိမ်းပိုက်ဖို့ကြံစည် ဆုံးဖြတ်ခရာကနီ ဗမာရို့ဖက်မှ ကတိဖျက်၊ သစ္စာမဲ့မှုကြောင့် ရခိုင်ပြည်ခမျာ ဇာပိုင်လေ့ နှုတ်ထွင်မရနိုင်သော ကိုလိုနီစူးတစ်ချောင်း စူးမိခရသည်။ ရခိုင်ရို့မာကား ရိပ်ပင်မရိပ်စားမိနိုင်ခ။ ကျူးကျော်လာသော နယ်ချဲ့တပ်တိကိုတောင် ရခိုင်ပြည်သူအများ အပြား ကြိုဆိုသူက ကြိုဆို၊ ထောက်ခံသူက ထောက်ခံ ၊ တိန်းသူက တိန်းနီလီကတ်လီခသည်။ အကျိုးဆက်ကား ရခိုင်တစ်ပြည် လုံးဇ ကံကြမ္မာပင်တည်း။ ဤသည်မာ ရခိုင်ဂေါင်းဆောင်များ ဆုံးဖြတ် ချက်မှားယွင်းမှုဇ အကျိုးဆက်ပင်ဖြစ်သည်။ ဒေထက်ဆက် နှိုက်ကြည့်ကေ ကိုယ့်နိုင်ငံအရေးအတွက် ပြည်ပကိုအားကိုးနန့် ဖြေယှင်းရန်ကြိုးစားခြင်းဇ အကျိုးရလဒ် ပင်တည်း။

## ဗြိတိသျှကျွန်ပုန်းဘဝထဲက ဝံသာနုဝါဒီများ

သို့ဖြင့် ရခိုင်ပြည်ကြီးထဲက ဗမာပဒေသရာဇ်ရို့ကို အပြတ်တိုက်ထုတ်မည့် ရခိုင်မျိုးချစ်များ တော်လှန်ရေးခရီးစဉ် ကြီးကို စတင်ကတ်ရလီသည်။ ဒေအတွက် အဖရခိုင်ပြည်ကြီး စစ်တလင်းပြင် ဖြစ်ခရသည်။ ထေရမြီကြီး သွီးစွန်းလား ခရသည်။ ရခိုင်ရို့ဇ အသက်သွီးပေါင်းများစွာရင်းပစ် ခကတ် ရသည်။

> 'ရက္ခိတ'နာမည်ခံကာ အမျိုးရောခြင်း၊ အမျိုးအပေါ် မစောင့်စွမ်းနိုင်ခြင်း၊ အမျိုးအပေါ် သစ္စာမဟိခြင်း၊ အမြတ်ထုတ်၊ သွီးစုပ်လိုခြင်း ရို့သည် မျိုးဖျက်ခြင်း (သို့) အမျိုးပျက် လာခြင်းမည်၏။ တနည်း ကိုယ့်အမျိုးသားအပေါ် သစ္စာဖောက်ခြင်းပင်တည်း။

ကိုယ့်အားကိုယ်ကိုး မရသည့်အဆုံး မင်းသားကြီး ရွှေဘန်း၊ မြို့သူကြီးအောင်ကျော်ဇံ၊ ဒေးဝန်းကြီး အောင်ကျော်ရွှီရို့ ရခိုင်နန့် အင်္ဂလိပ် ပူးတွဲတပ်ဖြင့် ၁၈၂၄–ခု မတ်လတွင် ဗမာ့ကျွန် အရီခံချွတ် (ကြီးသုံးကြီး) တော်လှန်ရေးကို စတင်ခကတ်သည်။ ရခိုင်ပြည်ကြီးသည် အင်္ဂလိပ်–ဗမာ ပထမစစ်ပွဲအပြီး ရန္တပိုစာချုပ် အရ ဗြိတိသျှရို့လက်ထဲ ပါလားသည်။ မျက်နှာဖြူ အုပ်ချုပ် မှုကြီး (၂)နှစ်ရာကြာလာသည်။ ရခိုင်ပြည် လွတ်လပ်ရေး အရိပ်အရောင်ကားမတွိ။ ယင်းကြောင့် ကြီးသုံးကြီး ဂေါင်း ဆောင်မှုရို့နန့် ရခိုင်မင်းမျိုး မင်းနွယ်တိ ဦးစီးပြီး ဗြိတိသျှနယ်ချဲ့

တော်လှန်ရေးကြီးကို တဖန်စတင်ခကတ်ရပြန်သည်။ စံရဖွေနန့် အပေါင်းအပါတစ်ကျိပ် ခြောက်ယောက်ရို့က ရခိုင်–မျက်နှာဖြူ နှစ်ဖက်ချွန်လုပ်ကာ သစ္စာဖောက်သည်။ တော်လှန်ရေးကြီးလေ့ ကျယ်ပွဲ့၊ ရခိုင်ပြည် ကြီးလေ့ နဂိုအနာမာ တုတ်ကျခံရသည်။ ဇာကြောင့်ပါနည်း။

## စည်းလုံးညီညွတ်မှု မဟိခြင်းကရာ တရားခံလား

ရခိုင်ပြည်ကြီးထဲ ကျားကဆွဲလို့ နွားကွဲရခြင်းလား၊ နွားကွဲလို့ ကျားဆွဲခြင်းလား။ တကွဲတပြားကြီးကို ဖြစ်လို့။ ကနဦးကပင် ရခိုင်အချင်းချင်း ချစ်ခင်၊ စည်းလုံး၊ ညီညွတ်ခကေ ဇာကြောင့် သူ့ကျွန်ဘဝကို ရောက်လားရပါမည်နည်း။ ဇာကြောင့် အမျိုးသားသစ္စာဖောက်မှု ပေါ်လာရမည်နည်း။ ဇာသူ့ကိုကားပစ်၍ ဇာသူ့နောက်ကိုကား လိုက်လို၊ အားကိုးလိုပါမည်နည်း။ အဖြေကယှင်းပါသည်။ စဉ်းစား သင့်လှသည်။ **ရခိုင်အချင်းချင်း စည်းလုံးညီညွတ်မှု မဟိသရွှိကာလပတ်လုံး ရခိုင်ပြည် ကြီးကား သူများကျွန်ဘဝနန့်ရာ ရှိဆက်နီရဦးမည်မာသီချာသည်**။ ဤအတွက် ရခိုင်သား အားလုံး (အားလုံး)တွင်တာဝန်ဟိသည်။ ရခိုင်ပြည်ကြီး လွတ်မြောက်ရေးအတွက် ရခိုင်သူ/သားတိုင်း စည်းလုံးတက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်းကတ်ရမည်။ တွဲလက်များ ခိုင်မြဲကတ်ဖို့ အရေးတကြီး လိုအပ်သည်။

## ရက္ခိတသည့်ပင် မျိုးချစ်ခြင်းလား၊ မျိုးစောင့်ခြင်းလား

ရခိုင်ဂေါင်းဆောင် ငသံဒွေသည် အမျိုးကိုအလွန်ပင် ချစ်သည်ဟုထင်သည်။ ပြည်တော်အရေး ကောင်းစားလို၍ ဗမာရို့နန့် မဟာမိတ်ဖွဲ့ ကြံဆောင်ရာကနီ သူချစ်သည့် ရခိုင်ပြည်ကြီး ဗမာကိုလိုနီပိုက်ကွန်ထဲက ဖြီထုတ်မရ ဖြစ်ခရသည်။ တစ်မျိုးသားလုံးလေ့ သူများလက်ခုပ်ထဲက ရီရာဖြစ်ခရသည်။ သူ့အမှားအတွက်သူကား သမိုင်း၌ သစ္စာဖောက်နာမည်ကိုရာရလိုက်သည်။ လူတိုင်းတော့ ကိုယ့်အမျိုးကို ချစ်တတ်ကတ်ပါသည်။ ဤနီရာ၌ ဗရမ်းဗတာ ချစ်ခြင်းလေ့ ဖြစ်ကောင်းဖြစ်မည်။ ဉာဏ်ပညာ အမြော်အမြင် မဟိပါဘဲနန့်အမျိုးကိုချစ်ခြင်းသည်အမျိုး ကိုနှစ်သတ်ခြင်း အဖြစ်သို့ အချိန်မရွှီးရောက် လားနိုင်သည် မဟုတ်ပါလား။ ချစ်ခြင်းသည် ဆုတ်ယုတ်၊ ချုပ်ချယ်၊ ပိတ်ဆို့၊ တားမြစ်ခြင်းလေ့ မဟုတ်ပေ။ စဉ်ဆက်မပြတ် တိုးတက်၊ ကောင်းစားစီလိုခြင်း၊ လမ်းဖွင့်၊ လမ်းပြပီးခြင်း ရာဖြစ်ရမည်။ လုံလောက်ပါဖို့လား။ အမျိုးကိုတော့ ချစ်ကောင်းချစ်နိုင်သည်။ အမျိုးကိုကား စောင့်နိုင်ပါဖို့လား။ ချစ်ခြင်းနန့်စောင့်ခြင်း အဓိပ္ပါယ်ချင်းက ကွာခြားလှသည်။ ရက္ခိတဟူသည် အမျိုးကို အကျင့်သီလဖြင့် ထိန်းသိမ်း စောင့်ယှောက်ခြင်း၊ တနည်း အမျိုးအပေါ်မာ သစ္စာစောင့်သိခြင်းပင်တည်း။ ရက္ခိတရို့ဇာ သင်္ကေတတိထဲက သင်္ကေတတစ်ခုမာ ဝံလက်ငှက်။ ဝံလက် (ဒေါင်းရန်)ဆိုသည်က မျိုးချစ်ခြင်း သတ်သတ်ရာမဟုတ်ဘဲ သတ္တိမာန်အပြည့်နန့် ရဲရင့်ပြတ်သားစွာ အမျိုးကို စောင့်ယှောက်၊ စောင့်ထိန်းခြင်းဟု အဓိပ္ပါယ်ဆောင်သည်။ အမျိုးကိုချစ်မှ အမျိုးကိုစောင့်မည်မာ မှန်ကန်နိုင်ကေလေ့ မျိုးချစ်တိုင်း မျိုးစောင့်နိုင်မည်မဟုတ်ပေ။ 'ရက္ခိတ'နာမည်ခံကာ အမျိုးရောခြင်း၊ အမျိုးအပေါ် မစောင့်စွမ်းနိုင်ခြင်း၊ အမျိုးအပေါ် သစ္စာမဟိခြင်း၊ အမြတ်ထုတ်၊ သွီးစုပ်လိုခြင်း ရို့သည် ကိုယ့်အမျိုးသားအပေါ် သစ္စာဖောက်ခြင်းပင်တည်း။ ဆင်ခြီစောဒကဟိနိုင်သည်။ ခေတ်နန့် မညီ၊ အမြင်ကျဉ်းသည် ဟု ပြောမည်။ လူလူချင်း အတူတူရာ အဖြူ၊ အမဲ မဟိစကောင်းဟုဆိုမည်။ အခြားသော ခြွင်းချက်တိလေ့ ထားလိုကတ်မည်။ ကမ္ဘာပေါ်၌ မည်သည့်နီရာဒေသမဆို အမျိုးသားအကျိုးစီးပွားအတွက်ဆိုကေ လူ့အမြင်များ (လူ့တန်ဖိုး၊ လူ့အခွင့်အရေးစံနှုန်းများ) ထင်သလောက်ခရီး မပေါက်ဖြစ်လားသည်ကို သတိပြုမိလိမည်။ သဘောပေါက်ကတ်ပါလိမည်။ အထူးသဖြင့် လူထုပါးကယုံကြည်အားကိုးမှုကို ခံယူကတ်သော ရခိုင့်မျိုးချစ် ဂေါင်းဆောင်ကြီးများသည် ကိုယ့်ပြည်နန့် ကိုယ့်အမျိုးအပေါ်သစ္စာဟိသင့်သည်။ အမျိုးစောင့်ထိန်းသင့်သည်။ ယေမှနောင်မျိုးဆက်များ ဖြောင့်ဖြောင့် လိုက်နိုင်ကတ်မည်ဖြစ်သည်။

## ကျူးလွန်ဝံ့ကတ်ဖို့သို့လား ဒေဆုံးဖြတ်ချက်အမှားမျိုး

ရက္ခိတရို့ကြောင့်ရသော ကျွန်ဝင္မနာကံနာရို့ကို ရက္ခိတရို့ဇာ သွီးအသက်ပေါင်းများစွာနန့် ပီးဆပ်ဆီးကြော ကုသလာသည်မာလေ့ အခါလင့်လာခပြီးဖြစ်သည်။ သမိုင်းဆိုးမွီတိကား သွီးပျက်စရာ၊ ရင်နာစရာ ကောင်းလွန်းသည်။ သံဝေဂရစရာလေ့ ကောင်းသည်။ ရခိုင်ရို့ အနာဂတ် လွတ်မြောက်ရေးလမ်းကား ဇေ့ထိ မှုန်ပြာနီတုန်း။ ရခိုင်အမျိုးသား တော်လှန်ရေးကြီးမာလေ့ အဆက်ဆက်အဟိန်ကောင်းကောင်းနန့် ခရီးဆက်နှင်နီရတုန်းသို့။ ဇာအချိန်ခါ အဆုံးသတ်ရပ်နားလို့ ဇာအချိန်ခါပင် သူ့ကျွန်ဘဝက လွတ်မြောက်ပြီး ရခိုင်နိုင်ငံတော်ကြီး ထူထောင်နိုင်ကတ်ရပါဖို့လေး။ ရခိုင်ရို့မာကား သွီးမတိတ်သည့် သမိုင်းနာကို ကုစားနီကတ်ရဖို့သို့။ မိမိရို့ရသင့်ရထိုက်သော လွတ်လပ်ရေးကို ရအောင်ယူကတ်ရဖို့သို့။ ဒေအတွက် နောက်ထပ် သွီး၊ အသက်ပေါင်းများစွာ ပီးဆပ်ကတ်ရဖို့သို့။ ဘဝပေါင်းများစွာ ရင်းကတ်ရဖို့သို့။ မပြီးဆုံးသို့သော အမျိုးသားရေးတိုက်ပွဲကိုလေ့ ဆင်နွှဲကတ်ရဖို့သို့။

တစ်ခုတော့တောင်းပန်လိုသည်။ ဒေအတိုးအတွင်း ရခိုင်ဂေါင်းဆောင်များ (ဟုထင်ရသောအမျိုးသားသစ္စာဖောက် ငသံဒွေ၊ စံရဖွေရို့ပိုင်) နောက်ထပ်တစ်ကြိမ် အမှားမကျူးလွန်မိဖို့လိုလိမည်။ အထူးသဖြင့် ဦးစီးဦးဆောင်ပြုမှုတိတွင် အဆုံးအဖြတ် မမှားယွင်းမိစီဖို့ လိုသည်။ ရခိုင်ဂေါင်းဆောင်ရို့ဇာ လက်တော်ထဲ ရခိုင့်အနာဂတ်၊ ရခိုင့်ကံကြမ္မာ ကြီးဟိနီသည်။ အတိတ်သမိုင်းထဲမှ အမှားဆိုးတိသည် အနာဂတ် သမိုင်းသစ်တိအတွက် အကောင်းဆုံးသင်ခန်းစာ ဖြစ်ပါလိမည်။ ကျွန်သက်(၂) ရာစုကျော်လာပြီးဖြစ်သည်။ ရခိုင်တစ်ပြည်လုံး အတိဒုက္ခရောက်စီမည့် ရခိုင်ပြည်ကြီးကို အနာတရဖြစ်စီဦးမည့် မည့်သည့် ဆုံးဖြတ်ချက် အမှားအယွင်းမျိုးမဆို ဂနို့ရခိုင်ဂေါင်းဆောင်များ(ယောင်ယောင်တိ) ဇာပိုင်နည်းနန့်လေ့နောက်ထပ် တစ်ကြိမ် မကျူးလွန်မိဖို့သတိကြီးစွာထားသင့်သည်။ ဂရုတစိုက်နန့်ပြုသင့်သည်။ ဉာဏ်ပညာအမြော်အမြင်ကြီးသင့်သည်။ လူမမာ ရခိုင်ပြည်ကြီးထပ်မံ၍ဒဏ်ရာ ဒဏ်ချက်တိအများအပြားပပြင်းထထန်မရစီ၊ မခံစားစီလိုသော ကြောင်းတည်း။

ဥက္ကာမောင် (မြောက်ဦး)



# အချစ်နန့်သစ္စာ

ကြီးကြီး (အရှိတိုင်းဗင်းနစ်)

အခန်း(၁)

ရှိလိပ်ဝရွာကား
ထိုအယင်ကနန့်မတူ။
လုံးဝ ကွဲပြားလားရေလို့
ဆိုရပါလိမေ။
ဇာဖြစ်လို့လေ့ဆိုကေ
အယင်ခါ ဗမာနယ်ခြား
စောင့်စစ်သားတိက
ရွာထဲဒို့ ဝင်ပနာ
ကြက်တောင်း၊
ဝက်တောင်း၊
ပေါ်တာခေါ်နန့်
ရွာသားအများစုမာ
စိတ်ဆင်းရဲခ ရပါရေ၊
ဇေဂုတော့ခါ ယင်းပိုင်
မဟုတ်ပါဗျာ။
ဇာဖြစ်လို့လေ့ဆိုကေ
ရွာဆီးခန်းဒို့ အသစ်ရောက်
ဟိလာရေ ဒေါင်တာ လင်းလင်းမွန်
ကြောင့်လို့ ဆိုရပါလိမေ။

လင်းလင်းမွန်စွာ
မွန်ရခိုင် က,ပျက်မသျှေ
တစ်ယောက်ဖြစ်ပြီးကေ ရန်ကုန်
ဆီးတက္ကသိုလ် ကျောင်းပြီးလို့
သူ့မိဖရို့ပါးဒို့ အလည်ပြန်လာ
ရာမာ ရှိလိပ်ဝရွာအတွက်
ဝါသနာအရ ကူညီလုပ်ကိုင်ပီးနီရေ
စေတနာ့ဝန်ထမ်း ဆရာဝန်မသျှေ
တစ်ယောက်လေ့ ဖြစ်ပါရေ။ သူမဇ့
ဖခင်မာကား တခြား လူမဟုတ်။
ကျောက်တော်မြို့နယ်၊
ဒေါင်းတော်ယိုးကျေးရွာအနီး
တပ်မက တပ်မှူး ဗိုလ်မှူးကြီး
ဦးလင်းမောင်ပင် ဖြစ်ပါရေ။
ယင်းပိုင်နန့် ဗိုလ်မှူးသမီးလေ့ဖြစ်၊
ဆရာဝန်မလေ့ဖြစ်ပြီးကေ
ရုပ်ရည်ကလေ့ မြင်လူမောပါအောင်
လှရေအတွက်နန့် လင်းလင်းမွန်ဇ့
ဂုဏ်သတင်း ဩဇာရို့မာ စစ်တပ်ထဲရာမက
နီရာအနှံ့မာ ထိရောက် စူးယှမှု ဟိနီရေ။

ယင်းကြောင့် တပ်ခွဲမှူးဗိုလ်ကြီး
ကိုယ်တိုင်ကသူ့အမိန့်မရဘဲ ဇာရဲဖော်လေ့
ရွာထဲဒို့မဝင်ရလို့ အမိန့်ထုတ်ပြန်ထား
လီယင့်။ ရှိလိပ်ဝတစ်ဖက်ကမ်း အိန္ဒိယကို
ချင်းလက်ချောင်းက စည်းခြားထားပြီးကေ
တောတောင်ထူပနာ ခရီးလေ့ဝီးရေ ဒေနီ
ရာကို လင်းလင်းမွန်ရောက်နီစွာ နှစ်လ
ကျော်ခဗျာ။ လင်းလင်းမွန်နန့် တတူ
လိုက်ပါလာရေ ဒေါင်းတော်ယိုးကျေးရွာ
က ဦးဖြူသီးအောင်၊ ဒေါ်ဦးဝေခိုင်၊ သမီး
ခိုင်ခိုင်ဝေရို့သားမိသားဖသုံးယောက်နန့်
တတူနီ ထိုင်ကတ်ပါရေ။

ဆီးခန်းကိုရွာဇွ အလယ်မြီကွက်
လပ်မာ မြီထိုင်အဆောက်အဦး အဖြစ်
သစ်ဝါးရို့နန့်လှပသီသပ်စွာ ဆောက်လုပ်
ထားရေပိုင် လင်းလင်းမွန်ရို့ နီထိုင်ရေ
အိမ်ကိုလေ့ ဆီးခန်းနန့် မနီးမဝီးတစ်နီ
ရာမာ စစ်တပ်ဇွအစီအစဉ်နန့် အလှပဆုံး
ဖြစ်အောင်စီစဉ်ပီးထားရေ။ ရွာဇွဝင်ပေါက်
ထွက်ပေါက်တိကို ဗမာနယ်ခြားစောင့်
တပ်ကနီရာယူထားပြီးကေ ရွာအပြင်
တောင်ကုန်းတစ်နီရာမာလေ့ စစ်စခန်းကို
အခိုင်အမာတည်ဆောက်ထားရေ။ အရှိ
ဘက်မာ သဘာဝတောင်တန်းကြီးတိ
ကာရံထားပြီးကေ အနောက်ဘက်မာ
ချင်းလက်ချောင်းက တသွင်သွင်စီးကျ
ပနာနီချင်စရာ ရွာသျှေတစ်ရွာပင်ဖြစ်တေ
လို့ဆိုနိုင်ပါရေ။

..........................

အခန်း(၂)

တန်းဆောင်မုန်းလဇွ လကွယ်
ညဥ့်တစ်ညဥ့်။ ထိုညဥ့်က လင်းလင်းမွန်
တစ်ယောက် အိပ်မိုးမကျနိုင်။ ထိုစဉ်းစား
ဒေစဉ်းစားနန့် အတွေးလွန်ပနာ သူမဇွ
စိတ်တိက ဂနာမငြိမ်ဖြစ်နီရေ။ လမိုက်
ညဥ့်ဇွ ကိုးနာရီဆိုရေ အချိန်ကား
တောင်မြင့် ဒေသပတ်ဝန်းကျင် တစ်ခု
လုံးကို မှောင်အတိဖုံးပနာ ကြောက်
လန့်စရာ ငြိမ်သက်တိန်းဆိတ်နီပါရေ။
ယင်းအချိန်မာပင် ဖခင်ပြောခရေ စကား
တစ်လုံးကို အလိုလိုကြား ယောင်ပြီးကေ
စိတ်မကောင်း ဖြစ်နီရေ။

သမီးကိုဘာဘာရို့ စစ်တပ်
ထဲကစစ်ဗိုလ်တစ်ယောက်နန့် နစပ်ဖို့
လတ်။ ထိုစကားကို ကြားယောင်မိတိုင်း
လင်းလင်းမွန် ရင်ဆို့ပနာ အိပ်ရီးပျက်
ခရေနို့ရက်တိ မနည်းပါဗျာ။ လင်းလင်း
မွန် အသျှေဘဝကပင် အမိသီဆုံးလားလို့
အမိဖက်က အဖိုးအဘောင်တိနန့်
မော်လမြိုင်မြို့မာ ရခိုင်တစ်ပိုင်းမွန်
တစ်ပိုင်း ကြီးပြင်းခပါရေ။ မိတဆိုး
မသျှေ လင်းလင်းမွန်ဘဝမာ အချစ်
ဆိုရေပန်းကား ဖူးပွင့်ရကောင်းမှန်း
တောင်မသိခ။ အိမ်နန့်ကျောင်း၊ ကျောင်း
နန့်အိမ်။ ရန်ကုန်ဆီးတက္က သိုလ်က
ဆရာဝန်ဘွဲ့ရရေအထိ ဇာယောက်ျား
ကိုလေ့ စိတ်ဝင်စားမှုမဟိခပါ။ ဇေုတော့
ခါစစ်တပ်ထဲက စစ်ဗိုလ်တစ် ယောက်နန့်
နရာချထားပီးချင်လို့လတ်။ ဒေအ
ကြောင်းတိကို လင်းလင်းမွန်ကြိုတင်
သိခွင့်ရခဖို့ဆိုကေ ကျောက်တော်မြို့ကို
လာဖြစ်လီဖို့မဟုတ်။ လင်းလင်းမွန်ဇွ
ဆန္ဒက ဖခင်ဟိစဉ်ရခိုင်ဘုရားစုံကို
ဖူးဖြစ်အောင်နန့် နယ်စပ်ဒေသမာဆီး
ကုသမှု ပြုလုပ်နိုင်ဖို့ဆိုရေ ရည်ရွယ်
ချက်နန့် ရောက်လာရခြင်းဖြစ်ပါရေ။
ယင်းပိုင်အတွေးလွန်နီစဉ်

"ဘုန်း ..ဂြုန်း"

ဆိုရေအသံတစ်သံက လင်းလင်းမွန်ဇွ
အတွေးစတိကို ရပ်ဆိုင်းလားစီပါရေ။
အိမ်နောက်ဖက် ပတင်းပေါက်က
သတ္တဝါတစ်ကောင်ဝင်ရေ အသံနန့်
တူနီရေ။ အိမ်နောက်ဖက် ပတင်းပေါက်
ကို ပိတ်ဖို့ မို့ကျန် ခလို့လား။ လင်းလင်း
မွန် စဉ်းစားကြည့်ရေ။ ယင်းကြောင့်
မိမိအနားမာ အိပ်နီရေခိုင်ခိုင်ကို လက်တို့
ပနာ အသာသျှေ နိုးလိုက်တေ။ငါးတောင့်
ထိုးဓာတ်မီးကို ခိုင်ခိုင်ကို ကိုင်ခိုင်း
ပြီးကေ ဖခင်ပါးကလက်ဆောင် ပီးထား
ရေသက်တော်စောင့်ပီစတိုကို အသာသျှေ
ယူပနာ နှစ်ယောက်သား စဖိုခန်းဒို့
ကြည့်ဖို့ ဆင်းလာကတ်တေ။ ခိုင်ခိုင်က
အိမ်နောက်ဖက် စဖိုခန်းကို ဓာတ်မီးနန့်
ထိုယမ်းဒေယမ်း မီးထိုး ကြည့်လိုက်တေ။
ပတင်းပေါက်ဝနားမာ လူတစ်ယောက်
မှောက်လဲကျ နီရေ။ ဒေပိုင်ကြောက်လန့်
ဖွယ်မြင်ကွင်းကို

<u>ဒေချွင့်သည်ပင်</u>

<u>တော်လှန်ရေးသမား</u>

<u>တစ်ယောက်ဇွ ဘဝ...</u>

<u>သူများကျွန်မခံချင်ရေ</u>

<u>ရခိုင်ရို့ဇွ ဘဝဗျာ...</u>

<u>ယင်းတွက်နန့် တစ်ဘဝမာ တစ်ခန္ဓာကို</u>

<u>တစ်ကြိမ်</u>

<u>တစ်ခါရာ ပီးလှူလို့ရရေ</u>

<u>အတွက်နန့်...</u>

မြင်စွာနန့် ခိုင်ခိုင်မာ အော်ဖို့ပျင်ရေ။
လင်းလင်းမွန်က မအော်ဖို့လက်ကာပြ
လိုက်တေ။ လဲနီလူမာ သွီးတိယိုစီးနီ
စွာကို လင်းလင်းမွန်မြင်လိုက်တေ။
တစ်ခန္ဓာလုံး ဒဏ်ရာတိ။ သူငရို့ကို
အန္တရာယ်မပီးနိုင်ဗျာ ။ ထိုစကား
နန့်အတူ လင်းလင်းမွန်က ရှိမာလဲနီ
ရေလူကိုအသီအချာ ကြည့်လိုက်တေ။
စစ်ယူနီ ဖောင်းနန့်ဖြစ်ကေလေ့ ထို
ပုဂ္ဂိုလ်မာ ဗမာစစ်သားတစ်ယောက်
မဟုတ်မှန်းသိသာရေ။ ဇာကြောင်းနန့်
လေ့ဆိုကေ သူဇွလက်မောင်းတစ်ဖက်
တစ်ချက်မာ A.L.A လို့ရီးထားရေ
စာလုံးကို အသီအချာမြင်လိုက်လို့
ဖြစ်ပါရေ။ ခိုင်ခိုင်က အဖနန့်အမိကို
လှမ်းခေါ်လိုက်တေ။ ကြောက်လန့်
စိုးရိမ်မှုတိကို ရှိတန်းတင်တတ်တေ
ဒေါ်ဦးဝေမာ စစ်တပ်နန့် ဥက္ကဋ္ဌကို
အကြောင်းကြားဖို့ ပြောကေလေ့
လင်းလင်းမွန်က "နအုံးပါသို့အရီး
တိုင်စွာကိုနောက်ထား အသက်ကို
ကယ်ဖို့ ဒဏ်ရာကိုအယင်စစ်ဆီး ကြည့်
ကတ်ပါမေ" လို့ပြောပနာ သတိမို့နီရေ
ထိုပုဂ္ဂိုလ်ကို လင်းလင်းမွန် အသီအချာ
စီးစစ်လိုက်တေအခါ ဘယ်ဖက်ခြီသလုံး
နောက်ကြွက်သား ဒဏ်ရာနန့် ညာဖက်
ရင်အုံမာ ကျည်ဆန်ကျထားရေ။ ခြီဒဏ်
ရာက ပြဿနာမဟိကေလေ့ ရင်အုံ
ဒဏ်ရာက အကြီးအကျယ်အသက်
အန္တရာယ်ဟိနီစွာကို လင်းလင်းမွန်
သတိထားမိရေ။ ယင်းကြောင့်
သူမတတ်သိနားလည်သလောက် ခွဲစိတ်
ကုသလိုက်တေ။ အထဲက ကျည်ထိပ်ဖူး
ကို ထုတ်ယူကာ ဆီးထည့်၊ ဆီးထိုး
ပီးလိုက်တေ။ သူ့အတွက် အဆင်
ပြေအောင် လူမမြင်နိုင်ရေနီရာတစ်ခုကို
ရွှေ့ပြောင်းလို့ ဦးဖြူသီးအောင်ရို့ မိသားစု
ကိုပါ ဒေအကြောင်းကို ဇာသူ့ကိုလေ့
အသိမပီးဖို့ နှုတ်ပိတ်ထား လိုက်တေ။

..........................

အခန်း(၃)

'သူသီလားကေ ဇာပိုင်လုပ်ဖို့လေ့
ဆရာမသျှေ'

ကြောက်လန့်စိတ်နန့် စိုးရိမ်စိတ်များနီရေ
ဒေါ်ဦးဝေက မီးခြင်းဖြစ်တေ။

'သူမသီနိုင်ပါ အရီး၊ သူ့မာ
ရထားရေဒဏ်ရာက သီလောက်တေ
ဒဏ်ရာမဟုတ်ပါ'

ထိုစကားလုံးတိကို ဗိုလ်
ထွန်းခိုင် ကောင်းကောင်းကြီး ကြားနီ
ရရေ။ ကြားကေလေ့ မျက်စိကိုကား
ဖွင့်လို့မရနိုင်။ ဟိဟိသရွေ့ ခွန်အားကို
အားပြုပနာ မျက်စိကို မဖွင့်နိုင်ဖွင့်နိုင်
ဖွင့်လိုက်တေ။ အမြင်တိက မယှင်း။
ယင်းပိုင် မျက်စိပွင့်လာစွာကိုမြင်ရေ

ဒေါ်ဦးဝေမာ ဝမ်းသာအားရနန့်

‘ထော....ဆရာမသျှေ သူ သတိရလာဗျာလားမသိ၊ ငါ့တူ သတိ ရလာယာလား၊ ငါ့တူက ဇာမာကလေ့နာမည်ဇာခေါ်လေး၊ အရီးနာမည်က ဒေါ်ဦးဝေလို့ ခေါ်ရေ၊ဒေဆရာမသျှေနာမည်ကဒေါင်တာလင်းလင်းမွန် လို့ ခေါ်ရေ’

ဒေါ်ဦးဝေမာ နာမည်တိကို စိစုံအောင်ဝမ်းသာအားရပြောနီရေ။ နာကြင်မှုဝေဒနာတိကို ခံစားနီရရေ ဗိုလ်ထွန်းခိုင်မာ အားယူပနာ–

‘အကျွန်နာမည် ထွန်းခိုင်ပါ အရီး၊ အကျွန် လူကောင်း တစ်ယောက်ပါ၊ အကျွန်ဇဂု ဇာကို ရောက်နီစွာပါလေး’

စကားသံတုန်တုန်ခါခါနန့် မပြောနိုင်ပြောနိုင် အားတင်းလို့ ပြောလိုက်တေစကားကြောင့် လင်းလင်းမွန်နန့် ဒေါ်ဦးဝေရို့မိသားစုမာ ကကောင်းသနား ကရုဏာ ပိုလားရေ။

‘ဇဂု မင်းရောက်နီရေ ရွာက ရှီလိပ်ဝရွာလို့ခေါ်ရေ၊ ငါရို့က ကျောက်တော်မြို့နယ်ဒေါင်းတော်ယိုးရွာက၊ ဒေဆရာမ နာမည်ဒေါင်တာ လင်းလင်းမွန်လို့ခေါ်ရေ။ ဒေမာ စေတနာ့ဝန်ထမ်းအဖြစ် လာပြီးကေ လုပ်အား ပီးနီစွာမင်းကရခိုင်စစ်သား ဆိုဒေမာကဗမာစစ်သားတိဂျည်းယာ၊ တချက် ဆိုကေ အရီးရို့လေ့ ဒုက္ခရောက်ဖို့’

စိုးရိမ်စိတ်များနီရေ ဒေါ်ဦးဝေမာ လူနာကို အားပီးစကား ပြောဖို့ထားလို့ မကြောက်ကေကြောက်အောင် ခြောက်နီစွာနန့် တူနီပါရေ။

‘တစ်ခုလေ့ မစိုးရိမ်ပါကေ့ ကိုထွန်းခိုင်၊ ဒေကိစ္စတိကို အကျွန် အားလုံးတာဝန်ယူနိုင်ပါရေ၊ ကိုထွန်းခိုင် ကျန်းမာအောင်ရာနီပါ’

ဗိုလ်ထွန်းခိုင်ဇို့ သနားစဖွယ်မျက်လုံး အကြည့်တိက လင်းလင်းမွန်ဇို့ စိတ်နှလုံးကို အားကိုးတကြီး တောင်းပန်နီရေ အကြည့်မျိုးဖြစ်တေ။ ဒေအကြည့်မျိုးကို လင်းလင်းမွန် ကကောင်းကြီး နားလည် သဘောပေါက်ပါရေ။ ရန်သူဖြစ်စီ၊ မိတ်ဆွီဖြစ်စီ မိမိရှိမာ ဒဏ်ရာရထားရေ လူနာကိုတေ့ခါ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကုသပီးရဖို့ တာဝန်မာ ဆရာဝန်ကောင်း တစ်ယောက်ဇို့ တာဝန်လို့ခံယူ ထားပါရေ။ ထိုနို့က လင်းလင်းမွန်ရေ ဆီးခန်းဒို့ ထွက်လာကေလေ့ သူမဇို့ စိတ်ရို့ကား အိမ်မာကျန်နီခရေ လူနာပါးမာရာ စိတ်ရောက်နီပါရေ။ မိမိကိုမိမိ ဟန်အမူအရာတိ ပျက်နီရေပိုင် စိတ်တိကမလုံမလဲ။ ပတ်ဝန်းကျင်ထဲက တစ်ယောက်ယောက် သိလားဖို့စွာကို စိုးရိမ်ကြောက်လန့်နီမိရေ။

..............................

အခန်း(၄)

ထိုနို့က ဆီးခန်းဖွင့်စွာနန့် တပ်ခွဲမှူး ဗိုလ်ကြီးလာပနာ

‘ဆရာမဆီးခန်းကို လူစိမ်းလာပါသို့လာ’

‘မလာပါ ဗိုလ်ကြီး’

‘လူစိမ်းရောက်ကေ အကျွန်ရို့ကို တစ်ခေါက် သတင်းပီးပါ ဆရာမ၊ ညက တောင်တစ်ဖက်မာ မသင်ခါရေ လူတစ်စုနန့် တိုက်ပွဲဖြစ်ပါရေ၊ လက်ရမဖမ်းနိုင်လိုက်၊ ယင်းချင့်ကို လာပြီးကေ ပြောစွာပါ’

တိုက်ပွဲဆိုရေ စကားကြောင့် လင်းလင်းမွန်ဇို့ ရင်ခုန်နှုန်းမာ စိုးရိမ်အမှတ်ထက် ကျော်လွန်လားပါရေ။ ဘုရား ....ဘုရား တိုက်ပွဲဆိုရေထော။ ဒေလူလင်းလင်းမွန်ပါးကို ရောက်နီရေလို့ ပြောမိလိုက်ဖို့ဆိုကေ သူ့အတွက် မတွေးဝံ့စရာတိ ဖြစ်လာနိုင်ပါရေ။ ဗိုလ်ကြီးဇို့ မျက်စိအကြည့်တိက သံသယဖြစ်စရာအကြည့်တိ မဟုတ်ကေလေ့ လင်းလင်းမွန်ဇို့ ရင်မာကား မချိမဆန့် ခံစားနီရရေ။ ဗိုလ်ကြီးထွက်လား မှ စိတ်ဒုန်းဒုန်း ကျလားယင့်။ ယကေလေ့ ရင်တခုန်ခုန်နန့် တစ်ခုခုလွဲချော်လားကေဆိုရေ အသိအာရုံက လင်းလင်းမွန်ဇို့ ရင်ကိုမွန်းကျပ်စီပါရေ။ ထွန်းခိုင်ဆိုရေ ထိုပုဂ္ဂိုလ်ကို လင်းလင်းမွန် တနီရာရာမာ မြင်ဖူးရေပိုင် ဖြစ်နီရေ။ ဇာနီရာမာ မြင်ဖူးလေ့ဆိုစွာကို အတိအကျမဝီခွဲနိုင်။ ဦးနှောက်ယှုပ်၊ စိတ်ပူရေကြားက ထွန်းခိုင်ဆိုရေ လူက လင်းလင်းမွန်ဇို့ စိတ်နှလုံးထဲကို အလိုအလျှောက်ဝင်လာနီရေ။ ထိုအကြောင်းတိကိုထွန်းခိုင်ကို မီးကြည့်ဖို့အကြံရရေ။ ယကေလေ့ လူနာမာသက်သာရေ မသက်သာဆိုစွာကိုကား အတိအကျမသိရသို့။ ဇဂုပိုင် အချိန်မျိုးမာ လူနာဇို့ အနားမာ သူအချိန်ပြည့် ဟိနီသင့်ရေလို့ ယူဆပနာ အိမ်ကိုစောစောပြန်ပါ လတ်တေ။

ယမ်းဆိပ်တက်ပနာ ဖျားနီရေ ဗိုလ်ထွန်းခိုင်ဇို့ မျက်ဝန်းအိမ် ပြာပြာကို မြင်ရစွာရေ လင်းလင်းမွန်ကို စိတ်မကောင်း ဖြစ်စီရေ။

‘တစ်ခုလေးမဖြစ်ပါ ကိုထွန်းခိုင်၊စိတ်ခတ် မကျပါကေ့၊ ကိုထွန်းခိုင်အနားမာ လင်းမွန်နန့် တတူတူ အရီးရို့ အခင်ရို့လေ့ ဟိပါရေ’

လင်းလင်းမွန်ဇို့ နုည့်ပျော့ပျောင်းရေ လက်တိက ကိုထွန်းခိုင်ဇို့ နဖူးပြင်ကို ပွတ်ကာပွတ်ကာ အားပီးစကား တတွတ်တွတ်ဆိုနီရေ။ ချိုသာနုည့်ရေ အားပီးစကားတစ်ခွန်းက ဗိုလ်ထွန်းခိုင်အတွက် အားဆီးတစ်ခွက် ဖြစ်စီပါရေ။ ဘဝဆိုစွာ အလွန်တရာ ဆန်းကြယ်လှပါရေ။ မိမိနန့် သွီးမတော်သားမစပ်၊ ဇာဘဝကံအကြောင်း တရားကြောင့် ဒေနီရာမာ ဒေပိုင်တွိဆုံရစွာလေး။ လင်းလင်းမွန် တစ်ယောက် မတွေးခေါ်တတ်အောင် ဖြစ်နီမိရေ။ ရှိဘဝရီစက်လို့ရာ ပြောရပါဖို့ယာ။

..............................

အခန်း(၅)

ခိုင်ခိုင်မိခင် ဒေါ်ဦးဝေနန့် ကိုထွန်း ခိုင်ရို့ စကားပြောနီ ကတ်စွာကို ကြားရလို့ လင်းလင်းမွန် အိမ်ထက်ဒို့ မတက်ဘဲ နားထောင်နီလိုက်တေ။

‘အကျွန်က ပြင်ဦးလွင်စစ်တက္ကသိုလ် (D.S.A) ကျောင်းဆင်းပါ အရီး ’

ထိုစကားကိုကြားမှ လင်းလင်းမွန်သတိရမိရေ။ ဟုတ်ပါရေ၊ ကိုထွန်းခိုင်စွာပြင်ဦးလွင်စစ်တက္ကသိုလ်ကကျောင်းဆင်းပနာ တာဝန်ကျရာ ကေ့ကရိတ်ကို မလားဘဲအနောက်ဘက် အိန္ဒိယ နယ်စပ်ဟိရခိုင် ပြည်လွတ်မြောက်ရေး တပ်မတော်ဒို့ ရောက်လားကြောင်းကို ဒေါင်းတော်ယိုးရွာအနီး တပ်မ စ.က.ခ(၉)မာ သူဇို့ခတ်ပုံနန့်တတူ သူဇို့အတ္ထုပ္ပတ္တိအကြောင်းတိကို လင်းလင်းမွန် ကကောင်းကြီး ဖတ်ဖူးမြင်ဖူးပါရေ။ ရာထူးအာဏာကိုမမက်မောဘဲ တိုင်းပြည်နန့်လူမျိုး ရွတ်မြောက်ရေး အတွက် အသက်ပီးတော်လှန်နီရေ တော်လှန်ရေးသမား ကိုထွန်းခိုင်ကို အလွန့်အလွန့် ချီးကျူး ဂုဏ်ယူနီမိရေ။ သိမ်ငယ်မှု မြောက်များစွာနန့် ဆင်းရဲနီကတ်တေပြည်သူတိအတွက် အသက်ပီး တိုက်ပွဲဝင်နီရေ တော်လှန်ရေးသမားလောက် ဇာသူကပိုပြီးကေ မြင့်မားနိုင်ပါဖို့လေး။ ကိုယ့်တိုင်းကိုယ့်ပြည်

ကိုယ့်ထီးကိုယ့်နန်းနန့် နီလာကတ်တေ လူမျိုးတိကို ဓာလောက်ပင် ဖိနှိပ်ဖိနှိပ် တစ်နို့ နို့မာတော့ခါ ယှူးကြွီးတိကို အတိုးချပြန်ဆပ်နိုင်ပါစီလို့ရာ လင်းလင်း မွန်ဇွ ရင်ထဲက အလိုလို ဆုတောင်းမိရေ။ လင်းလင်းမွန် အိမ်ထက်ဒို့တက်လာရေ အသံကိုကြားစွာနန့် အိမ်ထက်က စကား သံ တိ ရပ်တန့်လားရေ။

'ပြောပါကိုထွန်းခိုင် လင်းမွန် ကိုအားမနာပါကေ့၊ လင်းမွန်ကို ရင်းရင်းနှီးနှီး ဆက်ဆံပါ'

စူးယှတောက်ပရေ ကိုထွန်းခိုင်ဇွ အကြည့်တိက လင်းလင်းမွန်ကို အနီခက်စီရေ။ မျက်လုံးချင်းဆုံတိုင်း နှစ်ဦး သားအကြည့်တိလွှဲ၊ စကားတိ လွှဲတတ် ကတ်တေသဘောရေ ရင်ခုန် ခြင်းဇွ အစလို့ ဆိုနိုင်ပါရေ။

'ကိုထွန်းခိုင်'

လင်းလင်းမွန် ခေါ်သံကြောင့် ဗိုလ်ထွန်းခိုင် ငုံ့ထားရေ ဂေါင်းကို မော့လာ ပနာလင်းမွန်ကို ကြည့်လိုက် တေ။

'ကိုထွန်းခိုင် ဒေကို ဓာက နီပြီးကေ ဓာပိုင် ရောက်လာ စွာပါလေး၊ လင်းမွန် ရို့ကို ဖြစ်ကြောင်းစုံလင်အောင် ပြော ပြလို့ ရနိုင်ပါဖို့လား၊ လင်းမွန် ရို့ကို ယုံကြည်မှုဟိကေတစ် ခေါက်လောက် ပြောပြစီချင် ပါရေ'

လင်းမွန်ဇွ တောင်းဆိုမှုကို ဗိုလ်ထွန်းခိုင် ဂေါင်းမခါဝံ့ပါ။ အသက်သခင် ကျေးဇူးသျှင်ကိုတော့ခါ ပြောပြသင့်ရေလို့ ဗိုလ်ထွန်းခိုင် ယူဆမိရေ။

'ပြောပြလို့ရပါရေ ဆရာမ'

'ဆရာမလို့ မခေါ်ပါကေ့ ကိုထွန်းခိုင်၊ လင်းမွန်လို့ရာ ခေါ်ပါ'

'ကျနော်က ရခိုင်ပြည်လွတ် မြောက်ရေးတပ်မတော်က စည်းရုံးရေးတာဝန်ခံ တစ် ယောက်ပါ၊ ဇေလေ့ စည်း ရုံးရေးစစ်ကြောင်း ပြန်အဆုတ် မာ မထင်မှတ်ဘဲနန့် ဇေပိုင် ဖြစ်ရစွာပါဆရာမ'

ဆိုပြီးကေ ဖြစ်ကြောင်းစုံကို ပြောပြလိုက်ပါရေ။

..............................

အခန်း(၆)

လမင်းဇွ အရောင်က စိမ်းလဲ့လဲ့ တောင်တန်းကြီးတိကို ဆလိုက်မီး ထိုးပြထားရေပိုင်။ လီတစ်ဟုတ်တိုက် လိုက်တိုင်း အီးစက်နီရေ ခန္ဓာကိုယ်က တချက်တချက် တုန်ခါစီပါရေ။ တသွင် သွင်စီးကျနီရေ ရီစီးသံက ညဥ့်ဇွ သံစဉ် တစ်ခုပမာ ချိုသာနီရေ။

ညဥ့်အမှောင်ကို အကာအကွယ် ပြုထားရေ သဘာဝလမင်းအရောင်နန့် မိမိရို့ဦးတည်ရာကို ခရီးနှင်လာသူရို့ မာကား အခြားသူရို့ မဟုတ်ပါ။ ရခိုင် ပြည်လွတ် မြောက်ရေး တပ်မတော်က စည်းရုံးရေးစစ်ကြောင်းပင်ဖြစ်တေ။ ထိုစစ်ကြောင်းကို ဦးဆောင်သူကား ဗိုလ်ထွန်းခိုင်ဖြစ်တေ။



ဗိုလ်ထွန်းခိုင်ရို့ စည်းရုံးရေး နယ်မြီစွာ ရခိုင်ပြည်မြောက်ဘက်စွန်း လေးမြို့ကမ်းပါး ကျေးရွာတိဖြစ်ပါရေ။ .....ရွာကိုထိ ဦးတည်ထားရေ။ အိန္ဒိယ နယ်ခြား ချင်းလက်ချောင်းကို ဖြတ် ကျော်ကာ ရှီလိပ်ဝရွာဇွ အထက်ဖက် ငါးမိုင်လောက်ဝီးရေ တောင်ကြားလမ်း ကတဆင့် ချင်းပြည်နယ် မတူပီ အောက်ဖက် ပြည်လုံးကြီးက စပနာ စည်းရုံးရေးတရားဟော၊ တပ်သားသစ် စုဆောင်းကာ တစ်ရွာဝင် တစ်ရွာထွက် ပေါ်တင်တစ်မျိုး၊ လျှို့ဝှက်တစ်နည်းနန့် အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင်ရစွာ အန္တရာယ်အခက်အခဲ အမျိုးမျိုးနန့် ကြုံတွိ ရကေလေ့ ဗိုလ်ထွန်းခိုင်ရို့ စစ်ကြောင်းကား စိတ်ဓာတ်ကျခြင်းမဟိ၊ ပိုလို့ပိုလို့ရာကြိုး စားအားထုတ်ကတ် တေ။ ယေကေလေ့ ဆယ်ရွာတိတိမှ တပ်သားသစ်ဆယ် ယောက်လောက် စုဆောင်းမိရေ။

ယင်းကြောင့်ခရီးနောက်လှည့်ဖို့ ဆုံးဖြတ်လိုက်တေ။ အပြန်လမ်းမာကား လာလမ်းကိုမသုံးဘဲ ရန်းချောင်း တောင်ကို ကျော်ဖြတ်ဖို့အကြံရရေ။ ရန်းချောင်းတောင်လမ်းရေ ခရီးကြမ်း ကေလေ့ ရက်တိုအတွင်း ရောက်နိုင်ရေ ဖြတ်လမ်းတစ်လမ်းဖြစ်စွာကို ဗိုလ် ထွန်းခိုင် ကောင်းကောင်း သိထားရေ။ ယင်းကြောင့် တစ်ခုမာလေ့ကြာကြာ ရပ်နား ခြင်းမပြုဘဲ ရောက်လိုစိတ်နန့် ခရီးဆက် လာကတ်စွာ သုံးရက်တိတိမာ ချင်းလက်ချောင်း ကမ်းနဖူးဒို့ နို့ခင်း သုံးနာရီလောက် ဆိုက်မြိုက်စွာ ရောက် ကတ်ကေလေ့ တစ်ဖက်ကမ်းဒို့ တိုက် ရိုက်ကူးဖို့ ကိစ္စမာ အခက်အခဲ ဟိနီရေ။

ဓာအတွက်နန့်လေ့ ဆိုကေ တစ်ဖက်ကမ်းဒို့ခိုးဝင်ရစွာက တ ကြောင်း၊ ဒေမာ ဖက်ကမ်းက ဗမာ စစ်ကင်းကို ယှောင်ရစွာက တကြောင်း၊ ထိုအကြောင်း တိကိုထောက်ရှုပနာ ညဥ့်အမှောင်ကိုစောင့်ဗျာ ကူးကတ်ဖို့ ဆုံးဖြတ်လိုက်တေ။

တောင်ရိပ်တောင်တန်းတိဇွ အလယ် ဗဟိုမာရောက်ဟိနီရေ ဗိုလ်ထွန်း ခိုင်ရို့ အဖွဲ့ကား လမ်းဇွတစ်ဖက် ချင်းလက် ချောင်းကမ်းနဖူး တောတန်း တစ်နီရာမာ တပ်သားသစ်တိနန့် ရှိပြီး ပွိုင့်အဖွဲ့က အဆင်သင့်နီရာယူကာ ညဇာ ၇–နာရီ ဆိုကေ တစ်ဖက်ကမ်းဒို့ အလွယ်တကူကူးမေလို့ ပျင်ဆင်ပနာ အီးအီးဆေးဆေး အနားယူကတ်တေ။ ယင်းပိုင်အနားယူ ကတ်စွာရေ အန္တရာယ်ကို စောင့်ဆိုင်းနီစွာနန့် တူနီရေပိုင် ဖြစ်နီရေဆိုစွာ ဗိုလ်ထွန်း ခိုင် ထင်မထားခပါ။ ညဥ့် ၇–နာရီကိုရာ မျှော်လင့်စောင့် ဆိုင်းနီမိရေ။ ညဥ့် ၆– နာရီ အချိန်မာ ဗမာစစ်ကင်း အဖွဲ့တစ်ဖွဲ့ မထင်မှတ်ဘဲ မိမိရို့ဇွ ရှိတည့်တည့်ဒို့ ခရီးနှင်လာ စွာကိုမြင်မှ ဗိုလ်ထွန်းခိုင်က အချက်ပြကာ တပ်သားသစ်တိနန့် မိမိဇွ လက်အောက်ရဲဖော်တိကို တစ်ဖက် ကမ်းဒို့အယင်ကူးဖို့ အချက်ပြပီး လိုက်တေ။

ယပြီးကေ ဗိုလ်ထွန်းခိုင်နန့် ကွန်မန်ဒိုရဲဘော်အဖွဲ့က ဗမာစစ်သားတိ ရှိမတိုးနိုင်အောင် လမ်းပိတ်ပနာ အပြင်း အထန် တိုက်ခိုက်ကတ်တေ။ ယကေလေ့ အချိန်ကြာလာကေ မိမိဖက်က ထိခိုက် နစ်နာနိုင်စွာကို ဗိုလ်ထွန်းခိုင် ရိပ်မိရေ။ ယင်းအတွက်နန့် ကွန်မန်ဒိုအဖွဲ့ကိုပါ တစ်ဖက်ကမ်းဒို့ ကူးခိုင်းပြီး မိမိ တစ်ဦးတည်းရင်ဆိုင်ဗျာ တောင်တစ်ဖက် ဒို့ တစ်ပတ်လှည့်ပနာ ခေါ်ဆောင်ခရေ။ မိမိဇွ လက်အောက် ရဲဖော်တိနန့် တပ်သားသစ်တိတစ်ဖက်ဒို့ ရွတ်ရွတ် ကျွတ်ကျွတ်ရောက်အောင် ကူးနိုင် ခကေလေ့ ဗိုလ်ထွန်းခိုင်မာ အသက် လုပနာ ခြီဦးတည့်ရာယှောင်ပြီး ခရရေ။

ကံဇွ အကြောင်းတရားကြောင့် ဇဂုပိုင် အသက်မသီဘဲ ဒေါင်တာလင်း လင်းမွန် ပါးဒို့ ရောက်လာခြင်းကို စီကာ ပတ်ကုံး အစအဆုံးထိ ရိုးသားစွာ ပြော ပြမိရေ။ ငြိမ်သက်စွာ နားထောင် နီကတ် တေ လင်းလင်းမွန်နန့် ဒေါ်ဦးဝေ ရို့မာကား တအံတသြ ဖြစ်နီကတ်တေ။

..............................

## အခန်း(၇)

နို့ရက်တိကား တရွှိရွှိကုန် ဆုံးနီ ပါရေ။ လင်းလင်းမွန်ဇွ ကျေးဇူးကြောင့် ဗိုလ်ထွန်းခိုင်ဇွ ဒဏ်ရာတိကလေ့ သက်သာလာဗျာ။ ယေကေလေ့ လုံးဝ ပျောက်လား စွာတော့မဟုတ်။ ထနိုင် ထိုင်နိုင်ပြီး တုတ်တစ်ချောင်းကို ထောက်ပနာလမ်းလေ့ လျှောက်နိုင် ပါဗျာ။ ယင်းကြားထဲ လင်းလင်းမွန်ဆိုရေ ဒေါင်တာမသျှေနန့်လေ့ ကကောင်း အကျွမ်းဝင် ရင်းနှီးမှုတိရနီပါဗျာ။ လဆန်း ၈–ရက်ဆိုရေ လမင်းက ထက်ဝက် ပင်ကျော်လွန်ပြီး မိမိကိုပြုံ့ပြ ကြိုဆိုနီရေပိုင်။ ဒေအိမ်ကို ရောက်လာ စွာလေ့ ၈–ရက်တင်းတင်း ပြည့်ခပါဗျာ။ နောက်ထပ် တစ်ပတ်လောက်ဆိုကေ ကောင်းကောင်း ကြီးလမ်းလျှောက်နိုင်လိ မေလို့ မိမိယုံကြည်မိရေ။ ထိုစဥ် လင်းလင်းမွန်က

'ကိုထွန်းခိုင် အိမ်ထက်မာ တစ်ယောက်တည်းလမ်းလျှောက် ရစွာ ပျင်းနီပါရေလား၊ အိမ်နောက် ဖက်တောင်ကြား လမ်းမာ လမ်းလျှောက်လို့ ရ ပါရေ၊ ဆင်းလျှောက်ပါ ပလင့်'

လင်းလင်းမွန်ရို့ အိမ်နောက် ဖက်မာ လူတစ်ရပ်ကျော်ကျော် မြက်ရိုင်း တိ မင်းမူနီကတ်လို့ တောင်ကြား လမ်းကိုလှမ်းကြည့်ကေလေ့ မမြင်နိုင်ပါ။

'အန္တရာယ်မဟိပါ ကိုထွန်းခိုင်.. ယင်းလမ်းမာ လူအလားအလာ မဟိပါ၊ လင်းမွန် အဖော်လိုက် ပီးပါမေ'

လူသူမရောက်တေ လမ်း ဟောင်း သျှေက ဗိုလ်ထွန်းခိုင်ဇွ စိတ်ကို ညှို့ယူနီရေအတွက် လမ်းလျှောက်ဖို့ သဘောတူလိုက်တေ။ ဆောင်းရာသီ နတ်တော် လဇွ လဆန်း ၈–ရက် လမင်း အရောင်က ဝင်းပနီပါရေ။ အချိန်က ညဥ့် ၆–နာရီကျော်။ လမ်းဘေးတလျှောက် ဝဲယာမာ ပန်းရိုင်း ပွင့်သျှေတိက ရောင်စုံ ပွင့်ကာ မွှီးကြိုင်နီရေ။ ပွင့်ချပ်ရို့ထက်မာ နှင်းစရို့က ခစားနီ ကတ်တေ။လင်းလင်း မွန်ဇွ အလှနန့် ရနံ့ရို့ကလေ့ ဒေနို့မာပင် ထူးထူးခြားခြား တစ်တောတစ်တောင်လုံး သင်းပြန့်နီရေလို့ ဗိုလ်ထွန်းခိုင်ဇွ ရင်ထဲမာ ခံစားမိရေ။ နှစ်ယောက်သား တတူတူ လမ်းလျှောက်နီ ကေလေ့ စကားကတော့ မပြောဖြစ်ကတ်။ ကိုယ့်အတွေးနန့်ကိုယ် စိတ်ကူးယဉ် နီကတ်တေ။ တစ်ခါတစ်ခါဘဝမာ ထူးဆန်းရေခံစားချက်တိ ဖြစ်ပေါ် တတ်ပါရေ။ မဖြစ်နိုင်မှန်းသိကေလေ့ ရင်ခုန်ကြည့်ချင်ကတ်တေ။ ရင်ခုန်ခြင်း နန့် အတူအချစ် ဆိုရေ အရာ ကိုလေ့ မွှီးဖွားတတ်ကတ်တေ။'ကိုထွန်းခိုင်' လင်းလင်းမွန်ဇွ ခေါ်သံကြောင်း ဗိုလ်ထွန်းခိုင်ဇွ အကြည့်တိက လင်းလင်းမွန်ပါးဒို့ ရောက်လားရေ။

'ပြောပါ လင်းမွန်'

'ကိုထွန်းခိုင်ဒေပိုင် လသာစွာကို ခံစားတတ်ပါရေလား'

ဗိုလ်ထွန်းခိုင်ဂေါင်းခါလိုက်တေ။

'လင်းမွန်ကား ခံစားတတ် လို့လား၊ ဇာပိုင်ခံစားလေ ကိုထွန်းခိုင်ကိုပြောပြပါလင့်'

လင်းလင်းမွန်က အပြုံ့နန့် အတူ

'လင်းမွန်လေ့ ကကောင်းမခံစား တတ်ပါကိုထွန်းခိုင်၊ ယေကေ လေ့ဒေပိုင်လသာ တိုင်းဒေ လမ်းမာ လမ်းလျှောက်ချင်နီရေ၊ ယပြီးကေထိုး... တောင်ထက်က မီးရောင်တိကို လင်းမွန်ကြည့်နီ ချင်ပါရေ ကိုထွန်းခိုင်'

လင်းလင်းမွန်ဇွ စကားသံသျှေ တိက ဆွေးမြိ ညင်သာနီပါရေ။ အသက် ယှုုခက်နီရေ လူတစ်ယောက်ဇွ စကားပိုင် အသံတိက ခွန်အားနည်းနီရေ။ အနောက် ဘက် အိန္ဒိယပြည် ဗဟိုင်းတောင်ကို လက် ညှိုးထိုးပြပြီးကေ

'ထိုး..တောင်ကို ဇာတောင် ခေါ်ပါ ရေလေး ကိုထွန်းခိုင်၊ ယင်းတောင်ထက်မာ စာတီ သျှေလေ့မြင်ပါရေထော'

'ယင်းတောင်ထက်မာရွာဟိရေ လင်းမွန်၊ယင်းတောင် နာမည် ကဗဟိုင်းတောင်၊ ရွာနာမည် ကိုလေ့ ဗဟိုင်းရွာလို့ခေါ်ရေ၊ ယင်းတောင်အောက်မာလေ့ ခြီခုံ၊ လုံးပု၊ မိပူ၊ ဖြုုရ ဆိုရေ ရွာတိက တန်းလို့ ဟိသို့ရေ။ ဇာဖြစ်လို့ မီးစွာလေ့ လင်းမွန်၊ ယင်းတောင်ကို လားချင်လို့ ား'

'အင်..လင်းမွန်..ယင်းတောင်ဟိ ရေ နီရာကိုလားချင်နီစွာပါ၊ ကိုထွန်းခိုင် လိုက်ပို့ပီးပါ ပလင့်'

'လိုက်ပို့လို့တော့ရပါရေ လင်း မွန်၊ယေကေလေ့ ခရီးက ကြမ်းရေ၊အန္တရာယ်က လေ့ များရေ၊ လင်းမွန်လားလို့ မဖြစ်သို့'

ဗိုလ်ထွန်းခိုင်ဇွ စကားကြောင့် လင်းလင်းမွန်ဇွ မျက်နှာညှိုးငယ်လားရေ။

'ဇာလေ..လင်းမွန်..လားလို့ မဖြစ်ဆိုလို့ စိတ်မကောင်း ဖြစ်ခလာ'

လင်းလင်းမွန်က ဂေါင်းခါလိုက်တေ။

'လင်းမွန်က ဒေလကုန်ကေ ပြန် ရပါဖို့ဗျာ ကိုထွန်းခိုင်။ ဘာဘာ က လင်းမွန်ကို သူ့တပ်ထဲက ဗိုလ်ကြီး တစ်ယောက်နန့် နီရာ ချပီးဖို့ စီစဥ်နီကတ်တေ၊ ယင်း စစ်ဗိုလ်ကို လင်းမွန် ခံစားလို့ လေ့မရ၊ ယူလေ့မယူနိုင်၊ တွေး ကြည့်တိုင်း စိတ်ရာညစ်တေ၊ ဇာပိုင်လုပ်ရဖို့လေ့ မသိပါဗျာ ကိုထွန်းခိုင်'

စိတ်ညစ် စိတ်ယှုပ်သံနန့် တတူ ကိုယ့်ဖက်ကိုလေ့ ခင်မင်အားကိုး သံသျှေ တိ ရောစပ်ပျော်ဝင်နီရေ လင်းလင်းမွန်ဇွ စကားက ဗိုလ်ထွန်းခိုင် နှလုံးသားကို တုန်ရီ မောပန်းစီပါရေ။

'လင်းမွန်...မိဘတိုင်းက သားသမီးကို ဆင်စီးလို့ မြင်းရံစွာကိုမြင်ချင် ကတ်ပါ လိမေ၊ လင်းမွန်စိတ်မညစ် ပါကေ့၊ ဂေါင်းအအီးထားပနာ စဥ်းစားပါ'

စိတ်ခံစားချက် တူညီမှုနန့် တစ်ဦးကိုတစ်ဦး ရင်ခုန်နီကတ်တေ ဆိုစွာကိုသိယင့်သားနန့် စည်းတစ်ခုစီက လူသားနှစ်ဦးဇွ သတိတရားတိကို ထိန်း ချုပ်ပြီးကေ အချစ်ရို့ပေါက်ဖွားမှုကို ရပ်တန့် ခိုင်းထားရေ။

'ကိုထွန်းခိုင်က အမျိုးကို က ကောင်းကြီး ချစ်ပါရေ နှန်း.. .....၊ မျိုးချစ် သူရဲကောင်းကြီးဇွ လက်တွဲဖော် ကလေ့ မျိုးချစ် သူရဲကောင်းမ တစ်ယောက်ရာ ဖြစ်သင့်ပါရေလေ'

လင်းလင်းမွန်ဇွ စကားလုံးတိက ဗိုလ်ထွန်းခိုင် နှလုံးသားကို အလူးအလဲ စကားနာ ထိုးနီရေပိုင် နောက်ဆုံး,စကား သျှေ တစ်ခွန်းကိုတောင် ဇာက စပြောရ ဖို့မှန်းမသိ။ အင်တင်တင်ဖြစ်နီရေ ဗိုလ် ထွန်းခိုင်မာ ရင်ခုန်စွာတစ်ခုကရာ ကြီးစိုး နီရေ။

'လင်းမွန်အဖြစ်က ဇာအမျိုးကို
ချစ်ရဖို့မှန်းတောင် မသိနိုင်ရေ
ဘဝမျိုးပါ ကိုထွန်းခိုင်၊အမိက
မွန်၊အဖကရခိုင်၊ပတ်သတ်
ပျော်ဝင်နီရစွာက ဗမာစစ်တပ်။
တစ်ခါတစ်ခါ ကိုထွန်းခိုင်ရို့ပိုင်
ရခိုင်ဆိုကေ ရခိုင်တစ်မျိုး
တည်းကိုရာနနစ်ပပိုက် ဘဝကို
ပီးလို့ချစ်ခွင့်ရကေ ဇာလောက်
ကောင်းဖို့လေးလို့ စဉ်းစား
ယင်းဝမ်းနည်း အားကျမိရေ'

ဆိုပြီးကေ အသံတိက တိမ်ဝင်ဖျော့အက်လားပါရေ။ တအောင့်လောက်နီပြီး ခါမှ–

'ကိုထွန်းခိုင် လက်နက်
ချပြီးကေလင်းမွန်နန့် ရန်ကုန်
ကိုလိုက်ပါဗလင်.... ထို....
ဒေစကားမဖြစ်နိုင် ဆိုစွာကို
တော့ခါ လင်းမွန် သိပါရေ ကို
ထွန်းခိုင်...... ယေကေလေ့
ဒေချင့်စွာ လင်းမွန်ဘဝမာ
တစ်ခုတည်းသော အဖြစ်ချင်
ဆုံး ဆန္ဒပါ ကိုထွန်းခိုင်.....'

အသက်သခင် ကျေးဇူးသျှင်မသျှေ့ဇ ရင်ထဲက ခွဲရဖို့ကိုကြောက်လို့ ပွင့်အံကျလာရေ တောင်းဆိုမှုစကားသံသျှေက ကျောက်ဆောင်လောက်ခိုင်ခန့်ရေ ဗိုလ်ထွန်းခိုင် စိတ်ကိုတောင်ယောက်ယက်ခတ် လားစီပါရေ။ အမျိုးသားလွတ် မြောက်ရေးအတွက် ငါးနှစ်ဆိုရေ အချိန်ကာလတလျှောက် အောင်မြင်မှုတိနန့်ဂျည်းတောက်လျှောက်တိုက်ပွဲဝင်လာရေ ဗိုလ်ထွန်းခိုင် တစ်ယောက် ဒေတစ်ကြိမ်တော့ခါ နှလုံးသားတိုက်ပွဲမာ ဒူးထောက်လက်မြှောက်ရဖို့ ဗျာထင်ယင့်။

'လင်းမွန်... အကိုကားဆိုကေ...
ဒေအသက်နန့် ဒေခန္ဓာကို အဖ
ရခိုင်ပြည်နန့် ရခိုင်လူမျိုး
အတွက် ပီးဆပ်ပါမေ..လို့
သစ္စာဆိုထား ပြီးသား လူတစ်
ယောက်ပါ လင်းမွန်.....
ယင်းတွက်ကြောင့်ဇာကိစ္စနန့်
ဖြစ်ဖြစ် လက်နက်ချရေဆိုစွာ
တော်လှန်ရေးကိုသစ္စာဖောက်စွာ၊
တော်လှန်ရေးကိုသစ္စာဖောက်တေ
ဆိုစွာ ရခိုင်တစ်မျိုးသားလုံး
ဒုက္ခဆင်းရဲ ဖြစ်နီစွာကို အားပီး
အားမြှောက် လုပ်စွာနန့်တူရေ
ယင်းတွက် ဒေနည်းလမ်း နန့်
လင်းမွန် နောက်ကို လိုက်လို့
မရရေပိုင်....ကြမ်းတမ်းခက်
ထန်ရေ အကိုရို့နီရာဒို့လင်းမွန်
ပိုင်နနုဖဖတ်သျှေ တစ်ယောက်
ကိုခေါ်လားဖို့ ဆိုစွာကလေ့
မဖြစ်နိုင်ရေ ကိစ္စ တစ်ခုပါ
လင်း မွန်..'

ဗိုလ်ထွန်းခိုင်ဇ မျက်လုံးတိကို မျက်တောင်မခတ် စိုက်ကြည့်ပနာ နားထောင်နီရေ လင်းလင်းမွန်ဇ မျက်ဝန်းတိမာကား မျက်ရည်ရွှမ်းရွှမ်းနန့် မကြာခင်ရွာဖို့မိုးပိုင်။

'ဆန္ဒနန့်ဘဝစွာ တစ်ခါတစ်ခါ
တစ်ထပ်တည်းမကျနိုင်လတ်၊
အကို့ဘဝမာ အကိုချစ်တေမိဖ၊
ညီကိုမောင်နှမ၊ မိတ်ဆွီသူငယ်
ချင်းရို့နန့်ကိုယ့်မြို့ ကိုယ့်ပြည်၊
ကိုယ့်ဝါသနာရို့ကို တစ်ကြိမ်
တစ်ခါမဟုတ် အခါခါပင်
စွန့်ခရဖူးဗျာ...ဇဂု အရာ
တစ်ခါ နှလုံးသားချင်း
နားလည် ကတ်ယင့်သားနန့်
လင်းမွန်နန့်အကို ဝီးကတ်
ရဖို့သို့.. ဇာတတ်နိုင်ဖို့လေ့
လင်းမွန်...ဒေချင့်သည်ပင်
တော်လှန်ရေးသမားတစ်ယောက်
ဇ ဘဝ...သူများ ကျွန်မခံချင်
ရေ ရခိုင်ရို့ဇ ဘဝဗျာ ယင်း
တွက်နန့်တစ်ဘဝမာ တစ်ခန္ဓာ
ကို တစ်ကြိမ်တစ်ခါရာ ပီးလှူ
လို့ရရေအတွက်နန့် အမှန်လို့
နောက်ဘဝဆိုစွာ ဟိခကေ
ယင်းခါမရာ လင်းမွန်အတွက်
ပီးဆပ်ပါရစီဖိ၊ ကိုထွန်းခိုင်ကို
ခွင့်ရွှတ်ပါ လင်းမွန်'

ဗိုလ်ထွန်းခိုင် စကားအဆုံးမာကား လင်းလင်းမွန်ဇ နှလုံးအိမ်က ဝှန်ကျလာရေ မျက်ရည်စတိ အတားအဆီးမဟိစီးကျလာပြီးကေ ဗိုလ်ထွန်းခိုင် ရင်ခွင်ထဲ ဒို့ဝင်ဗျာ ယှိုက်ကြီးတငင်ငိုကြွီးလိုက်ပါရေ။ ဗိုလ်ထွန်းခိုင်က တော့ခါ လင်းလင်း မွန်ကိုယ်လုံးသျှေကို တတင်းသျှေဖက်,ဖက်ပနာ ကျောင်းသား ဘဝကကြိုက်ခ ရေကဗျာသျှေ တစ်ပုဒ်ကိုရာ ရင်ထဲမာ အသာသျှေ ဆိုနီလိုက်ပါရေ။

ဇရာမ နီညို၊ လပျို့မသာ
အာကာညဥ့်နက်၊ ခရီးခက်လို့
ဒေလောက်နန့်ရာ၊ ကျီနပ်ပါဖိ
သက်လျာနှမ ခွင့်ရွှတ်ပါ....။

**ကြီးကြီး(အရှိတိုင်းဗင်းနစ်)**

### ခေတ်သစ်ရခိုင်သား

အဖသည်က သားကို ဆုံးမနီပါရေ။

'ယခိုင်ချားက ယခိုင်ချားကို ယခိုင်ချကား ပေါပနာ ဂုဏ်ယူရဖို့'

ယေခါ သားသည်က

'ယူကို ချုံးမနီရေ၊ ဘာဘာကျကေ ယခိုင်ချကားယေး အပီဘဲ ညံ့'

### ရခိုင်ရာဇဝင်သစ်အရှိင်းကျမ်း

မလေးသျှားကို ရောက်နီရေ သားပါးသို့ အဖသည်က ဖုန်းဆက်တေ။

'အဝေ သားသျှေ မင်းရောက်နီရေ မလေးသျှားမာ ရခိုင်ရိုးတိ ကကောင်း ဟိရေဆို'

'ဟုတ်ပါရေ ဘာဘာ'

'ယင်းရိုးတိမာ ရိုးသုံးစာအဖြစ် ဇာဘာသာစကားကိုအမိကသုံး ရေလေး'

'ပြောရဖို့စွာ အားတော့နာပါယင့် ဘာဘာ၊ သူရို့ ဗမာစာကို သုံးပါရေ'

'ထွီ......ရှိင်းလိုက်တေ ရာဇဝင်သစ်'

### ဟင်းဖတ်ပါချင်သူ

'အဝေး နိုင်ငံပေါင်းစုံအသင်းနန့် အမေရိကန်ဆိုစွာ ကမ္ဘာကြီးမာ အပ်ကျစွာကပင်သိရေ'

'ကျမိကျရာကောက် ပြောမနီကေ့ဝေ'

'မင်းအမေရိကန်ကို စော်ကားချင်စွာလား'

'တွင်းတစ်တွင်းတူးပနာမသီသို့ဘဲလူပေါင်းရာကျော်ကိုမြီမြှုပ်ပစ်တေ ဆန်ပြဿနာနိ့ကို ယင်းသူရို့ သိလို့လား၊ တောင်ပေါက်ကြီးကျောက်စာကို အသူဖုံးခွဲပစ်လေ ယင်းသူရို့သိလာ ပြောဇမ်ချက်၊ ကိုယ်ကြည့် စာရှက်ရစွာသို့၊ အမေရိကန်ဖက်က နာနီယာ...

**ဂွတို**

# ရက္ခဝဏ္ဏ အက္ခရာ ( ခေါ် ) ရခိုင်စာ(၂)

သန့်ဝဏ္ဏခိုင်




အကျွန်ရို့ ရခိုင်စာရခိုင်စာနန့် ပြောနီကတ်တေ၊ အမှန်က ရခိုင်စာဆိုစွာ ရခိုင်စကားကို ဗမာစာ(က–အစ၊ အ–အဆုံး) တိနန့် စာတင်နီကတ်စွာရာဖြစ်တေ ဆိုပြီးကေ မျိုးချစ်ဆိုသူရို့ ပြောလာကတ်ပါရေ။ ယင်းစကားရပ် မမှန်ကန်ကြောင်း သက်သီပြရေအနီနန့် ရက္ခဝံလက်မဂ္ဂဇိန်း အမှတ်(၂)မာ ရက္ခဝဏ္ဏအက္ခရာ(ခေါ်)ရခိုင်စာဆိုရေ ဆောင်းပါးကို တင်ပြခပါရေ။ ဒေဆောင်းပါးမာလေ့ မြစေတီ(ခေါ်) ရာဇကုမာရကျောက်စာထက်ယင်ရေ ရခိုင်စာပီလက်ရာ ကောက်နုတ်ချက်အကျဉ်းနန့် ယင်းစာပီတိကို ရီးစပ်ခသူတိဇို့ အတ္ထုပ္ပတ္တိ အကျဉ်းကို မိတ်ဆက်ပါမေ။

စောပြည့်ညိုရေ ဝေသာလီပြည်သျှင် သီရိစန္ဒြားမင်းဇို့ သမီးတော်ဖြစ်ပါရေ။ အိမ်ရှိမင်းသား ဥပရာဇာဇို့ မျောက်သားတော်ဖြစ်ပါရေ။ မင်းသမီးဘွဲ့မာ သုဝဏ္ဏဒေဝီ ဖြစ်ပါရေ။ သီရိစန္ဒြားမင်းလက်ထက် အခွန်ဘဏ္ဍာမဆက်ဘဲ ပျက်ကွက်နီရေ အတွက် ဒါဂါ(ဒက္ကား)၊ မောက်သူဇာ(မူရယော့ဒဗာဒ်)သို့ ဥပရာဇာ စစ်ချီလီပါရေ။ ယင်းမာ အနောက်သူရတန်မင်းဇို့ သမီးတော် နှစ်ပါး နန့် စံစားနီလီစွာ(၃)နှစ်ကြာပါရေ။ ယေခါ စောပြည့်ညိုက သိန်ကန်မိန်အစချီ ရတုကဗျာ(၃)ပိုဒ်ကို ရီးသားဆက်သွင်းခပါရေ။ အကျဉ်းချုပ်မာ..

“ဆယ့်သုံးနှစ်ကပင် စုလျားရစ်ပတ်ပနာ လက်ဆုံထိမ်းမြားထားသူဖြစ်တေ၊ ဇေု ကုလားပြည်မာနီစွာ သုံးနှစ်ကြာခယာ၊ စစ်ချီတက်တေ ကာလဆိုကေ စတူရာပါ၍၊ ဒုက္ခအထွန်း၊ ကျီးကန်း တာရာ၊ ဟသ်ာအထွတ်ကပင်ဖြစ်ရာ သုံးနှစ်ဟိခယာ။ အမတ်လိမ္မာကို အာဏာသုံးပြီးထားခကေ ရနိုင်ကောင်းယင့်။ ကျမ်းဂန်လာ စာထုံးဟောင်းနန့်အညီ အမတ်ကောင်းကို လွှဲအပ်ထားခသင့်ပါရေ။ ရာသီပြောင်း၍ မိုးနှောင်းကာလ ဆောင်းအကူးမာ စစ်ဗိုလ်ခြီတစ်ဝက်ကို ထားခပြီးကေ ပြန်ဖြစ်အောင် ပြန်လာလတ်ပါဖိ။ ခမည်းတော်မြတ်ဇို့ အမိန့်ကိုပန်ဆင်လျက် ရှိတော်ဒို့လာကေ နောင်လေ့ ကောင်းရန်ဟိပါရေ။ ဉာဏ်တော်နန့်ရာ ချင့်ချိန်ပါရန် အကြောင်းဟိပါရေ” ဆိုရေအကြောင်းတိကို ရီးခပါရေ။ ယင်းစာကိုရကေ ဥပရာဇာလေ့ အယင်ပြန်လတ်ပါရေ။ သူစပ်ခရေ ရတုစာပိုဒ်တချို့ကို ထုတ်နှုတ်တင်ပြပါမေ။

‘လျှောက်တင်ခါပန်း၊ရာသီဆန်းလျှင်၊ နန်းမြင့်အောင်မြီ၊ ဆယ့်နှစ်ထွီရစ်သန်းမြူး၊ မောက်သူဇာသည်၊ ဒါကာကမ်းဦးမှ၊ ကျေးဇူးဂုဏ်သျှစ်တန်၊ အမတ်လိမ္မာ၊ ထိုမြို့ရွာတွင်၊ အာဏာ သုံးခပြန်မှ၊ ပြောင်ဆဒ္ဒန် မာတင်ရိုး၊ ထွက်လျှင်မပြန်၊ မလှန်ငါရို့ မင်းမျိုးတည်း၊ ဆိုးကောင်းနှစ်ပါးတွင်၊ ရိပ်ခြည်အပြင်၊ သခင်သိ ရင်းပင်ဟု၊ ပညာသျှင်ထိန်းအုပ်မှ၊ မြို့ပြကျေးရွာ၊ သာယာစည်ကားလှ၏၊ မင်းယောကျာ်း ဓမ္မတာ၊ ပညာမဲ့နက်၊ ဉာဏ်ကစက်သော်၊ ပြည်ထက်မတရားတည်း။ ရှိကျမ်းလာထုံးစာဟောင်း၊ ကျိုးကြောင်းသိပြန်၊ဘွဲ့မှန်အမတ်ကောင်းကို၊ နောက်တကြောင်း ကုလားရွာ၊ အပိုင်အပ်ပြီး စစ်သူကြီးဟု၊ စောထီးထားခမှာ၏။’

ယင်းအပြင် စောပြည့်ညိုရေ ကဝိဂန္ထမည်ရေ ကဗျာဆန်းကျမ်းကိုလေ့ ရခိုင်ဘာသာဒို့ပြန်ဆိုခပါရေ။ ယင်းကဗျာကျမ်းစွာ မူလကအိန္ဒိယမာ ထင်ရှားရေ ဆန်းကျမ်းတစ်စောင်ဖြစ်ပါရေ။ အလင်္ကာကျမ်းဆရာကြီး ကာလီဒါသ ပြုစုခြင်းဖြစ်ပါရေ။

ပညာဟိမေခပညာ အမတ်ကြီးရေ ဝေသာလီခေတ် သီရိစန္ဒြားမင်းလက်ထက်မာ အမှုတော်ထမ်းခပါရေ။ သူမှတ်တမ်းတင်ခရေ မေခပညာမော်ကွန်းလင်္ကာဆိုစွာ ရခိုင်ပဌမသင်္ဂါယနာတင်ကျမ်းစာ ပင်ဖြစ်ပါရေ။ (မှတ်ချက်။ ။ရခိုင်မာတင်ခရေ သင်္ဂါယနာတိကို ဗမာရို့က အသိအမှတ်မပြုပါ၊ ရုပ်ကြွင်းသမိုင်း အထောက်ထားတိ သက်သီတစ်ထွီးကြီး ဟိကေလေ့ အနိုင်ခံဖိနှိပ် ထားပါရေ၊ သမိုင်းရုပ်ကြွင်းတိ မပျောက်ကွယ်ဖို့နန့် ဗမာရာမက ကမ္ဘာကပါ အသိအမှတ်ပြုလာအောင် ကြိုးစားရဖို့စွာရေ လက်ဟိရခိုင်သားရို့ဇို့ တာဝန်မဟုတ်ပါလား)။ အေဒီ ၆၃၈ (သာသနာ သက္ကစ် ၁၁၆၉) (ဓါတုဋ္ဌီကာ) ခုနှစ်မာ ရခိုင် ပဌမသင်္ဂါယနာကို တင်ခပါရေ။

ယင်းမော်ကွန်းစွာ သီရိစန္ဒြားမင်းကို ချီးကျူးဖွဲ့ဆိုထားခြင်း ဖြစ်ပါရေ။

သီရိဓမ္မဝိဇယ (သီရိစန္ဒြ)မင်းရေ ဂေါစာသကြစ် ၅၉၀ ကိုဖြိုရေနှစ်၊ တန်းခူးလပြည့်ကျော် တစ်ရက်နို့ကစလို့ ဝေသာလီ ကျောက်လှိုကားမြို့တော်၊ ရွှေတောင်(ဇေဂအခေါ် သရက်ချို) တောင်ကုန်းထက်မာ 'သီဟိုဠ်ကျွန်းမှ ရုရနှစ်ဖြာ၊ ငါးရာစီမျှ၊ ရို့ပြည်မမှ၊ ရုရတစ်ထောင်.....' အဆိုအရ သီဟိုဠ်မှ သံဃာတစ်ထောင်၊ ရခိုင်ပြည်ကလေ့ သံဃာတစ်ထောင်၊ ပေါင်းနှစ်ထောင်ရို့ရေ စူလရေဝအသျှင်ကို အမှူးပြုလျက် သင်္ဂါယနာတင်ခကတ်ပါရေ။ ယင်းမာသီရိဓမ္မဝိဇယမင်းရေ ပစ္စည်းလေးပါး ဒါယကာအဖြစ်ကို ခံယူခပါရေ။

ယင်းသင်္ဂါယနာ ဓမ္မသဘင်ကြီး ဆင်ပျင်ကျင်းပရာမာ– ပိဋကတ်သုံးပုံ(ပါဠိတော်) ဖြစ်တေ ဝိနည်းငါးကျမ်းကို ကြီးဝါချပ်ရီ (၂၅၀)၊ သုတ်သုံးကျမ်းကို ကြီးဝါချပ်ရီ(၉၁၀)၊ အဘိဓမ္မာခုနှစ်ကျမ်းကို ကြီးဝါချပ်ရီ (၈၄၀)၊ စုစုပေါင်း ကြီးဝါချပ်ရီ (၂၀၀၀) တိတိနန့် အက္ခရာတင်ခကတ်စွာ အချိန်တစ်နှစ် ကြာပါရေ။

အဋ္ဌကထာဖွင့်ဆိုရာမာ– ဝိနည်းငါးကျမ်းကို ကြီးနီချပ်ရီ (၇၅၀)၊ သုတ်သုံးကျမ်းကို ကြီးနီချပ်ရီ (၁၅၀၀)၊ အဘိဓမ္မာခုနှစ်ကျမ်းကို ကြီးနီချပ်ရီ (၆၉၀)၊ ဝိသုဒ္ဓိမဂ် တစ်ကျမ်းတည်းကို ကြီးနီချပ်ရီ(၆၀)၊ စုစုပေါင်း ကြီးနီချပ်ရီ (၃၀၀၀) တိတိနန့် အက္ခရာတင်ခစွာ အချိန် (၂) နှစ် ကြာပါရေ။ ယင်းနှစ်ရပ်ပေါင်းကို ကြီးချပ်ရီ (၅၀၀၀) နန့် အချိန် တစ်ဆက်တည်း သုံးနှစ်ကြာပါရေ။

မှတ်ချက်။ ။ကြီးတစ်ချပ်မာ အလျားတစ်တောင့်တစ်ထွာ၊ အနံ တောင်ဆုပ်၊ အထူတစ်မူးစီ ဟိပါရေ။ ရင်ဖက်၊ ကြောဖက် နှစ်ဖက် စလုံးမာ စာ–(၂၇) ကြောင်းစီ ပါဠိဘာသာနန့် ရီးထိုးခပါရေ။

သင်္ဂါယနာကျင်းပပုံကို မေဓပညာ မော်ကွန်းလင်္ကာ လာအတိုင်း ဖွင့်ဆိုထားစွာဖြစ်ပါရေ။ သကြစ်ဖြိုရေ သမိုင်းကြောင်း ကိုဖယ်ချန်ပြီးကေ ပဥ္စမသင်္ဂါယနာ ဆင်ပျင် ကျင်းပပုံ အကြောင်းကို ထပ်ပြီးကေ ထုတ်နှုတ်တင်ပြပါ အုံးမေ။

'....၊ ထိုနှစ်မာပင်၊ စိတြပုဏ်၊ ပဋိပါဒ၊ ဆုတ်စတစ်ရက်၊ ယင်းနို့ထက်တွင်၊ မြသွင်းမှိုင်းအိ၊ တန်ခိုးဟိသည့်၊ ဘုမ္မိရွှေတောင်၊ ဗွေထိပ်ခေါင်ကို၊ ညီအောင်ပြုကာ၊ ဝိဟာတမျက်၊ လေးဘက်အညီ၊ ငါးဆောင်စီဖြစ်၊ တစ်ကျောင်းနှိုက်ဝယ်၊ ငါးဆယ်သံဃာ၊ တစ်မျက်နှာမာ၊ နှစ်ရာ့ငါးဆယ်၊ လေးသွယ်ရဟန်း၊ သီဟိုဠ်ကျွန်းက၊ ရုရနှစ်ဖြာ၊ ငါးရာစီမျှ၊ ရို့ပြည်မမှ၊ ရုရတစ်ထောင်၊ ပင့်ဆောင်ကျွေးမွေး၊ လှူပွဲကျင်းပ၊ လယ်ကထူးဆန်း၊ နတ်နန်းတမျှ၊ တူစွရှိကျောင်း၊ အပေါင်းများစွာ၊ သံဃာနှစ်ထောင်၊ ပင့်ဆောင်ပြီးမှ၊ စူလရေဝ၊ နာယကကား၊ ဓမ္မသဘင်၊ သင်္ဂါယနာ၊ တင်ရာအစ၊ ပဥ္စဝိနယ၊ နှစ်ရာ့ငါးဆယ်၊ သုတ္တံကျယ်ဘိ၊ နာဝိဇကော၊ ကိုးရာဆယ်တိ၊ အဘိဓမ္မာ၊ ကျမ်းလာသတ္တ၊ ယှစ်ရာ့လေးဆယ်၊ ဗုဒ္ဓဟောဟိ၊ ပါဠိနယ၊ တာမြပတ္တာ၊ ကြီးဝါချပ်ပြား၊ နှစ်ထောင်အားဖြင့်၊ ရီးထားသေချာ၊ တစ်နှစ်ကြာအယ့်

တဖြာဖွင့်ပြ၊ အဋ္ဌကထာ၊ ဝိနယမာ၊ နှစ်ရာ့ငါးဆယ်၊ သုတ္တံအလာ၊ ထောင့်ငါးရာတည့်၊ အဘိဓမ္မာ၊ ခြောက်ရာ့ကိုးဆယ်၊ မိပ္ပါယ်ပေါင်းစုံ၊ အကုန်ဖော်ဟိ၊ ဝိသုဒ္ဓိမဂ်၊ သျှင်ပျက်မရာ၊ လိဗီမာနှိုက်၊ ချပ်ဖြစ်လေးဆယ်၊ ဒွယေနိစ၊ယ၊ ကမ်ဝိတရဏီ၊ ချပ်ရီနှစ်ဆယ်၊ နိကာယ်ငါးဝ၊ အဋ္ဌကထာ၊ နှစ်နှစ်ကြာပြု၊ ပ,ဒု,တ,မှီ၊ စတုတ္ထီကျ၊ မဟိံသဟု၊ မည်ရသမိုင်း၊ ရခိုင်တိုင်းသို့၊ စီခိုင်းလီဘိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ်သျှင်၊ သိခင်ရေဝ၊ ထေရငါးဖြာ၊ ရဟန္တာရို့၊ ကြွလာထိုခါ၊ သူရိယစက္က၊ ရို့ရာဇအား၊ ဟော ကြားဒေသနာ၊ ဒေဝါရူတံ၊ သုတ္တံအဆုံး၊ လေးသောင်းလုံးမာ၊ ဓမ္မာစက္ခု၊ ရဟိမှုကြောင့်၊ လေးသောင်းရဟန်း၊ ကျွတ်တန်းဝင်ကြ၊ ထိုကစရှုယ့်၊ သာသနဝန်ထမ်း၊ ရဟန်းသံဃာ၊ စဉ်လာပွားထ၊ သီဟလနှယ်၊ ဝါဒတူဘိ၊ ဂုဏ်သိင်္ဂီမာ၊ ပတ္တာပဥ္စမီ၊ ကြီးရီချပ်ပြား၊ ငါးထောင်အားဖြင့်၊ ရီးထားသေချာ၊ သုံးနှစ်ကြာလျှင်၊ အောင်မြင်ပြီးစီး၊ သီရိစန္ဒြား၊ ရို့မင်းဖျားကား၊ .....'

ဆိုခရေအတိုင်း သီရိဓမ္မဝိဇယ (သီရိစန္ဒြ) မင်းလက်ထက်ကပင်တင်ခရေ သင်္ဂါယနာတင်ကျမ်းအစုံကို အာနန္ဒစန္ဒြမင်း (အာနန္ဒစန္ဒြကျောက်စာအရ) (ခေါ်) စူဠစန္ဒြားမင်း (ရာဇဝင်သမိုင်းစာပီရို့အရ) (ခေါ်) စူဠမဟာရာဇာ (ဒင်္ဂါးပါစာအရ) ရေ ပြန့်ပွားစီလိုရေအတွက် အတိအကျရီး ကူးခိုင်းကြောင်း၊ အာနန္ဒစန္ဒြကျောက်စာ၊ ဂါထာအပိုဒ် (၅၀) မာ 'သူတော်ကောင်းဖြစ်တေ အာနန္ဒစန္ဒြမင်းကြီးရေ တရားတော် (ပိဋကတ်သုံးပုံနန့် အဋ္ဌကထာကျမ်းအစုံ) ကို စာမူများစွာ ရီးကူးစီခ၏' ဆိုပနာတွိရပါရေ။

အာနန္ဒစန္ဒြမင်း ကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၁၅၀ ခန့်ကြာရေခါ လေးမြို့ခေတ်၊ ပဥ္စာမြို့က စန္ဒသင်မင်းဇ့သားတော် မင်းရင်ဖြူရေ ဂေါစာသကြစ် ၂၀၅–ခု ခရစ်နှစ် ၈၄၃ မာ နန်းတက်ပြီးကေ နန်းစံနှစ် (၄) နှစ်မြောက်၊ ဂေါဇာသကြစ် ၂၀၉–ခု၊ ခရစ်နှစ် ၈၄၇–မာ ယင်းမင်းဇ့ ပစ္စည်းလေးပါးနန့် ချီးမြှင့်ခြင်းကို ခံယူပနာ ၈၀၀–သော ရဟန္တာအသျှင်မြတ်ရို့ရေ ပဥ္စာမြို့မာ ရှီးဝေသာ သင်္ဂါယနာမှုကို အခြီခံပြီးကေ ရက္ခဝဏ္ဏာအက္ခရာနန့် သင်္ဂါယနာတင် တော်မူခကတ်ပါရေ။ ပိဋကတ်သုံးပုံနန့်အဋ္ဌကထာကျမ်းအစုံကို အက္ခရာတင်ဖို့ အတွက် ရွှီအတိကို ပတ္တားခတ်ပြီးကေ ချပ်ရီပေါင်း များစွာ ပြုလုပ်ရပါရေ။ ရွှီတစ်ချပ်ဇ့ အရွယ်မာ အလျားတစ်တောင်၊ အနံတစ်ထွာ၊ (တချို့ကျမ်းတိမာ အနံလက်လေးသစ်) လို့ဆိုပါရေ။ တစ်မျက်နှာမာ စာ(၇)ကြောင်းစီ ရီးထိုးထားပြီးကေ တစ်ချပ်မာ ရွှီချိန်(၁၅)ကျပ် ဟိပါရေလတ်။

ယင်းသင်္ဂါယနာတင် ပိဋကတ်သုံးပုံနန့် အဋ္ဌကထာကျမ်းအစုံကို နှစ်ပေါင်းခြောက်ရာကျော်ဖြစ်တေ လေးမြို့ခေတ်တစ်ခေတ်လုံးရခိုင်မင်းအဆက်ဆက် နန်းတွင်းဘဏ္ဍာတော် ရွှီတိုက်မာ ထားဟိအသုံးပြုလာခကတ်ရာ ထိုခေတ်လွန်မြောက်ပြီးကေ မြောက်ဦးအလယ်ခေတ် မင်းဗာကြီးဇ့သားတော် မင်းဖလောင်း လက်ထက်ဒို့ရောက်တေအခါ နောင်တစ်ချိန်ကျကေ ရခိုင်ပြည်ဆုတ်ယုတ်ဖို့စွာကိုမြင်လို့ ဦးရာဇ်ခေတ်တော်စာတီမာ အခိုင်အလုံ ဌာပနာထားခရေလို့ ၁၅–အင်္ဂါဟိရေ ရာဇပုံကျမ်း(ပီမူ)က ဆိုထားပါရေ။ သင်္ဂါယနာတင်စဉ်မာပင် ဂေါစာသကြစ် ၂၀၉–ခု၊ ကဆုန်လဆန်း ၆–ရက်၊ တနင်္လာနို့ ၅–နာရီ(နာရီ)ကျော်မာ မင်းရင်ဖြူရေ ပဥ္စလောဟာ ရတနာနန့် နှစ်ကျိပ်သျှစ်ဆူသော ထိုင်တော်မူရုပ်ပွားတော်ရို့ကို မိုးသောက်အာရုဏ်တက်ချိန်ကစပြီး သွန်းလုပ်လှူဒါန်းခ၏လို့ အဆိုဟိပါရေ။

အမတ်ကြီးဓမ္မဇေယျကား ဝေသာလီခေတ် စူဠစန္ဒြားမင်းလက်ထက်မာ ထင်ရှားခပါရေ။ သူသီကုံးခရေ ဗျည်း (၃၃)လီတော်သံထဲမာ ဘုရားသျှင်ရခိုင်ပြည်ဒို့ ကြွရောက်ခြင်း၊ ကိုယ်စားတော်သွန်းလုပ်ခြင်း၊ ဘုရားသျှင်တရားဟောခြင်း၊ ဈာနလာဘီများ ဈာန်ဝင်စားခြင်း၊ ဓာတ်တော်၊ မွီတော်တိကို၊ဌာပနာတည်ထားခြင်း၊ တာဝတိံသာမာ အမိတော်

နတ်သားကို တရားဟောခြင်း၊ ယင်းအပြင်ငါးရာ့ငါးဆယ် လာဇာတ်များ ၊ အဖြစ်တော်များ၊ ဘယကုမ္မာဗုဒ္ဓဝင်ဆိုင်ရာ၊ သမိုင်းဆိုင်ရာ တိလေ့ အများအပြားပါဟိလီရေ။ မိတ်ဆက်အနီနန့် အကျဉ်းတင်ပြလိုက် ပါရေ။

‘က ကိုမူကား ကညွှနပဗ္ဗတာ၊ ငွေဆောင်သာက
ဟသ်ာဝမ်းဘဲ၊ ပျံကျဝဲသည်၊ မစဲရံကာ
ရံကာသော်လည်း၊ ဟန်စိလေ၊ ဟန်စွလေ။

..............................................................

အ ကိုမူကား အမ္ဗချိုသီး သရက်သီးကို
ကျီးသားတင်ပြီး သီးဆောင်ချီသည် ဒေဝီစားကာ
စားကာသော်လည်း ဟန်စွလေ၊ ဟန်စွလေ’။

အကျယ်လေ့လာလိုသူများ ဒေဝတီအောင်ဇေယျ (မြောက်ဦး)ဇ္ ရက္ခပူရကြီးမုံကျမ်း စာမျက်နှာ(၁၄၅)မာ ကြည့်ရှုနိုင်ပါရေ။ စန္ဒြားဘွဲ့ကိုလေ့ မေပေညာပင် သီကုံးခပါရေ။

ဝေသာလီခေတ်၊ ရက္ခဝဏ္ဏအက္ခရာနန့် ထပ်တွိရေ သမိုင်းရုပ်ကြွင်းတိမာ–

*(၁)စူလမဟာရာဇာ ဆိုပြီးကေ ရက္ခဝဏ္ဏအက္ခရာပါ ဒင်္ဂါးစာ*

*(၂)ဝေသာလီမြို့ရိုးကျောက်စာ၊ အေဒီ ၈–ရာစု(မြောက်ဦးမြို့၊ ရှိဟောင်းသုတေသနပြတိုက်၊ အမှတ်–၁၈၁)*

*(၃)နားပိတ်တော်စာတီမှ အလှူမှတ်တမ်းကျောက်စာ၊ အေဒီ ၈–ရာစု( ရှိ/သု) ပြတိုက်၊ အမှတ်–၂၄၅*

*(၄)မဟာထီးကျောက်စာ၊ အေဒီ ၈–ရာစု (ရှိ/သု) ပြတိုက်၊ အမှတ်–၄၀* ရို့ ဖြစ်ကတ်ပါရေ။

ဗမာရို့က ပြူနန့်မွန်ရို့ဇ္ စာရီးနည်းကို စံပြုပြီးကေ အေဒီ ၁၁–ရာစုမာ အက္ခရာတင် စာရီးတတ်ခကြောင်း၊ စာရီးတတ်စက လေးထောင့် သဏ္ဍာန်ဖြစ်ပြီးကေ အေဒီ ၁၈–ရာစုရောက်မှ ဝိုင်းလို့ရီး တတ်လာကြောင်းကို ဦးသန်းထွန်း (မြန်မာ့သမိုင်းပုံ၊ စာ ၉၄–၉၆)ကဆိုပါရေ။ ဒေါ်ဂ်တာ သန်းထွန်းကပင် ရခိုင်ရို့ကား အေဒီ ၆ရာစု မတိုင်ခင်ကပင် စာရီးစာဖတ်တတ်ပနာ ယဉ်ကျေးမှုထွန်းကားပြီးလို့ အဆိုဟိပါရေ။ ဒေသာဇ္ ရခိုင်စာရွှီး(ရီး) နေး(နည်း)အစ သက္ကဋ္ဌ ပါဋ္ဌိဂ(က) ဆိုရေကဗျာမာ

‘ ----------------

ယှစ်ရာစုနောက်ပိုင်း ဝိုင်း လို့ရီးလာ
ဂုပိုင်အက္ခရာ ရခိုင်အက္ခရာ
ရခိုင်ပြည်မာ ထွန်းကားလာရေ
ရခိုင်စကားခြင်း ရခိုင်ခြင်း။’

ဒေကဗျာအရဆိုကေ ရခိုင်စာကို ဝိုင်းလို့ရီးလာစွာ သျှစ်ရာစုနောက်ပိုင်းကပင်ဆိုရေအတွက် အောက်သားရို့ဝိုင်းလို့ရီးတတ်စွာထက် ကိုးရာစုကျော် (ဆယ်ရာစုနီးပါး) ယင်ကြောင်း တွိရပါရေ။ ပေ့ါကေယော့၊ ယော့ကေပြီ။ ယော့လေ့ ယော့ခဖူး၊ ပြီလေ့ ပြီခဖူးပြီးပါယာ။ ပြီနီစွာကို စုစည်းချိုင်နှောင်ဖို့ ရခိုင်သားတိုင်းမာ တာဝန်ဟိပါရေ။ တစ်ခါသီဖူး၊ ပျဉ်ဖိုး နားလည်သင့်ပါဗျာ။

သိန်ကန်မိန်အစချီ ရတုတစ်ပုဒ်သည်ပင် ရခိုင်ရာဇဝင်၊ ရခိုင်သမိုင်း၊ ရခိုင်ယဉ်ကျေးမှုနန့် ရခိုင်စာပီရို့ကို ဂန့်ထိတိုင်အောင်လင်းလက်စီပါရေ။ လက်ဟိ အပုပ်နံ့ ထွက်နီရေ အကျွန်ရို့ ရခိုင်သားတိကို စစ်ဇ္ ဝါးလုံးခေါင်း ထဲမာတောင် စောပြည့်ညိုက အမျိုးသားမာန်ကို တက်စီပါရေ။ ရခိုင်သမီးပျို စောပြည့်ညိုရေ ရခိုင်အမျိုးသားအတွက် တာဝန်ကျီခပါရေ။သူမအသက်ဆက်ပီးခရေ ရက္ခဝဏ္ဏ အက္ခရာကို စောင့်ယှောက်ရပါဖို့။ မျိုးချစ်လှုရေ အာရက္ခတိ အနီနန့် ဇာပိုင်စောင့်ယှောက်ပါဖို့လေးဂု။ အကျွန့်အ နီနန့် အကြံပြုရဖို့ဆိုကေ တခြားအားသန်ရာတိကို လုပ်ယင်းနန့် ရခိုင်အကျိုးအတွက် တစ်ချိန်းခွတ်ကေ ဆယ်ချိန်းစာလောက် ပြတ်နိုင်ရေ စောပြည့်ညိုပိုင် ရခိုင်စာပီဂန္ထဝင်လက်ရာတိ မဖြစ်မနီ ဖန်တီးထားခသင့်ပါကြောင်း။ ယင်းတွက်နန့် ရခိုင်သားတိုင်း ရခိုင်စာအစင်တိကို ကြိုးစားရီးသားသင့်ပါကြောင်း နှိုးဆော်လိုက်ပါရေ။

သန့်ဝဏ္ဏခိုင်

<u>အကိုးအကား</u>

–ရခိုင်ယဉ်ကျေးမှုများ အမှတ်(၇)......အသျှင်စက္ကိန္ဒ

–ရခိုင်ရာဇဝင် ယဉ်ကျေးမှုသမိုင်းနန့် သုတေသီရို့ဇ္ အတွေးအမြင်များ.....ဦးအောင်သာဦး

–ရက္ခပူရကြီးမုံကျမ်း.........................ဒေဝတီ ဦးအောင်ဇေယျ

--------------------------------

## ဗိတ်ခေါ်သံ

---------------------

ရိုးမတောင်ခြီ ဆီးဖျာနီ
ရခိုင်သားရို့ မြီ
ပင်လယ်ပြင်တိ ခြားကာလွှမ်း
ရခိုင်သားရို့နန်း။

ဂန္ဓဝင်ထဲက သင်ခန်းစာ
အဖရခိုင်ပြည်မာ
မြင်မြင်ကိုရာ ကြည့်လီဖိ
အားလုံးစာတီတိ။

ဝမ်းစာပြည့်လို့ ပြည်လုံးပျော်
ရှိက စာအကျော်
သားပုဒ္ဒိုင်းကျီ ဟိပါယင့်
ဆန်ရီစပါးကအသင့်။

သဇင်ပန်းခိုင်တမြိုင်မြိုင်
ရခိုင်မာဘုရားပိုင်
ကမ္ဘာသူ လူအများ
အားလုံးသိစီသား။

စိတ်နှလုံးကောင်းလို့ ဧည့်ဝတ်ကျီ
သန္တာ လခြမ်းမြီ
လာလည်သူ သျင်လူများ
ကျန်းမာကတ်စီသား
ချမ်းသာကတ်စီသား။

ကြာညိုခင်(ဝါဘိ)

# စာမူဖိတ်ခေါ်ခြင်း

ရက္ခဝံလက် မဂ္ဂဇင်းအမှတ် (၄) ကို ၂၀၁၂ ဂျွင်လ တွင် ထုတ်ဝေလားပါမည်။ သို့ဖြစ်၍ စာမူများကို ၂၀၁၂ ဧပြီတွင် နောက်ဆုံးထားပနာ အရောက်ပီးပို့ စီချင်ပါသည်။

| စာမူအမျိုးအစား | စာမျက်နှာကန့်သတ်ချက် |
|---|---|
| ၁။ ဆောင်းပါး | ၂ မျက်နှာမှ ၅ မျက်နှာထိ |
| ၂။ ကဗျာ | ၁ မျက်နှာ |
| ၃။ ဝတ္ထုတို | ၃ မျက်နှာမှ ၆ မျက်နှာထိ |
| ၄။ ဝေဖန်စာ | ၂ မျက်နှာမှ ၅ မျက်နှာထိ |
| ၅။ အကြံပီးစာ | ၁ မျက်နှာ |
| ၆။ သရော်စာ | ၂ မျက်နှာမှ ၃ မျက်နှာထိ |
| ၇။ ကာတွန်း | ၁ မျက်နှာ |
| ၈။ ဟာသ | ၁ မျက်နှာ |
| ၉။ စာညွှန့် | ၁မျက်နှာမှ ၂မျက်နှာထိ |

မှတ်ချက် ။ ။ စာမူနန့်တတူ ကလောင်နာမည် နန့် ဖုန်းနံပါတ်ကို ပူးတွဲထည့်ပီးပါ။
မရွီးချယ်သော စာမူတိကို ပြန်လို့ မပီးပါ။

## စာမူစည်းကမ်းချက်

၁။ စာမူတိကို ရခိုင်ခြင်းနန့် ရီးသားကတ်ပါ။
၁။ စာမျက်နှာ တစ်ဖက်တည်းရာ ရီးပါ။
၂။ သန့်သန့်ပြန့်ပြန့် ရီးပါ။
၃။ အွန်လိုင်းတွင် ဖြစ်စီ စာစောင်တစ်ခုခုတွင်ဖြစ်စီ ဖော်ပြပြီးသော စာမူများကို လက်မခံပါ။

## ရက္ခဝံလက်ကို ဆက်သွယ်ဖို့ဆိုကေ


၁။ ရက္ခဝံလက် မဂ္ဂဇင်း ... rakhawanlamagazine@gmail.com
၂။ ဝံလက်မောင် ... (၀၁၆ ၉၀၅၈၃၆၀) ... maungtar7@gmail.com
၃။လင်းတေဇ (၀၁၀ ၂၁၅၄၀၃၀)... luntayza@gmail.com
၄။ရိုးသစ္စာ (၀၁၄ ၃၂၅၈၁၉၇)...


ရက္ခဝံလက် ရခိုင်အမျိုးသားမဂ္ဂဇင်း

# ရခိုင်အမျိုးသားရေးနန့် ဘင်္ဂလားပြဿနာယှင်းတမ်း နောက်ခံသမိုင်းတချို့နန့် ပစ္စုပ္ပန်အခြီအနီ

**ရခိုင်ပြည်ကျွန်ပြုခံရခြင်း**

၁၇၈၄–ခုနှစ်မာ ရခိုင်အမျိုးသား ဘုရင့်နိုင်ငံတော်ကို ဗမာဖက်ဆစ်များက ဝင်ရောက်သိမ်းပစ်တေ။ အမျိုးသားခုခံစစ်ပွဲ နှစ်(၄၀) ကြာပြီးနောက် လုံးဝကျွန်ပြုခံ နိုင်ငံဖြစ်လာရေ။

**အင်္ဂလိပ်အစိုးရထံ ရခိုင်ပြည်နန့် ဗမာပြည်ကျွန်ပြု ခံရခြင်း**

၁၈၂၄ ခုနှစ်တွင် ရခိုင်ပြည်ကို အင်္ဂလိပ်နယ်ချဲ့က ဗမာဘုရင် လက်ထဲကတိုက်ယူပြီး အပိုင်သိမ်းယူလိုက်တေ။ ယင်းစစ်ပွဲစွာ ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ်အတွင်း နိဂုံးချုပ်လားခရေ။ ဗမာရို့လေ့ အင်္ဂလိပ်ကျွန်ပြုခံနိုင်ငံ ဖြစ်လားခရေ။

**အင်္ဂလိပ်မင်းက ရခိုင်ပြည်သို့ ဘင်္ဂါလီကုလားများကို ဝင်ခွင့်ပြုလိုက်ခြင်း**

အင်္ဂလိပ်နယ်ချဲ့ရို့ ရခိုင်ပြည်သို့ဝင်ရောက် သိမ်းပိုက်ပြီးနောက် ဗမာပဒေသရာဇ် ဖက်ဆစ်များ (Genocide) လူမျိုးတုန်း သတ်ဖြတ်ခံရခြင်းကြောင့် ရခိုင်ပြည်တွင်းမာ လယ်ယာလုပ်ကိုင်မည့်သူ ရခိုင်လူမျိုးများမဟိရေအတွက်တာကြောင့် စစ်တကောင်းသား ဘင်္ဂါလီကုလားတိကို လယ်ယာစိုက်ပျိုးမှု ကိစ္စပြီးစီးဖို့အတွက် အတားအဆီးမဟိဝင်ရောက် နီထိုင်ခွင့်ပြုလိုက်တေ။

အရှိအလယ်ပိုင်းမာ စူးအတ်တူးမြောင်း ပြီးစီးပြီးဖြစ်ရာ ပင်လယ်ရီကြောင်း ခရီးတိုတိုနန့် လိုရာကမ္ဘာသို့ ရောက်ဟိနိုင်ရေအတွက် ကမ္ဘာ့ဈီးကွက်မာ ဆန်စပါးဝယ်လိုအားအဟုန်မြင့် တက်လျက်ဟိရေ ကာလလေ့ဖြစ်တေ။ ယင်းဈီးကွက် လိုအပ် ချက်ကြောင့် အင်္ဂလိပ်မင်းက ရခိုင်ပြည်တွင်းသို့ Cheap Labour ဈီးအတန်နန့် အလုပ်ခိုင်းလို့ရရေ ဘင်္ဂါလီကုလားတိကို ထောင်သောင်းချီပြီး အိုးအိမ်အတည်တကျနန့် နီထိုင်ခွင့် ပြုလိုက်တေ။

**၁၉၄၂ခုအင်္ဂလိပ်မင်းက မီးမွီးပီးခရေ ဘင်္ဂါလီ ကုလားတိ အပျော်တမ်းလက်နက်ကိုင်တပ်က ရခိုင်လူမျိုးများအား နှိပ်စက်သက်ဖြတ်ခြင်း**

အင်္ဂလိပ်အဆုတ် ဂျပန်အဝင် မင်းမဲ့ကာလမာ အင်္ဂလိပ်မင်းက ဂျပန်လူပ်ယှားမှု စစ်သတင်းတိကို ရနိုင်ဖို့အတွက် လက်နက်ငယ် တပ်ဆင်ပီးခရေ ဘင်္ဂါလီကုလား အပျော်တမ်းတပ်(၁၉၄၂–ခုနှစ်မာ စတင်ဖွဲ့စည်းပါရေ) စွာ တရားဥပဒေ စိုးမိုးရေးကို ဆောင်ရွက်နီရေ ရခိုင်လူမျိုး အရေးပိုင် ဦးကျော်ခိုင်ကို ဘူးသီးတောင်မြို့ မြစ်ကမ်းနားမာ ကြိုးချိုင်ပြီးကေ တပျင်းသတ်တေ။ သူ့သမီးကိုလေ့ အဖရှိမာ မုဒိမ်းကျင့်ပြပြီးကေနှစ်ယောက်စလုံးကို ရခိုင်လူမျိုးတိ ရှိမှောက်မာ ပစ်သတ်လိုက်တေ။

ယင်းနို့မာပင် ရခိုင်ခရီးသည်တင် မြစ်ကြောင်းလား သင်္ဘောတစ်စီးစွာ ဘင်္ဂါလီကုလားရန်ကို ကြောက်ရွံ့လို့ သင်္ဘော ကြိုးကိုဖြတ်ပနာ အယင်ထွက်ဖို့လုပ်နီစဉ် ခရီးသည်တိ (၁၇၆၀)* နန့်အတူ သင်္ဘောကား ဘူးသီးတောင်မြစ်မာပင် နစ်မြုပ်လားခရေ။

ယင်းပိုင်မင်းမဲ့စရိုက် လွှမ်းမိုးနီချိန်မာပင် ဘင်္ဂါလီကုလား အပျော်တမ်းတပ်စွာ ဘူးသီးတောင်၊ မောင်တောနယ်ဟိ ရခိုင်ဟူသရွှိ (၂၆၀) ကျော်အပါအဝင် ဗုဒ္ဓဘာသာဝင်ရို့ဇ္ အထွဋ်အမြတ် ဘုန်းကြီးကျောင်း၊ ဘုရားစာတီ၊ ဓမ္မာရုံနန့် လူပါမကျန် အမျိုးတုန်း လက်စပျောက်အောင် သတ်တေ။ ရခိုင်လူမျိုးတိ သတ်ဖြတ်ခံနီရစဉ် "ကျနေ့ဲ့ခါးနန့် တစ်ရက်တည်းမာ ရခိုင်အယောက်(၂၀၀)ကို ခွတ်သတ်ပစ်လိုက်တေ"လို့ အင်္ဂလိပ်အုပ်ချုပ်ရေးအရာဟိ တစ်ယောက်ဇ္ လုံခြုံရေးတာဝန်ထမ်းဆောင်နီသူ ဘင်္ဂါလီကုလား တစ်ယောက်က ဂုဏ်ယူဝင့်ကြွားစွာ သူ့ကိုအမြဲတမ်း ပြောနီရေလို့ ယင်းအရာဟိ မှတ်တမ်း** မာ ဆိုပါရေ။

**ဘင်္ဂါလီကုလားတိ ဘူးသီးတောင်နန့် မောင်တောနယ်ကို အပိုင်စီးရေး၊ အရှိပါကေစတန်နန့် ပူးပေါင်းရေး ကိစ္စ မအောင်မြင်ခြင်း**

၁၉၄၂–၁၉၄၃ ဗမာပြည်လွတ်လပ်ရေး ကြိုးပမ်းနီစဉ် ကာလအကြားမာ ဘူးသီးတောင်နန့် မောင်တောနယ်ကို ပါကေစတန်နန့် ပူးပေါင်းရေးကိစ္စ ပါကေစတန်ဂေါင်းဆောင် မိုဟာမတ်အလီဂျန်နားက လက်မခံရေအခါ စစ်တကောင်းသား Zaffa Kawal ရေ Muslim liberation organization (MLO) ကို ၁၉၄၆–ခုနှစ် မတ်ချ်လမာ ဖွဲ့စည်းထူထောင်ကြောင်း ကြေငြာလီရေ။ ၁၉၄၈ ခုနှစ်မာကျင့်ပခရေ ဟာရာဘင်းရွာ မူဆလင် ကွင်ဖရမ့်မှ မူဆလင်လွတ်မြောက်ရေးအဖွဲ့ (MLO) ကို Mujahid party (မျိုးချစ်ပါတီ)အဖြစ်သို့ နာမည်ပြောင်းယူလိုက်တေ။ Zaffa kawal က Commander in Chief (စစ်သေနာပတိချုပ်)၊ စစ်တွေမြို့ရဲစခန်းက (ရဲပြီး) တပ်ကြပ်အဆင့်ဟိသူ Abdul Husein က lieutenant (ဒုဗိုလ်) အဖြစ် တာဝန်ယူရေ။ ဘူးသီးတောင်၊ မောင်တောနယ်ကို ဘင်္ဂါလီကုလားရို့ဇ္ နယ်မြီအဖြစ်သတ်မှတ်ပီးရေး အပါအဝင် တောင်းဆိုချက် (၇)ချက်ကို တောင်းဆိုခ ကတ်တေ။ ယင်းအချက်တိမာ–

(၁)ကုလားတန်မြစ် အနောက်ဖက်ကမ်းနန့် နတ်မြစ်အရှိဖက်ကမ်းဟိ နယ်မြီဧရိယာကို ဗမာပြည်ဟိ ဘင်္ဂါလီကုလားတိ အမျိုးသားနီမြီအဖြစ် အသိအမှတ် ပြုပီးရမည်။

(၂)ရခိုင်ပြည်ဟိ ဘင်္ဂါလီကုလားတိကို ဗမာပြည် တိုင်းရင်းသား လူမျိုးအဖြစ် လက်ခံပီးရမည်။

(၃)မူဂျာဟေ့ပါတီကို နိုင်ငံရေး အဖွဲ့အစည်းတစ်ခုအဖြစ် တရားဝင်ရပ်တည်ရေးအတွက် အာမခံချက်ပီးရမည်။

(၄)အူရ်ဒူဘာသာစကားကို ရခိုင်ပြည်ထဲမှ ဘင်္ဂါလီကုလားများဇ္ အမျိုးသားဘာသာစကားအဖြစ် အသိအမှတ် ပြုရမည့်အပြင် မူဆလင်ဘင်္ဂါလီကုလား ဧရိယာဟိ စာသင်ကျောင်းတိမာ ယင်းစာကို သင်ကြားခွင့်ပြုရမည်။

(၅)ကျောက်တော်နန့်မောင်တောမြို့နယ်ဟိ ဘင်္ဂါလီကုလားဒုက္ခသည်တိကို သူရို့တိဇ္ ဒေသခံကျေးရွာများမာ ပြန်လည်နီရာချထားပီးရမည်။

(၆)အရေးပေါ်လုံခြုံရေး အတ်ဥပဒေနန့် ထိန်းသိမ်းခြင်း ခံနီရရေ

*ဇာလုပ်ကတ်ဖို့လေး စံကျော်ထွန်း(မဟာဝိဇ္ဇာ)

**Irwin,The Development of a Muslim Enclave in Arakan(Rakhine) state of burma(Myanmar) (p-2)

ဘင်္ဂါလီကုလားတိကို ခြွင်းချက်မဟိ ပြန်ရွှတ်ပီးရမည်။ (၇)မူဂျာဟေ့ပါတီ အဖွဲ့ဝင်တိအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ကြေငြာချက်နန့် အာမခံ ခွင့်ပြုပီးရမည်။

ဒေအချက်(၇)ချက်ကား အစဉ်တစိုက် တောင်းဆိုနီရေ ဘင်္ဂလီကုလားတိဇွ နိုင်ငံရေးပင်ဖြစ်ပါရေ။ သူရို့ဇွ လူသိသျှင်ကြားအော်သံများလေ့ ဖြစ်ကတ်ပါရေ။

အင်းအားသုံးထောင်ခန့်ဟိရေ ဘင်္ဂါလီကုလား မူဂျာဟေ့ပါတီစွာ ဘူးသီတောင် မောင်တောနယ်ကို တရားလက်လွတ် ဆူပူသောင်းကျန်းပြီး မုဒိမ်းကျင့်၊ ခါးမြတိုက်၊ လူသတ်ပြီး ရာဇဝတ်မှုများကို ဆယ်စုနှစ်တစ်စုကြာမျှ လူမဆန်စွာ ကျူးလွန်ခ ကတ်တေ၊ ရခိုင်လူမျိုးတိအပေါ်မာ ဘင်္ဂါကုလားတိ စိတ်ချင်တိုင်း လုပ်ခွင့်ရနီစွာ အုပ်ချုပ်သူဗမာအစိုးရမာ လုံးဝ တာဝန်ဟိပါရေ။

**<u>ဗမာလွတ်လပ်ရေးရဟိပြီး ဘင်္ဂါလီ ကုလားတိ ဆက်တိုက်ဝင်ရောက်လျက်ဟိခြင်း</u>**

၁၉၄၈–ခုနှစ် ဗမာလွတ်လပ်ရေးရဟိပြီး အချိန်မှစ၍ ဇေ့အချိန်ထိ နှစ်(၆၀)ကျော်မျှ ဘင်္ဂါလီကုလားတိရီလမ်းကုန်းလမ်းများမှဝင်လာပြီး ဗမာလဝကအရာဟိတိကို လာဘ်ပီးလာဘ်ယူစနစ်တိနန့်ဆက်တိုက်ဝင်ရောက်လျက် ဟိခြင်း၊ ၁၉၄၈ မှ ၁၉၅၈ ကာလအထိ ဦးနုခေတ် ဖဆပလအမတ်များ အနိုင်မဲရဟိရေး ဘင်္ဂါလီကုလားများစွာကို ရခိုင်ပြည်သို့ ခိုးသွင်းပနာ နိုင်ငံသားမှတ်ပုံတင်များ ထုတ်ပီးခြင်း၊ အသျှေမြီး ဖွားနှုန်း အဆမတန်မြင့်မားခြင်းကြောင့် ရခိုင်ပြည်တွင် ဘင်္ဂါလီကုလားများ သုံး၊ လေးသိန်း ကျော်နီဗျာလို့ ဘူးသီးတောင်၊ မောင်တော စောင့်ကြည့်သူများက ဆိုပါရေ။ ရာခိုင်နှုန်းနန့် တွက်ချက်ပြရကေ ဘူးသီးတောင်မာ ဘင်္ဂါလီကုလား ၉၇% နန့်မောင်တောမာ ၉၃% အထိ နီထိုင်ရေလို့ ဗမာအစိုးရ သတင်းစာတစ်စောင်မာ တွက်ချက်ဖော်ပြ ထားပါရေ။

**<u>ဗမာမင်းအဆက်ဆက် ဗမာအမျိုးသားနိုင်ငံရေး ပေါ်လစီနန့် ရခိုင်နန့်ဘင်္ဂါလီ ကုလားတိအကြား အုပ်ချုပ်ပုံနန့် နိုင်ငံရေးထင်ဟပ်ချက်</u>**

ဘင်္ဂါလီကုလားတိက ဗမာ့လွတ်လပ်ရေး ကြိုးပမ်းနီချိန်ကာလနန့် လွတ်လပ်ရေးရဟိပြီး ဆယ်စုနှစ်အတွင်းမာ ရခိုင် အမျိုးသားတိအပေါ်မာ စိတ်ချင်တိုင်း လုပ်လို့ရစွာက ဗမာအမျိုးသားရေး ပေါ်လစီဇွ နိုင်ငံရေးနန့် အုပ်ချုပ်ရေးကို နာတတ်မေဆိုကေ နောက်ခံသမိုင်းတိနန့်ချီဗျာ၊ နာတတ်ဖို့ လိုပါရေ။ သမိုင်း အမြင်ဟိကတ်ဖို့ လိုပါရေ။ ရခိုင်လူမျိုးတိကို ဗမာကိုယ်တိုင်မသတ်ဘဲ ဘင်္ဂါလီကုလားတိကို လက်နက်အပ်သတ်ခိုင်းနီစွာဖြစ် တေလို့ ယှင်းလင်းစွာ မြင်တတ်ဖို့လိုပါရေ။

ရခိုင်လူမျိုးတိအနီနန့် ဗမာကိုရန်သူလို့ မမြင်စီအောင် ကုလားလက်ထဲသို့ ရခိုင်အသက်အိုးအိမ် ပေါင်းများစွာကို ဝကွက်ထိုး အပ်နီစွာဖြစ်တေ။ ရခိုင်နန့်ကုလားတိအကြား လူမျိုးရေး အဓိကရုဏ်းကို ဖန်တီး၊ နိုင်ငံရေးအမြတ်ထုတ်၊ ကုလားဖက်က ဖေသာတောင်းစား၊ ဗမာစစ်ဗိုလ်တိ ကျိကျိတက်ချမ်းသာအောင် စီးပွားရေး လုပ်နီကတ်တေ၊ ရခိုင်ကို ဖမ်းဆီးထောင်သွင်း အကျဉ်းချဗျာ၊ ရဲဖက်ထုတ်၊ ပေါ်တာဆွဲ၊ သတ်ပစ်လိုက်တေ။

ဒေလုပ်ဟန်တိစွာ ရခိုင်နန့်ကုလားရို့ ရန်သူမြင်စီဖို့၊ ဗမာကိုကျကေ ဥပဒေဘောင်အတိုင်း ရပ်တည်သူ အုပ်ချုပ်ရေးတရားဥပဒေဘောင်အတွင်း ဆောင်ရွက်ပီးရသူ လို့ ရခိုင်သစ္စာဖောက် တချို့ကို မြင်စီရေဝံပုလွှီပိုင် ကောက်ကျစ်တေ ဗမာအုပ်ချုပ်သူ တချို့ဇွ လုပ်ရပ်တိကို ရခိုင်တချို့သိမြင်ကေလေ့ နိုင်ငံရေးအသိ ချို့တဲ့သူ၊ မသိယောင်ဆောင်သူ၊ သိလျက်နန့် လုပ်စားသူ မရီတွက်နိုင်လောက်အောင် ဟိနီကတ်သို့ရေ။ ကကောင်းဝမ်းနည်း ဖွယ်ရာ၊ စက်ဆုပ်ရွံ့ယှာစရာလေ့ ဖြစ်တေ။ ကုလားနန့်ကျကေ ဥဒါန်းမကြီ ခါးလုံ့ပြိုင်ပွဲတိချလို့၊ ကိုယ်ရို့ကို မျိုးတုန်းအောင် သတ်တေ ဗမာတိနန့်ကျကေ ချစ်ချစ်ခင်ခင်နန့် အသာတကြည် လက်ဆွဲနှုတ်ဆက် နိုင်ကတ်စွာရေ ရခိုင်နန့် ဗမာသမိုင်းကို တစ်စွန်းတစ်စတောင်မှ နားမလည်ခြင်း ပင်ဖြစ်တေ။

ရခိုင်အမျိုးတိ ဗမာကို ရည်းစားထားပြီးကေ အိမ်သျှင်/မ အဖြစ်နန့် ရာသက်ပန်အရိုးမြီကျ ရင်ချင်းဟပ်၊ ကြောချင်းကပ်၊ ပါးချင်းဟပ်၊ အချစ်ဇာတ်လမ်း ခင်းနိုင်စွာကို သမိုင်းနန့်ချီပနာ ဝမ်းနည်းကြွီကွဲဖွယ်ရာ၊ စက်ဆုပ်ဖွယ်ရာ စစ်ယှုံးလူမျိုးရို့ဇွ ကျွန်နန့်သခင် အချစ်ဇာတ်လမ်း အိမ်ထောင်သည်များ၊ မျိုးမစစ်တေ အိမ်ထောင်ဇာတ်လမ်းများစွာက ရခိုင်ပြည်ဆက်လက် တည်ဟိခြင်းကို ပျက်စီးရာသို့ ဦးတည်စီပါရေ။

> ဗမာအမျိုးသားနိုင်ငံရေး ပေါ်လစီနန့် ဘင်္ဂါလီကုလားတိ အနီအထား၊ ဘင်္ဂါလီကုလားတိနန့် စပ်လျဉ်းပြီး ဗမာအမျိုးသား နိုင်ငံရေးပေါ်လစီကို နောက်ကွယ်မှ အကောင်အထည်ဖော်ပီးနီသူ ထောက်လှမ်းရေးအဖွဲ့တိဇွ လုပ်ဟန်တိုင်းမာ ရခိုင်နန့်ဘင်္ဂါလီ ကုလားတိအကြား နိုင်ငံရေး အမြတ်ထုတ် အသုံးချဖို့ စိုးတိုက်တိုင်း လိုက်ကိုက် တေ အိမ်မွီးတိရစ္ဆာန်အဖြစ်နန့် အစဉ်ထာဝရ ဆက် လက် မွီးစပ်ထားမေ ဖြစ်ကြောင်း...

၁၉၈၈ ခုနှစ် (၈)လေးလုံး အရေးအခင်းကာလ ဘင်္ဂါလီကုလားတိ မောင်တောမြို့ကိုဝိုင်းရံပြီး ဗုဒ္ဓဘာသာ ရခိုင်လူမျိုးတိကို မျိုးတုန်းသုတ်သင် ယှင်းလင်းဖို့ ကြိုးပမ်းခြင်း၊ ၁၉၈၈ မေ ၁၃ ရက်မာ မောင်တောမြို့ကို ဘင်္ဂါလီကုလားတိ စီးနင်းဝိုင်းရံ ထားခပါရေ။ ရခိုင်ဗုဒ္ဓဘာသာတိကို ညဥ့်တွင်းချင်း သုတ်သင်ယှင်းလင်းပစ်ရန် အကြံနန့် ခါးလုံ့လက်နက်တိကို ကိုင်ပြီးကေ ဝိုင်းရံထားခြင်းဖြစ်တေ။ မောင်တောမြို့ဟိ ဦးစန္ဒိမာမြို့သစ်ရပ် ကွက်ကျောင်းကို စတင်ဝိုင်းရံထားရာ အမှတ်(၄) မြို့သစ်ရပ်ကွက်မှ ရခိုင်လူထုများ လမ်းမထက်သို့ ထွက်ဗျာ ဘုန်းကြီးကျောင်းမှနီပနာ ဟန့်တားဖို့ ကြိုးစားခကက်ပါရေ။ ဟန့်တားနီသူ ရခိုင်ရို့ကို ဘင်္ဂါလီကုလားတိက မိုက်မိုက်ရိုင်းရိုင်း ဆဲဆိုကတ်ပါရေ။

ဘင်္ဂါလီကုလားတိဇွ ကြွီးကြော်သံမာ မူဆလင် မန်ဇိန်ဒါဘာ (မူဆလင်အောင်မြင်ပါစီ)၊ နာရကေတာဘိ ဇိန်ဒါပါး အာလာ ဟူး အာကဘာ (ဘုရားသခင်သည် အကြီးအမြတ်ဆုံးဖြစ်တေ)လို့ မိုးကြိုးသည့်အလား ကြွီးကြော်နီလျက်ယင်ဘင်္ဂါလီကု လားလူအုပ်မာ ပို၍ပို၍ ကြီးမားလာပါရေ။ ဆီးရုံကွင်း ဗဟိုကျောင်းအထိ ပြည့်လားခပါရေ။ ဇရာမ ဘင်္ဂါလီကုလား လူအုပ်ကြီးကို မြင်ရရေအတွက် ရခိုင်လူထုတိ ကြောက်ရွံ့လျက် ဟိနီကတ်တေလို့ ဆိုပါရေ။

အထက်ဖော်ပြပါ ဘင်္ဂါလီကုလားတိစွာ

(၁) ဘူးသီးတောင်နန့် မောင်တောနယ်ကို ဘင်္ဂါလီကုလား ရာနှုန်းပြည့် ပြည်နယ်ဖြစ်ရေး၊
(၂) ရခိုင်တိကို မျိုးတုန်းသုတ်သင် ယှင်းလင်းရေး၊
(၃) ဘင်္ဂါလီကုလားဒေ့ချ်နန့် ပူးပေါင်းရေး ဆိုခြင်းမာ စစ်တကောင်း ဘင်္ဂါလီကုလားရို့ နိုင်ငံရေး ကြိုးပမ်းချက်ဖြစ်တေ။ ဒေအချက်တိကို ဗမာအစိုးရက သိလျက်နန့် အရေးယူနှိမ်နှင်းခြင်းမလုပ်ဘဲ ကုလားတိကို မွီးစပ်ထားခြင်းစွာ ရခိုင်နိုင်ငံရေးလောကမာ ဘင်္ဂါလီကုလားတိကို အသုံးချရေးမူဝါဒကြောင့်ရာဖြစ်တေဆိုစွာ ထပ်ခါထပ်ခါ ရီးပြစရာလိုမေမထင်ပါ။

သွပ်အိုးသွပ်ခွက် ရောင်းစားနီရေ ကုလားတိကအစ ရခိုင်တိကို မထီမဲ့မြင်ပြုဝံ့လာခြင်း၊ ဗမာအစိုးရအနီနန့် ဘင်္ဂါလီကုလားတိအပေါ် နိုင်ငံရေးမျက်နှာသာပီးမှု၊ ရခိုင်နန့် ဘင်္ဂါလီကုလားကို အရေးအခင်း ဖန်တီးတိုင်း၊ ရခိုင်တိကို ဖမ်းဆီးချုပ်နှောင် ထောင်ချ၊ ကုလားတိကို ဖမ်းဆီးယောင်ပြ၊ ငွေသောင်းသိန်းချီ တောင်းစားပြီး ကျိကျိတက်ချမ်းသာအောင် စီးပွားရေး လုပ်နီကတ်တေ။နောက်ထပ်လေ့ ယင်းပိုင်ပြုလုပ်ဖို့ မသိမသာအားပီးအား မြောက်ပြုလုပ်ပီးရေ။ ယင်းပိုင် ဟန်ဆောင်အရေးယူ လုပ်ပြမှုတိကို ဘင်္ဂါလီကုလားများကြားမာ အသိများလာခြင်းကြောင့် ရခိုင်တိကို ဘင်္ဂလီကုလားများ မထီမဲ့မြင် ဆက်ဆံလာသည်ကို ကျနော်ရို့ မျက်မြင်ကိုယ်တိုင် ခံစားနီကတ်ရပါရေ။

(၈၈)အရေးအခင်းနောက်ပိုင်း ဘင်္ဂါလီကုလားတိ ရိုဟင်ဂျာလူမျိုးဆိုရေ နာမည်သစ်နန့် ကမ္ဘာတစ်ဝှမ်းမာ စည်းလုံး ညီညွတ်မှုကို ထူထောင်လာခြင်း စစ်တကောင်း ဘင်္ဂါလီကုလား တိစွာ ရိုဟင်ဂျာလူမျိုးဆိုရေ ဟန်ဆောင် လူမျိုးအနီနန့် နအဖ အခက်၊ ကုလား အချက်ဆိုရေ အခြီအနီတိကို အမိအရ လက်ဆုပ် လက်ကိုင်ပြုပနာ လူ့အခွင့်အရေး (Human Right Lobby) လမ်းကြောင်းမာ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး စင်မြင့်ထက်သို့ ခုန်တက်ပြီး ရခိုင်ပြည်ကို သူရို့မူလပိုင်သျှင်ရာ ဖြစ်ကြောင်း အရှက်မဟိ အတိအလင်း မျက်နှာပြောင်တိုက် လိမ်ဝါပနာ Internet Media လောကမှ Englishသာသာစကား၊ ဗမာဘာသာ စကားရို့နန့် ရိုဟင်ဂျာ သွီးစည်း ညီညွတ်ရေးကို သွီးထိုးလှုံ့ဆော်နီကတ်တေ။

**ဘူးသီးတောင်၊ မောင်တောနယ်ခြားတလျှောက် ပစ္စက္ခ အခြီအနီတချို့(၂၀၁၁)**

ဘူးသီးတောင်၊ မောင်တော နယ်ခြားတလျှောက်မာ နီထိုင်ကတ်တေ ရခိုင်ရွာတိကို လက်နက်ကိုင် ဘင်္ဂါလီကုလားတချို့ရို့က လူအင်အား၂၀-၃၀ ခန့်အထိ တပ်ဖွဲ့ပုံစံမျိုးနန့် အုပ်လိုက်ဝင်ပြီး လူသတ်ဓါးမြ တိုက်မှုတိကို ကျူးလွန်နီ ကတ်တေလို့ ဘူးသီးတောင်၊ မောင်တောနယ်ခြား ဒေသခံစောင့် ကြည့်သူများက media သတင်းများစွာမှ တစ်ဆင့် ဖော်ပြချက်ဟိနီကတ်ပါရေ။ ဗမာစစ်တပ်က ယင်းဘင်္ဂါလီကုလားဆိုးတိကို လိုက်လံ ဖမ်းဆီးခြင်းမပြုရုံမက ဓါးမြတိုက်ခံရေ ရခိုင်တိအပေါ် အတိုက်ခံပစ္စည်းတိကို တိတိကျကျ စာရင်းပြုစုခိုင်းရေ။ မပြနိုင်ကေ ပါးသတ်နားသတ် အနိုင်ကျင့်ဗိုလ်ကျရေလို့ ဆိုပါရေ။ ဤလုပ်ရပ်တိစွာ နိုင်ငံရေးနန့်မကင်းကြောင်း စောင့်ကြည့်သူများက မှတ်ချက်ပြုနီကတ်တေ။ ဒေအပြုအမူ လုပ်ရပ်တိစွာ ဘူးသီးတောင်၊ မောင်တောနယ်မှ ရခိုင်လူမျိုးတိဇ္ဇ အီးချမ်းစွာနီထိုင်မှုကို အမြဲခြိမ်းခြောက်လျက် ဟိနီပါရေ။

ဗမာအမျိုးသားနိုင်ငံရေး ပေါ်လစီနန့် ဘင်္ဂါလီကုလားတိ အနီအထား၊ ဘင်္ဂါလီကုလားတိနန့် စပ်လျဉ်းပြီး ဗမာအမျိုးသား နိုင်ငံရေးပေါ်လစီကို နောက်ကွယ်မှ အကောင်အထည်ဖော်ပီးနီသူ ထောက်လှမ်းရေးအဖွဲ့တိဇ္ဇ လုပ်ဟန်တိုင်းမာ ရခိုင်နန့်ဘင်္ဂါလီ ကုလားတိအကြား နိုင်ငံရေးအမြတ်ထုတ် အသုံးချဖို့ စိုးတိုက်တိုင်း လိုက်ကိုက်တေအိမ်မွီးတိရစ္ဆာန်အဖြစ်နန့် အစဉ်ထာဝရဆက်လက်မွီးစပ်ထားမေဖြစ်ကြောင်း နိုင်ငံရေးသတင်းပီးယင်း ဒေရခိုင်အမျိုးသားနိုင်ငံရေးနန့် ဘင်္ဂါလီကုလား ပြဿနာယှင်းတမ်းကို နိဂုံးချုပ်လိုက်ပါရစီ။

မှတ်ချက်။ ။ဘင်္ဂါလီကုလားတိနန့် ပတ်သတ်ပြီးကေ ရခိုင်အမျိုးသား နိုင်ငံရေးလောကမှ အနီအထားတိကို သုံးသပ်ရာမာ နိုင်ငံရေးအမြင် ကွဲစရာမလိုအပ်ပါကြောင်း၊ အဓိကနန့် သာမည ခွဲခြားတတ်ဖို့ လိုပါရေ။

**သာထွန်းအောင်(မလေးသျှား)**

References;

(၁) Dr. Aye Chan;
The development of a muslin enclave in Arakan(Rakhine) state of Burma(Malaysia)2005”
(Aye Chan;khanda University of international studies)
(၂) ဆရာခိုင်မျိုးစောင့် ပါလီမန်ဒီမိုကရေစီခေတ် ရခိုင်ပြည်နိုင်ငံရေးနန့် မျက်မှောက်ခေတ် ဘူးသီးတောင်၊ မောင်တော အခြီအနီ
(JAPAN, ARAKAN RAKHITA GROUP.2010,P.103,104)

▪▪▪▪▪▪▪▪▪▪▪▪▪▪▪

**နှစ်ပေါင်း(၂၀၀) ကျော်ကြာရေကာလမာ အကျွန်ရို့စကားသံတိရေ မိမစစ် ဖမစစ် ဖြစ်လာရပါရေ။ ဘာသာစကားဇ္ဇ နိယာမအရ ပြောင်းလဲရွိလျှောလာရေ သဘောထက် ပိုထူးရေလို့ ပြောနိုင်ဖို့ ထင်ပါရေ။**

**နတ်မြစ်-လှိုင်းပြာ**
**ရခိုင်ကဗျာစစ်တမ်း**
**ရခိုင်သဟာယမဂ္ဂဇိန်း**
**အမှတ်(၈)**

# ရက္ခိုင်နာမ ဘွဲ့မှည့်လှဖို့

မငြိမ်းချမ်း(ကမ္ဘာ့ကျွန်)

အကျွန်ရို့ရခိုင်လူမျိုးစွာ နှစ်ရှည်ကြီးငါးထောင်ကို ဖြတ်သန်းလာရေ လူမျိုးဖြစ်ပါရေ။ ဒေရခိုင်လူမျိုးတိ ဇေဇာပိုင်အနီအထားမာဟိနီပါလေး။ ဗမာကျွန်၊ အင်္ဂလိပ်ကျွန်၊ ဂျပန်ကျွန်ကနီဗမာကျွန်အဖြစ်လည်းကောင်း၊ ကမ္ဘာ့ကျွန်အဖြစ်လည်းကောင်း ရပ်တည်နီပြီးဖြစ်ပါရေ။ ဘင်္ဂါလီကျွန်လေ့ ဖြစ်လာနိုင်သို့ရေ။ ကြိုတင်ပျင်ဆင်ထားမှုတိ မဟိသိပါ။ ဇာနီရာမာ အပေါင်းလက္ခဏာတိ ဟိရေလေး၊ မဟိပါ။ မထူးဇာတ်ခင်းပနာ အနောက်ကမ္ဘာတိဒို့လားကတ်တေ။ လားရေလူတိအနီနန့် မျိုးသန့်ပန်းတိရာ မွီးမထုတ်နိုင်ခကေ တစ်ခုလေ့အကျိုးဟိဖို့မဟုတ်။ ရခိုင်သမတိလေ့ မလေးသျှားကို တစ်သုတ်ပြီး တစ်သုတ် ရောက်လာ နီကတ်တေ။ ယေ...ပြဿနာအစ။ မလေးသျှားမာ ရခိုင်သမတိ များများစားစား မဟိခင် အယင်ရောက် ရခိုင်သားတိရေ အိုင်တွိတိုင်းခြီဆီးပနာ ရှားနီကတ်ပါရေ။ ပြောဖို့လူ လေ့မဟိ။ အားနုံးတစ်ဂိုဏ်းတည်း။ တချို့ရခိုင်သားတိ ပြောပါရေ။ စကားတတ်ချင်လို့လတ်။ အမှန်က ထမင်းနှစ်ထပ်နန့် အိမ်ခန်းခပီးကေ တတူနီလို့ မယားပြုထားစွာပါရာ။ ရခိုင်သမတိကလေ့ စကားတတ်ချင်လို့ အလိုက်သင့်ပြောလာခါ အောင့်ဗျာတစ်လုံး။ ရခိုင်သမတိ လူမျိုးခြားနန့် ကြိုက်ကတ်စွာကို မျိုးဖျက်စွာလတ်။ ကိုယ့်ရို့တိ ယူကတ်စွာကား မျိုးချစ်စွာလား။ ဇလမ်းကို မလျှောက်ကေ့ ပြောချင်ကေ ကိုယ့်ရို့ခြီလှမ်းတိ အယင်ရပ်သင့်ပါရေ။



ယောက်ျားရာ ဇာပိုင်ကျကျလတ်၊ ရခိုင်သမတိလေ့ ဇာပိုင်ပင်ကျကျ စိတ်ထားလာကေကာ။ ယင်းပိုင်စိတ်မျိုးထားလေ့ထားနီ ကတ်ပါယာ။ မိဖနန့်ဝီး၊ အစ်ကိုမောင်ဖွားရို့နန့်ဝီးရေ ပြင်ကိုရွှတ် ပီးလိုက်တေနွားပျိုမပိုင် စုံပေါက်နီ ကတ်ယင့်။ ကမ္ဘာ့အဆင့်မှီ ရခိုင်နိုင်ငံစွာ အမျိုးသီလနှစ်ဌာနကို အမှန်အကန် စောင့်ထိန်းခရေ ရခိုင်သားရခိုင်သမရို့ဇ္ဇ စွမ်းအားနန့် တည်ထောင်ခ ခြင်းဖြစ်ပါရေ။ ဒေစကားရပ်ကို အကျကောက်ကေ ရခိုင်သားပါ၊ ရခိုင်သမပါ အမျိုးသီလကို စောင့်ထိန်းခလို့ ရခိုင်နိုင်ငံ ဟိခရေ။ ဇေအခါ အမျိုးသီလကို မစောင့်ထိန်းကတ်လို့ ရခိုင်နိုင်ငံဆိုစွာ ရခိုင်သားရို့လက်မာ မဟိယာ၊ မပိုင်ဆိုင်ယာ။ ယင်းပိုင်ဆိုကေ ဇေ့ရခိုင်ဆိုစွာ နာမည်ခံရခိုင်၊ ဘုံပျောက်ရခိုင်၊ အလကားရခိုင်၊ အခွံရခိုင်လို့ ပြောနိုင်ပါဖို့ရာ။

ကိုယ့်ကိုယ်ကို အမြင်ကျယ်ရေလို့ သတ်မှတ်ပနာ လူမျိုးခြားကို ယူရေလူတိနန့် တပွေဆွေးနွေးပါမေ။ လူမျိုးခြားကိုယူစွာရေ ကိုယ့်လူမျိုး၊ ကိုယ့်အနွယ်ထက် လှပလို့လား၊ သန့်ယှင်းလို့လား၊ အမျိုးမြင့်ရေကြောင့်လား၊ အသိဉာဏ် သာလွန်နီလို့လား။ အလိုချင်ဆုံးက ရခိုင်အတွက်ဇာတစ်ခုပီးနိုင်လေးဆိုစွာ ထည့်တွက်သင့်ပါရေ။ အချစ်မာမျက်စိမပါရေအတွက် ကျရေဖူးစာဖက်ကို ပေါင်းဖက်ရစွာလို့ ဝိနည်းလွတ်ဖြေသူရို့ဟိပါဖို့။ ကိစ္စမဟိဆက်ပါမေ။ ရခိုင်အနွယ်ဖြစ်တေ ဒိုင်းနက်၊ မြို၊ သက်၊ ခမီးရို့ကို ယှောင်ဖယ်နိုင်ကတ်စွာရေ အချစ်မာ မျက်စိမဟိဆိုရေစကားနန့် မညီညွတ်ပါကား။ အမြင်ကျယ်ပါရေဆို။ မြားနတ်မောင် ဆိုရေအကောင်ကိုရာ ဘက်လိုက်မှုနန့် တရားစွဲရဖို့လား။ ရခိုင်သားတိမာ နှလုံးသားရေးမာတောင် မူမှန်စိတ် နန့် ဇာကိုချစ်ရမေမှန်း မသိသို့။ နိုင်ငံချစ်ဖို့ဆိုစွာ ဝီလာဝီး။ သုံးဖန်ပျက်စိတ်တိကို အနှစ်စစ်ထုတ်ကေ ကျွန်စိတ်ပေါက်စွာရာ အဖြေထွက် ပါရေ။

စစ်တွေညိုသန့်ဇ္ဇ 'အိုရက္ခိတ' ရို့ဆိုရေ ကဗျာထဲက သုံးပိုဒ်ကို ခံစားကြည့်ကတ်ပါ။

**"အိုရက္ခိတရို့"**

ဘဝင်မသန့်
မပျင်ဝံ့လို့
သဇင်ရနံ့ကို မရှူ(ယှူ)
ထိုက်တေလူတိ။
အမျိုးစပျောက်
မိုးကျဖောက်လို့
ရိုးမအောက်ကို
မပြန်ဝံ့ရေလူတိ။
ရင်ဝယ်အမှား
ခင်တွယ်ထားလို့
ပင်လယ်နားကို
မလာဝံ့ရေလူတိ။

လူတိလတ် ဇာပိုင်လူတိလေး။ ယှင်းပါရေ၊ ဆင်သီကောင်ကို တစ်သက်စာမှတ်ပနာ ပင်လယ်ထဲမာ သီကြီရရေ ဇကန်းပိုင်လူတိ။ အရောင်ကွဲသံယောဇဉ် တန်းသီနန့်လူတိ။

အိန်ဒိုမလင်တစ်ယောက်က ရခိုင်သမသျှေတစ်ယောက် ကိုလားပနာ နားချပါရေ။ စကားအဆုံးမာ 'အခင်ကျကေ အိန်ဒိုမကို ယူထားပြီးကေ' ပြောရွှတ်လိုက်ပါရေ။ ကိုယ့်မျက်ချီးကို အယင်စီးစစ်သင့်ပါရေ။ ရောက်လာရေ ရခိုင်သမတိလေ့ မွီးမိရို့ဇ္ဇဂုဏ်ကို မညှိုးနွမ်းသင့်ပါ။ အကျင့်ပျက်ကတ်စွာတိ ကြားနီရပါရေ။ အနာနန့် လူတိကားအားနန့် ဝင်မပါဝံ့ဗျာ။ ဇပိုင်ဝင်မပါလီ ရခိုင်သမတိ သည်းလီသည်းနီပါရေ။ ယကေ အသူရို့အပြစ်လေ့ချင့်။

အမျိုးသမီးနန့် အသျှေသငယ်တိကို ဇာကြောင့် အသင်းအဖွဲ့ လုပ်ကတ်လေး။ ပရောဂျတ်လိုချင်လို့ သတ်သတ်ပါရာ။ ရခိုင်သမ ဆံထုံးအလှပြိုင်ပွဲ၊ ဆံပင်အလှပြိုင်ပွဲ၊ ရခိုင် ရိုးရာဝတ်စုံပြိုင်ပွဲ၊ နံသာသွီးပြိုင်ပွဲ အစဟိရေ ရိုးရာပြိုင်ပွဲတိ တစ်ခါလေ့ မကြားဖူးသို့။ ချင်းရို့မှာ ကျင်ပွဲ၊ ဝတ်စုံ အလှပြိုင်ပွဲ တိကို မလေးသျှားမာ ကျင့်ပပါရေ။ အမည်ရော်ကာ လုပ်နီသရွို တိုးတက် လီဖို့ မဟုတ်ပါ။

တစ်ရက်နို့ ရခိုင်သားတစ်ယောက်ရေ အိပ်မှုန်စုံမွှားနန့် စမ်းဖီစမ်းဖမ်း ထလာပြီးကေ မီးခွန်းတစ်ခု မီးချလိုက်တေ။ ‘ရခိုင်သားတိုင်း ရခိုင်သမတိကို ယူသင့်ပါရေမနား’လတ်။ ဒေမီးခွန်းကို ပုဂ္ဂိုလ်တစ်ဦးက ‘ရခိုင်သားတိ ရခိုင်သမတိအနီနန့် အတတ်နိုင်ဆုံး မိမိရို့လူမျိုးကို ယူနိုင်ကေ အကောင်းဆုံး ဖြစ်ပါဖို့၊ မရနိုင်ကေ ဇာလူမျိုးမဆိုယူ၊ ယူပြီးကေ ကိုယ့်ဘက်ပါအောင်လုပ်၊.........ကိုတော့ခါ မယူကတ်ကေ့’ဆိုပြီးကေ ဖြေခပါရေ။

‘မရနိုင်ကေ’ ဆိုရေစကားကို အကျွန် လီးလီးနက်နက် စဉ်းစားကြည့်ပါရေ။ မလေးသျှားမာ ရခိုင်သမ မဟိလို့ မရနိုင်စွာလား၊ ယင်းပိုင်လေ့မဟုတ်။ မကန်ဟိပါရေ။ ချစ်ရေးဆိုခီယင့်သားနန့် မရစွာလား။ ကိုယ်ပြောလိုက်တေ ချစ်ရေးစကားက မိတ္တာဆန်ပနာ နှီးထွီးနီယင့်လား။ ချစ်ရေးဆိုချိန်မာ အရက်နံ့ အကြွင်းအကျန်တိ လှိုင်နီရေလား။ အရက်မူးလာမှစီ အောင့်မိပနာ ချစ်ရေးဆိုစွာလား။ အမှန်ကား ရှာကတ်ယင့်လား။ လိုက်ခရေအချိန်က တစ်မွန်းတည့်လား၊ တစ်နာရီလား။ ကိုယ်နန့်တန်ရာ မဟုတ်ဘဲ အမြင့်ပန်းကို လှမ်းဆွတ်ခီလို့လား။ အမှန်က တစ်ခါသုံးမယားတိ ပေါမျှားနီလို့ရာ။ မရှာဘဲနန့် မရလို့ပြောရေလူက မျှားပါရေ။ ဇာပိုင်ပင်ဆိုဆို ရခိုင်သားက ရခိုင်သမကို မရတတ်စွာရေ ဗဂျီးကျော် ရီးရေ ဟာသတိထက် ရယ်ရပါသို့ရေ။

ရခိုင်သမတိမာလေ့ ရခိုင်သားတစ်ယောက် ဖုန်းဆက်လာကေ ချပုပ်ကိုတွိရေပိုင် ယှောင်ဖယ်ယှောင်ဖယ်။ ဖုန်းသရဲလို့ သမုတ်ကတ်ပါသို့ရေ။ ဣန္ဒြေနှုတ်ခမ်းတော်က ပီယဝါစာမဆန်ရေ အထင်စကားတိ ထွက်ကျမလာသင့်ပါ။ ချင့်ချိန်သုံးသပ်ပြီးမှ ဆုံးဖြတ်ပါ။ သမုတ်လိုက်တေအထဲမာ ကိုယ်နို့တိုင်း ရှိခိုးထားရဖို့ သူမျိုးပါလားကေကာ။ မလေးသျှားကို ရောက်ဟိနီရေ ရခိုင်သမရို့ ရခိုင်နိုင်ငံ ဟိန်းလို့ ပြန်ထွန်းချင်ကေ ရခိုင်သားကို ယူကတ်ပါ။ မွီးမိရို့နန့် မတူရေ အကျင့်ပျက်သျှေတိ ကြားနီရပါရေ။ သူက ထမင်းချက်ပီးရေ၊ အဝတ်ဖွတ်ပီးရေ၊ လစာတိ အပ်ထားရေဆိုရေ ဆင်ခြီတိနန့် ကိုယ့်စိတ်အပုပ်တိကိုဖွင့်ချပြနီကတ်ပါရေ။ ငရဲမထမ်းကတ် ပါကေ့ ညီမသျှေရို့။ ရန်ကုန်ကရလာရေ အကျင့်ဆိုးသျှေတိကို ရန်ကုန်မာ ထားပစ်ခကတ်။ ညီမသျှေရို့မာ အမျိုးသားရေး အသိအမြင်တိ လုံးဝပြတ်တောက်နီရေ။ ယင်းကြောင့် လမ်းလွဲစီစွာ ဖြစ်ပါရေ။ မလေးသျှားက ရခိုင်သမတိနီထိုင်ရာကို ခိုင်မာရေရခိုင် အသင်းတစ်ခုက စုံစမ်းထောက်လှမ်းပနာ အမျိုးသားရေး စိတ်ဓာတ်သျှေတိ ခတ်သွင်းပီးဖို့လိုပါရေ။ လမ်းသစ်ဂျာနယ်ကဌာနတစ်ခုဖွင့်ပနာ အိမ်ရာတည်ထောင် ရေးမာ လက်တွိကျကျ ကူညီ ပီးနီပါရေ။ ရခိုင်သားရို့မာလေ့ ယင်းပိုင်ဌာနတစ်ခု ဟိသင့်ပါရေ။ အနောက်နိုင်ငံမလားခင် ရခိုင်သမသျှေတစ်ယောက် ရှာရေ ရှာရေ မရခ၊ မော်ယယွ သျှေနန့်ရာ ထွက်လားခရပါရေ။ အိမ်ရာ တည်ထောင်မှုဆိုစွာ အနုပညာတစ်မျိုး ဖြစ်ပါရေ။

သမီးပီးလို့ သံတမန်ခင်းစွာ ရခိုင်ရာဇဝင်မာ မဟိပါ။ သံတမန်ခင်းစွာမဟုတ်ဘဲသမီးကိုပီးစွာတော့ ဟိခပါရေ။ လက်ဟိခေတ်မာ မွီးဖရို့ရေ သမီးအလှကို အတတ်နိုင်ဆုံး လူမျိုးခြားနန့်မပီးစပ်ပါ။ ရခိုင်သမ အညွန့်ကောင်းရို့ ကိုယ်တိုင်ကရာ ကိုယ့်ကိုယ်ကို တန်ဖိုးဖြတ်ပနာ ဘဝကို ပုံအပ်နီကတ်ပါရေ။ လီကြီးရေ ရခိုင်သားရို့မာလေ့ နိုင်ငံရေးစကားလုံးတိနန့် ပိနီကတ်လို့ ရခိုင်သမသျှေတိဇွ စာရိတ္တာပြုပျင်ရေးဖက်ဒို့ မလှည့်အားပါ။

ရခိုင်မြီ၊ ရခိုင်စာပီ၊ ရခိုင်ရာဇဝင်၊ ရခိုင်လူမျိုး၊ ရခိုင် ယဉ်ကျေးမှုတိရေ ထိန်းမနိုင်၊ သိမ်းမရအောင် စည်းအပြင်ဒို့ ရွတ်ထွက်နီကတ်ပါရေ။ အနောက်ကမ္ဘာက ရခိုင်သားဇာတ်လမ်း တစ်ပုဒ်တင်ပြပါမေ။ အကျွန်ရို့ရှိမာခါ ကျားဖမ်းမေ ဆင်ဖမ်းမေ ဆိုပနာလားခသူဖြစ်ပါရေ။ ရောက်လားပြီး မကြာခင်မာ တစ်သွီး တစ်သား စိတ်ဝင်ပနာ သွီးရောပစ်ပါရေ။ မယားဝတ်ပြုဖို့ အတွက် နို့စဉ်လိုက်ပို့ရစွာက သူ့အတွက် မဟာရဒုက္ခ ဆိုပါယင့်။ အိမ်သျှင်မက စာတတ်။ ကိုယ်က ကကြီး၊ ခခွေး တတိယနှစ်။ မယားဇွ ပညာသားပါပါဆွဲဆောင်မှုကို အလူးအလဲခံရခါမှ နောင်တတိက ဘောက်သာလောက်အပြည့်။ ဒုက္ခဆိုစွာမသိ၊ စေတသိက် အခိပ္ပါယ် မကြားဖူး။ ကိုင်...ဒေပိုင် မသိမှုတိနန့် သူတစ်ပါး ယုံကြည်လာအောင် ဇာပိုင် လုပ်ရဖို့လေး။ ကိုယ်ကပညာမတတ်ဘဲ ကိုယ်ဖက်ပါအောင်လုပ်ရဖို့က မလွယ်။ နွားဂြိုက နို့ထွက်အောင် လုပ်ရဖို့ပိုင်။ ကိုယ်ဖက်ပါလာဖို့စွာ ထားအုံးသို့။ ထိုးကွက်တိကြောက်မာ လဲပြိုမကျအောင် မနည်းအားစိုက်လို့ ထိန်းနီရရေလတ်။ ယောက်ျားသျှေပင် ဇေဂုပိုင်အလူးအလဲခံနီရကေ မ,မသျှေဆိုကေပိုမဆိုးလား။ ကိုယ့်ဖက်ပါအောင် စည်းရုံးရေ ဆိုစွာ အများအားဖြင့် ပညာတတ်ရို့ရာ စွမ်းနိုင်ရေအလုပ် ဖြစ်ပါရေ။ ယှယှင်းပြောရကေ ဇေဂုခေတ်မာ ရက္ခိုတ စိတ်အရင်းခံနန့်ထွန်းပြောင်ရေ ရခိုင်ပညာတတ် ကကောင်း ယှားပါရေ။ မျိုးချစ်ပညာတတ်နည်းရာမာ ဒေပိုင်ဒသနမျိုး လာမချပီးသင့်ပါ။ မီးလောင်ရာ လီပင့်စွာနန့် တူလားပါဖို့။

ရီခံမြီခံမဟိကေ တစ်သွီးတည်း ရပ်တည်စွာက အကောင်း ဆုံးဖြစ်ပါဖို့။ အားကောင်းမောင်းသန်နန့် အမျိုးသားရေးအလုပ်တိမာ မပါဝင်နိုင်သူတချို့ကလေ့ ရရေတစ်နီရာသျှေက မျိုးချစ်ပြပနာ ဂုဏ်ယူနီကတ်ပါရေ။ ‘ခန်းနားခရေ ရခိုင်သားထဲက ငါရခိုင်သား၊ ငါမခန်းနားကေလေ့ အမျိုးမြတ်သတင်း မယုတ်စီအောင် လူမျိုးခြားကိုငါမယူ’ဆိုရေ သံမဏိစိတ်နန့် ရခိုင်သားတိဟိပါရေ ညီမသျှေရို့။ ပြည်ပရောက်လာသူတိုင်း အသိအမြင်တိပိုလိုရှင်သန် နိုးကြားလာကတ်စွာ အမှန်ပါ။ ယင်းအသိအမြင်တိကို ဖက်ပနာ အချိန်တိုင်း ရခိုင်ကောင်းစားရေးအတွက် စဉ်းစားနီကတ်ပါရေ။ ယင်းပိုင်ပရဟိတစိတ်နန့် အလုပ်မျှားနီသူရို့ရေ အတ္တ ပြဿနာတိကို ကင်းအောင်ယှောင်ပါရေ။ ဆိုလိုစွာက အပြင်စည်းဖက်ဒို့ ဆွဲခေါ်ခံရဖို့ အိမ်ရာတည်ထောင်မှုမျိုးကို ယှောင်ကတ်ပါရေ။ သွီးရောမှုက ပေါက်ဖွားလာရေ ကပျက်သျှေ တိလေ့ အများအားဖြင့် မျက်နှာငယ်ကတ်ရပါရေ။ မျက်နှာငယ်ငယ်၊ စိတ်သိမ်ငယ်နီရေ အသျှေတစ် ယောက်ကို ကျောက်ကောင်း တစ်ပွင့်ဖြစ်လာအောင် ဇကုန်တိုးတင်ရဖို့ မြင်ပါရေ။ လမ်းက နှစ်လမ်းသို့။ ဇာလမ်းကို လျှောက်လီဖို့ ခန့်မှန်းမကျ။ မျိုးချစ်မှန်ကေ ရခိုင်လူမျိုးအချင်းချင်း ယူစွာကောင်းဖို့ဆိုစွာကို အမြင်ကျဉ်းစွာလို့ အသူ တစ်ယောက်က လုံးခြုံ ပြောဝံ့ပါရေလေး။

တချို့နှိပ်ကွက်စွာ ကရဲ့စွာတိလေ့ အစွန်းရောက် နီပါရေ။ ဥပမာ ရခိုင်သွီးနန့် ရိုးသားစွာ ယဉ်ယဉ်ကျေးကျေး လာရောနီရေ ကျားဖြစ်စီ၊ မဖြစ်စီ သူရို့က ကျီကျီနပ်နပ်

ပီးလာရေ စိတ်ခွန်အားရို့၊ ပညာရို့ကို အနှောင့်ရှုတ်စွာလေ့မြင်ကေ လေးလေးစားစား လက်ခံကြိုဆိုရပါဖို့။

အင်အားဆုတ်နီရေခါ စုစုစည်းစည်း ဟိကတ်ဖို့ ရည်ညွှန်းပါရေ။ သူ့ကျွန်ဘဝမာ သူ့(လူမျိုးခြား)ကိုယူကေ မျိုးမချစ်စွာ။ ကိုယ့်လူမျိုးအင်အားကို ကိုယ်နှုတ်ပစ်စွာ။ အရီအတွက်ထက် အရည်အချင်းက ပိုလို့လိုအပ်ကေလေ့ အရည်အချင်းဆိုစွာ အရီအတွက်က လာစွာပါရာ။ ရခိုင်လူမျိုးတိ တိုးလာမှ ရခိုင်နိုင်ငံတော်အတွက် အခြီတင့်လာနိုင်ပါဖို့။ အနှုတ်ထပ်မလုပ်စီချင်ပါ။ ထပ်နှုတ်ကေ ရင်ဆိုင်လာရဖို့ အရေးတော်တိမာ အခွင့်သာနိုင်ပါဖို့လား။ ကိုယ်မြီ၊ ကိုယ်အိမ်မာ တင့်တင့်တယ်တယ် ဂေါင်းချချင်ရေ ရက္ခိတရို့ကို ဆွေးနွေးနီစွာဖြစ်ပါရေ။ ရခိုင်မြီမာ ထေရဝါဒကို ကိုးကွယ်၊ ရခိုင်ယဉ်ကျေးမှုစတိုင်နန့် ရခိုင်စကားကိုပြောပနာ ရှုတ်လပ်ရေးအရသာကို ပြည့်ပြည့်ဝဝခံစားပြီးမှ ဂေါင်းချကတ်ပါမေ။

အကျွန်ဇွ အထက်ပါ တင်ပြချက်တိထဲမာ သွီးရောသူအားလုံးကို မဆိုလိုကြောင်း ထင်ရှားပြီးပနာ ဖြစ်နိုင်ကေ မျိုးဆက်သစ်ရို့ သွီးစင်လိုကြောင်း အကြံပြုစွာဖြစ်ပါရေ။ လူမျိုးခြားကို မုန်းတီးရမေလို့ အကျွန်မဆိုခပါ။ ရခိုင်နိုင်ငံနန့် မပူမပင်နီရရေဘဝမျိုးဆိုခကေ ဇေပိုင်ဆွေးနွေးချင်မှ ဆွေးနွေးပါဖို့။ ရခိုင်ပြည် မိုးလင်းဖို့အရေးမာ စိတ်ဓာတ်ရေးရာသျှေတိ သဲတစ်ပွင့်ပမာ ရီးခင်းခွင့်ရရေပီတိကို မိုးလင်းခါမှ အပြည့်အဝခံစားလိုက်ပါဖို့ယာ။

နိုင်ငံရေးစကား စပ်စပ် လက်သုပ် တစ်ပွဲ၊ ရုံး ဝေဖန်ရေးဟင်းရည်တစ်ခွက်နန့် ကျွန်ရည်တစ်ပုလင်းကို အဖော်ပြုဗျာ ယိုစိမ်နီရေ အားကြီးချင်ရို့တက်စား တောတွင်း တစ်နီရာမှ ရခိုင့်စစ်သမီးတိကို ဂုဏ်ပြုလိုက်ပါရေ။

**မငြိမ်းချမ်း(ကမ္ဘာ့ကျွန်)**

• • • • • • • • • • • • • • • • • • • • • • • •




သူငယ်ချင်း ဆိုရေစကား
ငါရို့နှစ်ယောက်ကြား
တပျင်းသစိမ်းဆန်နီလား။

ဇာအချိန်ခါဇာပိုင်စိတ်မျိုးထားပနာ
ငါ့ကိုသူငယ်ချင်းလို့ခေါ်ဖို့
နင်ကြိုးစားပမ်းစား
လေ့ကျင့်ထားခစွာလေး။

'မဟုတ်'လို့ငါမငြင်းရဲ
အမုန်ရာရင်ထဲခွဲပြရဖို့ဆိုကေ
သူငယ်ချင်းဆိုရေစကား
နင့်အတွက်ငါလုံးဝသတ်မှတ်မထားခ။

အူလိုက်သဲလိုက်ရယ်ပနာ
ရင်ကွဲနာတိကိုဖုံးကွယ်ဖို့ကြိုးစားပါလေ့
ငိုယိုက်သံသဲ့သဲ့ရို့
စကားသံတိထဲကဂေါင်းပြုပြရေ။

တွေးတွေးငေးငေးမျက်ဝန်းလဲ့လဲ့ထဲ
ဆွေးရိပ်တိကတရေးရေးဖြတ်ပြီးလားရေ
ဗိုတိုးဝါးတားနန့်ပျော်ပါးခရေအတိတ်ကြား
ပြန်လာချင်ကေလေ့မာနတရားနန့်မာန်ခဲ
မဟုတ်တမ်းတရားတိကိုဆွဲပနာ ကျွားနီဆဲ။

စကားပုံစာသားအတိုင်း
နာစရာတိရှာမို့ပစ်ဖို့ကြိုးစားခါ
ကြင်နာခစွာတိရာပြန်မြင်လာရေ
ယုယခစွာတိရာအတွက်ပေါ်ရေ။

ဝေ....လွမ်းခြင်းတိ သီပနာ
ရင်လွှာမဖွင့်နိူင်ခါ
လွမ်းရေစကားတက်စား
အောက်မို့ရေဆိုစကားနန့်
ကျီနပ်ဗျာလ်...
သူငယ်ချင်းလို့ရာ ခေါ်ကတ်မေ...

============================

**သီရိစောမြိမ့်**

# ငရဲသို့အကြောင်းကြားစာ

တစ်ရက်နို့ သိကြားမင်းရေအိပ်ရာက နိုးလာပြီးကေ အိမ် မက်မကောင်းရေအတွက် အောက်ရပ်လူပြည်မာ ဇာဇာဖြစ်နီမသိ ဆိုပြီးနာ အောက်ရပ်လူပြည်ကို ကြည့်လိုက်တေခါ "အလို...ငါသိ ကြားမင်း မကြုံစဖူး လူ့ဘီလူးတိ ဘုရားသာသနာ စည်ကားရာကို တူးဖော်ဖျက်စီး မီးရထား လမ်းတိဖောက်နီကတ်ပါလား၊ မဖြစ်မဖြစ် ငါကယ်တင် လိုက်မေ" ဆိုပြီးကေ နတ်သဘင်အစည်းအဝေး ခေါ် လိုက်ပါရေလတ်။ သိကြားမင်းက...

"ဟယ်..ဒုက္ခိတနတ်သား..အောက်ရပ်လူ့ပြည်မာ ဘုရားသာသနာ စည်ကားခရေရခိုင်ပြည်ကို အမျိုးယုတ်ရို့အာဏာဆုပ်ကိုင်လို့ သာသနိကနယ်မြီတိမာ မှိုရှာရေပိုင် ဖျက်ဖို့ ရှာနီကတ်တေ" "ယင်းအတွက်နန့် ရခိုင်ပြည်က ရှီးဟောင်း အမွီအနှစ်တိ မပျောက်ကွယ်၊ မပျက်စီးရအောင် မင်းတစ်ခေါက် ချက် လားပနာ စောင့်ယှောက်ခီ"

ဒုက္ခိတနတ်သားက "မှန်လှပါအသျှင်သိကြားမင်း လူ့စိတ်မဟိ ခွီးအသိနန့် အယင်အဆက်ဆက် သူရို့ဖျက်လို့ မုနိဘုရား ဇာရောက်လားမှန်းမသိ...သိလူယှားလို့ ရခိုင်သားတိလေးမို့တောင် မို့လားကတ်ယာ ထင်ပါရေ... အကျွန်မျိုးလားပြီးကေ စောင့်ယှောက်ခီပါမေ အသျှင် သိကြားမင်း" မကြာခင်မာ သိကြားမင်းက နတ်သား မောင်ဖြူကို –

"ဟေ...ကိုရီးယားစတိုင်နန့် တစ်ပိုင်းသီနီရေ နတ်သား မောင်ဖြူ" "ဘုရား..ဘုရား" ဒေလူ့ပြည်ကို စောင့်ယှောက်ဖို့ လားခရေ ဒုက္ခိတနတ်သားတစ်ယောက် သတင်းလေ့မကြား... ဇာပိုင်လှူပ်ယှားနီရေလေးဆိုစွာ ဖုန်းဆက်လို့ မီးလိုက်ဗမ်ချက်"

နတ်သားမောင်ဖြူက "မှန်လှပါအသျှင်သိကြားမင်း ရခိုင်သား လရတတ်ဖေသာဟိတိ ရှူးဇာကိုင်နီကတ်လို့ ဖုန်းလှိုင်းမိအောင်လုပ်ဖို့လူမဟိ ဖြစ်နီရေအတွက် ဖုန်းလှိုင်း ပြတ်နီပါရေ အသျှင် သိကြားမင်း"

"ဟေ...ဇာဖြစ်တေ၊ ရခိုင်သားတိရှူးဇာကိုင်နီရေ ဟုတ်လား နတ်သားမောင်ဖြူ"

"ဇပိုင်ပါ အသျှင်သိကြားမင်း၊ ဇေုရေ ရခိုင်ပြည်ကို အောက်သားအရှူးတိ အာဏာရှူးနီတုန်းမာ ရခိုင်သား ဖေသာဟိနန့် ပညာတတ်တိရေ ဗမာပြည်ကို လားပြီးကေ စီးပွားရေးလုပ်နီကတ်လို့ အာဏာရှူးလက်ဝီစား ဖုန်းတိကိုရာကိုင်နီရရေအတွက် ရှူးဇာကိုင်နီရေလို့ ပြောရစွာပါအသျှင် သိကြားမင်း"

"ယကေ မင်းတစ်ခေါက်လားပြီးကေ လူ့ပြည်မာ ဒုက္ခိတနတ်သားတစ်ယောက် ဇာပိုင်လှူပ်ယှားနီလေး ကြည့်ခီကြားလား"

"မှန်လှပါ အသျှင်သိကြားမင်း အဆိုးအကောင်း အကျိုး အကြောင်းကို ဒယားပိုင်လပေါ်ကျစ်လို့ လားကြည့် လိုက်ပါမေ အသျှင်သိကြားမင်း" မကြာခင်ရက်ပိုင်းမာ နတ်သား မောင်ဖြူရေ အောက်ရပ်လူ့ပြည်ကနီ သိကြားမင်းစံရာ နန်းဂေဟာဒို့ ပြန်ရောက် လာပါရေ။ ယေခါ သိကြားမင်းရေ နတ်သား မောင်ဖြူကို ဆီးပနာမီးလိုက်ပါရေ။

"ဟေ့ နတ်သားမောင်ဖြူ ကကောင်းအယင် ပြန်ရောက်လာရေကား"

"မှန်လှပါ အသျှင်သိကြားမင်း လူ့မာတစ်ရာ နတ်မာ တစ်ရက် ဆိုရေမဟုတ်ပါလား အကျွန်မျိုးလူ့ပြည်ကို စိအောင် ရောက်ဖို့စကေရာ ကျန်ခပါရေ အသျှင်သိကြားမင်း"

"ဒုက္ခိတနတ်သားကကား ဇာဇာလုပ်လို့ မြင်ခလေး ဆိုစွာ လျှောက်တင်ဗမ်ချက်"

"မှန်လှပါ အသျှင်သိကြားမင်း ဒုက္ခိတနတ်သားစွာ ရခိုင်ပြည်မာ လှူပ်ယှားဖို့ ရယက၊ မယက ရို့ကို အားကိုးမရလို့ မလေးသျှားကို အောက်လမ်းကလားခပါရေ အသျှင် သိကြားမင်း"

"ဟေ...ယင်းသူ့ကို ငါ အတန်တန်မှာလိုက်တေ ရခိုင်ပြည်မာ အခြီအနီမကောင်းကေ ငါ့ကို အကြောင်းပြန်လို့ ပြောလိုက်ယင့်သားနန့် ဇာဖြစ်လို့ အကြောင်းမကြားဘဲ မလေးသျှားကို ထွက်လားခရစွာလေး...ငါ့ကိုလျှောက်တင်ဗမ် နတ်သား မောင်ဖြူ"

"မှန်လှပါ အသျှင်သိကြားမင်း ဒုက္ခိတနတ်သားရေ သတင်းပို့ဖို့မရခ... ဝရမ်းပြီးဘဝနန့် မလေးသျှားကို ထွက်ပြီး လားခရလို့ပါ အသျှင်သိကြားမင်း...ဇေု ဒုက္ခိတနတ်သားရေ ရခိုင်ဒုက္ခသည်တိပါးက လစဉ်ကြေးကောက်စားပနာ ဥက္ကဋ္ဌဘဝနန့် ရှားနီပါရေ...ဇေုလှူပ်ယှားမှုတိ ကောင်းနီလို့ နောက်ရာစုနှစ်တိ ပြောင်းလားကေတောင် နတ်ပြည်ကို ပြန်လာဖို့ မဖြစ်နိုင်သို့ကြောင်း သတင်းပါးလိုက်ပါရေ အသျှင်သိကြားမင်း"

"အမ်...ဇာပိုင် ဇာပိုင်"

"အသျှင်သိကြားမင်းကား ယင်းဒုက္ခိတကိုရာ ရွှတ်လိုက်တေ..ဒေဂု အသျှင်သိကြားမင်း စိတ်ဆင်းရဲ နီရယာမနား"

"ယင်းဒုက္ခိတကို မရွှတ်ကေ အရာလားချင်ရေ နတ်သား ကားမဟိ"

"ယင်းလောက်ပင်လေ့ ရခိုင်သားတိ ရခိုင်ပြည်မာ အကျင့်စရိုက်က ပျက်နီကတ်တေလို့လား အသျှင်သိကြားမင်း.."

"မင်းရောက်ခရေ မဟုတ်လား ၊ မဖြစ်မဖြစ် ဒေအတိုင်း ရာဆိုကေ ယင်းသူရို့ ငရဲကိုလားရဖို့ သီချာရေ၊ နတ်သား မောင်ဖြူ ငရဲမင်းကြီးပါးကို ဖုန်းဆက်ကြားလား" သိကြား မင်းပြောရေခါနတ်သား မောင်ဖြူက–

"မှန်လှပါအသျှင်သိကြားမင်း ငရဲပြည်မာ ဖုန်းလိုင်း မဟိ လို့ ပြောပါရေ"

"ယကေရခိုင်ပြည်နန့် ငရဲပြည်အတူတူ ဖြစ်နီယာမနား နတ်သားမောင်ဖြူ၊ ဒေအတိုင်းဆိုကေ ရခိုင်ပြည်လေ့ နောက်ရာစု နှစ် မရောက်ခင် ပျောက်လီဖို့ယာထင်ရေ နတ်သား၊ မဖြစ်... မကောင်းသူပယ်၊ ကောင်းသူကို ကယ်ရဖို့ ယင်းအတွက်နန့် ဒုက္ခိတနတ်သားရို့ပိုင် အမျိုးသီလ စောင့်မပြဘဲ တစ်ဘဝအတွက် ကိုယ့်ဖက်ယက်ပနာ ရခိုင်ပြည် ပျက်အောင် ရခိုင်လူမျိုးပျောက် အောင်လုပ်နီကတ်တေ ရခိုင်သား နာမည်ခံနန့် ဘုရားသူခိုးပြူ အမျိုးကို လက်ရီး သီသီသတ်သတ်နန့် အသီအချာမှတ်ပြီးကေ မင်းကိုယ်တိုင် ငရဲမင်းပါးကို လားပြီးနာ အကြောင်းကြားခီ ကြားလား နတ်သားမောင်ဖြူ"

"မှန်လှပါအသျှင်သိကြားမင်း ကျနော်မျိုး လက်ရီး သီသီသန့်သန့်နန့် ကောင်းကောင်းမှတ်မိအောင် စာရီးလို့ အကြောင်းကြားလိုက်ပါမေ အသျှင်သိကြားမင်း"။

**ဘုန်းကြီးကျောင်းသား**
**ခေတ္တ–ကွန်တန်း**

# ပြူစစ်ကေ ဗမာဗဟုတ်

**အောင်ကျော်ခိုင်**



ရက္ခဝံလက် ရခိုင်အမျိုးသား မဂ္ဂဇိန်းအဖွဲ့က သူငယ်ချင်းတစ်ယောက် ဇေ့ပိုင်ပြောပါရေ။ ရောက်လာကတ်တေစာမူတိထဲမာ ရခိုင်သား စာရီးသူတချို့ရေ ပြူနန့်ဗမာ တတူဆိုပြီးကေ ရီးသားလာကတ်ပါရေလတ်။ အကျွန် ကိုယ်တိုင်လေ့ တခြားရခိုင်စာမူတိမာ ပြူနန့် ဗမာကို တတူသတ်မှတ်စွာတိ တွိဖူးပါရေ။

ဗမာပြည်မာ C.O Blagden, Dikshit, ဦးသာမြတ်၊ ဒေါင်တာသန်းထွန်း၊ ဦးစံဝင်း၊ ဦးငြိမ်းမောင်၊ ဦးထွန်းအောင်ချိန် အစဟိရေ ပညာသျှင်တိရေ ပြူ အက္ခရာမှ ဗမာအက္ခရာဒို့ ဖလှယ်ခြင်း၊ အဓိပ္ပါယ်ပြန်ဆိုခြင်း လုပ်ငန်းတိကို ဆောင်ရွက်ခကတ်ပါရေ။ အပြည့်အစုံ တော့ခါ မဆောင်ရွက်နိုင်သိ့ပါ။ ယင်းပုဂ္ဂိုလ်တိရေ ပြူသည်ပြူ၊ ဗမာသည်ဗမာဆိုရေ အဆိုကိုရာ ဆိုခကတ်ပါရေ။ ပြူအကြောင်း ကိုဘုန်းတင့်ကျော်ထက် အယင်လေ့လာခရေ ဓာပညာသျှင်ကလေ့ ပြူစွာ ဗမာလို့ ရဲရဲတင်းတင်း မပြောခပါ။ ဗိုလ်မှူးဘရှင်က ရခိုင်ကို ရှီးမြန်မာတိလို့ ရီးခပါရေ။ ဇေ့ရခိုင်ရေ ဗမာပြည်ထဲ ရောက်နီလို့ ရှီးဦးမြန်မာဆိုပြီးကေ ထည့်တွက်စွာပါ။ ဗမာပညာသျှင်ရို့လေ့ ပြူကိုထည့်တွက်စွာသျှေလောက်ပါရာ။ ဘုန်းတင့်ကျော်က ထပ်မံဖြည့်စွက် (အကြံပြုချက်) တိကို ပြူစစ်ကေဗမာဆိုရေ ဂေါင်းစဉ်နန့် အဆိုသစ်ကို တင်ပြလာပါရေ။

ဦးပြုး(သံတွဲ)နန့်ဘုန်းတင့်ကျော်ရို့ရေ ပြူအကြောင်းကို ဘတစ်ပြန်ကျားတစ်ပြန် ရီးသားခ ကတ်ပါရေ။ အကျွန်ရေ မလေးသျှားကို ရောက်လာရေအခါ ရုပ်ရှင်တေးကဗျာ မဂ္ဂဇိန်းနန့် အလှမ်းဝီးလားပါရေ။ အသူ့အဆိုကမှန်လို့ အသူ့စွာက မသင့်တော်ကြောင်းကို ထပ်မံမသိလိုက်ရဘဲ ကွင်းဆက်ပြတ် လားပါရေ။

ပြူအကြောင်းတိ ဆက်ပြီးကေ ပါနိုင်ကောင်းယင့်လို့ စိတ်ကူးပနာ ဇေယျာဆိုင်က ရုပ်ရှင်တေးကဗျာ မဂ္ဂဇိန်း (အတွဲ(၂၇)၊ အမှတ်(၁)၊ ၂၀၁၁၊ ဂျန်နဝါရီ)ကို ရိန်းငွေ ၁၃ ပြားနန့် ဝယ်ခပါရေ။ စာမျက်နှာ(၁၁၆) မာ ပြူစစ်ကေ ဗမာမဟုတ်ကြောင်းအချက်အလက်တိပါရေ စာမူတစ်ပုဒ်ကို တွိရပါရေ။ ငထက်ပြည့် ရီးပြီးကေ “ပုဂံထဲဒို့ ရောက်လားရသည့် ပြူ” လို့ ဂေါင်းစဉ်တပ်ထားပါရေ။ ဂေါင်းစဉ်ကပင် ပြူစစ်ကေ ဗမာမဟုတ်ကြောင်း ဖော်ပြနီပါရေ။ ရောက်လားရသည့်ဆိုရေ ပုဒ်ရှိမာ မဟုတ်ဘဲ၊ မမှန်ဘဲ သွတ်သွင်း ခံရရေပုဒ်တိ အသီးသီး ဖြည့်ထည့်ကြည့်ကေ ပိုလို့ထင်ရှား ပါရေ။

ငထက်ပြည့်ဇို့ ဆောင်းပါးမာ ဇေ့ပိုင်အစပျိုး ထားပါရေ။ ရန်ကုန်မာနီရေ ဆရာကြီးတစ်ဦးက စကားဆိုရေပုဒ်ဇို့ အခြီအမြစ်စွာ မွန်ဘာသာက လာရေလို့ ပြောရေအတွက် ဒေါင်တာလှဘေက ဗမာပိုင်အနီးနန့်အဝီးဆိုစွာကို အင်္ဂလိပ် Near နန့် Away ကလာစွာလို့ ပြန်ပနာ ကြီစပ်ဖူးပါရေ။ **ကိုယ်လိုရာကိုဆွဲပနာ ပြောရေစကားတိကို ကြားရကေ ဒေါင်တာလှဘေဇို့ အထက်ပါ ကြီစပ်စကားကို ချက်ချင်းအတွက်ပေါ်မိပါရေ။** ဆရာဘုန်းတင့်ကျော်ဇို့ ပြူစစ်ကေ ဗမာဆိုရေ ဆောင်းပါးတိကို ဖတ်ရရေအခါလေ့ အတွက် ပေါ်ပနာ ပြုံးမိပြန်ပါရေ။ ရုပ်ရှင်တေးကဗျာ မဂ္ဂဇိန်းမာ ယင်းဆောင်းပါးစတင် ဖော်ပြစဉ်က ပြူသံယောဇဉ်ကြောင့် ဖတ်မိပါရေ။ လမ်းစပျောက်လားရေ ပြူသမိုင်းအပေါ်မာ အခွင့်ကောင်းယူရေလို့ ထင်မိခြင်း၊ စာရီးသူအချင်းချင်း (သမိုင်းဝါသနာတူသူ) ဦးပြုး(သံတွဲ)အပေါ်မာ မပြောသင့်ရေ စကားတိ ပါဟိနီခြင်းကြောင့် လ,ဆက် ဆောင်းပါးကို ဆက်ပြီးကေ မဖတ်ဖြစ်ပါယာ။

ပြူစစ်ကေဗမာ ဆောင်းပါးစာ (၄၈) မာ ဆရာဘုန်းတင့်ကျော်ရေ ဦးပြုး(သံတွဲ)ကို ရီးခစွာမာ ပြူဝေါဟာရတိနန့် ဗမာဝေါဟာရ တတူဖြစ်ကြောင်း၊ ပြူတိုင်းရင်းကျောက်စာတိကို ဖတ်တတ်ခကေ ဦးပြုး(သံတွဲ) ကိုယ်တိုင် တွိဟိသိမြင်ခပြီး ဖြစ်ပါလိမေ။ ဦးပြုး(သံတွဲ)ကို ပြူစာမဖတ်တတ်ကြောင်း သဘောမျိုးရီးပနာ သူကား ပြူစာဖတ်တတ်ကြောင်း ပြူစာနမူနာတိ ထုတ်ပြရီးသားပါရေ။ ပုံနှိပ်မှု အခက်အခဲဟိနိုင်လို့ မူရင်းပြူအက္ခရာ နန့် မဟုတ်ဘဲ ဗမာအက္ခရာနန့် ဖ, ပနာ ဖော်ပြထားပါရေ။

မြသ္ဒိံ နဥဂေါဟိဘူစ (ခေတ် ဗမာအက္ခရာလှယ် ပြူစာ) ဆိုရေစာကို ဘုန်းတင့်ကျော်က မြသိန်းတန် အုတ်ဂူဟိ ဗုဒ္ဓ လို့ဘာသာပြန်ပါရေ။ အကျွန်က ‘မြသိန်းဒန် ဆရာတော်ဟောကြားရေ ဗုဒ္ဓတရားတော်’ လို့ ဘာသာပြန် လိုက်ပါရေ။

၁၉၁၂ခုနှစ်မာတွိရေ ပြူအရိုးအိုးတိကို ဆရာဘုန်းတင့်ကျော်ဇို့ ဘာသာပြန်ဆိုချက်တိမာ–

၁။ သီဟဝိကြမင်း အရိုးအိုးပြူစာ

(ပြူစာ) တ္ဒးဗံးဥဘူသ္န: (ဘူသန) (ဘာသာပြန်)

ရို့မင်းကြီး ဟူ၍ တန်ဆာဆင်တတ်သည် (ဘူသန-ပါဠိ- တန်ဆာဆင်တတ်သည်)

၂။ ဟာရိဝိကြမင်း အရိုးအိုးပြူစာ
(ပြူစာ)တ္ဒးဖံးဉဟိတြဟ္န(က) (နကနက-ပါဠိသက်)(ဘာသာပြန်)ရို့မင်းကြီး နာမည်ဟိ တရားဆင်ပြောင်ကြီး (နန့်တူရေ)
၃။ သူရိယ ဝိကြမင်း (မိဖုရား) အရိုးအိုးပြူစာ
(ပြူစာ) ဋ္ဌာ် (ဝေါ်) ဖံးကဒ္ဓိဖံးတဲ့တိုးပ္လိသ္နီး (သိနး) (ပြန်) တော် မယားမြတ်ကိဒံ သခင်မတော် တိမ်း ပြီး သီနှစ်


အထက်ပါအဓိပ္ပါယ် ပြန်ဆိုချက်တိကို နှစ်သက်မှုမဟိလို့ အောက်ပါအတိုင်းပျင်ဆင် ပြန်ဆိုလိုက်ပါရေ။
၁။ သီဟဝိကြမင်း အရိုးအိုးပြူစာ
(ပြူစာ) တ္ဒး ဖံး ဉ ဘူ သ္နူး (ဘူ=ဘု= ဗဟုသုတ၊ သ္နူး=သွန်=အသျှင်) (ပြန်) ဗဟုသုတ အသျှင်မင်းကြီး
၂။ ဟာရိဝိကြမင်း အရိုးအိုးပြူစာ
(ပြူစာ) တ္ဒး ဖံး ဉဟိ တြဟ္နကု
(တြတ=တြေဇသ်=တြိဇ္ဖ် (မွန်)= တန်ခိုး)
(ဟ္န=ဟာသ်–ယ့် (မွန်)=ကျော်ဇောခြင်း
(ကု= (မွန်) နန့်၊ ဖြင့်)
(ပြန်) တန်ခိုး ကျော်ဇောခြင်းကြီးမားရေ မင်းကြီး။

တစ်ချိန်က ခန်းနားထည်ဝါစွာ မြို့ကြီးပြကြီးနန့် နီထိုင်ခကတ်တေ ပြူလူမျိုးကြီးရို့ရေ ဇာပိုင်ကြုံ၊ ဇာပိုင်ဖြစ်၊ ဇာနည်းနန့် ပျောက်ကွယ်လားရပါရေလေး။ ပြူကို စိတ်ဝင်စားသူရို့ အဖြေရှာကတ်တုန်းပါသို့။ ဆရာ ဘုန်းတင့်ကျော်ကားဆိုကေ ပြူစစ်ကေဗမာဆိုရေ ကြွီးကြော်သံနန့် ပုဂံရာဇဝင်တွင်းသို့ ပြူကိုသွတ်သွင်း လိုက်ပါရေ။ အေဒီ(၃)ရာစု၊ ခရစ်နှစ်(၂၂၆)၊ ပုဂံနိုင်ငံတော်ကြီးမာ ပြူရို့ (ဗြဟ္မာ–မြန်မာ(ဝါ) ပြူ) ဟိနီဗျာလို့ ဆရာဘုန်းတင့်ကျော်က ဆိုပါရေ။

ပြူလူမျိုးတိရေ လူသီကေ မီးတိုက်ပနာ အရိုးနန့် ပြာတိကို အိုးအတွင်းမာ သံစတိ၊ ပုတီးစိတိနန့်ရော ထည့်ပြီးကေ အရိုးတိကိုစုထားရေ ဓလိဟိခပါရေ။ ပုဂံမာ ပြူအများစုနီခရေဆိုကေ ယင်းအရိုးအိုးတိ မကန်တွိရပါဖို့။ ပြူတိ ပုဂံခေတ်မာ မနီခလို့ရာ အရိုးအိုးတိကို မတွိရခြင်းလား။ ရှာမတွိသို့လို့ မတွိခြင်းလား။ စဉ်းစားစရာဖြစ်ပါရေ။ ပုဂံရာဇဝင်ကို တုတ်ထမ်း၊ ဓါးထမ်း ပြောရရေပိုင် ပြူရာဇဝင်ကို အိုးခြမ်းပဲ့ လိုက်ကောက် ပြောရပါလိမေ။ အကျွန် ငထက်ပြည့်ကား အိုးခြမ်းပဲ့တိကို လိုက်ကောက် နီတုန်း ဖြစ်ပါရေ။

ငထက်ပြည့်ရေ ဘုန်းတင့်ကျော်ကို ဇာဆိုလိုချင်ရေဆိုစွာ ယှင်းယှင်းသျှေပါရာ။ "ပြူစာတောင် မဖတ်တတ်သို့ဘဲ စကားကြီးစကားကျယ် ပြောနီရေ"လို့ ဆိုလိုစွာပါ။ ပုဂံထဲဒို့ ရောက်လားရသည့်ပြူ ဆိုရေ ငထက်ပြည့်ဇာ ဆောင်းပါးမှ ကောက်နှုတ်ဖော်ပြချက်တိအရ ပြူရေဗမာလို့ ပြတ်ပြတ်သားသား မပြောနိုင်သို့ကြောင်း တွိနိုင်ပါရေ။

တောင်ပိုင်းဗြဟ္မီ အက္ခရာကို အခြီခံပြီးကေ ပြူရို့အေဒီ (၄)ရာစုမာ ပြူစာကို ဖန်တီးခကတ်ပါရေ။ (မြန်မာသမိုင်းပုံ၊ စာရီးနည်းပညာ၊ စာ ၉၄–၉၆)။ မွန်နန့် ရခိုင်ရို့က အေဒီ (၅)ရာစုမာ ကိုယ်ပိုင်ဖန်တီးခကတ်ပါရေ။ ရခိုင်က မြောက်ပိုင်း ဗြဟ္မီအက္ခရာကို



ဟန်လင်း ပြူသင်္ချိုင်း ကျောက်စာ

အခြီခံထားပါရေ။ ပြူနန့် မွန်စာကို အခြီခံရေ ဗမာစာကို အေဒီ (၁၁)ရာစုမာ ကျခါမှ အက္ခရာတင် စာရီးတတ်လာရေလို့ ဒေါင်တာသန်းထွန်းက သူ့စာအုပ်တိမာ ရီးခပါရေ။

စာပီရေ ယဉ်ကျေးမှုအပေါင်းဇာ့ အခရာ ဖြစ်ပါရေ။ စာပီအဆင့်အတန်းမြင့်ရေ ဆိုမှတော့ခါ စီးပွားရေး၊ လူမှုရေးတိလေ့ အဆင့်အတန်းမြင့်ဖို့စွာကို အထူး ပြောနီဖို့လိုမေ မထင်ပါ။ ဗမာကိုပြူလို့ သတ်မှတ်လိုက်ကေ ရခိုင်ထက် ဗမာရေ ယဉ်ကျေးမှုရှိကျရေလို့ ပြောရာရောက်လားပါဖို့။ သမိုင်းအမှန်တရားတိကို ကလောင်တိနန့် မဖျက်ကတ်ပါကေ့။ ရခိုင်သားတချို့က ပြူကို ဗမာလို့ ပြောလိုက်စွာရေ ရခိုင်တစ်မျိုးသားလုံးကို စာတစ်ကြောင်းတည်းနန့် နှိမ့်ချလိုက်ပိုင် ဖြစ်လားပါရေ။ ယင်းအတွက်ကြောင့် သီချာစီးစစ် ယမ်းမပစ်ကတ်ဘဲ ရခိုင်စာကို အားပီးရီးသား ကတ်ပါလို့ ပြောကြားယင်း နိဂုံးချုပ်လိုက်ပါရေ။

**အောင်ကျော်ခိုင်**

# ဇာလုပ်ကတ်ဖို့လေးက သတ်ပုံလေ့လာခြင်း

နောင်ခိုင်ပြည့်




**သျှစ် သောင်း လို့ ခေတ် အ ဆက် ဆက် ရီး လာ ဗျာ ကို အ လို တော် ပြည့် .. .**

ဇာလုပ်ကတ်ဖို့လေး စာအုပ်ရေ နိုင်ငံရေးသမားတိုင်း ကိုးကားပြီးကေ မျိုးချစ်ရခိုင်သားတိုင်း ဆောင်ထားသင့်ရေ ယှားပါးသမိုင်းစာတမ်းဖြစ်ပါရေ။ မျိုးဆက်သစ်တိအတွက် အထူးလိုအပ်နီရေ မဟိမဖြစ် စာတမ်းလေ့ဖြစ်ပါရေ။ ဇ စာတမ်းစွာ ရီးဟန်နန့် တင်ပြပုံ ကောင်းပါရေ။ ဝေါဟာရပိုင်းမာ အားနည်း နီပါရေ။ အကြောင်းအရာလေ့တူ၊ အဓိပ္ပါယ်လေ့တူရေ ဝေါဟာရ တိစွာရေ စာလုံးပေါင်းသတ်ပုံတိ အမျိုးမျိုးကွဲပြားနီပါရေ။ သတ်ပုံ ကွဲပြားမှုတိကို စာမျက်နှာ နံဘတ်နန့်တကွ ကွင်းနီအောင် တွဲပြပါမေ။ စာဖတ်သူရို့ မညီးငွိ့စီချင်ရေအတွက် တွိရသရွိ စာမျက်နှာ တိကို တန်းပနာ ပြမထားခြင်း ဖြစ်ပါရေ။ စာမျက်နှာတစ်ခု လောက်ရာ ပြည့်ွန်းကေ လုံလောက်ပါဖို့ရာ။

**မိတ်ဆက်စာကိုလေ့လာခြင်း**

**ဂေါင်း**ဆောင် (စာ–၇)/ **ခေါင်း**ဆောင်(၅၊၈)၊ စိုက်သုံးပန်း(၇)/ **စိုက်**တွေ(၆)/ ကျန်**စစ်**သား(၁)၊ စာ**တမ်း**(၆)/ စာ**တန်း**(၆)၊ စောင့်**သျှောက်**(၁)/စောင့်**ရှောက်**(၇)၊ **စည်း**ကမ်း(၈) / **စေး**ကမ်း(၄)၊ **နီ**တုန်း(၅)/ **နိန်**ရတုန်း(၇)၊ **နယ်**သူနယ်သား (၇)/တောင်ကုတ်**နေ**စား၊ ခု**နှစ်**(၇)/ **နှိုက်**ပတ်တိ တိ(၆)/ ယင်း နှစ်မှာပင်(၅)၊ ပညာ**သျှင်**(၁)/ ပညာ**ရှင်**(၃)၊ **ဖွဲ့**စည်း(၄)/ **ဖွေ့** စေး(၅၊၆)၊ **မီး**(၃)/ **မိန်း**(၃)၊ မဟာဝိဇ္ဇာတန်း(၄)/ ဥပဇာတမ်း(၃)၊ မျိုးဆက်**သစ်**(၄)/ မျိုးဆက်**သိုက်**(၇၊၈)၊ မဟိဘဲ(၁)/ ခေါင်းမဟိ **ဘဲ** (၅)/ မပြုမပြင်**ဘေး**(၇)၊ အချုပ်အ**ခြာ**(၇)/ အချုပ်အ**ချာ**(၇)၊ အ**စိုဉ်**အလာ(၅)/ အ**စိုင်**အလာ(၇)၊ အ**နီး**နန့် (၈၊၂)/အ**နိန်**နန့် (၁၊၅)၊ အနှစ်သာရ(၁)/ အနှိုက်သာရ(၅)၊ အ**ဖြစ်** (၄)/ အ**ဖြိုက်** (၄)၊ အ**မြဲ** (၄)/အ**မြေး**(၄)။

စစ်တွေက စိုက်တွေ ဖြစ်လားကေလေ့ ကျန်စစ်သားက ကျန်စိုက်သား ဖြစ်မလားစွာအတွက် ပဟေဠိ ဖြစ်နီရပါရေ။

**က**။ ။**ကယ်**တင်ရှင်(စာ–၅၉)/ ကယ်နိုင်(၅၉)/ **ကေ**တင်(၂၇)၊ **ကြည့်**(၁၁)/ **ကြေ့**(၂၇)၊ ကွန်မြူနစ် (၄၃)/ ကွန်မျူနစ်(၉၀)/ ကွန်မြူနိုက်(၆၀)/ ကွန်မျူနစ်(၉၀)/ ကွန်မြူနိုက်(၆၂)/ ကွန်မြူနှိုက် (၇၆)/ ကွန်မြူနိုက်(၁၁၂)၊ ကိုင် **စွဲ**(၆၈)/ ကိုင်**စွေး**(၉၇)၊ **ကတိ**သိုက်စာ(၂၅)/ **ဂတိ**စကား(၂၄)၊ **ကွယ်**လွန်(၁၃)/**ကွေ**လွန်(၁၇)၊ ကုန်**သည်** (၅၈)/ ကုန်**သေ**(၅၈)၊ ကိုး**ကွယ်**(၁၁၄)/ ကိုး**ကွေ**(၈၃)၊ ကိစ္စ(၁၀၄)/ ကိုက်စ(၁၀၂)၊ **ကွဲ**ပြား(၉၁)/ **ကွေး**ပြား(၉၁)။

**ခ**။ ။ဂေါင်းဆောင်(၁၃)၊ ခေါင်းဆောင်(၁၃)၊ ခုနှစ်(၃၁)၊ ခုနှိုက်(၁၇)၊ **ခေတ်**(၂၉)၊ **ခိုက်**(၈၉)၊ **ချုပ်**ချကေ(၁၆)၊ **ရှုပ်**ချလိုက်(၅၄)၊ **ချုပ်**(၃၁)**သျှိုက်**(၁၀)၊ **ချိုက်**(၃၇)၊ ချယ်လှယ်(၃၀)၊ ချေလှယ်(၃၀)၊ ခွဲ**စိတ်**(၃၁)၊ ခွဲ**စိပ်**(၃၁)၊ **ခွဲ**ထုတ်(၁၀၈)၊ **ခွေး**ထုတ်၊ ခက်**ခဲ**(၆၂)၊ ခက်**ခေး**(၅၄)၊ **ခြီ**လှမ်းသစ်(၈၉)၊ **ခြေ**လှမ်းသစ်(၁၁၄)။

**စ**။ ။စိုက်ပညာ(၁၀၄)၊ စိုက်လီယာဉ်(၅၁)၊ အစိပ်အမှန်(...)။ စိတ်ကိုလေ့ စိုက်၊ စစ်ကိုလေ့ စိုက် လို့ရီးစွာတိ တွိရပါရေ။ စိုက်ပညာကို ဖြုန်းခနန့်ဖတ်ကေ စိတ်ပညာလား၊ စစ်ပညာလား ဖြစ်ပနာ ဇဝေဇဝါဖြစ်စီပါရေ။ **စွာ** (၁၁၉)၊ ယင်း**စော်**(၁၂)၊ **ဇာ**တီ(၁၈)၊ **စေ**တီ(၁၈)၊ စ**နစ်** (၂၈)၊ စ**နိတ်**(၅၈)၊ စ**နိုက်**(၂၉)၊ စ**နှိုက်**(၁၃)၊ ဒေသ**စွဲ**(၃၆)၊ ဒေသ**စွေး**(၄၂)၊ စ**နစ်** ကျ(၅၆)၊ စ**နိတ်**တကျ(၉၆)။

**ဆ**။ ။ဆိုယှေလိတ်(၁၂)၊ ဆိုချေလစ်(၁၁)၊ ဆိုချလစ်(၉၄)၊ ဆိုရှေလစ်(၉၀)၊ ဆင်**နွဲ**(၉၉)၊ ဆင်**နွီး**(၉၉)၊ ဆင်**နွေး**(၉၉)၊ ဆင်း**ရဲ**(၃၆)၊ ဆင်း**ရေး**(၃၄)၊ ဆက်**သွယ်**(၉၂)၊ ဆက်**သွေ**(၉၂)၊ ဆိတ်**သုဉ်း**(၆၀)၊ ဆိတ်**သုန်း**(၆၁)၊ ဆုံး**ယှုံး**(၆၉)၊ ဆုံး**ရှုံး**(၃၄)။

**ဇ**။ ။**ဂျ**န္နဝါရီ(၅၅)၊ **ဇ**န္နဝါရီ(၇၆)၊ **ဇွ**န္နဝါရီ(၆၀)

**တ**။ ။**တစ်**ယောက်(၄၈)၊ **တ**ယောက်(၅၀)၊ **တစ်**ခု(၃၅)၊ **တ**ခု(၁၀၁)၊ **တစ်**ဦး(၃၁)၊ **တ**ဦး (၁၀၉) ၊ တဆတ်**ဆတ်**(၃၆)၊ တဆက်**ဆက်**(၃၄)၊ တ**ရှုတ်**(၁၀၁)၊ တ**ရှုပ်** (၁၀၁)၊ တပ်**ခွဲ**(၄၈)၊ တပ်**ခွေး**(၄၈)။

**ထ**။ ။ထင်**ရှား**(၄၂)၊ ထင်ထင်ယှား**ယှား**(၉၂)။

**န**။ ။**နိ**(၁၅)၊ **နိန့်**(၁၁၉)၊ **နေ**ဝင်း(၇၃)၊ **နီ**ဝင်း(၉၃)၊ နေ**မြီ**(၂၂)၊ နေ**မြေ**(၆၆)၊ **နယ်**ချဲ့(၁၁)၊ **နေ**ချဲ့(၁၁)၊ နေချေ့(၈၈)၊ **နီ**ချေ့(၉၂)၊ နောက်မြီး**ဆွဲ**(၁၀၂)၊ နောက်မြီး**ဆွေး**(၁၀၂)၊ **နစ်**နာ(၅၂)၊ **နိုက်**နာ(၅၄)၊ နေ**န**မိတ်(၈၁)၊ နေ**နီ**မိတ်(၃၁)၊ နှစ်(၅၇)၊ နှိုက်(၅၇)၊ နား**မလည်**(၁၀၂)၊ နား**လေ**(၅)။

**ပ**။ ။ပင်**လယ်**(၃၃)၊ ပင်**လေ**(၁၉)၊ ပြင်**သစ်**၃၀)၊ ပြင်**သိုက်**(၂၁)၊ **ပစ်**(၈)။ နှင်ထုပ်**ပိုက်**(၁၁)၊ ပက**တိ**(၁၀၃)။ ပက**ခိ**(၁၀၃)၊ ပ**ဋိ**ပက္ခ(၁၁)။ ပ**တိ**ပက္ခ(၂၀)၊ ပဒေသ**ရာဇ်**(၁၁၄)။ ပဒေသ**ရိုက်**(၁၁၄)။

**ဖ**။ ။**ဖွဲ့**စည်း(၅၆)၊ အ**ဖွေ့**အစေး(၁၁)၊ အ**ဖွေး** အစေး(၁၉)၊ ဖုံး**ကွယ်**(၁၁၄)/ ဖုံး**ကွေ**(၆၃)၊ **ဖြစ်**(၇၄)/ **ဖြိုက်**(၁၀)၊ **ဖ**ဒရယ်(၇၂)/ **ဖယ်**ဒရယ်(၁၁၁)/ **ဖက်**ဒရယ်(၅)/ ဖက်**ဆိတ်** (၁၁၀)/ ဖက်**ဆစ်**(၁၁၀)/ ဖက်**ဆက်**(၄၆)၊ ဖြေ**သျှင်း**(၅၅)/ ဖြေ**ရှင်း** (၁၁)။

**ဗ**။ ။ဗိုလ်ချင်း**ပြန်**(၁၉)/ ဗိုလ်ချင်း**ပျံ**(၁၀၇)၊ ဗမာ**ပြည်** (၃၀)/ဗမာ**ပြေ**(၃၆)။

**မ**။ ။**မျဉ်း**ကြောင်း(၈၁)/ **မျှိုင်း**ကြောင်း(၈၄)၊**မဲ့** (ခြွင်းချက်မဲ့)(၅၅)/ **မေ့**(စေးမေ့ကမ်းမေ့)( )၊ **မာ**(၁၀၈)/ **မှာ**(၁၀၈)၊**မီး**(၁၀)/ **မိန်း**(၁၀)၊ **မာကာ်စ်**ဝါဒ(၁၀၂)/ **မစ်**ဝါဒ(၁၀၂)၊ **မြဲ** (၁၀၀)/ **မြေး**(၁၀၀)၊ မဆန်**ဘဲ**(၃၀)/ မပါ**ပဲ**(၃၀)/ မဟိ **ဘေး**(၁၁)၊ ဖြိုက်လိမ့်**မယ်**၊ ဖြိုက်နီလိမ့်**မည်**၊ ဖြိုက် နီလိမ့်**မေ** (၁၁၇)။

**ယ**။ ။**ယဉ်**ကျေးမှု(၃၆)/ **ယာဉ်**ကျေးမှု(၈၀)၊ **ယိုင်**ကျေးမှု(၁၁၈)၊ **ယိုဉ်**ကျေးမှု(၃၆)၊ **ယှဉ်**ကျေးမှု(၁၀၅)/ **ယှိုင်**ကျေးမှု(၁၁၈)၊ **ယိုဉ်**ကျေးမှု(၃၅)၊ ယော့(၁၃)၊ လျှော့ (ပထမမာတိကာ)၊ **ယှင်း**လင်း(၂၀)၊ **သျှင်း**လင်း(၄၈)။

**ရ**။ ။ ရခိုင်**ပြည်**(၃၀)/ ရခိုင်**ပြေ**(၃၆)/ ရခိုင်**ပြေည်**(၃၄)၊ **ရန္တ**ပိုစာချုပ်(၁၀၇)/ **ရတနာ**ပိုစာချုပ်(၅၉)၊ ရဲဘော်(၁၁၇)/ ရေးဘော်(၁၀၆)၊ ရေးဖော်(၁၂)။

> ပုဂံ ကျောက်စာတိမာ ရခိုင်စကားနန့် စွပ်ပစ် တူစွာတိ မကန်တွိရလို့ ရခိုင်စကားရေ ဂုဏ်ရပါရေ။ ရက္ခဝဏ္ဏရေ သက်ကြီး ဝါကြီးပီပီ အရီးအသားမတူအောင် ယှောင်ပြီး မနီသင့်ပါ

**လ**။ ။ လှူပ်**ယှား**(၆၀)/ လှူပ်**သျှား**(၆၉)/ လှူပ်**ရှား**(၁၀)၊ **လယ်**ယာမြီ(၉၀)/ **လေ**ယာမြီ(၉၀)၊ **လှည့်**ကွက်(၄၄)/ **လှေ့**စား(၁၈)၊ **လွဲ**ချော်(၃၂)/ **လွေး**ချော်(၃၁)၊ **လိ**လာ(၁၂)၊ **လေ့**လာ(၃၆)၊ လမ်း**စဉ်**(၁၁၅)/ လမ်း**စိုင်**(၁၁၅)၊ **လှျို့**ဝှက်(၇၄)/ **ချို့**ဝှက်(၆၁)၊ လူဦး**ရီ**(၅၇)/ လူဦး**ရေ**(၅၇)။

**သ**။ ။**သိ**(၁၆)/ **သိမ့်**(၁၁)၊ သီရီး**ရှင်**ရီး(၉၃)/ သီရီး**သျှင်**ရီး(၉၃)၊ **သီ**နပ်(၁၇)/ **သေ**နတ်(၁၇) ၊ သူ**ငယ်**တော်(၁၇)/ သူ**ငေ**တော်(၁၉)၊ **သစ္စာ**(၃၆)/ **သိုက်**စာ(၄၃)၊ **သျှမ်း**(၆၄)/ **ရှမ်း** (၆၂)၊ **သျှစ်**သောင်း(၈၆)/ **သျှိုတ်**သောင်းဆရာတော်(၁၇)၊ သက္က **ရာဇ်**(၃၁)/ သက္က**ရိုက်**(၈၈)။

**အ**။ ။အ**ကျယ်**ချုပ် (၅၅)၊ အ**ကျေ**ချုပ်(၂၂)၊ကျေကျေပြန့်ပြန့်(၇၄)၊ အ**ကျဉ်း**သမား(၆၀)/ အ**ကျိုင်း**သား(၂၇)/ အ**ကျိုဉ်း**ချုပ်(၁၁၁)၊ အ**ခြီ**ခံ(၅၇)၊ အ**ခြေ**အနီ(၁၁၃)၊ အခြေအနေ(၄၃)၊ အချုပ်အ**ချာ**(၈၆)/ အချုပ်အ**သျှာ**(၁၃)၊ အ**စည်း**အဝေး(၅၉)/ အ**စေး**အဝေး(၆၀)၊ အစိုးရအ**ဖွဲ့**(၅၈)/ အ**ဖွေ့**အစေး(၁၁)/ အ**ဖွေး**အစေး(၁၉)၊ အ**စိတ်**အပိုင်း(၁၀၁)/ အ**စိပ်**အပိုင်း(၁၀၁)၊ အစီအ**စဉ်**(၇၄)/ အစီအ**စိုင်**(၇၄)၊ အာ**ဏာ**(၁၀)/ အာ**နာ**(၁၆)၊ အ**တိုး**အတွင်း(၁၀၉)/ အ**တော**အတွင်း(၉၃)၊ အင်ဒို**နေးယှား** (၉၁)/ အင်ဒို**နီးရှား**(၈၁)၊ အိန္ဒိယ**ပြည်**(၃၀)၊ အိန္ဒိယ**ပြေ**(၃၆)၊ အ**နီ**နန့်(၃၆)/ အ**နေ**နန့်(၁၁)၊ အ**နှစ်**သာရ(၁)/ အ**နှိုက်**သာရ (၉၇)၊ အ**နီ**အထား(၈၀)/ အ**နေ**အထား(၈၀)၊ အ**ယှောင်**သမား (၇)/ အ**သျှောင်**သမား(၇၅)/ အ**ရှောင်**သမား(၉၇)၊ အရင်း**သျှင်**(၂၃)/ အရင်း**ရှင်**(၂၈)၊ အ**လယ်**(၃၁)/ အ**လေ**(၆၈)၊ အ**ဝယ်**ဌာန(၅၇)၊အရောင်းအ**ဝေ**(၁၇)၊ အမျိုးသား**စိုက်ခါတ်**(၁၁၆)/ လူမျိုး ရီး**စိတ်ဓါတ်**(၁၁၆)၊ အာ**သျှ**(၅၀)၊ အာ**ရှ**(၂၆)။

**ဥ**။ ။ဦး**စိန္တာ**(၁၁၀)၊ ဦးစိ**န္ဒာ**(၆၄)၊ ဦး**တည်**(၁၁)၊ ဦး**တေ**(၉၀)။

ယှိုင်ကျေးမှု၊ ဉယှိုင်လုပ်ငန်း နန့် နှိုင်းယှိုင် ဝေဖန်ခြင်းဆိုရေ ရီးထုံးအသစ်အဆန်းတိလေ့ တွိရပါရေ။ ဉယှိုင်လုပ်ငန်းလတ်။ ကြက်သီးထရေဒေ။

## လေးကြောင်းလေးမျိုးစာမရီး

သျှိုက်တေရဲဘော်အပေါင်းရို့(၁၀)၊ ချိုက်တေရေးဘော်အပေါင်းရို့(၁၀၆)၊ ချိုက်တေရဲဘော် အပေါင်းရို့ (၁၀၀၊၁၁၇)၊ ချိုက်တေ ရဲဖော်အပေါင်းရို့(၁၂)။

## အောက်သားစကားတွိခြင်း

ကယ်တင်ရှင်၊ ကြွေးကြော်သံနဲ့၊ ကုန်စီ(ကုန်စည်=ကုန်စေ)၊ ကြံစီ၊ ကျောက်လှေကား၊ ကော်ပိုရီရှန်း၊ ကွန်မြူနစ်၊ ခွဲဝေ၊ ခြေလှမ်းသစ်၊ ခုတ်ထွင်၊ ခေါင်းဆောင်၊ စိုက်အာဏာရှင်၊ စေ့စပ်၊ စေတီ၊ ဆုံးရှုံး၊ ဆက်ဆံရီးတို့၊ တိုးတိုးတိတ်တိတ်၊ တဆက်ဆက်၊ နေမြေ၊ နီထိုင်ကြရန်၊ မတ်လုံး(အသံအရ) မလေးရှား၊ မေးမှီ၊ မိတ်လိုလို ရန်လိုလို၊ မတရားသက်သက်၊ မြီပေါ်မြီအောက်၊ ရေထွက်၊ ရှုရှား၊ ရမလတ တို့၏၊ ရေနံလုပ်ငန်း၊ ရှားရှားပါးပါး၊ ရှေ့တန်း၊ ရွေးကောက်ပွေး၊ ရှေ့နေ၊ ရှာဖွေ၊ ရှမ်း၊ ရွှီဒင်္ဂါး**ငွေ**ဒင်္ဂါး၊ လွှင့်ပိုက်၊ လားရှိုး၊ လေယျာဉ်ပျံ၊ လူဦးရေ၊ လေ့လာလှူပ်ရှား၊ ဝင်ရောက်လှူပ်ရှားရင်း၊ ဝက်သက်ချပင်(ဗမာအခေါ်–ဝက်သစ်ချပင်)၊ ဝမ်းဗိုက်၊ ဝါးမျို၊ သက်သာရှောင်ချိ၊ သေသေချာချာ၊ သေသပ်၊ သိမ့်မွေ့၊ သေနတ်၊ အကျိုးစီးပွားသက်သက်၊ အခြေခံ၊ အခြေအနေ၊ အငွေ့အသက်၊ အင်ဒိုနီးရှား၊ အနေနန့်၊ အနေအထား၊ အပြင်အဆင်၊ အရေအတွက်**ရော** အရည်အချင်း**ပါ**၊ အရှေ့ပိုင်း၊ အချိန်အဝါ၊ အာရှ၊ အရင်းရှင်၊ အရေအတွက်၊ အရေအသွေး၊ အိုအက်စ်အက်စ်။

## တစ်အိမ်တည်းတွင် နှစ်ယောက်တင်

**ချေ**လှယ်ချင်ရေပိုင် **ချယ်**လှယ်လားခလို့....(စာ–၃၀)၊ ရမည္ကတ**ခေါင်း**ဆောင်စုနန့် ရတည**ဂေါင်း**ဆောင်....(၇၀)၊ ရခိုင်ပြေအခြမ်းခြမ်း ခွဲ**စိတ်**ခံရခြင်းရေ ပိုလန်နိုင်ငံ ခွဲ**စိပ်**ခံရစွာ ထက်ဆိုးသိရေ(၃)။ ပြေတွင်းစိုက်၊ ပြေသူ့**စိုက်**လို့မခံယူရ၊ အမျိုးသား**စိတ်**လို့ခံယူရရေ(၁၁)။ ပြေတွင်း လမ်းပန်းဆက်**သွေ**ရီး၊ ပြေပနိုင်ငံခြား ဆက်**သွယ်**ရီး...(၉)။ ....ဆင်**နွှီး**ခရေ... ဆက်လက် ဆင်**နွှေး**ကတ်ရဖို့(၁)။ တ**ရုပ်**ပြေကို ဂျပန်ဖက်ဆစ် မဝင်မီ တ**ရုတ်** ပြေမှာ...(၁၀)။ ဝန်သာန အမျိုး**ချစ်**ဝါဒ.... တိုင်းရင်းသား မျိုး**ချိုက်** ပြေချိုက်...(၃၇)။ လီထီးနန့်**တ**စုပြီး **တစ်**စုချပီးရေ(၈၅)။ ရို့**ထိမ်း**ရေ....ရို့**ထိန်း**ရေ(၈၅)။ နေချေ့၏ ပဋိပက္ခရာ အဓိကပ**တိ**ပက္ခ ဖြစ်တေ(၈၉)။ **ဖြိုက်**တေ၊ အ**ဖြစ်**ဆုံးမာဟိရေ(၇၄)။ ဖြိုက်နီလိမ့်**မည်**၊ ဖြိုက်နီလိမ့်**မေ** (၁၁၇)။ တော်လှန်ရီးလမ်းကြောင်းကား ဟိ**မြေး**....ချီတက်**မြဲ**.... (၁၀၀)။ **မီး**မြန်းမိရေ၊ **မိန်း**မြန်းကြေ့ရေ(၁၀)။ ရွှီးချေရလိမ့်**မေ** ၊ရွှီးချေရလိမ့် **မယ်**(၈၁)။ ....လမ်း**စိုင်** (ဘကပ)နန့် (ရကပ) ရို့၏ တိုက်ပွေးလမ်း**စဉ်**(၁၁၅)။ စေးရုံးလှူပ်**သျှား**လာကတ်တေ ရခိုင်ရပ်ဘဝကတောင်းဆိုလှူပ် **ရှား**လာစွာဖြိုက်တေ(၈၀)။ ဦးညိုထွန်းလေးကောင်း၊ ဦးဘစော **လေးကောင်း**(၆၁) နိုင်ငံရီးအရ**ငင်း**၊ စီးပွါးရီးအရ ငင်း (၈၈)။

## မိတ်ဆက်စာနန့် အမှာစာကိုသုံးသပ်ချက်

မိတ်ဆက်စာနန့် အမှာစာတိထဲမာ–နာမေ၊ ခုနှိုက်၊ ဖြိုက်၊ ဖွေ့စေး၊ တေးဖြုတ်၊ ထေ့ပီး၊ ချိုက်၊ နေးတူ၊ အထေးက၊

နှိုက်ဦး၊ သိမ့်၊ စေးကမ်း၊ အမြေးတမ်း၊ ခေါင်းဆောင်၊ စိုက်တွေ၊ မျိုးဆက်သိုက်၊ မပြုမပြင်ဘေး၊ ရှိုးမေဖွေ့၊ စိုက်ဝင်စား၊ ဆန်းစိုက်၊ နောက်မြီးဆွေး၊ ရေရှယ်ချက်၊ နေးဗျူဟာ၊ မောင်းကာတွေး၊ အရီအသွီး၊ အနိန်နန့် အစဟိရေ ဝေါဟာရတိကို တွိရရေအတွက် နည်းဟောင်းကို လက်ခံ ထားသို့ကြောင်း သုံးသပ်နိုင်ပါရေ။

စာ(၆)မာ ဦးပုံညလို့ရီးစွာ (၅) ခုတွိရရေအတွက် အတလိ အားထုတ်ထားကြောင်းသိသာစီပါရေ။

ပုဉ်+ဥ=ပုည (ဦးပုံည မဖြစ်သင့်ပါ)။ လာဘ +စား =လာဘ်စား (လဒ်စား မဖြစ်သင့်ပါ)။ ရာ+ဇ=ရာဇ် (ရိုက် မဖြစ်သင့်ပါ)။ ပဋိ+သန္ဓေ=တစ်ဖန်+စွဲနီခြင်း (ပတိသန္ဓေ မဖြစ်သင့်ပါ)။ ပိဋကပ်ကို(စာ–၁၈)နန့် (စာ–၈၄) ရို့မာ တွိရေအတွက် စာစီသူလက်ချော်စွာမဟုတ်ကြောင်း သုံးသပ်မိပါရေ။

ပိဋကတ္တယ= ပိဋကတ် (ပိဋကပ် မဖြစ်သင့်ပါ)။

### မ'ဟိကေ ဘဲ'ဟိရဖို့မနား

....လူမဆန်**ဘဲ**....၊ သက်ဆိုင်ရာနိုင်ငံ၏ ဆန္ဒလုံးဝမပါ**ပဲ**....(၃၀)၊ ....ငါရို့ကိုယ်စားလှယ် မပါ **ပဲ** ငါရို့တမျိုးသားလုံးဆန္ဒမပါ **ဘေး**....(၈၁)၊ ....မဟိ **ဘေး**၊ ....အမျိုးသားလွတ်လပ်ရီး မဟိ**ဘဲ** (၁၁)။

### နာမည်စာသား သတိထား

မြောက်ဦးမြို့နယ်က ရွာတစ်ရွာမာ ရွာကိုပေါင်းရေ စာလုံးပေါင်းသတ်ပုံနန့် ပတ်သတ်ပြီးကေ အငြင်းအချက် ကျကတ်ပါရေလတ်။ ဥက္ကံ၊ အုဋ္ဌကန်၊ အုပ်ကန်ဆိုပြီးကေ(၃) အုပ်စု ဖြစ်နီပါရေ။ မိမိရို့မှန်ရေထင်စွာ စာလုံးပေါင်းကို ကျိုးကြောင်း ညီညွတ်အောင် စာတင်ကတ်ဆိုပြီးကေ အစိုးရအဖွဲ့ကအမိန့်ချပါရေ။ သမိုင်းကြောင်းကို ကြည့်လိုက်တေခါ ရမ်းဗြဲသားတိရေ ရွာတည်ဖို့နီမြီရှာဖွိခပါရေ။ သွီးရီ(သရီ) ချောင်းအတိုင်း ဖောင်နန့်စီးမျှိုးလာရေအခါ တစ်နီရာမာ ကြက်မတစ်ကောင်ရေ ကြက်သျှေတိကို အတောင်နန့် အုပ်ပြီးကေအားနန့်ကန်ပနာ အန္တရာယ် ကရွတ်အောင် ကာကွယ်ပီးနီစွာကို တွိကတ်ပါရေလတ်။ ယင်းနီရာမာ ရွာတည်ပြီးကေ'အုပ်ကန်'လို့နာမည် ပီးခကတ်ပါရေ။ ယင်းအတွက်နန့် ယင်းနီရာကို 'အုပ်ကန်' ခေါ်သင့်ကြောင်း တင်ပြ လားကတ်လို့ ဂနို့တိုင် ယင်းနာမည်နန့် တည်ဟိနီပါရေ။

မေခပညာမော်ကွန်းလင်္ကာထဲမာ 'ဘုမ္မိရွှေတောင်နန့် တူစွ ရှိကျောင်း' ဆိုရေ ရွှေ၊ ရှိ အရီးကွဲနှစ်ခု တွိရပါရေ။ သဒ္ဒါမတတ်ကေစာမတတ်လို့ဆိုပါရေမနား။ ဖြုန်းခနန့် ကြည့်ကေ မေခပညာရေ သဒ္ဒါမတတ်လားမသိလို့ အထင်သီးနိုင်ပါရေ။ အမှန်က သဒ္ဒါကကောင်းတတ်ကြောင်း ခွဲခြားပြပါမေ။ ရွှေအရီးကို မေခပညာ မမွီးခင်က ရီးကတ်လီပါဖို့။ မေခပညာ ရို့ခေတ်ကိုရောက်ခါ ရှိလို့ရီးနီကတ်ယာ။ အဇူအဇာရို့ပီးခရေ ရွှေတောင်(ဇေ့ု–သရက်ချို) ကို ရှိတောင်လို့ မရီးခဘဲ လေးစားကြောင်း၊ မြတ်နိုးကြောင်း ပြသခပါရေ။

'သျှစ်သောင်း' လို့ ခေတ်အဆက်ဆက်ရီးလာစွာကို အလိုတော် ပြည့်ဆရာတော်က 'ရှစ်သောင်း' ရီးရေခါ မြို့ခံသားရို့နန့် စကားအက်ခကတ်ပါရေ။ နောက်ဆုံးမာ မူရင်းအတိုင်း သျှစ်သောင်း ဖြစ်လားပါရေ။

စစ်တွေမြို့ သမိုင်းကြောင်းကို ရှာဖတ်လိုက်တေခါ စစ်နန့် ပတ်သတ်လို့ခေါ်စွာတစ်ကြောင်းတွိရပါရေ။ ရီးကျောက်စာ၊ ပီစာရို့မာလေ့ စစ်ချိ၊ စစ်တက်၊ စစ်ကြောင်း ဆိုရေ ရီးသားမှုတိ မကန်တွိရပါရေ။ ဘာသာဗေဒကို လိုက်စားရေ ရခိုင်စာရီးဆရာ ရို့လေ့ 'စစ်' ကို 'စိုက်' ရီးရမေလို့ ဆွေးနွေးစွာမျိုးတိမဟိပါ။ ငါ့မူထဲမာ အမျိုးသားမှုကို ဆွဲမထည့်သင့်ပါ။ စစ်တွေကို စိုက်တွေ မရီးသင့်ပါ။

ဦးတင်လှက ရခိုင်မာစာမဟိ၊ ဗမာအက္ခရာကို ယူပနာ ရခိုင်လီသံဒို့ ပြောင်းရီးနီကတ်စွာလို့ ဆိုခဖူးပါရေ။ ယင်းအချိန်က ရခိုင်စာပီဖော်ထုတ်သူရို့ဇွ ဦးကျော်ထဲမာ ရခိုင်စာဟိရေ၊ ဖော်ထုတ်မေ၊ ဗမာအရီးအသားနန့်မတူစီရ ဆိုပြီးကေ ရှုန်းပန်းခ ကတ်ပါရေ။ (ဒေစာအုပ်လေ့ ဗမာစာနန့်မတူအောင် ဖောင်းပီး ထားရေ ရီးဟန်ဖြစ်ပါရေ)။ နောက်ပိုင်းမာ ရီးဟန်တိ အမျိုးမျိုး ပွင့်ကျခပါရေ။ ဂနိခေတ်မာဆိုကေ အားနုံးသော ရီးဟန်တိထဲက သင်ခန်းစာယူပနာ ဘုံရခိုင်စကားကို ဦးတည်ထားရေ ရီးဟန်နန့် ထည်ဝါနီပါယာ။ ယင်းရီးဟန်နန့်ရီးရေ ရခိုင်စာရီးဆရာတချို့ လက်လှမ်းမွီရေဆီ တင်ပြရဖို့ဆိုကေ မောင်ဗသိန်း၊ ဇယန္တဗောဓိ၊ မောင်ခိုင်အောင်၊ နတ်မြစ်–လှိုင်းပြာ၊ နီရှိုင်းနီ(တောင်ရင်းကျွန်း)၊ နောင်အေး၊ မောင်ကောက်စံ၊ ညေဦး၊ ကျွန်းသားငမန်း၊ ဝေသာ၊ လေးဝတီခိုင်ကျော်၊ ညီပု၊ ရိုးမလူ၊ မောင်ထွန်းနောင်၊ သျှင်အုန်း၊ ကျော်သာညွန့်၊ မြတ်စော (ရခိုင်ပြည်)၊ သျှင်းသန့်ခိုင် နန့် ခိုင်မင်းဇံ ရို့အပြင် ဟိကတ်ပါသို့ရေ။ ရက္ခဝံလက် (ရခိုင်အမျိုးသားမဂ္ဂဇိန်း–မလေးသျှား) ကလေ့ အထက်ပါ စာရီးသူရို့ဇွ နည်းဟန်အတိုင်း ရီးစွာကို တွိရပါရေ။ ဗဟိုမဟိဘဲ ဒေလောက်ညီညွတ်မှု ရနီစွာတိကို ဂုဏ်ယူနီမိပါရေ။

ဆန်းသစ်တေ ရီးဟန်တချို့ကို ထုတ်နှုတ်ပြပါအုံးမေ။ 'တည်းဖြတ်'ကို ရခိုင်ပါ ဗမာပါ အရီးတူကေလေ့ အသံထုတ် မတူပါ။ ရခိုင်က 'တေးဖြတ်၊'ဗမာက 'တီးဖြတ်'။ 'ထည့်' ကို ရခိုင်က 'ထေ့'၊ ဗမာက 'ထဲ့' (စရွတ်စွာနန့် လျှာစွာ အထက်အာခေါင်ကဆင်းလာပနာအရှိုဒို့ ဆန့်ထုတ်လိုက်ပြီးကေ ပါးစပေါက်ကိုလေ့ အထက်ဒို့ ချဲ့ဟလိုက်ပါရေ) လို့ အသံထုတ်ပါရေ။ 'နည်း' ကို ရခိုင်က 'နေး'၊ ဗမာက 'နီး'။ 'စည်း' ကို ရခိုင်က 'စေး'၊ ဗမာက 'စီး'။

ပုဂံ ကျောက်စာတိမာ ရခိုင်စကားနန့် စွပ်ပစ် တူစွာတိ မကန်တွိရလို့ ရခိုင်စကားရေ ဂုဏ်ရပါရေ။ ရက္ခဝဏ္ဏာရေ သက်ကြီး ဝါကြီးပီပီ အရီးအသားမတူအောင် ယှောင်ပြီး မနီသင့်ပါ။

ရခိုင်စာပီ တိုးတက်ရေးကို ရှိရှုပနာ ဉာဏ်မွီရေဆီ လေ့လာတင်ပြလိုက်စွာဖြစ်ပါရေ။ရခိုင်စာပီ ကျန်းမာရေး အတွက် ပါရာ။

**နောင်ခိုင်ပြည်**

ရက္ခဝံလက်  ရခိုင်အမျိုးသားမဂ္ဂဇိန်း



# လင်လွမ်းသရင်

အခင်သျှေ (စိတ်ပညာ)

## အခန်း(၁)

**……ရပ်ဝီး မြီခြား တိုင်းတပါးကို ရွှက်လွှင့် လားခ ရပါရေ။ သူ့ပိုင် တခြားသူရို့ လင်ယောကျာ်းတိလေ့ တိုင်းတပါးကို ထွက်ကတ်ရရေ အတွက်ကြောင့် အကျွန်ရို့ ပတ်ဝန်းကျင်မာ လင်စောင့်မ၊ လင်လွမ်းမတိဇွ ဒုက္ခအမျိုးမျိုးနန့် သနားကရုဏာ ဖြစ်ဖို့ကောင်းရေ မြင်ကွင်း တိကို မြင်နီရပါရေ။**

သမီးရည်းစား ချစ်သူအဖြစ်နန့် ၁၀–စုနှစ်နီးပါး နှောင်ကြိုးတိ ရစ်ပတ်ခပြီးရေနောက် အကြင်လင်မယား အဖြစ်ကူး ပြောင်းလာလတ်ပါရေ။ ယင်းအချိန်က ရစ်ပတ်ခရေ နှောင်ကြိုးတိထက် အိမ်ထောင်ကျပြီးချိန်မာ ရစ်တေနှောင်ကြိုးက ပိုပြီးခိုင်မြဲပါလတ်တေ။ ယကေလေ့ နှောင်ကြိုးတိ ဇာလောက်ပင် ရစ်ပတ်ထားခကလေ့ ဘဝဇ္ဇနရာမကျမှုတိကြောင့် ဝီးကွာလားခရပါရေ။ ဝီးကွာနီရရေ အခြီအနီမာ ပြန်ဆုံလာဖို့ မျှော်လင့်နီရေ စပ်ကြား လောကဓံ လီနီကြမ်းတိက မညှာမတာနန့် တိုက်ခတ်ဖြတ်တောက် လိုက်တေခါ မျှော်လင့်ချက်ဇွ အခြားတစ်ဖက်မာ ယှားပါးတိမ်မြုပ်နီရေ ဆုံနိုင်ခွင့် သျှေကို ရင်ခုန်သံ တထင့်ထင့်နန့် စောင့်ဆိုင်း နီပါရေ။

အကျွန်ရို့နှစ်ယောက် အချစ်ရေး ကိစ္စကမဖြောင့်ဖြူး မသာယာ ခပါ။ သူ့မာ အကျွန်နန့် တူညီရေ ဂုဏ်ပုဒ်တိ မဟိစွာတောင်မကသို့။ မိဘချင်းအလိုက် စရိုက်တိပါ ကွဲပြား ခြားနားရေ အတွက်ကြောင့် အကျွန့်မိဘတိက သူ့ကို လုံးဝသဘော မတူခပါ။ မတူညီခြင်းတိုင်းသည်လေ့ ပေါင်းစည်းဖို့ အတွက်မဖြစ်နိုင်ခြင်း သတ်သတ်ဂျည်းဆိုကေ တူညီခြင်းတိုင်း သည်လေ့ ပေါင်းစည်းဖို့အတွက် ဖြစ်နိုင်ခြင်း သတ်သတ်ဂျည်းကား မဟုတ်နိုင်ပါကာ။ မတူညီခြင်းနန့်လေ့ ပေါင်းစည်းနိုင်ရေပိုင် တူညီခြင်းနန့်လေ့ ကွဲကွာနိုင်ရေ မဟုတ်ပါလာ။ ယင်းတွက် နန့် အကျွန်ရို့ နှစ်ယောက် မတူညီခြင်း နန့် ပေါင်းစည်းဖို့ ခိုးပြီးခပါရေ။ သူ့မာ အလုပ်အကိုင်မဟိ၊ ပစ္စည်းမဲ့ လူတန်းစား ဆိုကေလေ့ ချစ်တေဆိုရေ စကားလုံး နှစ်လုံးတည်းနန့် တူနှစ်ကိုယ်တိုင်းပြည်ကို တည်ထောင်ခပါရေ။ ယင်းပိုင်နန့် သူကရရေအလုပ်ကို ဝင်လုပ်ခပါရေ။ မလောက်မငှ ဝင်ငွေသျှေနန့် အကျွန်ကို ကျွေးမွီးစောင့်ယှောက်ထားခပါရေ။ ပင်မြင့်ထက်ကနီ ဆင်းလာဝံ့ရေ အကျွန့်စိတ်ဓာတ်ကို သူကလေးစားကေလေ့ တစ်ခါတစ်ခါမာ သနားကရုဏာသက်ပနာ သူ့နောက်သို့ လိုက်လာစွာကို သူကအပြစ်စကားဆိုပါရေ။ ယင်းအပြစ်တင် စကားသျှေကြားရစွာကိုပင် အကျွန့်မာ ကြည်နူးမဆုံးခပါ။ တစ်ရက်နို့က သူ့အတွက် ဝမ်းနည်းစရာ သတင်းဆိုးတစ်ခု မမျှော်လင့်ဘဲဝင်ရောက်လာလတ်တေ။ သူ့အဖကွယ်လွန်လားခဗျာလ်လတ်။ ယခေါ သူရို့မာ မိသားစု(၃) ယောက်ဟိရေအထဲ သူကသားကြီးဖြစ်လို့ ပ,ခုံး ပြောင်းတာဝန်အဖြစ်အဖရာကို ထမ်းဆောင်ဖို့သူနန့်အတူ အကျွန်စွာ သူ့အိမ်ကို တက်ဖြစ်ခရပါရေ။

နောက်ဆုံးမာ သိရေအတိုင်းပါဗျာလ်။ အကျွန်ရို့နိုင်ငံမာ အုပ်ချုပ်မှု မကောင်းလို့ စီးပွားရေးမကောင်း။ အထူးသဖြင့် ရခိုင်ဆိုကေပိုပြီးကေ ဂေါင်းမဖော်နိုင်အောင် တခြား လူမျိုးတိထက် ဖိထားရေ။ယလောက်စွာမာ တစ်ယောက်လုပ်စာကိုတစ်အိမ်သားလုံး ဂျောင်ဆို့ပနာ မှီခိုစားသောက်နီရကေ ဇာပိုင် စီးပွားရေး ပြေလည်ဖို့သို့လေး။ ယခေါ ပုဇွန်ဖြူ ငါးလေ့ မဟုတ်။ နိုင်ငံခြားစီးပွားလေ့မဖြစ်သိသိယင်းနန့် တစ်ထပ်စာ အတွက် မလေးသျှားကို အများနည်းတူ ထွက်လားခရပါရေ။ အကျွန်ကတော့ သိုင်ခေါင်ကျော်မာ ထည်ဝါရေ အနမ်းတိ မက်မက်မောမော နမ်းယှိုက်ယင်း၊ သူ့ရင်ခွင်ထဲခိုလှုံယင်း မျက်ရည်စတိ အကျွန့် ပါးပြင်မာ နမြီးတသ စီးဆင်းနီလီရေ။ သူကလေ့ ဝမ်းနည်းကြီကွဲနီပါရေ။ ပြင်မပေါ်အောင် ဟန်လုပ်နီရေထဲက သူ့မျက်ရည်တစ်ပေါက်က အကျွန့် နလုံးသား တတည့် ကျလာခါမှ သူလေ့ ငိုနီမှန်း သိလိုက်ရရေ။ ယခေါ အကျွန့်မာ ထိန်းမရနိုင်အောင် ငိုလိုက်ယှိုက်လိုက်နန့် ဆို့နှင့်လာလတ်တေ။ နောက်ဆုံး သူကအကျွန် ပင်ပန်းနီစွာကို မကြည့်နိုင်လို့ဟိသရွှိမာန်တိကို ထုတ်ပနာ အသံတတုန်ယယင်နန့် ပြောလိုက်တေစကားက ဇေဂုလေ့ကြားယောင် နီသို့ရေ။ စွန့်ခွာခြင်းမျိုးနန့် ကိုယ်ရို့ နှစ်ယောက် တစ်သက်တာဝီးရဖို့စွာကား မဟုတ်။ ခွဲခွာခြင်းမျိုးနန့် တချက်သျှေ ဝီးရဖို့စွာရာ မငိုကေ့ဖိ တိတ်ဖိ နှန်းလတ်။ ချမ်းအီးရေ ဆောင်းရာသီမာ မလုံခြုံနိုင်ရေ အနွီးဓာတ်ကိုချစ်သူဇွ ကိုယ်ငွဲ့ထက် ပိုလို့ နွီးထွီးအောင် ဇာအရာကလေ့ အကျွန့်ကို ဖန်တီးပီးနိုင်ဖို့ မထင်ပါ။ ယင်းပိုင် အအီးဓာတ် လွှန်နီရေအချိန်မာ ချစ်သူဇွ ကိုယ်ငွဲ့ကို စွန့်ခွာရဖို့ဗျာလ်။ တစ်ယောက်တည်း အထီးကျန် ခိုကိုးရာအဖော်မဲ့ ဖြတ်သန်းရဖို့ စွာကို တွေးကြောက် နီမိလို့ ချစ်သူဇွ ကိုယ်ငွဲ့နန့် ခွဲခွာရကေလေ့ ချစ်သူဇွ ရင်သွီး၊ ချစ်သူဇွ ကိုယ်ပွားသျှေ ကျန်နီခကေ ဖြေသိမ့်နိုင် ကောင်းယင့် တွက်ပနာ ယင်းညဉ့်မာ ချွေးထွက်အားကို အထူးမြှင့်တင်ခရေ။ သူလားခပြီး အထီးကျန်ရက်တိမာ ရင်ခုန် ဆုတောင်းယင်း မိမိဝမ်းကို မိမိ ပွတ်သပ်နီမိရေ။ ယကေလေ့ ဆန္ဒနန့် လွဲချော်ရေ ရလဒ်က အထီးကျန်မာ အထီး ကျန်ပါ။

တစ်နို့နို့ အရောက်ပြန်လာဖို့၊ တစ်ခုခု ရအောင်ယူဖို့ နာမည်မကြီး စင်ထက်ကို မရောက်ကေ တောင်မှ မိသားစု အသိုက်အမြုံတစ်ခုအတွက် တာဝန်ယူနိုင်အောင် အများထက် မသာကေလေ့ မနိမ့်ကျရအောင် စိတ်ဓာတ်မျိုးနန့် အကျွန့်ရင်ခွင်ကနီ ရပ်ဝီးမြီခြား တိုင်းတပါးကို ရွှက်လွှင့်လားခရပါရေ။ သူ့ပိုင်တခြားသူရို့လင် ယောကျာ်းတိလေ့ တိုင်းတပါးကို ထွက်ကတ်ရရေ အတွက်ကြောင့်အကျွန်ရို့ ပတ်ဝန်းကျင်မာ လင်စောင့်မ၊ လင်လွမ်း မတိဇွ ဒုက္ခအမျိုးမျိုးနန့် သနားကရုဏာ ဖြစ်ဖို့ကောင်းရေ မြင်ကွင်းတိကို မြင်နီရပါရေ။ ယင်းအနိဋ္ဌာရုံတိနန့် ကြုံလာဖို့ကို အိမ်ထောင် မကျခင်က တွေးကြောက်ခဖူးရေ။ အထူးသဖြင့် အကျွန်က အတွယ်အတာ သံယောစဉ်ကြီးရေ အတွက်နန့် ခွဲခွာရဖို့ အကြောင်းကို စိတ်ကူးမာတောင် မထည့်ဝံ့ခပါ။ ကိုယ့်အလှည့် ရောက်လာခါတော့ဇာလေ့ မတတ်နိုင်။ မကြုံချင်ကေလေ့ ကြုံလာ လတ်စွာဗျာလ်။ ဇေဂုတော့ လင်စောင့်မ၊ လင်လွမ်းမ အကျွန်မာ မျှော် ချင်တိုင်းမျှော်ပြီး လွမ်းချင်တိုင်းလွမ်း နီရပါရေ။

အခန်း(၂)

သူမလေးသျှားကို ရောက်ရောက်ချင်း ဖုန်းဆက်တေ။ သူလားရေ ခရီး ပပြောင့်သသား ရောက်လားခရေ ကြားမှရာ စိတ်ဒဒုန်းပင် ကျလားခရေ။ နောက်လတိုင်း လတိုင်းတိမာလေ့ သူ့အမိပါးကို ဖေသာရောက်ပါရေ။ ရောက်ရေဖေသာလေ့ စားလိုက်သောက်လိုက်နန့် တတိ။ အပိုဝင်ငွေ လေ့မဟိ။ လုပ်လူက တစ်ယောက်၊ စားလူက အကျွန်နန့် ပါဆိုကေ (၅) ယောက်။ ဇပိုင်နန့် သူ့ကိုသနားလာမိရေ။ ပင်ပန်းရေဘဝနန့်ပင် သူတစ်ယောက်တည်း ရုန်းကန် နီရစွာကို သိသိယင်းနန့် သူက ဇာလောက်ပင် အလုပ်မလုပ်စီဖို့ မှာထားခကေလေ့ သူ့ကိုယ်စား အနစ်နာခံပီးချင်လို့ ပြည်ပကုမ္ပဏီတစ်ခုမာ အရောင်းမြှင့်တင်ရေး မန်နေဂျာအဖြစ်နန့် အလုပ်ဝင်ဖြစ်တေ။ ယင်းပိုင်နန့် အလုပ်လုပ်နီစွာလပိုင်းလောက်မာ လုံးဝမျှော်လင့်လို့ မထားဘဲ ဖြုန်းဒိုင်းကြီး ဝင်ရောက် တိုက်ခိုက်လတ်တေ လီနီကြမ်း တစ်ခုကြောင့် အကျွန့် မျှော်လင့်ချက်တိ ရွှင့်စဉ် လားခရရေ။ အကျွန့်ကို တဖက်သတ် စွဲလမ်းရူး သွပ်နီရေလူနန့် တိုက်တိုက်ဆိုင်ဆိုင် အလုပ်တတူ လုပ်မိစွာကနီ စလာပါရေ။ အကျွန်နန့်သူ ဂုဏ်ရည်ချင်း တူသူဖြစ်လို့ မိဖချင်းကလေ့ သဘောတူခကတ်တေ။ ယင်းပိုင်လူနန့်မှ အလုပ်တူနီရေခါ ပတ်ဝန်းကျင်က အမျိုးမျိုးပြော၊ သူ့မိသားစုတိကအထင်မှား စွပ်စွဲချက်တိ သူ့နားသို့ ရောက်လားရေအခါသူက စိတ်နာမုန်းတီး လားခရစွာပါ။ နောက်ဆုံး သူနန့်ဖုန်းပြောရေခါ သစ္စာမဟိလင်မွတ်မလို့ စွပ်စွဲလားခပါရေ။ သူများစကားကို ယုံစားပနာ ခွဲခွာခြင်းက နီစွန့်ခွာခြင်းသို့ ပြောင်းလဲလားခရပါရေ။

ကျွန်ကသခင်ဟိမှ တင့်တယ်ရေပိုင် မယားဆိုစွာလေ့ လင်ဟိမှ တင့်တယ် ပါရေ။ သခင်မဟိရေ ကျွန်က ဝမ်းရေးအတွက် အခက်ကြုံရရေပိုင် လင်မဟိရေ မယားကကျကေ ရာဂဖုံးလွှမ်းနီရေ မျက်လုံး ရိုင်းတိအောက်မာ အထင်သီးအမြင် သီးခြင်းခံရမြဲပါ။ ရာဇဝင်ထဲက စကားပုံ မာလေ့ ဣတ္ထိယမိန်းမရို့ကို ကာမရာဂ အရာမာ အနိမ်ခံရမြဲပါ။ ဆိတ်ကွယ်ရာ အရပ်ကို ရောက်ကေမိန်းမရို့ကား ဖောက်ပြန်တတ်တေ ဆိုပြီးကေစွပ်စွဲထားရေ။ အမှန်ဆိုကေ ယောက်ျားတချို့ရေ ဆိတ်ကွယ်ရာ အရပ်ကိုတောင် ရောက်အောင်မစောင့်ကတ်ပါ။ မိန်းမသား ဆိုကေလေ့ အကျွန်ရို့က ရခိုင်သမပါ။ အကျွန်ရို့ ရခိုင်သမတိကား ကိုယ်ကျင့်သီလကောင်းမွန်မှု၊ သစ္စာဟိမှုရို့မာ တခြားလူမျိုးတိထက် သာလွန်ထင်ရှားရေ အတွက်နန့် ပန်းရို့ထဲမာ မြင့်မြတ်တေ သဇင်ပန်းနန့် နှိုင်းယှဉ်ပနာ ရခိုင်သဇင်လို့ ဂုဏ်ပြု၊ ချီးမွမ်း၊ ရီးဖွဲ့ကတ်ပါရေမနား။

အကျွန်ဇှ သစ္စာတရား၊ မိတ္တာတရားကို ယုံကြည်ခလို့ပင် မကွဲကေကွဲအောင်ဖန်တီးထားရေ သူများပြောစကားကိုမျှ ယုံကြည်ခလို့ အံ့ဩမဆုံးပါ။ သူကိုယ်တိုင်ကလေ့ အချစ်ကြီးခလို့ပင် ဇလောက် သျှေနန့် စွန့်ခွာလားဖို့မသင့်။ သူကဇာပင်ဖြစ်လီ အကျွန့်ဖက်က နောက်ဆုံးထွက်သက်ထိ မိတ္တာမပျက်၊ သစ္စာမပျက်ဘဲ ခွင့်ရွှတ်နားလည်ပီးနီဖို့စွာရာ။ နို့နန့်ညဉ့် တစ်လှည့်စီဖြစ်တေ လဆန်းလကွယ်ရို့ တစ်လှည့်စီဖြစ်ကေလေ့အကျွန့်ဘဝက လကွယ်နီရေညဉ့်ပိုင်ရာ မျှော်လင့်ချက် ရောင်ပြန်ချိန်ကို စောင့်နီပါရေ။ နောက်ဆုံး မျှော်လင့်စရာဟိကေလေ့ အကျွန့်တာဝန်နန့် ဝတ္တရားက အပျိုစင် မဟုတ်ကေ အအိုစင်အဖြစ်နန့် သကြစ်အိုနက္ခတ်ကြွှီရေအထိ အိမ်ပြန်ချိန် သူ့ခြီသံကို စောင့်မျှော်နီပါမေ။ အချစ်နန့်တည်ထောင်ခရေ တိုင်းပြည်မာ သစ္စာနန်းတော်တည်ဆောက်ခလို့ပင် သံသယအနမ်းရို့ကြောင့် နန်းကျတိုင်း ပြည်ဇှသုံ့ပန်းအဖြစ် လှောင်ခြိုင့်ထဲကို အဓမ္မ အသွင်းခံရရေ အကျွန့်ဘဝမာ မလိုချင်ဆုံးအရာက သူမုန်းလားစွာကိုပါ။ အလိုချင်ဆုံး သူ့ရင်ခွင်ရိပ်ကို ခိုလှုံဖို့အတွက် မိဘရင်ခွင်နန့် အရာရာကို စွန့်လွှတ်ခပါရေ။ မိဘတိက သမီးမကောင်းရေအတွက်နန့် မီးလို့ အသတ်မှတ်ခံရကေ လေ့သွင့် သူ့အတွက်ကျကေ အီးမြရေ မိတ္တာရီစင်ကို ပီးနိုင်ခပါရေ။ မဖုံမလုံဖြစ်ခကေလေ့ ညီးတွားမှုသျှေ တစ်ခုလောက်ပင် မလုပ်ခဘဲ သူထားရေနီရာ၊သူကျွေးရေအတိုင်း၊ သူပြောရေ အတိုင်း နာခံနိုင်ခရေ ကျွန်နန့်တူရေ မယားတစ်ယောက် အဖြစ်နန့်လေ့ သူ့ကို ကျီနပ်မှုတိ ပီးနိုင်ခပါသို့ရေ။

ညဉ့်အခါမာ သာတတ်တေလပ၊ ညဉ့်အခါမှ လင်းတတ်တေ ပိုးစည်မိ်း၊ ညဉ့်အခါမှ မွှီးတတ်တေ ညဉ့်မွှီးပန်း တိနန့်ရာ အဖော်လုပ်နီရစွာက ညဉ့်တိုင်းပါ။ လင်းလက်သာယာလှပရေ အလင်းရောင်တော့ဟိရေ။ မွှီးပြန့်ရေ ပန်းရနံ့တိဟိကေလေ့ အကျွန်ကားရနံ့ပြယ်ပန်း တစ်ပွင့် အဖြစ်နန့် ချစ်သူဇှအထင်လွဲမှု သံသယအမှောင်ထဲမာအလွမ်းသင့်လို့ အနွမ်းဆန်နီရေ အကျွန့်ဘဝအမှောင်ထုကို ကမ္ဘာလွှမ်း လရောင်ကလေ့ မလင်းသာနိုင်ခပါ။ သူရို့တိကို ငေးမောအားကျမိရေ။ သူ့သဘာဝသတ္တိနန့် သူ့အချိန်ကို ရောက်ကေ သူရို့ဘဝတိက သာယာလှပရေ။ သူရို့တိကို အားကျရလီလီ မလှပနိုင်ရေ အကျွန်ဘဝကို ကြည့်ပနာ အားငယ်ရ လီလီဖြစ်ပါရေ။

------------

**အချစ်ဒုက္ခသည် အကျွန့်အတွက် ရင်ခွင်မဲ့ဖြစ်နီကေလေ့ ရင်ခွင်သစ် တစ်ခုကိုတော့ ဇာခါမှလေ့ ရှာဖွီလီဖို့ မဟုတ်ပါ**

အခန်း(၃)

အကျွန် ထင်ခစွာက အကျွန့်ကို အထင်လွဲ မုန်းလားခလို့ အကျွန့် ရင်ခွင်သို့ ပြန်မလာကေလေ့ ဇာတိမြီကို မမို့နိုင် ရေအတွက်နန့် ကောင်းမကြာခင်မာ တစ်ခေါက်လောက် ပြန်လာလီဖို့ ထင်ခပါရေ။ယင်းအတွက်နန့် သူပြန်ရောက်လာခါမှ အထင်လွဲ မုန်းလားစွာကို ယှင်းပြဖို့စောင့်မျှော်နီယင်းနန့် အလွမ်းဝေဒနာက ရင့်သန်လာပါရေ။ ဝေဒနာရင့်သန်နီချိန်မာ ကြားလာရစွာ သတင်းကြောင့် အသက်ယှူမှားပနာ ရူးလားလီဖို့လားလို့ ထင်ခပါရေ။ သူအနောက်နိုင်ငံတစ်နိုင်ငံကို မကြာခင်မာ လားရဖို့ဗျာလ်လတ်။ ယင်းမာဒို့ လားကေ ကိုယ့်နိုင်ငံကို ပြန်လို့မလာရဗျာလ်လတ်။ လွမ်းနာကျ နီရေ လူနာတစ်ယောက်အတွက် နောက်ဆုံး အချိန်ကို ရောက်ပါ လတ်တေခါ ဆုံးဆည်းခြင်း ဆီးတစ်ခွက်ကို ဇာလောက်ပင် အရင်းကြီးပတ်စီ တစ်ဘဝလုံးအတွက် မျှော်လင့်ချက် မဟိဘဲနန့် ထာဝရဥပေက္ခာ ပြုခြင်းကို မခံနိုင်လို့ အားလုံးကို ပုံအောပြီးကေ စွန့်စားပနာလင်ပျောက်ကိုရှာဖို့ ဆုံးဖြတ်ပြီးကေ တစ်လဗီစာနန့် မလေးသျှားဒို့ ထွက်လတ်ပါရေ။ လင်လွှမ်းမ၊ လင်ယှားမလို့ ပြောချင်ပိုင် ပြောခကေလေ့ ဂရုမစိုက်နိုင်ပါယာ။

တစ်ရက်တစ်ရက်နန့် အချိန်ရာကုန်ပါလတ်တေ။ မသိစိတ်ထဲမာ အဂင့်ဂင့်ပင် မလေးသျှားစံတော်ချိန်က မြန်မာနိုင်ငံ ထက်ယင်လို့ ရက်လေ့တိုရေ မနားလို့ ညိမ်းငွိ့မိရေ။ သူကို စုံစမ်းလို့ မတွိဘဲ ရက်တစ်ရက် ကုန်ဆုံးတိုင်း သူနန့် တွိရဖို့စွာကို တောင်တစ်လုံး ဆီးပစ်လိုက်ရေပိုင် ရင်ထဲမာ တအင့်အင့် ခံစားရပါရေ။ ဒေပိုင်နန့် သတင်းအစအန သျှေကိုတောင်မရခဘဲ တစ်လဆိုရေ အချိန်ကိုတောင် ပြည့်လားခပါရေ။ အမှန်ဆို အစကပင် စဉ်းစားသင့် ခစွာက ဖုန်းနံပါတ်လေ့ မဟိဘဲနန့် နာမည်က ပြောင်းလို့ ထားလာ၊ နီရပ် လိပ်စာရာ မှားနီလား၊ မဟုတ်ကေ အနောက်နိုင်ငံကိုများထွက်လား ခဗျာလ်လာ။ တစ်ခုဆို တစ်ခုလေ့ မသိခစွာက မှားရေဆို ကေလေ့ မှားလီပတ်စီဖိလို့ ခံယူထားပါရေ။ သူ့သတင်းကို အကျွန့် သူငယ်ချင်းကဖုန်းဆက်ပနာ ပြောလို့ လိုက်လာရစွာပါ။ အကျွန့်သူငယ်ချင်း ကလေ့ တွိနီကျ၊ လာနီကျ နီရာတိကို သိရေခါ တွိနိုင်ရေ ထင်လို့ အကျွန့်ကို ခေါ်လိုက်စွာပါ။

အကျွန်တစ်လစိလို့ အိမ်ပြန်ဖို့အတွက် လီယာဉ်ပျံ မထွက်ခင် ကွင်းချိန်းအတိုင်း ရောက်နီရေအချိန်မာ လုံးဝ မျှော်လင့်ချက် မဟိဗျာလ်ဆိုရေ အသိနန့် ထိုဒေစဉ်းစားနီစဉ် ဗုဒ္ဓသုတ္တန်တစ်ခုကို လားပြီးကေသတိရပါရေ။ ယင်းသုတ္တန်ထဲမာဆိုထားစွာက ဇေဂုဘဝမာ သားလင်ဇွ စွန့်ပစ်ခြင်း၊ ချစ်ရသူနန့် ကွဲကွာရခြင်းစွာ အတိတ်ဘဝ တစ်ခုခုမာ ပြည်တန်ဆာဖြစ်ဖူးခလို့လတ်။ ဒေသုတ္တန်က အကျွန့်ဘဝနန့် လာတူနီလို့ ရှက်လေ့ရှက်၊ သံဝေဂလေ့ဖြစ်ပနာ ဝမ်းနည်းမိပါရေ။ ရခိုင်ရာဇဝင်ထဲမာ ဝေသာလီခေတ်က စန္ဒြားမင်း ဒွါရာဝတီက ခရီးလွန်လို့ ပြန်မလာနိုင်ရေခါ မိဖုရားဖြစ်သူစွာ ခရီးထွက်လို့ ဘုရင်ကို ရှာဖူးရေ မဟုတ်ပါလာ။ ဒွါရာဝတီအထိ ခရီးမပေါက်ရေခါ လမ်းတစ်ပိုင်းက လှည့်ပြန် ခပါရေမနား။ သူနောက်သို့ လိုက်လာခစွာကို အသိပီးချင်လို့ ကစ္ဆပနဒီမြစ် တစ်ဖက်ကမ်း တောင်တစ်တောင်မာ စိန်ဂေါင်းဖြီးကို တင်ထားပနာ အသိပီးခရေ။ သူရာအနောက်နိုင်ငံကို လားခယာလို့ဆိုခကေ အကျွန်လေ့ အနောက်တိုင်းထိ ခရီးမပေါက်နိုင်လို့ သူကို မတွိရဘဲနန့် လမ်းတစ်ပိုင်းက ပြန်ရပါဖို့ဗျာလ်။ အကျွန်ရောက်ခရေ အကြောင်းကို မိဖုရားပိုင် အသိမပီးနိုင်ခကေလေ့ klcc မျှော် စင်ထက်မာ သဇင်ပန်းသျှေတစ်ခက်ကို တင်ထားပနာ အသိပီးချင်ခပါရေ။ ပြန်ခွင့်မဟိရေ စန္ဒြားမင်းကတော့ သူ့မိဖုရားဇွ အလွမ်းနန့်သစ္စာကို မသိခရေပိုင် အကျွန့် အလွမ်းနန့် သစ္စာကိုလေ့ သူမသိနိုင်ခရေအပြင်လင်ချိတ်တက်မလို့အထင်မှား စွပ်စွဲခပါသို့ရေ။



ယင်းပိုင်နန့် လီယာဉ်ပျံထွက်ဖို့ အချိန်ကို စောင့်နီရေ အချိန်မာ အကျွန်ကို ပို့ဖို့ လိုက်လာရေ အကျွန့် သူငယ်ချင်းကို ဖုန်းဆက်လာပါရေ။ ဖုန်းဆက်ရေ လူစွာ အကျွန့်အသိ တစ်ယောက်ပါ။ အကျွန့်ကို သူ့ဖုန်းနန့် ပြောစွာက သူအမေရိကကို ညစာက ထွက်လားခဗျာလ်လတ်။ အကျွန့်မာ ယူကျုံးမရဖြစ်လို့ ရင်ထဲမာ ဆို့နင့်လားပါရေ။ ယပြီးကေ ဇာပိုင်သဘောနန့်တော့မသိ အကျွန့်ကို ဆက်သွယ်နိုင်ဖို့ ဖုန်းနံပတ်ကို တောင်းလားခရေလို့ပြောပါရေ။ ယင်းတွက်နန့် အကျွန့်ကို တစ်နိ့ ဆက်သွယ်လာနိုင်ရေ အသိစိတ်နန့် မျက်ရည်က ပူနီကေလေ့ ရင်ထဲမာ စကေတပွေတော့ အအီးရရေပိုင်ထင်ရပါရေ။ သူအမှန် အမေရိကကို လားခဗျာလ်လို့ သိရေခါ သူ့ကို မီးခချင်ရေ စကားက "လူ့အခွင့်အရေး ချိုးဖောက်ခံရ၊ မတရားအနိုင်ကျင့်ခံရလို့ ထွက်ပြီးလာရေ ဒုက္ခသည်ကို နိုင်ငံတစ်နိုင်ငံက ခိုလှုံခွင့်ပီးကတ်ကေ မိတ္တာဇွ ကျေးကျွန်၊ သစ္စာဇွ ဝန်ထမ်း၊ ချစ်သူဇွ အထင်လွဲသံသယနန့် မတရားစွပ်စွဲခံရရေ အချစ်ဒုက္ခသည်ကို ဇာရင်ခွင်မာ ခိုလှုံခွင့်ပီးပါဖို့ လေး"လို့...။ အချစ်ဒုက္ခသည်

ဗုဒ္ဓ သုတ္တန်
တစ်ခုကို လားပြီးကေ
သတိရပါရေ။
ယင်းသုတ္တန်ထဲမာ ဆိုထား
စွာက ဇေဂုဘဝမာ
သားလင်ဇွ စွန့်ပစ်ခြင်း၊
ချစ်ရသူနန့်
ကွဲကွာရခြင်းစွာ
အတိတ်ဘဝ တစ်ခုခုမာ
ပြည်တန်ဆာ
ဖြစ်ဖူးခလို့လတ်။
ဒေသုတ္တန်က
အကျွန့်ဘဝနန့်
လာတူနီလို့ ရှက်လေ့ရှက်၊
သံဝေဂလေ့ဖြစ်ပနာ
ဝမ်းနည်းမိပါရေ

အကျွန့်အတွက် ရင်ခွင်မဲ့ ဖြစ်နီကေလေ့ ရင်ခွင်သစ် တစ်ခုကိုတော့ ဇာခါမှလေ့ ရှာဖွီလီဖို့မဟုတ်ပါ။ သူနန့် ခိုးပြီးကတ်တေခါအတူနီခရေ အိမ်အိုဟောင်းကနီပနာ ပြန်ပြီးကေ ခိုလှုံခွင့်ရဖို့ အတွက်ရင်ခွင်ဟောင်းကို ဇေဂု ထက်တိုင် လွမ်းနီတုန်းပါ။ သူ့ ဖုန်းခေါ်သံကို ဇနို့ ထက်တိုင် စောင့်နီတုန်းပါ။

**အခင်သျှေ(စိတ်ပညာ)**

# ရခိုင်စကားထိန်းသိမ်းထားပါ

သမိုင်းလူဦးရီနန့်စာကေ ဇေဂုရခိုင်လူဦးရီ က ကောင်းနည်းလား ခပါယာ။ ယင်းအနည်းမာတစ်ခါ ဗမာ စကားလောင်းရိပ်မိနီသို့ယင့်။ ယင်းလူတိက ကိုယ့်ကိုယ်ကို မျိုးချစ်ရခိုင်လတ်။ ပြောချင်စွာကို ပြောလို့ရရေ စိတ်ရာအဓိကဆိုပနာ နောက်တစ်ဆင့်တက်လာ ကတ်ပြန် ပါရေ။ စိတ်သတ်သတ်ဇွ လှုပ်ယှားမှုနန့် ပစ်မှတ်ဟူ သရွိကို မရောက် နိုင်ပါ။ လိုချင်ရေအရာတစ်ခုကို စိတ်က ဦးဆောင်နိုင်ကေလေ့ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုနန့်မတွဲဘဲ ပစ်မှတ်ကို မရောက်နိုင်ပါ။ ဆိုလိုချက်က အပြောနန့်မပြီး၊ လက်တွေ့လုပ်မှ ပြီးမြောက်ပါဖို့။ အဆွီစွာ ရခိုင်စကား မပြောဘဲ ရခိုင်စကားနန့် ရခိုင်သမိုင်း တစ်စွန်းတစ်စကို သိထားရေ လူတစ်ယောက်ဖြစ်လို့ မျိုးချစ်ရခိုင်ဆိုပနာ ကိုယ့်ကိုယ်ခံ ယူထားကေလေ့ဟုတ်ယင့်။ မြို့သွီးရေခါးပိုင် တစ်ဖက်တော့ ပြတ်တေ၊ နောက်တစ်ဖက်ကားအတုံး၊ ဘက်စုံမဟုတ်။ ဇာနန့်တူလေ့ဆိုကေ ကဏန့်ပိုင်။ စောင်းသတ်လားရေ။

မိမိဇွ သားသမီး အညွှန့်လောင်းရို့ရေ မိဘပြော ရေ စကားကိုရာ လိုက်ပြောပါဖို့။ မိဘက ဗမာစကားပြော ကေ သားသမီးလေ့ ယင်းစကားကို ပြောဖို့နန့်ရာ။ မိဘက အင်္ဂလိပ်စကားပြောကေ သားသမီးလေ့ အင်္ဂလိပ်စကား ပြောကတ်ဖို့ယေ။ တစ်ခါက တတ်ကျွမ်းပြောဆိုခရေ ရခိုင်စကားကို မိဘရို့ကိုယ်တိုင် မပြောယာ၊ မပြောတတ်ယာဆိုကေ သားသမီးတိက ပိုလို့မတတ်ယာ၊ မပြောယာ။ မိဘရို့လောင်းရိပ်မိရေ ဘာသာစကားကိုရာ အဆက်ဆက် ပြောဆိုလားကတ်ဖို့ဟိယာ။ ထိန်းသိမ်းရာ လေ့ ရောက်လားပြီးယာ။ ယင်းပိုင်အဆက် ဆက်ဖြစ် လားကေ ပထမ အမိအဘ ဆင်းသက်လာရေ ရခိုင်ဆိုရေ ဝိသေသလက္ခဏာတိစွာ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်လားလီပါဖို့။ နောင်တချိန်မာ အစအန လိုက်ရှာမရအောင်ဖြစ်လားနိုင်ပါရေ။ မပျောက်ပျက် ကောင်းပါကား။ ကိုယ်တိုင်သိထားရေ ရခိုင်စကားနန့် စာပီတိကို မပျောက်ပျက်အောင် ထိန်းသိမ်း ကတ်ပါလို့ မျိုးချစ်အချင်းချင်း တိုက်တွန်းပါရစီချက်။ ကရဲ့လိုရေ စကားတိမဟုတ်ပါ။ အကျွန့်အကြံ ပြုချက်ကို အိပ်ရာဝင်ရေခါ နဖူးမာ လက်သျှောတင်ပနာ စဉ်းစားပါ၊ ဆင်ခြင်ပါ၊ ဆုံးဖြတ်ပါ။

ရှိုးတောင်ကြီးက အင္ဂရာယ်အသွယ်သွယ်ကို ကာဆီးထားခကေလေ့အင္ဂရာယ်တိ ဒရဟော ဝင်လတ် ပါရေ။ ဦးနေဝင်းအုပ်ချုပ်တေ နှစ်အလယ်ပိုင်း လောက်မာ ရခိုင် မူလတန်းကျောင်းတိဒို့ ညွှန်ကြားရေး စာတစ်စောင်ကျပါရေ။ ကျောင်းဝိုင်းအတွင်းမာ ဗမာစကားပြောကတ်ရမေလတ်။ ရခိုင်ဘာသာ စကားနန့်စာပီကို အမြစ်ဖြုတ်ဖို့စရေ စီမံကိန်း။ ယင်းစီမံကိန်းကို စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်မာ အထမမြောက်ခပါ။ သံတွဲခရိုင်မာရာ ဆယ်စုနှစ်တစ်ခု ရောပနာ ဗမာစကားနန့် ပြောလာကတ်တေအတွက် ဂန့်ထိ ဗမာလောင်းရိပ်မိနီခြင်းဖြစ်ပါရေ။ လောင်းရိပ်မကျခင် မာန် အောင်ကျွန်းဒေသတိမာ ပါဠိ(အနေက အင္ဂရာယာပိ– တစ်ပါးမက များစွာသော အင္ဂရာယ်)က ဆင်းသက်လာရေ အနေက (အများကြီး) ဆိုရေစကားကို ပြောဆိုဖူးခပါရေ။ ပင်လယ်ကို ပင်းလယ်အဖြစ်လည်းကောင်း၊ စစ်တွေမြို့ တစ်ဖက်ကမ်း လက်ပံပြားရွာမာ ရီခပ်တေ ဘာရတီကို သံပဒုံအဖြစ်လည်းကောင်း၊ ကျောက်တော်မြို့တစ်ဖက်ကမ်း လမ်းမ တော်(ဘာမိ)ရွာမာ အသီးတိ အများကြီးသီးစွာကို အော်တော်သီးရေလို့လည်းကောင်း ဗမာစကားနန့် မရောစပ်တေ ရခိုင်စကားအစင်တိကိုရာ ပြောဆို ခကတ်ပါရေ။ ပြောလိုချင်စွာက ကိုယ့်အမျိုးအစဉ်တိကို သတ်ဖြတ်ရက်စက်နီရေ လူမျိုးစုတိဇွ စကားနန့် အဝတ်ဆိုးတိကို ထိန်းသိမ်းမထားသင့်ကြောင်း ဆိုလိုချက်ပါ။ သူရို့နန့်ဆက်ဆံရရေအခါ သူရို့စကားကို မပီကလာပြောဖြစ်စီပြီးကေ ကိုယ့်အချင်းချင်း တွိကတ်တေအခါ ကိုယ့်စကားကို ဗမာစကားနန့် မရောအောင် ပြောစီချင်ရေ ဆန္ဒပါ။

မလေးသျှားမာ နိုင်ငံခြားသားတိစွာ မလေး လူမျိုးနန့်တွိရေအခါ မလေးစကားကို ပီသအောင် ပြောတတ် ဖို့စွာထက် သဘောပေါက်အောင် ပြောတတ်ဖို့က ပထမအရေးကြီးချက်ဖြစ်ပါရေ။ နိုင်ငံသားမဟုတ်လို့ မပီဆိုစွာ သူရို့နားလည်ပြီးသားပါရာ။ မြန်မာနိုင်ငံမာ တခြားကဝင်ရောက်လာရေ တရုတ်တိ၊ ဘင်္ဂလားတိစွာ ကိုယ်ရို့အချင်း ချင်းတွိရေအခါ ကိုယ်ရို့စကားကိုရာပြောဖြစ်ကတ်ပါရေ။ မလေးသျှား နိုင်ငံမာ မှီခိုနီထိုင်ရေ အိန္ဒိယနန့် တရုတ်လူမျိုး တိလေ့ ကိုယ့်အချင်းချင်းတွိရေအခါ ကိုယ်ရို့စကားကိုရာ ပြောကတ်ပါရေ။ ယင်းချင့်သည်ပင် ကိုယ့်လူမျိုး မပျောက်ပျက်အောင် ထိန်းသိမ်းစွာဖြစ်ပါရေ။ ရခိုင် တစ်ယောက်ရေ ကိုယ့်လူမျိုးစကားမဟုတ်တေ စကား တစ်ခုကို မှန်းမရအောင် ပီပီသသပြောနိုင်ကေလေ့ အ ကြောင်းအရာတစ်ခုခုနန့် ပတ်သတ်ပြီးကေ ရခိုင်မှန်းသိလား ရေအခါ အယင်ခင်မင်နီရေ လူမျိုးခြားစွာ ယင်းရခိုင် သားအပေါ် ခင်မင်မှုထက်ဝက်လောက် ယေ့ကျ လားကြောင်း ပါးစကမပြောကေလေ့ အမူအရာကို ကြည့်ပနာ သိနိုင်ပါရေ။ နွားကွဲကေကျားဆွဲ မခံရအောင် ကိုယ့်လူမျိုးနန့် တွိရေအခါ ကိုယ့်စကားပြောပနာ သိုက်သိုက်ဝန်းဝန်း နီထိုင်တတ်ဖို့ လိုပါရေ။

ကိုယ့်လူမျိုးတစ်ယောက်ကို တစ်ဖက်သားက နိုင်ထက်စီးနင်း လုပ်နီရေလို့ကြားကေ ကြားသူကိုယ်တိုင် ဝင်လို့ ဖြေယှင်းမပီးနိုင်ကေတောင် အနိုင်ခံရေ လူမျိုးကို စိတ်ထဲမာ မကျီနပ်ဖြစ်မိရေ။ ယင်းချင့်စွာ အမျိုးတူ၊ စကား တူလို့ မခံချင်ဖြစ်ရစွာ မဟုတ်ပါလာ။ ယေဖူးနန့် လူများလက် အောက်မာ နီရကေလေ့ မိမိရို့ဇွ ရှိုးရာဖြစ်တေ ဘာသာစကားနန့် စာပီတိကို အစဉ်တစိုက် လူတိုင်းစိ စောင့်ထိန်းမှုဖြစ်ခကေ အနာဂတ်အတွက် အလားအလာ

ကောင်းပါဖို့။ အနာဂတ်မာ လူစွမ်းကောင်းတစ်ယောက် ဖြစ်လာရေအခါ အလိုက်သင့် စောင့်ထိန်းတတ်သူ ဖြစ်လာပနာ ဘဝအတိုသျှေမာ ကိုယ့်လူမျိုးအတွက် ရည်ရွယ်ပြီးကေ အဆက်ဆက်ထိန်းသိမ်းတတ်မှုတိ ကျောက်သားကျောက်စိုင်ပိုင် ခိုင်ခိုင်မာမာ၊ ထင်ထင်ရှားရှား ဖြစ်လာနိုင်ပါရေ။

အတိတ်ကို ဆရာတင်ပနာကြည့် မေဆိုကေ ဂျာမဏီနိုင်ငံမာ မှီခိုနီထိုင်ကတ်တေ ဂျူးလူမျိုးတိစွာ လူကြီးမိဖရို့ဇ္ ဆုံးမသြဝါဒအရ ကျောင်းစာနန့် စီးပွားရေးကို အုပ်ချုပ်တေ နိုင်ငံသားတိထက် တစ်ဆပိုအောင် ကြိုးစားနီထိုင် ကတ်ပါရေ။ နှစ်ကြာလာရေအခါ ယင်းနိုင်ငံမာ လုပ်ငန်းသျှင်တိ၊ ကုမ္ပဏီပိုင်သျှင်တိ ဖြစ်လာပြီးကေ အိမ်သျှင်နိုင်ငံသားတိမာ မှီခိုနီထိုင်ရေ လူမျိုးစုဇ္ အလုပ်သမားအဖြစ် စားဝတ်နီရေးကို ဖြေယှင်းကတ်ရပါရေ။ လူမျိုးခြားတိ ကောင်းစားစွာကိုမမြင်နိုင်လို့ ဂျာမဏီနိုင်ငံသား ဟေတလာရေ တွိသရွိ ဂျူးတိကို မျိုးပြုတ်အောင် သတ်ခပါရေ။ အခြားတပါးသို့ ထွက်ပြီးလို့ ရှတ်ကျန်ခရေ ဂျူးတိစွာ ကိုယ့်စကား၊ စာပီနန့် စီးပွားရေးကို မယော့အောင် စောင့်ထိန်းပနာ ပင်ကိုယ်ဖွဲ့ကိုမဖျောက်ဘဲ နှစ်ထောင်ချီကြာအောင်ထိ ကြိုးစားနီထိုင် ခကတ်ပါရေ။ စီးပွားရေးအရဖြစ်စီ၊ ပညာရေးအရဖြစ်စီ ရင်ဘောင်တန်းလာကေ မှီခိုသည်ရေ အိမ်သျှင်တိဇ္ ရန်မူခြင်းကို မျက်မြင်တွိခရပြီး ဖြစ်လို့ သူများမစော်ကားနိုင်အောင် အေ့စရေးခေါ် ဂျူးနိုင်ငံကို ထူထောင်လိုက်ကတ်ပါရေ။ ဂျူးနိုင်ငံဖြစ်တည်လာခြင်းရေ သူရို့ဇ္ စိတ်ထားခိုင်မာမှုကြောင့် ဖြစ်ပါရေ။ ဂျူးဘာသာစကား၊ စာပီနန့် ရုပ်ဝတ္ထုအထောက်အထားတိကို လူတိုင်းစိ ထိန်းသိမ်းခခြင်း၊ ပညာရေးအရာမာ ထူးချွန်အောင် ကြိုးစားခြင်း၊ အမျိုးသားရေးနန့် ပတ်သတ်လာကေ လူအားသော်လည်းကောင်း၊ ဖေသာအားသော်လည်းကောင်း ထောက်ပံ့ဖို့ အရေးမာ လက်မတွန့်ခြင်းစရေ အချက်တိနန့် ပြည့်စုံခကတ်လို့ ဂျူးနိုင်ငံတော် ကြီးအဖြစ် ထည်ထည်ဝါဝါ ထွန်းပေါ်လာခြင်း ဖြစ်ပါရေ။ အသိဉာဏ်ပညာနန့် ပြည့်စုံရေ ဂေါင်းဆောင်လူကြီးသူမတိကလေ့ လုပ်ဆောင်ရဖို့ လမ်း ကြောင်းတိကို ကြင်းကြင်းယှင်းယှင်း ချမှတ်ပီးတတ်ခစွာ တိလေ့ အထူးအထောက်အကူ ပြုခလီပါရေ။ ကိုယ်ပိုင်နိုင်ငံ မဟိဖူးခကေလေ့ လက်ဟိမာ လုပ်ယူနိုင်ခရေအတွက် ချီးကျူးချင်စိတ် ဖြစ်မိပါရေ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုဖို့နီ့မာ အသျှင်အာနန္ဒာရေ မျက်ရည်ပေါက် ကြီးငယ်ကျပနာ သောက ဆင့်နီပါရေ။ ယေခါဘုရားသျှင်က 'ချစ်သား အာနန္ဒာ ငါဘုရားဇ္ အဆုံးအမကို လိုက်နာကျင့်ကြံသူတိ ဟိနီသရွိ ကာလပတ်လုံး ငါဘုရား ဟိနီသို့ရေလို့မှတ်'ဆိုပနာ အားပီးစကား မိန့်ခပါရေ။ ဖတ်မှတ်ကျင့်ကြံရေ ပုဂ္ဂိုလ်တိကြောင့် ဇေုအချိန်ထိတိုင်အောင် ဘုရားသာသနာ တည်မြဲနီပါသို့ရေ။

ယင်းစွာတိကို နမူနာယူစီချင်ပါရေ။ လူမှုနယ်ပယ်မာလေ့ ဘာသာစကား၊ စာပီ၊ ရုပ်ဝတ္ထုအထောက်အထား၊ ယဉ်ကျေးမှုအမွီအနှစ် အစဟိရေ မိမိလူမျိုးဇ္ သမိုင်းစဉ်တိကို မပျောက်ရအောင် မိမိနိုင်ရေဆီ တစ်ခုဖြစ်စီ၊ အများဖြစ်စီ ဖော်ထုတ် ထိန်းသိမ်းသင့်ပါရေ။

လူမျိုးတစ်ခုဇ္ ဘာသာစကား နန့်စာပီကို ပြောဆို၊ လေ့ကျင့်၊ သင်ယူကတ်တေ မျိုးချစ်အစစ်အမှန်တိ ဟိနီသရွိ ကာလပတ်လုံး တစ်ဖက်သားက နှိမ်နှင်းမှုပေါင်းများစွာ လုပ်နီကေလေ့ ယင်းလူမျိုးတိ မကွယ်ပျောက်နိုင်ပါ။ ကမ္ဘာတည်သရွိ တာရှည်တည်မြဲနီပါလိမေ့။ စောင့်ထိန်းထားရဖို့ တာဝန်ကိုတော့ မပျက်ကွက်သင့်ပါ။ ဆီတစ်ခါ ရီတစ်လှည့် ပါရာမနား၊ အထက်အောက်ဆိုစွာဖြစ်စမြဲပါရာ။

**ထွန်းနိုင်(သရီချောင်း)**

ဘိုး..ဘိုးယောင်လေ....ဂေါ်င်းတစ်ရာ
သားကို စားပါလတ် ဒေစာကို လုံး၀ မဆိုချင်
ကြိုက်လေ့မကြိုက်...ဂေါင်း တစ်ရာသား ငါရို့ကို
စားခိုင်းပြီးကေ ဂေါင်းတစ်လုံးသားကျကေ
တရုတ်တိကို ရောင်းပစ်တေ..



# ခိုင်ဗီ လှုံ စိုး




## သံခမောက်စွမ်းအား

ညဥ့်ကြီးမဲနက်ထဲ နာနာဘာဝတစ်ကောင်က ပြောသည် ။
'ငါရို့နာနာဘာဝရို့ အထဲမာ
သံခမောက်ဆောင်းရေဆိုစွာ ဟိရေ'
'ဟုတ်ပါယင့်'
'နာနာဘာဝတစ်ကောင်
သံခမောက်ရလားကေယင်းဘဝ ကျွတ်ဖို့မလွယ်ကူဗျာလ်'
'ဟုတ်ပါယင့် .........'
မကြာလိုက်...... ကျနော်
အစည်းအဝေးတစ်ခုမာ
မျိုးချစ်မျက်ကန်းတစ်စုနန့် တွိသည်။
သူရို့ဂေါင်းမာ သံခမောက်ကိုယ်စီနန့်
အကျွန့်စိတ်ထဲ နာနာဘာဝဇွ စကား ဒိုင်းခနဲဝင်လာသည်။
".......ယင်းဘဝကျွတ်ဖို့မလွယ်ကူဗျာလ်"
"........ကျွတ်ဖို့မလွယ်ကူဗျာလ်"
"..............................မလွယ်ကူဗျာလ်"။

## လူကြားတစ်ယောက် နန့် ဆလိုပ်တစ်လိုပ်

'ငါစွာအတိတ်' လာတ်။
ဆလိုပ်တံထက်က လူးကျလားရေ ပြာက ပြောရေ။
မီးက သံယောင်လိုက်တေ 'ဆိုကေ ငါက ပစ္စုပ္ပန်လား'
'မင်းပစ္စုပ္ပန်ကလေ့ ပူလိုက်တေပင်'
မကျွမ်းရသို့ရေ အပိုင်းက ထောက်တေ။
လူကြားကြီး ငုံ့ကြည့်လိုက်လို့လားမသိ ငြိမ်လားကတ်တေ။
ပြီးမှ..လက်ကြားထဲက ဆလိုပ်ကို ဆက်ဖွာနီရေ .....
"အတိတ်.....ပစ္စုပ္ပန်.....အနာဂတ်...ဖင်....ဆို့....နား.....ကပ်
....အောင်.....ထိ..."။

## အမှောင်မျက်နှာ

'မှောင်ရေ..ဝေး.....မှောင်ရေ' ညဥ့်က ထအော်သည်။
ကျနော်ရို့တရွှီ..တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကတ်သည်။
တစ်ယောက်က အော် ပြောသည်။
'မင်းရို့မျက်နှာ မှောင်နီရေ......မမြင်ရ'
'မင်းမျက်နှာလေ့ မှောင်စွာယာမလား'
'အိန်း....ငါရို့မျက်နှာတိအားလုံး မှောင်နီစွာ မဟုတ်လားယေ'
'ယော်..မြင်ရရေမလားယေ'

## ကဗျာက ကျောက်တေ ဂြုတ်

ကဗျာဝါရင့်ဆရာတစ်ယောက်နန့်ဆုံဖြစ်သည်။
'ကဗျာဆိုစွာဝေး....ဂြုတ် ..
ဒဿန...ဂြုတ်...အဘိဓမ္မာ...ဂြုတ် ...ကောက်ကြောင်း..ဂြုတ်
အတိတ်ပုံ....ဂြုတ် ... နမိတ်ပုံတိ.....ဂြုတ် အများကြီး
.....ဂြုတ် .....လိုရေ.....ဂြုတ် '
အိမ်အပြန်တစ်လမ်းလုံး ကျနော့စိတ်ထဲ ကဗျာတစ်ပုဒ်
ဂြုတ်ကျောက်ပါလာသည်။
ကဗျာ ............ဂြုတ် .....
ကဗျာ...............ဂြုတ် ..........
.......................ဂြုတ် .....

## ဝါတာလူး အိမ်မက်

'နာရီရောင်းဖို့ ဟိလား..'
'ဟိပါရေ'
'၁ နာရီလိုချင်လို့..'
'ယော် '
'၁ နာရီတည်းပါ'
'ဒေဆိုင်မာ အချိန်မရောင်းပါ ငါ့လူ..'
'အော...... အိုကေ..ထားလိုက်ပါဖိ..'
'ခွင့်ပြုပါအုံးသို့.....'
'ဟုတ်ပါယင့်'
(ထွက်ဝနားအရောက်ကျမှ)
'အို..ငါ့လူ...နာမည်တစ်ခေါက်ပြောခလို့ရပါဖို့လား၊
ဖောက်သည်မှတ်တမ်းမာ တင်ချင်လို့ပါ'
'အိန်း.....ရပါရေ..ရီးထားလိုက်'
'ဇာခေါ်ပါလေး မသိယာ'
'န........ပို......လီ.........ယန်...'။

## လဒဇ္ ဝှက်ဖဲတစ်ချပ်

ငြိုးငြာ။ ။'တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုစွာ မှန်ရေချင့်'
လဒ ။ ။'သီဖို့ကျား တောပြောင်း ဆိုစွာလေ့ ဟိစွာကို'
ငြိုးငြာ။ ။'သီဖို့အလားအလာမဟိသရွိတော့ ငါပြောရေ
စကားကိုရာ ဆင်ခြင်ရဖို့ဒေ'
လဒ။ ။'ယော်..အခမ္မရာမလား၊ ကွေ့သောလက်မဆန့်ခင်၊
ဆန့်သောလက် မကွေ့ခင်လေ့ ဟိသို့ရေယေ'
ငြိုးငြာ။ ။'မင်းကောင်း လျှာရှည်စွာမနား၊ ယင်းတွက်
နန့်ယေ မင်းငှက်တိပါးမာ မုန်းစာကျစွာ'
လဒ။ ။'မင်းကာ ယကေ.... တစ်ရွာပြီး တစ်ရွာပြောင်းစွာ
ဇာနှစ်ရွာကျယာလေး'

## သိုးယှင်းတမ်း

'ဒေခေတ်မာ သိုးတိကရာ ဝံပုလွေ အရီခြုံကတ်စွာ များလာရေ'လတ်။
တိရိစ္ဆာန် ယှင်းလင်းပွဲတစ်ခုမာ အငြင်းပွားမှုတစ်ခု ထွက်ပေါ်လာရေ။

'ကျနော်ရာ သိုးကျောင်းသားဆိုကေ အရီခြုံစွာမှန်သမျှ ယှင်း.....ပစ်.....လိုက်....ဖို့ '
ဖွတ်က အော်..ပြောလိုက်လို့ ယှင်းလင်းပွဲတစ်ခုလုံး တဒင်္ဂ ငြိမ်လားကတ်ရရေ။

## မေခလာတာဝန်

ဒုက္ခသမုဒ္ဒရာထဲ မမကြီးတစ်ယောက် ရိပ်ခနဲ ရောက်လာသည်။
'နင်ဇာသူလေ...'
'ကျနော် (........)တစ်ယောက်ပါ'
'ဇနက.. ကာ မတွိလိုက်လား......'
'ကျနော် ဇနကကို ဆယ်နီတုန်းမာ မြုပ်လားပါရေ....'
'အိန်း..ကောင်းယင့် ငါ့တာဝန်ကျီယာမလားယေ ယကေ'
'ကျနော့်ကိုလေ့ ကယ်ပါဦးသို့လေ'
'အိန်း ဝမ်းနည်းပါရေ...အမိန့်စာ မပါသို့လို့....ဆော်ရီးနှန်း....'

## တုံးအောက်က ဖား

ဆင်နန့်ဖားရို့ တွိကတ်သည်။ ဆင်က ရန်စ တင်သည်။
'မင်းရို့ ဒုက္ခရောက်အောင် လုပ်ဖို့လွယ်ရေ ရီကို နှာမောင်းနန့် ငင်ပစ်လိုက်ကေ ကျီယာ'
ဖားကလေ့ အားကျမခံ ။ 'စို့အောင်းနီဖို့.....'
ဆင်။ ။' ခြီနန့် ခြွိပလိုက်မေ မြီကို......'
ဖား။ ။ 'ကရိုးအောက် ဝင်ပြီးဖို့.....'
ဆင်။ ။ 'နှာမောင်းနန့် မှုတ်ကော်ပလိုက်မေ......'
ဖား ။ ။'..........ဖို့'
ဆင်။ ။'.........မေ'
ဖား။ ။ 'တုံးအောက်ကို ဝင်ပြီးဖို့'
ဆင်။ ။ 'အင်း....လွတ်လီ ဒေတစ်ခါ'

## အ ရပ် မျက် နှာ မျက် ရပ် အ

လူလတ်ပိုင်း တစ်ယောက်က ဒဿနဆန်ဆန် ပြောပြသည်။

'အသီအချာကြည့်...နီ စွာရေ အရှိဘက်က ဝင်လာပြီးကေ အနောက်က ထွက်လားရေ'

ညဥ့်ဖက် ယင်းလူကို အိမ်မက်မြင်သည်။ သူသည် အနောက်ဘက်ကို မျက်နှာမူပနာ လက်နှစ်ဖက်ကို ဘေးသို့ ဆန့်ထားသည်။

သူဇ္ နီထွက်ရာအရပ်ကား အနောက်အရပ် ဖြစ်နီပြီး နီဝင်ရာအရပ်က အရှိ ၊

လက်ယာဘက်သည်မြောက် ၊ လက်ဝဲဘက်သည် တောင် .....

## ခရှင့်ယ်သျှေစေတနာ

မာရသွန်ပြိုင်ပွဲကအပြန် မဘုကြွယ်တစ်ယောက် ခရှင့်ယ်သျှေနန့် လမ်းမာဆုံသည်။
မဘုကြွယ်။ ။'လားနီစွာတိဗင်ကာ့ဟေ...'
ခရှင့်ယ်သျှေ။ ။'အော်...နင်က ငါ့ကို ပြောအားဟိလား ယာပယေ..။ နင်စာတတ်လားစွာ ငါ့ကျေးဇူး မကင်းဆိုစွာ မို့လားယာလား'
မဘုကြွယ်။ ။'ဟေး...ရိနာ...အသျှေခါရစွာယေ ယင်းချင့်...'

များမကြာလိုက် မဘုကြွယ်တစ်ယောက် ခြီလိမ်လားခလို့ လမ်းလျှောက်မရ ဖြစ်လားသည်။ ဇာပိုင်ကောင်းလာနိုင်ဖို့လေး စဉ်းစားနီသည်...

နောက်နို့
ခရှင့်ယ်သျှေက ရှိက.....မဘုကြွယ်က နောက်က.....။

**ခိုင်ခ်ီလျံစိုး**

# ပေါ်ဦးအမှန်သိနန့် ရင်ငွေ့



ရက္ခကျော် (တိုင်းချစ်ပြည်ချစ်)

ရင်ကိုလာသတ်တေ အကြောင်းသျှေတချို့ကို ယထာဘူတကျကျ စာခင်းပြလိုက်ပါရေ။ ဇာကြောင့်ဆိုကေ ရခိုင်ခန္ဓာရို့ဇ လုပ်ဆောင်ချက်သည် အကျွန်ရို့ ရခိုင်သားတိ အတွက် အိမ်မက်တိ မဟုတ်ပါလား။ ဟီရိတရား ဇာလောက်ပင် ပြားပါစီ အနာရောဂါဝင်ကေ ဖင်ကိုလှန်လို့ ဆီးထိုးခံရရေပိုင် အကျွန်သည်လေ့ ပေါ်ဦးမေ ဖင်ကို အဖြူအမဲ ပဓာနမထားဘဲ စေတနာ ဆရိန်းကိုင်ပနာ လှန်မိပါဗျာဒေ။ ဆရိန်းကိုင်ရေ ဆိုလို့ ဒေါင်တာ မမှတ်လိုက်ပါကေ့။ ယမ်းကုပါရာ။

ရင်ငွေ့(၁)။ ။တစ်ရက်နီ့ အကျွန်ရေ ပေါ်ဦးမေရို့ အိမ်ထက်မာ ထိုင်နီပါရေ။ ပေါ်ဦးမေရို့အိမ်ကား ပြုံကျမတတ် စည်းကားနီပါရေ။ မလေးသျှားမာ တဒင်္ဂရပ်တည်ရေးအတွက် ၅၃ ရိန်းဂေ့စီ ပသကတ်တေမြင်ယင့်။ မလေးသျှားမာ ရခိုင့်အခမ်း အနားတိုင်း အကျွန်ရောက်ပါရေ။ ဒေလောက် မစည်ပါ။ ဘဝတချက်သျှေ ရပ်တည်ရေးအတွက် ဒေလောက်စည်ကေ ရက္ခိတဘဝတိ ကမ္ဘာကြီးအောင် တည်မြဲဖို့ ဆွေးနွေးရေပွဲတိမာ ဒေလောက်စည်ကေ ကောင်းပါဖို့။ အမှန်က ဒေထက် စည်သင့်ပါရေ။ အလုပ်ပြုတ်ဖို့ကြောက်လို့ လူမလာကေ့အုံး။ ဖေသာလာသင့်ပါရေ။ ရခိုင်သားဆိုကေ မျိုးချစ်တေလတ်။ ချစ်ပါရေ....ချစ်ကတ်ပါရေ.....။မချစ်လို့ မဆိုဝံ့ပါ။ ဦးသျှေ ပေါက်သျှေကပင် မဆိတ်ဖြုံအထိ ဒေါ်လာလားစားဖို့ဂျည်း စိတ်ကူး နီကတ်စွာကို တော့ ဆင်ခြင်စဉ်းစား သင့်ပါဗျာကား။ ဆင်ခြီ အကြီးသန်တစ်ခုနန့်စီ ကာပါယူကတ်ပါသို့ရေ။ ရခိုင်နိုင်ငံ ပြန်ရရေးအတွက် ဒေါ်လာထောက်ပံ့ချင်လို့ မလားချင်ဘဲ လားရစွာရာလတ်။ လားနီကတ်တုန်းမာ မျှောက်ညိုတိ အပြတ်အသတ်စီးပစ် လိုက်ကေ ဒေါ်လာလေ့ မကယ်နိုင်ဗျာယေ။ (အမှန်အကန် ရခိုင်သားတချို့ကို မဆိုလိုပါ)။ အဖပြည်ခမျာ လေးဟပ်ယိုင်လို့ အရှုံးရာကျန်ဗျာ။ ယင်းအရှုံးကိုလေ့ သူရို့ယူဖို့ဆိုရေ။ ကိုကြီးကျော်ပိုင် အရက်နန့်မြည်းဖို့ဆိုယင့်။ ပေါ်ဦးမေ အကြောင်းပြောယင်းနန့် ထွေလာရှည်လခဗျာ။

ဝမ်းဆာလို့ ထမင်းစားမိရေ။ ရောင်းနီကျ(၅) ရိန်းဂေ့က (၇) ရိန်းဂေ့ တက်လားရေ။ စီးပွားရေးအမြင်အရ အခွင့်ရတုန်း ပျင်ရပါဖို့နန့်ရာ။ အကျွန်တိန်းလို့ နီစွာပါရာ။ သူရို့တိပြောကတ်လို့။ (အကျွန့်မာ အပြစ်မဟိပါကား။ ကျောက်ထရုံကို ဂေါင်းနန့်ဝင်ဆောင့်လောက်အောင် အကျွန့်မာ သတ္တိမဟိပါ)။ သူရို့ဇာပြောကတ်လေ ဟုတ်ပါလာ။ ချီးတုန် အောင်ကြောက်တေ အကျွန့်မာ ပြောဖို့ကျယာဒေ။

ဂျိုဟိုးကပင် လာစွာလတ်။ အလာစရိတ်ကားခ (၂၀) လတ်။ လူတိ ကျိတ်ကျတိုးနီလို့ ဒေနို့လေ့ အသက်ကယ်စာရွက် (အော်.. ယောင်လို့) လက်ဗွီစာရွက် မရနိုင်သို့။ ဒေနို့ပြန်မ ရောက်ကေ သူဦးက အလုပ်ထုတ်ပစ်ဖို့ ပြောရေလတ်။ စာရွက်ခ ၅၃ ရိန်းဂေ့စီဆယ်ယူရေလတ်။ (နောက်ရက်တိမာ ၅၄ ရိန်းဂေ့ တက်လားပါရေ)ငွေဆယ်=လူကယ် ယင်းပိုင်လား မသိပါယာ။ အပြန်စရိတ်မဟိဗျာ၊ ဇာပိုင်ပျင်ရမေမသိလတ်။ ပူထရာ ဂျာယာ(မလေးသျှား–လဝကရုံးချုပ်)မာ ဘက်စ်ကားခ ၃ ရိန်းဂေ့ ပီးပနာ စီးလားခကေ ယင်းမာအလကား လက်ဗွီနှိပ်ပီးရေ ဆိုရေမနား။ ဟုတ်ပါရေ၊ ဟုတ်ပါရေ....။

ရင်ငွေ့(၂)။ ။အရာ ပေါ်ဦးမေရို့ အိမ်နားက အိမ်မာ တစ်ညဥ့်အိပ်တေကားမဟုတ် ကွက်ပေါ်ပြန်ယာ။ အချိန်က မိုးသောက် ကိုးနာရီလောက်။ ကြားခစွာကို ပြန်ပြောရဖို့ ဟုတ်ပါလား၊ ပြောပါမေ ဒေပိုင်ပါ။ “ကိုးကြီး...... ဂျိုဟိုးက ဖုန်းလာရေ၊ အလုပ်လားရေ လမ်း(မီးပွိုင့်)မာ ကားတိုက် လို့လတ်၊ အမှုဖြစ်ဖို့ကြောက်လို့ စီးလာရေကားကို ထားခပနာ ဖရိုးဖရာ ထွက်ပြီးကတ်စွာမာ မောင်မောင်က မပြီးနိုင်ဘဲ ဒဏ်ရာနန့် ကျန်ခရေလတ်၊ ရဲတိယတိ လာသံမကြားလို့ ပြန်လာပြီးကေ ကြည့်ရေခါ လူနာလေ့မဟိယာ၊ ကားလေ့ မဟိယာဆိုရေ၊ ယင်းစွာကြောင့်ကြလို့ အနားမာနီရေ အကျွန်ရို့ကို အားကိုးပြီးကေ ပေါ်ဦးမေကို ဖုန်းဆက်ပနာ အကူအညီ တောင်းခိုင်းစွာ”။ အသက်ငါးဆယ်ကျော်လောက် ဟိရေ ကိုးကြီးက

“*ယား..ယား ငါ့ဖုန်းနန့်ဆက်ယား၊ ဖုန်းထဲမာ ဖေသာဟိရေ*”

“ဂျိုဟိုး–အေအာရ်အာရ်စီဌာနခွဲက ပါလား၊ ....+..... –× ..........ကျေးဇူးပြုပြီးကေ ကူညီပါချက်”

“..........................................”

“ဟလို.....ဟလို.......ယာ ဖုန်းကို ချပစ်တေ ကြည့်ဖမ်တောက်”

“*ဝေး ဇာ ပြောရေလေး*”

“မအားနိုင် ဆိုယင့်ထော၊ ဇာကို အားကတ်ဖို့လေး၊ တစ်ယောက်ပါးက ၅၃ ရိန်းဂေ့ စီဝင်နီရေမလား ကိုးကြီး”

ဂျောင်ထဲမာ ကုတ်နီရေ အကျွန်ကလေ့ ပေါ်ဦးမေကို ထိကေ မခံချင်လို့“အစ်ကိုရို့ ၅၃–ရိန်းဂေ့ ကိစ္စကိုဂျည်း ပြောနီကတ်တေ။ ဇာလောက်ပင် ရလီဖို့လို့လေး။ ယေခါ ယင်းလူတိ အကျွန်ကို ပိုင်းပနာ သံပြိုင် ဟောက်ကတ်စွာက “မင်းဇာသိရေလေးဝေး၊ ရိန်းဂေ့–၇၀၀၀ကျော် ရလား ခကတ်စွာကို မင်းသိယင့်လား။ အကျွန်လေ့ ပြန်မပြောဝံ့ဘဲ

နားရွက်ကုပ်နီလိုက်ပါရေ။

ရင်ငွိ.(၃)။ ။ ဖုန်းဝင်လို့ ကိုင်လိုက်တေခါ နားမချမ်းသာစရာသတင်းတစ်ခု။ ဗွီစီဒီခွဲဆိုင်ကို ရဲဝင်ဖမ်းလို့ ရခိုင်သားသျှေတစ်ယောက် အချုပ်ထဲရောက်နီရေလတ်။ ရခိုင်နိုင်ငံက တက်လာစွာလေ့ မကြာသိလတ်။ အသိမိတ်ဆွီလေ့ မဟိဆိုရေ။ ပေါ်ဦးမေကို ဖုန်းဆက်ပြီးကေ အကူအညီတောင်းဖို့ အကြံပီးမိပြန်ယာ။ မမှတ်သိရေ စာသူငယ်ပိုင် ဖြစ်နီယာလာဂု။ ယင်းသူလေ့ ဆက်တေ။ ယပြီးကေ အကျွန့်ပါးဒို့ အကြောင်းပြန်ရေ။ အကျွန်ကိုယ်တိုင် ပေါ်ဦးမေပါးဒို့ ဖုန်းဆက်ဖို့ ကျပြန်ယာ။

"အာ...ဆရာသမား...ယင်းအသျှေကို ယင်းလောက် ထိပင် ပြတ်ပြတ် ငြင်းပစ်ရလား"

".................."

"ခွီရောင်းစွာ ပြစ်မှုမြောက်တေအတွက် လိုက်မလုပ်ပီးနိုင်လို့ ပြောပြီးမှတော့ကေ မကူညီနိုင်လို့ ပြောစွာနန့် တတူယာနရာ ဆရာ"

"*အကျွန်ရို့က ယူအန်နှ လမ်းညွှန်ချက်အတိုင်း လိုက်လုပ်ရစွာပါလေးဆရာ၊ ယူအန်စွာအကျွန်ရို့ဖခင်၊ ပြစ်မှုမြောက်နီရေ လူတစ်ယောက်ကို ယူအန်ကလေ့ လိုက်လုပ်မပီးနိုင်၊ ယူအန်က မလုပ်ပီးနိုင်ရေ ကိစ္စကို အကျွန်ရို့ဇာပိုင် စွမ်းဆောင်နိုင်ပါဖို့လေး*"

"အကျွန်ကစွမ်းဆောင်ခိုင်းစွာ မဟုတ်ပါ၊အတတ်နိုင်ဆုံး စနည်းနာဖို့၊ ချဉ်းကပ်ဖို့၊ တတ်နိုင်ရေဆီ ကူညီခဖို့၊ သူ့အလုပ်သျှင်နန့် နှီးနှောကြည့်ဖို့၊ နောက်ဆုံးအဆင့် ယင်းသူကို လားကြည့်ခီရေ၊ ယင်းသူနန့်တွိရဖို့စွာထား၊ တစ်ခုလေ့ မတတ်နိုင်လို့ ပြန်လာလတ်တေ၊ ယေ အကျွန် ဖြစ်စီချင်စွာက"

"*ယင်းသူ ထောင်ကျဖို့လေး ဆရာ၊ ဖေသာရိန်းငွေ သုံးထောင်လောက် ဟိကေတော့ ကူညီနိုင်ယင့်၊ ဇာပိုင်လေ ဟိလာ ဖေသာ*"

"နမိတ်မဟိ နမာမဟိ ထောင်ကျဖို့လတ် ကြည့်ဇမ်၊ ယပြီးကေ ဖေသာဟိမှ ကူညီဖို့လတ်ထော၊ အကူအညီတောင်းပါရေဆိုမှ၊ ဖေသာအလုံးအရင်းနန့် ဖြေယှင်းဖို့ စဉ်းစားခကေ ပွဲစားလက်ကို အပ်လိုက်မေန၊ ယူအန် လမ်းညွှန်ရေအတိုင်း လုပ်ရစွာဆိုကာ၊ ယကေ လက်ဗွီနိပ်စက်ငှားပနာ ၅၃ ရိန်းငွေစီယူလိုက် ဆိုပြီးကေ ယူအန်က လမ်းညွှန်စွာဟမ်။"

"အသစ်ပြောင်းရာ သို့မလား ဆရာ၊ နာမည်ရဖို့ နည်းလမ်းတချို့ကို အကြံပီးစွာဒေ၊ ဆရာရို့အနီးနန့် အလုပ်ကို အမှန်အကန် လုပ်စီချင်ပါရေ"

"*အသစ်ဖွင့်စွာ သို့ဖြစ်လို့ လူလေ့မဟိ၊ ပြဿနာတိုင်းကို လေ့ လိုက်ပြီးကေ ဖြေယှင်းပီးဖို့ အင်အားမဟိပါ*"

"အာဘာ....ဆရာ အစကပင် ဒေစကားလုံးသျှေကို သုံးခဖို့ဆိုကေ နားဝမာ အိဲ့ နီဖို့အရာ"

နောက်ရက်တိမာ ပေါ်ဦးမေနန့် ပတ်သတ်တေ အကြောင်းတိကို အကျွန်နုံးချင်းတည်း စဉ်းစားနီမိရေ။ ကယ်ဆယ်ရေးအဖွဲ့က အဖွဲ့ဝင်အဖြစ် ရွီးချယ်ရေအခါ မီးခွန်းတိ မီးပါရေ။ ဥပမာ "ဒီမိုကရေစီ အဓိပ္ပါယ်ကို သိပါရေလား" ယင်းပိုင် မီးပါရေ။ မီးခွန်းက အဆင့်မြင့်ပါရေ။ စမတ်ကျပါရေ။ မီးသင့်ပါရေ။ ယကေလေ့ တန်ပြန်မီးချင်စွာက ပေါ်ဦးမေနှ ဖွဲ့စည်းပုံကကား စမတ်ကျ ပါယင့်လား။ ယှင်းယှင်းပြောရကေ မီးခွန်းက ပေါ်ဦးမေကိုယ်တိုင် နန့် တန်ပါယင့်လား။ ပေါ်ဦးမေအဖွဲ့ဝင် တစ်ယောက်ဖြစ်ဖို့အတွက် လိုအပ်တေ အရည်အချင်းတိကို သူရို့ထုတ်တေ စာရွက်တစ်ရွက်မာတွိလိုက်ပါရေ။ တစားတည်း။ နီရာ၊ ရာထူးအလိုက် အရည်အချင်း ခွဲခြားမှုမပါ။ စမတ် မကျစွာကို တွိရပါရေ။

ရခိုင်ကဒ်ကိုင်ဆောင်ထားရေ ရခိုင်သားတစ်ယောက်ကို ပေါ်ဦးမေအနီးနန့် ဇာအတိုင်းအတာအထိ ကူညီဖို့လေး။ အတိုင်းအတာတစ်ခုအထိ ကူညီဖို့ သတ်မှတ်ချက်ကားဟိရေလား။ မဟိလား။ ပေါ်ဦးမေနှ လုပ်ငန်းစဉ်ကို လူသိသျှင်ကြား ကြေငြာပီးပါရန် ရခိုင်လူထုကိုယ်စား အကျွန်တောင်းဆိုပါရေ။ ပေါ်ဦးမေရို့ လမ်းစဉ်အတိုင်း ဝမ်းတင်းရေးသတ်သတ် မဖြစ်စီလိုပါ။ ရှိကပေါ်ဦးမေတိစွာ မျိုးချစ်ဆိုရေ စကားလုံးနန့် လုံးဝမဆိုင်ရေ ဖေသာလုံးရေးကို အဓိကထား လုပ်ဆောင်ခပါရေ။ ကဒ်ကရရေ ဖေသာစွာ ရုံးအသက်ဆက်ရေး သတ်သတ် ဆိုကေလေ့ရပါရေ။ ပြည်သူကိုရာ ကြိုတင်ပြောထားပါ။ ရှိကတစ်ယောက်ပိုင် ခြီလှမ်းမျိုးကို ပြန်ရုပ်သိမ်းပီးပါ။ နောက်ဆုံးမာ ပေါ်ဦးမေတချို့ ယူအန်လမ်းကြောင်းတိကို ပိတ်ပစ်ခစွာရေ စိတ်အပုပ်တိ၊ ပြည်ပုပ်တိကို ဖွင့်ပြပစ်ခစွာနန့် အလားသဏ္ဍာန် တူပါရေ။

ပြည်သူပါးကဖေသာကိုယူပါ။ ယင်းဖေသာထက်စိကေ ပိုအောင် အလုပ်အကျွေးပြုဖို့တော့ လိုပါရေ။ နောက်ဆုံးတစ်ခု ပြောချင်စွာက အချုပ်ကျခရေ ရခိုင်သားသျှေ ကိစ္စပါ။ အကျွန်လေ့ မနီသာဘဲ ဖုန်းခ(၅)ရိန်းငွေ အကုန်ခံပနာ ကျမိကျရာ အကြံပီးလိုက်စွာ ရခိုင်သားသျှေ အချုပ်က ရွတ်ခပါရေယေ။ ဇာမဟုတ်တေ ယမ်းကုတစ်ယောက် ဒေလောက်ဆောင်နိုင်ကေ ပေါ်ဦးမေရို့ ဒေထက် စွမ်းနိုင်ပါဖို့ရာ။ ခေတ်ဟောင်းက ပေါ်ဦးမေရို့ရေ အိန်ဒိုမတိကိုတောင် ယူအန်ကဒ် ရအောင် စွမ်းဆောင်ပီးနိုင်ခပါရေ။ ယင်းအတွက်နန့် အကျွန်ပြောချင်စွာက စေတနာပါပါ၊ မှန်မှန် ကန်ကန်လုပ်ပါ။ ရခိုင်ပြည်သူက ပြုံ့ပြဖို့လား၊ မှုန်ပြဖို့လား ဆိုစွာ ပေါ်ဦးမေနှ လုပ်ဆောင်ချက်အပေါ်မာ မူတည်ပါရေ။ အကျွန်ကတော့ မျှော်လင့်ချက် မကုန်ပါသိဒေ။

**ရက္ခကျော် (တိုင်းချစ်ပြည်ချစ်)**



# ဘုံရခိုင် ဘာသာစကား ထွန်းကားရေး

**အဘွှနမောင်**

လူမျိုးတစ်မျိုး တည်တံ့ခိုင်မြဲရန်အတွက် ဘာသာစကားနန့်စာပီသည် မဟိမဖြစ်အရေးကြီးပါသည်။ တခြားသော လူမျိုးတိအတွက်ကား သာမန်မျှသာ ဖြစ်နိုင်သော်လေ့ အကျွန်ရို့ ရခိုင်လူမျိုးတိအဖို့၌ အလွန်တရာ အရေးကြီးပါသည်။ ဇာကြောင့်ဆိုသော် အကျွန်ရို့ဇ ဘာသာစကားနန့် စာပီသည် အကျွန်ရို့ကို ဒုက္ခပီးနီသော(သို့မဟုတ်) အကျွန်ရို့ကို လူမျိုးဖျောက်ဖို့ ကြိုးစားနီသော လူမျိုးတစ်မျိုးဇ ဘာသာစကားစာပီနန့်အတိုင်းထက်အလွန် တူညီနီသောကြောင့် ဖြစ်ပါသည်။ သမိုင်းဖြစ်စဉ်အရ ရခိုင်သည်ဗမာထက် ရာစုနှစ်ပေါင်းများစွာ ရှိကျသည်မှန်သော်လေ့ ဧနို့ရခိုင် လူမျိုးရို့ဇ ဘဝကား ဗမာလူမျိုး ကြီးဝါဒအောက်မာ မထင်မရှား လူမျိုးစုသျှေ တစ်ခုအဖြစ်နန့် အားမာန်အစွမ်းသတ္တိတိ ငုပ်လျှိုးနီစွာကိုကား ရခိုင်သူရခိုင်သား အားလုံးအသိပင် ဖြစ်ပါသည်။ အလွန်တရာ ရှီးကျသောရခိုင်စာပီသည်လေ့ ဗမာလူမျိုးရို့ဇ မူပိုင်စာပီလုပ်ခြင်းကို ခံနီရပါသည်။ ရှီးရှီးခေတ်က ရခိုင်စာဆိုသျှင်ရို့ ရီးစပ်ထားခကတ်သော ရခိုင် စာပီသည်ရခိုင်လူမျိုးရို့အတွက် ရည်ရွယ်ခြင်းဖြစ်သည်မှန်သော် လေ့ ဗမာလူမျိုးရို့ဇ ဗမာပညာရေးစနစ်အောက်၌ ဗမာစာပီအဖြစ် သိမ်းသွင်းခြင်းကို ခံနီရခြင်းမာ အထူးဝမ်းနည်းဖို့ ကောင်းပါသည်။ (ရခိုင်နန့်ဗမာစာ ကွဲကွဲပြားပြား မဟိခဘဲ စာပီသုံးစွဲမှု ဆင်တူနီခ ကတ်ခြင်းဇ အကျိုးဆက်ပင် ဖြစ်ပါသည်)။ ရခိုင်စာပီ သုတေသီ တချို့ဇ ကြိုးပမ်းမှုကြောင့် တချို့သော ရှီးရခိုင်စာပီတိကို ဖော်ထုတ်နိုင်ခကေလေ့စာဆိုသျှင်ရို့ဇ မူရင်းအရီးအသား အတိုင်း ပြန်ရသောစာပီကား ကောင်းကောင်းယှားပါးပါသည်။ မည်သို့ ပင်ဖြစ်စီ ရခိုင်လူမျိုးသမိုင်းသစ်၊ ရခိုင်စာပီယဉ်ကျေးမှု သမိုင်းသစ်ကို အကောင်းဆုံးဖြစ်အောင် ပြန်လည်တည်ဆောက် ကတ်ရပါမည်။

မျက်မှောက်ခေတ်ကာလ၌ ရခိုင်မျိုးချစ်တချို့က ရခိုင် စာပီတိုးတက်ရေးကိုအသဲအသန်ကြိုးပမ်း လုပ်ဆောင်နီကတ်ပါ သည်။ **တချို့မာကား အမင်ဘာသာရခိုင်စာပီကို မျက် ကွယ်ပြုကာ အောက်သားစာပီကို အဖရင်းစာပီအမှတ် နန့် ရီးစပ်နီကတ်သည်မာ စာပီပိုင်သျှင်ဖြစ်သော အောက်သား တိထက်ပင် တော်ကတ်တတ်ကတ်ပါသည်။ ပို၍ဆိုး သည်မာ အောက်သားစာပီတိုးတက်ရေးကို လုပ်ဆောင်ရုံ နန့် မကျီနပ်သို့ဘဲ ရခိုင်စာပီတိုးတက်ရေးကို ဆန့်ကျင် နှောင့်ယှက်နီခြင်းပင် ဖြစ်ပါသည်။ ဤသို့ပြုလုပ်ခြင်း သည် ရခိုင်ထမင်းကိုစားသော ရခိုင်သားက ရခိုင်ပြည်ကို ပုန်ကန်ခြင်းဖြစ်ပြီး ပုန်ကန်မှုတိထဲတွင် အဆိုးဆုံးဟုဆို ချင်ပါသည်။**

ရှီးတော်ဝင်ဘုရင်ခေတ်အဆက်ဆက်က ရခိုင်နန့် အောက် သားရို့သည် စာပီရီးသားမှု တူညီခသည်မှန်သော်လေ့ တစ်လုံးတစ်ပါဒမလွဲ လုံးဝတူညီခြင်းကားမဟုတ်ပါ။ မျက်မှောက် ခေတ်ဗမာစာထဲတွင် ရခိုင်ဝေါဟာရတိ ပါဝင်သည်မာလေ့အမှန်ပင်ဖြစ်ပါသည်။ ယင်းအချက်ကို ထောက်၍ ဗမာစာကို ရခိုင်စာဟု အသျှင်ခံကေ မှားလား နိုင်ပါသည်။ဗမာတိသည်ဗမာစာ အဆင့်အတန်း မြင့်စီရန် အတွက် ရှီးခေတ်ဗမာစာပီနန့် မျက်မှောက်ခေတ် ဗမာစကား ပေါင်းစပ်မှုတွင် ရခိုင်ဝေါဟာရတိကို မွီးစပ်(ခိုးယူ)၍ ထည့်သွင်းလိုက်ခြင်းဖြစ်ပါသည်။ အကျွန်ရို့ ရခိုင်လူမျိုးတိ တွင်လေ့ ရှီးခေတ်ရခိုင်စာပီနန့် မျက်မှောက်ခေတ် ရခိုင် စကားတိကို ပေါင်းစပ်ကာ ရခိုင်စာပီစံအရီးအသား တရပ်ကို ပြန်လည်တည်ဆောက်ကတ်ရပါမည်။ မျက်မှောက်ခေတ်ကာလ တွင် ရခိုင်စာပီအော်သံ တိကြားလာရသည်မာ ထူးမြတ်သော မင်္ဂလာပင်ဖြစ်ပါသည်။အတိတ်သမိုင်းကို ခြီရာကောက် ကြည့်ကေ ဝမ်းနည်းပက်လက် ဖြစ်ရသော်လေ့ သင်ခန်း စာယူကာ အားမွီးတတ်ဖို့ လိုပါသည်။ ယင်းကြောင့် ရခိုင်စာပီ ရီးသားရာ၌ မည်သို့ပင်ရီးရီး အောက်သားစာနန့် မတူကေပြီးဗျာဟုဆိုကာ ဦးတည်ရာမဟိဘဲ ရီးသားခြင်းကို ယှောင်သင့်ပါသည်။ ဤသို့ မဟုတ်ဆိုပါက အပါး၌ဟိသော ရခိုင်စာပီပန်းတိုင်သည် အဝီးဆုံးသို့ ရောက်လားနိုင်ပါသည်။ ရှီးဂန္ထဝင်ရခိုင်စာပီသည် အရီးအသားအမျိုးမျိုး ကွဲပြားခြင်း မဟိဘဲ တစ်မျိုးတည်းရာ ဟိခကြောင်းကိုလေ့ သတိချပ်ဖို့ လိုပါသည်။

ရခိုင်စာပီ တိုးတက်စီရန်အတွက် ရခိုင်လူမျိုးတိုင်း ရခိုင်ခြင်းနန့် ရီးသားဖို့ လိုအပ်တေပိုင် ယင်းရီးသားကတ်သော ရခိုင်အရီးသားများဇ အဓိကပန်းတိုင်ဖြစ်သော စံရခိုင်စာပီတရပ် ပေါ်ပေါက်ရေးမာလေ့ ပို၍ပို၍ အရေးကြီးပါသည်။ အဓိကအရေး ကြီးသောအချက်မာ စည်းရုံးရေးပင် ဖြစ်ပါသည်။ မည်သည့်သူက မည်သည်ပိုင် ရီးပတ်စီ ကိုယ်ကလေ့ ကိုယ်ရီး ချင်ပိုင်ရီးမေဟု သဘောထားခြင်းမာ ကောင်းသော လုပ်ရပ်မဟုတ်ပါ။ မျက်မှောက်ခေတ် ရခိုင်လူမျိုးရို့ဇ ရခိုင်စာပီရီးသားပုံ အရဆိုကေ နောက်မကြာခင်မာ ရခိုင်စာပီ အမျိုးအစားပေါင်း ထောင်နန့်ချီ၍ ဖြစ်လာနိုင်ပါသည်။ ဇာကြောင့်ဆိုသော် ဧနို့ရခိုင်လူမျိုးရို့သည် မိမိရို့ ပါးစက ပြောသောစကားလုံးဟူသရွှိကို ရခိုင်စကားဟု ခွင်းချက် မဟိယုံကြည်လာကတ်သောကြောင့်ဖြစ်သည်။ ယင်းယုံ ကြည်သောစကားကို စာအဖြစ်ချရီးသောအခါ ရခိုင်စာဟု ကင်းပွန်းတပ်လာကတ်ပါသည်။ ဤကား ရခိုင်စာပီ တိုးတက်ရေးဇ အနှောင့်အယှက် အတားအဆီးပင် ဖြစ်ပါသည်။

အမှန်မာ တစ်ခုတည်းသော ရခိုင်လူမျိုးအတွက် တစ်မျိုးတည်းသောစာပီ ပေါ်ပေါက်ရေးကရာ အဓိက လိုအပ်ပါသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ရခိုင်လူမျိုးတိုင်း မိမိရို့ ပြောဆိုသောစကားတိကို ရခိုင်စကားဟု မျက်စိစုံပိတ်ကာ မယုံကြည်ဘဲ မည်သို့မည်ပုံ ပြောဆိုရမည်ကို ဆင်ခြင်သုံးသပ်ဖို့လိုအပ်ပါသည်။ ဇာကြောင့်ဆိုသော် နီရာတိုင်းဒေသတိုင်း ရခိုင်တိုင်း ပါးစ၌ ဗမာဝေါဟာရတိ လွှမ်းမိုးထားသောကြောင့် ဖြစ်ပါသည်။ တချို့ဒေသများ၌ ဗမာဝေါဟာရ အများအပြားကို ယူငင်ပြောဆိုမှု တိဟိရေပိုင် တချို့ဒေသများတွင် ဗမာဝေါဟာရလွှမ်းမိုးမှု တစိတပွေလောက် ဟိပါသည်။ ဥပမာတစ်ခုပြရပါကေ 'ရခိုင်လို' မှ လိုသည် ဗမာအသုံးအနှုန်းဖြစ်၍ ရခိုင်လူမျိုးရို့ ခိုးယူသုံးစွဲထားခြင်း ဖြစ်ပါသည်။ ယင်းတက်စား 'ရခိုင်ပိုင်'ဟုပြောပါမှ ရခိုင်စကား ပီသပါမည်။ တချို့ဒေသများမှ ရခိုင်လူမျိုးတိ ပြောဆိုသော

ရခိုင်စကားများမာ ရခိုင်စကားအစင်ဖြစ်သော်လေ့ ဘုံရခိုင်စကား အဖြစ်သတ်မှတ်ရန်အတွက် စံချိန်စံနှုန်း မပြည့်ဝကြောင်း တွိရပါသည်။ ရွာ ကို ဝါ ဟုပြောခြင်းနန့် ပြောကို ပွားဟု ပြောခြင်းများသည် ဒေသိယရခိုင်စကားတိ ဖြစ်သော်လေ့ ဘုံရခိုင်စကား အဖြစ် ရခိုင်လူမျိုးရို့ လက်ခံနိုင်ကတ်ဖို့ မဟုတ်ပါ။ သို့သော်လေ့ ဤစကားများမာ အောက်သားစကားကို ခိုးယူပြောဆိုမှုတိနန့် စာပါက အဖိုးတန်သော ရခိုင်စကားများပင် ဖြစ်ပါသည်။

ရခိုင်စကားတိ မပျောက်ခင်မာ ရခိုင်စကားဇွ တန်ဖိုးကို သိဖို့လိုအပ်ပါသည်။ ဘာသာစကားနန့် စာပီ ပျောက်လားပါက လူမျိုးပျောက်လားခြင်းနန့် အတူတူပင် ဖြစ်ပါသည်။ ရီမဟိသောအရပ်၌ ရီဇွတန်ဖိုးကို သိရေပိုင် ဘာသာစကားပျောက်ဆုံးလားခါမှ ဘာသာစကားဇွတန်ဖိုးကို သိလာမည်ဆိုပါက ဖြီမပြီနိုင်သော နောင်တ တရားရာ အဖတ်တင်ပါမည်။ ဗမာစာပီကို ကိုယ့်စာပီအဖြစ်သုံးစွဲခြင်းထက် အမျိုးမျိုးကွဲပြားသော ရခိုင်အရီးအသားများကို သုံးစွဲခြင်းက ပိုကောင်းပါသည်။ ယင်းထက် တစ်ခုတည်းသော ဘုံရခိုင်စကားကို သုံးစွဲခြင်းက အလွန်တရာကောင်းပါသည်။ ရခိုင်ရိုးမ မဂ္ဂဇင်းမထုတ်ခင် ဆရာမောင်ဗသိန်းက ဆရာမောင်စံဖော်အား ရခိုင်ရိုးမမဂ္ဂဇင်းဇွ စာလုံးပေါင်း သတ်ပုံများကို ဆရာမောင်စံဖော်ဇွ မူအတိုင်းရီးကတ်ရန် အကြံပြုခဖူးပါသည်။ သို့သော်ဆရာ မောင်စံဖော်က သဘောထားကြီးစွာဖြင့် ကိုယ်ရီးချင်ပိုင် ရီးကတ်ပတ်စီ ရခိုင်အရီးအသားဖြစ်ကေကျီဗျာ၊ နောက်ခါ တဆတ်ဆတ်နန့် စာလုံးပေါင်းတူညီလာလိမေဆိုပြီး ရွတ်ပီးခသောကြောင့် ဇနို့ခေတ်တွင် စာလုံးပေါင်းသတ်ပုံ အမျိုးမျိုး ကွဲလာရပါသည်။ ယင်းအချိန်ကရာ ဆရာမောင်စံဖော်က သူ့မူအတိုင်းရီးသားရန် လက်ခံခပါက ဇေဂုအချိန်တွင် ရခိုင်စာပီအရီးအသား တည်မြဲကောင်းတည်မြဲနီပါမည်။

ဆရာမောင်စံဖော်အရီးအသားတွင် ဗမာအသုံးအနှုန်းလုံးဝ မပါလားဟု မီးခွန်းများထွက်လာနိုင်ပါသည်။ ဗမာစကားအသုံးအနှုန်းတိ ပါနိုင်သော်လေ့ ဘုံရခိုင်စာပီပေါ်ပေါက်ရေးအတွက် တစိတပွေလောက် အသုံးအနှုန်းကို မွီးစပ်သုံးစွဲသင့်က သုံးစွဲသင့်ပါသည်။ (မြောက်ဦးမြို့နယ်က ရွာတစ်ရွာမာ ကျောင်းထိုင်ဆရာတော်စွာ ဆွမ်းကိုဒုံနန့်ပို့ကေ မသုံးဆောင်ပါ။ ဆွမ်းအုပ်နန့်ပို့မှ သုံးဆောင်ပါရေ။ အစခါဆရာတော်ကို ဝေဖန်စွာတိ ဟိခကတ်ကေလေ့ ဇေဂုအချိန်မာ ယင်းရွာစွာ ဆရာတော် ဇွကျေးဇူးကြောင့် ရခိုင့်ယဉ်ကျေးမှုကို ထိန်းသိမ်းရေသမိုင်းဝင်ရွာ ဖြစ်လာပါရေ)။

တချို့အမြင်၌ ဘုံရခိုင်စာပီပေါ်ပေါက်ရေးသည် ရခိုင်အစိုးရနန့် သက်ဆိုင်သည်ဟုဆိုပါသည်။ ဤသို့ရှုမြင်ခြင်းမာ မှန်ကန်သော်လေ့ ရခိုင်အစိုးရပေါ်လာမည်ကို ထိုင်၍စောင့်နီလို့ကားမဖြစ်ပါ။ မည်သည့်လုပ်ငန်းမဆို အများနန့် သက်ဆိုင်ပါက စည်းရုံးမှုဟိဖို့ လိုအပ်ကြောင်းကိုလေ့ သတိချပ်သင့်ပါသည်။ ရခိုင်လူမျိုးအတွက် ရခိုင်စာပီရီးသားရာတွင် မိမိအတ္တများကို ထည့်သွင်းရီးသားပါက ယင်းရခိုင်စာပီသည် ရခိုင်လူမျိုးအတွက် အကျိုးမဖြစ်ဘဲ မိမိတစ်ယောက်တည်းကိုယ်ကျိုးအတွက် ဖြစ်လားပါမည်။ ရခိုင်စာပီ တိုးတက်ရေးအတွက်အထောက် အပံ့မဖြစ်ဘဲ အနှောင့်အယှက် ဖြစ်လားလျှင်ကား ပို၍ပင်ဆိုးရွားလားပါမည်။ လားယင်းနန့် ခရီးမရောက်ဘဲ ရခိုင်စာပီရီးယင်းနန့် အောက်သား စာပီပါးသို့ ပြန်၍ ရောက်လားနိုင်ပါသည်။

ရခိုင်တေးခြင်းတိပေါ်စက ရခိုင်အဆိုတော်များဇွ ရခိုင်စကား အသုံးအနှုန်းများမာ တစ်ယောက်နန့် တစ်ယောက် အနီးစပ်ဆုံး တူညီမှုကို ရခကတ်ပါသည်။ ဇာကြောင့်ဆိုသော် ဘုံရခိုင်စကားကို ဦးတည်၍ ကြိုးစားသီဆို ခကတ်သောကြောင့် ဖြစ်ပါသည်။ ရခိုင်ဘုရင်ရို့ ထီးနန်းစိုက်ခကတ်သော မြောက်ဦးမြို့နယ်မှ အဆိုတော်ကိုမြတ်ခိုင်ကျော်သည်ပင်ကား ရခိုင်စကားမပီလတ်မည်ကို ကြောက်၍ သူဇွသူ့အကြောင်း တေးခြင်းစာအုပ်၌ ရခိုင်စကားမပီပါက နားလည်ခွင့်ရွှတ်ဖို့ တောင်းပန်ဖူးပါသည်။ မြောက်ဦးသားတစ်ယောက်က ရခိုင်စကားမပီမည်ကို ကြောက်သည်မာ စဉ်းစားသင့်သော အချက်ပင်ဖြစ်ပါသည်။ တောင်ကုတ်မြို့နယ်သားများဖြစ်သော ကိုဝင်းကိုခိုင်နန့် ကိုစံမော်သိန်းရို့သည်လေ့ တေးခြင်းဆိုသောအခါ တောင်ကုတ်ရခိုင်လီသံနန့် မဆိုကတ်ပါ။ အဖြေက ယှင်းပါသည်။ ဘုံရခိုင်စကား၊ ဘုံရခိုင်စာ ပေါ်ပေါက်ရေးကို ဦးတည်ကတ်ခြင်းပင် ဖြစ်ပါသည်။ ကိုဇော်မင်းထွန်းနန့် မီးမြန်းခန်းတစ်ခု၌ ကိုဇော်မင်းထွန်းက သူတေးခြင်း မဆိုခြင်းမာ ရခိုင်စကားမပီသောကြောင့်ဟုဖြေထားပါသည်။ ဇေဂုသူ တေးခြင်းဆိုနီပါသည်။ ဇေဂုအချိန်တွင် ကိုဇော်မင်းထွန်းအနီနန့် ရခိုင်စကား ပီသည်မပီသည်ကို အတိအကျမသိရသော်လေ့ လက်ဟိရခိုင် အဆိုတော်များထဲတွင်ကား သူ့လောက် ရခိုင်စကားမပီသောသူတိမကန်ဟိပါသည်။

ဘုံရခိုင်စာပီ၊ ဘုံရခိုင်စကားပေါ်ပေါက်ရေးအတွက် ရခိုင်အဆိုတော်တိ၊ ရခိုင်ဗီဒီယိုလောကသားတိနန့် ရခိုင်စာပီသမားတိမာ အများကြီး တာဝန်ဟိပါသည်။ ရခိုင်စာပီပညာသင်ကျောင်းတိမဟိသို့သော ဇေဂုပိုင်အချိန်တွင် ယင်းတာဝန်သည် ထိုပုဂ္ဂိုလ်ရို့ဂေါင်းထက် ပခုံးထက်တွင်ဟိပါသည်။ ဇနို့ရခိုင်စာပီရီးသားနီသော အကျွန်သည်ပင် ရခိုင်စာပီအရီးအသားကို ရခိုင်တေးခြင်းစာအုပ်များမှ အစပြုသင်ယူခရပါသည်။ မှန်ကန်သော ရခိုင်စာပီတိကို ဖတ်လာရသောအချိန်တွင်ကား ရခိုင်တေးခြင်းစာအုပ်များဇွ ရခိုင်ဘာသာစကား မှားယွင်းမှုများကို သိလာရပါသည်။ ယင်းကြောင့် ရခိုင်စာပီအနုပညာသျှင်များသည် ရခိုင်စာသင်ပြသူဆရာများ အဖြစ်သို့ အလိုအလျာက် ရောက်ဟိ နီကတ်ပါသည်။

မျက်မှောက်ခေတ်တွင် ရခိုင်လူမျိုးတချို့ဇွလက်ကမြင်းပါးစ ကမြင်းကတ်မှုများသည် ရခိုင်ဘာသာစကား အနာဂတ်အတွက်ကြီးမားသော ခြိမ်းခြောက်မှုကြီး ဖြစ်ပါသည်။ ဘာသာစကားစိမ့်ဝင်မှုသည် ပါးစနန့်လက်ကမြင်းကတ်ခြင်းက စတင်ပါသည်။ လက်ဟိကာလ ရခိုင်လူမျိုးရို့ အသုံးများလာရေ နိရဥ္စရာကို နရိန်စရာ ဟုဖတ်ခြင်း၊ ဂီတပဥ္စကို ဂီတပျိန်စဟု ဖတ်ခြင်းများကို ဆင်ခြင်သုံးသပ်ဖို့ လိုပါသည်။ စွာ ကို စော် ဟုဖတ်ခြင်း ရီးခြင်းကိုလေ့ အမှားအမှန်စီးစစ်ဖို့ လိုအပ်ပါသည်။

ဇာမဟုတ်သော မျိုးခြားဘာသာစကားတိ ကိုတောင်မှ မပီပီအောင် ကြိုးစားသင်ယူနီကတ်ရရေခေတ်မာ ရခိုင်စကားပီသရန်အတွက် အတ္တကင်းရေ အမျိုးချစ်ခြင်းကရာ အဓိကကျပါသည်။ ခက်သည်ကား မဟုတ်ပါ။ ခက်သည်ဆိုကေလေ့ မျိုးခြားဘာသာစကားများလောက်ကား ခက်မည်မဟုတ်ပါ။ ရခိုင်ဘာသာစကား တိုးတက်ရှင်သန်စီရန်အတွက် ရခိုင်အဆိုတော်၊ ရခိုင်ဗီဒီယိုသရုပ်ဆောင်၊ ရခိုင်မဂ္ဂဇိန်း၊ ဂျာနယ်၊ ရခိုင်သတင်းစာနန့် ရခိုင်သတင်းဌာနရို့သည် ရခိုင်ဘာသာစကားကို တွင်ကျယ်စွာအသုံးပြုဖို့ လိုအပ်ပါသည်။

နိဂုံးအနီနန့် ရခိုင်လူမျိုးရို့ ပါးစတိသည် ရခိုင်စကားအစစ်အမှန်ကိုပြောကာ ရခိုင်လူမျိုးရို့ လက်တိသည်လေ့ ရခိုင်စကားအစစ်အမှန်ကို အဓိကထား ရီးသားခြင်းဖြင့် အတ္တကင်းသော အမျိုးချစ်ခြင်းကို ဖော်ပြနိုင်ကတ်ပါစီလို့ ဆုတောင်းလိုက်ပါသည်။

**အဥ္စနမောင်**

မဂ္ဂဇိန်းအယ်ဒီတာ တစ်ယောက်ဇ့ လုပ်ငန်းတာဝန်ကား အလွန်ပင် လီးလံခက်ခဲရေလို့ ဆိုချင်ပါရေ။ တစ်ဖက်က စာပီအရပ်ရပ်ကို နံ့စပ်သိဟိနီဖို့ လိုပြီးကေ တစ်ဖက်ကကျခါလေ ့ 'လူ' ကို မကြည့်ဘဲ 'မူ' ကို ကြည့်ပနာ ရွီးချယ်နိုင်ဖို့လိုပါရေ။ ဆိုရေခါ အယ်ဒီတာစွာ မဂ္ဂဇိန်းတစ်စောင် အရည်အသွီး မြင့်မားဖို့ တာဝန်နန့် စာပီအယ်ဒီတာတစ်ယောက်ဇ့ ထိန်းသိမ်းရဖို့ သစ္စာ၊ သမာဓိရို့က တစ်ဖက်၊ ခင်မင်မှု၊ အားနာမှု၊ ငဲ့ညှာမှုရို့က တစ်ဖက်နန့်ကြားမာကကောင်းကြီး ဂေါင်းခြောက်ရပါရေ။

ဇာပင်ဖြစ်ဖြစ် အကျွန်ရို့ ရက္ခဝံလက်အယ်ဒီတာအဖွဲ့ကား ခင်မင်မှု၊ အားနာမှု၊ ငဲ့ညှာမှုရို့ကို မျက်နှာစကေလွှဲလို့ စာပီမဂ္ဂဇိန်းတစ်စောင် အရည်အသွီး မြင့်မားရေးကိုရာ ရှိရှု ဦးစားပီးလိုက်ပါရေ။ ရှိဆက်လို့လေ့ 'လူ' ကိုမကြည့်ဘဲ 'မူ' ကိုကြည့်ပနာ ဆက်လားပါဖို့။ ယင်းအတွက်နန့် ရွီးချယ်ရာမာ မပါခရေ စာမူသျှင်တိ အနီနန့်လေ့ ရခိုင်စာပီတိုးတက်ရေးနန့် မဂ္ဂဇိန်း အရည်အသွီး မြင့်မားရေးကိုရာ အဓိကထား လုံးပမ်းနီရရေ အကျွန်ရို့ကို အပြစ်မမြင်ဘဲ စာနာနားလည်ပီးနိုင်ကတ်ပါစီလို့ ဦးစွာဆန္ဒပြု လိုက်ပါရေ။

<u>ကဗျာ</u>

(၁)တစ်ယောက်မကျန် ထတော်လှန်မှ...
ကိုမောင် မောင်ကျား (ကစ္ဆပနဒီလက်ယာကမ်း)
ဂန္ထဝင်လား မော်ဒန်လား မကွဲပြားပါ။ အကြောင်းအရာသျှေကတော့ခါ မဆိုးပါ။ ကဗျာတိအများကြီး ဖတ်ပါလို့ တိုက်တွန်း လိုက်ပါရေ။

(၂)တစ်နပ်စာ.....ခိုင်မြတ်(စစ်တွေ)
ရခိုင်စကားနန့်တစ်ထပ်စာလို့ရာပြောပါရေ။ ရုံးကလူတိ တစ်ထပ်စာရကေ ကျုံးဗျာပြီးလားရေ အကြောင်းအရာသျှေကို သဘောကျပါရေ။ ယေကေလေ့

မရှိ ချယ်ဖြစ်တေ စာမူတိအတွက်

ပြန်ကြားချက်

ပထမပိုဒ်နန့် ဒုတိယပိုဒ်ရို့ ဖွဲ့နွဲ့ပုံတူကေလေ့ တတိယပိုဒ် ဖွဲ့နွဲ့ပုံကား ကဗျာဟန်ပျောက်လားပါရေ။

(၃)ခေတ်တစ်ခုမှာရာ.......မေယုမြစ်နားကလူ
ခေတ်ပေါ်ကဗျာအဖွဲ့မျိုးပါ။ ယေကေလေ့ လေးလုံးစပ်ပိုင် ကာရန်တိလေ့ ယူထားရေအတွက် ချန်ခပါရေ။

(၄)နိုးထလာချိန်မာ.....မေယုမြစ်နားကလူ
ဘုရားပုထိုး သိန်းသန်းချီသော မြို့မြောက်ဦး၌ ရွှီရောင်ဝင်းလက်သော စာတီပုထိုးမြင်ရနိုးနိုး ...လို့ အစချီပနာ တစ်ပုဒ်လုံးစွာ စကားပြေအရီးအသား ဖြစ်နီပါရေ။

(၅)အို..အဘာကယ်ကတ်ပါ......ခိုင်ရှုဝံ (လေးဝတီသား)
စာပုဒ်တစ်ပုဒ်ကို အတိုချုံ့ထားရေ မှတ်စုနန့် တူပါရေ။ မော်ဒန် ကဗျာတစ်ပုဒ်ဇ့ အဓိကကြောရိုးဖြစ်တေ အသံစီးဆင်းမှု အားနည်းပါရေ။

(၆)ရွက်ဝါကြွီ အိမ်အလွမ်း.....ခိုင်စိုးမြင့်(ဝရာဇ်မြီ)
ဖွဲ့နွဲ့တင်ပြပုံ လိုပါသီ့ရေ။

(၇)ရက္ခိုင်ပြည်ကြီးက.....မြောက်ဦးသား(ထွက်စနီ)
ရိုးလွန်းပါရေ။

(၈)ငါရို့ပြည်....မြောက်ဦးသား(ထွက်စနီ)
အကြောင်းအရာ အဖန်ဖန်ထပ်နီပါရေ။

(၉)ရခိုင်သမသျှေဖတ်ဖို့ ရီးရေကဗျာ..မြောက်ဦးသား(ထွက်စနီ)
ရခိုင်သမသျှေတစ်ယောက် မလေးသျှားမာ လူမျိုးခြားတိနန့် ကားရီကားရားဖြစ်နီရေ အကြောင်းအရာဖြစ်ကေလေ့ ယင်းကောင်မသျှေ ဇာအမှားလုပ်စွာလေဆိုရေ အဓိက အချက်မပါပါ။

(၁၀)တိုက်ပွဲခေါ်သံကြားကေ ရခိုင်အောင်လံ ရွှင့်ထူကတ်မေ .....ခိုင်သီဟရာဇာ
ကဗျာနန့်မတူဘဲ တေးခြင်းနန့် တူပါရေ။

(၁၁)အလွမ်းမပြေ ရခိုင်ရွှီမြီ.....ခိုင်သီဟရာဇာ
ရိုးရိုးအကြောင်းအရာကို ရိုးရိုးစကားလုံးတိနန့် ရရိုးသျှေဖွဲ့ထားရေအတွက် ဖတ်ရစွာ ကဗျာမဆန်ပါ။ အားမရပါ။

<u>ဆောင်းပါး</u>

(၁)ရခိုင်လူမျိုးတိအားလုံး အမျိုးစောင့်တရားကို ထားကတ်ပါ .....မျိုးချစ်(ပန်းမြောင်း)
စာကတိုပြီးကေ အကြောင်းအရာ ကျစ်လစ်မှုမဟိပါ။ လိုရင်းကို မရောက်ပါ။

(၂)အမင်ကို အောက်မိရေ....မြောက်ဦးသား(ထွက်စနီ)
စာဖတ်ပရိသတ်ကို ပီးချင်စွာ (message) က သားချော့တေး(ရိုးရာသာခြင်း)လား၊ ရခိုင်သမရို့ဇ့ ရိုင်းပျက်တေ ဝတ်စားဆင်ပျင်မှုလား၊ သုံးပွင့်၊ နှစ်ပွင့်စစ်မိုလ်တိကို ဝယ်နီကတ်တေ

မျိုးဖျက်ရခိုင်သမရှိ့ အကြောင်းလား။ လား...လား။

(၃)ရခိုင်သားရို့ပါးဒို့အိတ်ဖွင့်ပီးစာ..ကျော်ထွန်းဖဲ(ပေါက်တော)

စာရီးသူဇွ ရင်ထဲကစေတနာတိကို ကြောင်း, လို့ မြင်ရပါရေ။ ယကေလေ့ စာမဆန်ပါ။

(၄)မျှော်လင့်ခြင်းနန့်အသက်ရှင်ခြင်း..........ခိုင်မင်းဇော် (ညေဝတီရာမောင်)

မျှော်လင့်**ခြင်း**နန့် အသက်ရှင်ခြင်းလား၊ မျှော်လင့်**ချက်**နန့် အသက်ရှင်ခြင်းလား။ မျိုးချစ်စိတ်ဟိစွာကို တွိရရေအတွက် လေးစားပါရေ။ ရှိဆက်ရီးသားဖို့ တိုက်တွန်းပါရေ။

(၅)ဂနို့ ရခိုင်ပြည်သူနန့် ဂေါင်းဆောင်တိဇွ ရုပ်လုံးများ ......ခိုင်ရှုဝံ(လေးဝတီသား)

စာတစ်ပိုဒ်လုံး အကြောင်းအရာနန့် နှိုင်းယှဉ်ပြမှုတိ အံဝင်ဂွင်ကျမဖြစ်စွာတိ၊ ကိုယ်လိုရာ ဆွဲထားရေအရီးအသားမျိုးတိကိုတွိရပါရေ။ ဥပမာ....အိန္ဒိယမာ ဇာတ်နိမ့်၊ ဇာတ်မြင့် ပပျောက် လားဗျာ၊ ချင်းမာ အမျိုးပေါင်း (၄၃) မျိုးလောက်ဟိကေလေ့ ရုံးကျခါ တစ်ရုံးတည်းရာ ဟိရေဆိုစွာမျိုးပါ။ ဇာပင်ဖြစ်ဖြစ် စာရီးသူဇွ မျိုးချစ်အသိနန့်သတိရို့ကို လေးစားပါရေ။ ရှိဆက်လို့ ခိုင်ရှုဝံဇွစာမူတိကို ရက္ခဝံလက် အမှတ်(၄)က စောင့်နီပါမေလို့ ပြောလိုက်ပါရစီ။

(၆)မဟာမုနိရုပ်ပွားတော်နန့်ပတ်သတ်၍ ရာဇဝင်ဆရာများထွက်ဆိုချက်....ကိုမောင်မောင်ကျား(ကျောက်တော်)

(၇)ရခိုင်မဟာမြတ်မုနိဘုရားကြီးသမိုင်း...ကိုမောင်မောင်ကျား(ကျောက်တော်)

စာရီးသူဇွ စေတနာ၊ ဝါသနာရို့ကို အလွန်ပင် လေးစားကြောင်း အလီးအနက်ပြောချင်ပါရေ။ ပုဒ်ပြတ်ကို ကူးချထားစွာပါ။ စာရီးသူကား ကိုးကားချက်လို့ ဖော်ပြထားပါရေ။ အလွန်အမင်း အားနာစွာနန့်ပင် ချန်ထားခရပါရေ။

**<u>ဟာသ</u>**

(၁)အားနာလို့......ဂြစ်စိ(တောသူမ).....

ကျွန်းသမလို့ သုံးနှုန်းစွာ သင့်တော်ပါဖို့။ မရယ်ရပါ။

(၂)(.......)........ခိုင်ရှုဝံ(လေးဝတီသား)

ဂေါင်းစဉ်လေ့မပါ၊ ဟာသလေ့ မဆန်ပါ။

(၃)အဖိုးကြီးရှာနီရေ ဂနော်ရီးယား.........နီမင်း(လက်ယာကစ္ဆပနီပူခံ)

ရယ်စရာလေ့မကောင်း ရိုင်းလေ့ ရိုင်းပါရေ။ ဟာသဆိုစွာ ရယ်ကေလေ့ အလှပရယ်ရ ဟာသမြောက်နီမှ မဟုတ်ကေ ရယ်စရာနောက်က မောစရာသျှေတစ်ခု ပါနီဖို့လိုပါရေ။ သင်ခန်းစာမဟုတ်ကေ ပညာပီးတခုခု ဖြစ်နီကေပိုကောင်းပါရေ။

(၄)မိုက်လုပွဲ......မေယုမြစ်ကမ်းနားကလူ

စာအရီးအသား ဟာသမဆန်ပါ။ အားခမ္ဘ ကလိတိုက်စွာနန့်ရာတူပါရေ။

(၅)မှိုဆိုစွာ ထီးလား......သာလီစွ(ယိုးမြီ)

အကြောင်းအရာက ရယ်ဖို့ကောင်းပါရေ။ အရီးအသားက မရယ်ရပါ။

(၆)မြို့ကိုတစ်ခေါက်.....သာလီစွ(ယိုးမြီ)

ဟာသအရီးအသား လိုပါသို့ရေ။

**<u>အကြံ့ပီးစာ</u>**

(၁)သို့ / ရက္ခဝံလက် ရခိုင်စာပီဖြစ်မြောက်ရေးအသင်း ........ခိုင်မြတ်(စစ်တွေ)

အကြံ့ပီးစာနန့်မဆိုင်ရေ အပိုစာသားသျှေတိ တစိတပွေပါနီပါရေ။ ဇာပင်ဖြစ်ဖြစ် အမျိုးချစ်တေ လူတစ်ယောက်ကို တွိရလို့ဝမ်းသာပါရေ။ ရက္ခဝံလက်ကို အားပီးစွာ၊ မျှော်လင့်ချက် ဟိစွာတိကို မြင်ရလို့ ကျေးဇူးတင်ပါရေ။

ဒေကဏ္ဍာကို ထည့်သင့်၊ မထည့်သင့်ဆိုစွာ ကကောင်းစဉ်းစားခပါရေ။ စိတ်ခုပနာ စာမူအားပီးရီးသားမှုတိ ပြတ်တောက်လားမေ တွက်ပါရေ။ ရက္ခဝံလက် စာတည်းအဖွဲ့ဇွ သဘောကား စာမူတိမာ လိုအပ်တေ တချို့အချက်အလက်ကို စာမူသျှင်ရို့ သိမြင်ကတ်ပြီး ဒေထက်ကောင်းမွန်ရေ ရခိုင်အကျိုးပြုစာပီ (တိုင်းပြုပြည်ပြု ရခိုင်စာပီ) တိဖန်တီးနိုင်ကတ်စီဖို့၊ မအားလပ်တေကြား၊ နီရာဌာန နီရာမကျရေကြားထဲတိက မျိုးချစ်အရင်းခံနန့်အချိန်ပီးပနာ ရီးသားပီးပို့ကတ်တေစာမူတိကို ရက္ခဝံလက်စာတည်း အဖွဲ့က လက်ခံရဟိပါကြောင်း၊လေးလေးစားစား ဖတ်ရှုအကဲဖြတ်ခပါကြောင်းကို မျိုးချစ်ပြည်ချစ်ဖြစ်တေ ရခိုင်စာရီးသူရို့ သိနိုင်ကတ်စီဖို့ အစဟိရေဆန္ဒတိနန့်...။

**စာတည်းအဖွဲ့**

**ရက္ခဝံလက် ရခိုင်အမျိုးသားမဂ္ဂဇိန်း**

ရခိုင်အရီးအသားနန့် ရီးရေစာမဟိကေ
ရခိုင်အရီးအသားနန့် ရခိုင်စာပီရို့ဖြစ်ပေါ်
တိုးတက်ဖို့ဆိုစွာ မဖြစ်နိုင်။

ဂူဖေဆန်



# ကတ္တိပါလမ်းခွဲ

# ရင်ဦးသည်း

ကျော်ဧး

နှင်းစအိအိရို့ဇ္ဇ အီးမြမှုနန့် သစ် ရိပ်၊ ဝါးရိပ်ရို့ဇ္ဇ တိန်းဆိတ်မှုကို ဒေါသတကြီးဆန့်ကျင် ဖြိုခွင်းနီစွာကေ အဝီးပြီးကားတစ်စီး။ တောင်စောက်တေ နီရာတိမာပိုလို့ မာနကြီးပြီးကေ ချိတ်တက်နီရရေပိုင်။ အိပ်ဇောပိုက်က ဒေါသတိကို ဖြူးဖြူးမှုတ်ထုတ်လို့။ ဒေါသမောင်ဆောင်လာရေ လူတစ်ယောက်ကား ပကတိတည်ငြိမ်အီး ချမ်းပနာ။ မျက်နှာကစွက်နီရေ။ ဇရာ အရီးအကြောင်းရို့ ကင်းယှင်းပနာ။ အသားဖြူဖြူဖွေးဖွေးကြီး မဟုတ်ကေလေ့ သူ့ဥပဓိရုပ်နန့် လိုက်ဖက်တေ အသားအရောင်မျိုး။ မျက်ခုံးမွှီးတိ မည်းနက်ထူပိန်းမှုကသူ့ကိုပိုလို့ ခန့်စီရေ။ သူရေပြတင်းပေါက်က ပျောပနာ အပြင်ရှုခင်းတိကို မျက်စိမနိုတ် တမ်းငေးမောနီလီယင့်။

“အဝေး…ခိုင်မြင့်မြတ်….မင်းကား စီးစွာ ဂေါင်းသျှေယသျှေ မညီးလား”

‘ဂေါင်းညီးဖို့ ပြောရေ သူငယ်ချင်း၊ ဒေမြင်ကွင်းတိကို ကြည့်ရှုခံစားချင်လို့ စောင့်စွာစောင့်စွာ ခုနစ်နှစ် ကြာလားရေ’

“ယင်းမာ မခြီလားဝေ…”

‘ချပိုးက ချပက်ကိုရာ လွမ်းရေဝေ’

“တတိယနိုင်ငံကိုကား လားဖို့ စိတ်မကူးခလား”

‘အယင့်ခါတော့လားဖို့ စိတ်ကူးခရေ၊ယကေလေ့ နောက်ပိုင်းမာ မလားယာလို့ဆုံးဖြတ်လိုက်တေ’

“ဇာဖြစ်လို့လေးချင့်”

‘ရခိုင်သားတိက ပြောကတ်တေ သူငယ်ချင်း၊ အစိုးရအဖိအနှိပ်ကိုစိတ်နာလို့ စစ်ဘီလူးအရိပ်တိနန့်ဝီးရာ အနောက်မာနီလီကတ်ဖို့ဗျာလတ်’

“အဝေးမြင့်မြတ်…မင်းကို ပီးစရာ တစ်ခုဟိရေ”

‘ဇာပီးဖို့စွာလေဂု’

“ယား…ဒေမာဒေကား”

အပြာရောင် ကတ္တီပါစနန့် ဖုံးအုပ်ထားရေအရာတစ်ခု။ ကတ္တီပါ စကိုဖြီလိုက်တေခါ အပြာရောင်ဒိုင်ယာရီစာအုပ် တစ်အုပ်ထွက်ကျလာရေ။ စာအုပ်ထက်မာ ရီးထားစွာက–

“ကစ္ဆပရင်ခုန်သံ”

စာအုပ်ထက်ကသင်းပြန့်နီရေ ရီမွှီးနံ့နန့် လက်ရီးလက်သားကိုမြင်လိုက်စွာနန့် မြင့်မြတ်ရင်ထဲမာ ရထားဆယ်စင်း ဖြတ်မောင်းလားခရေပိုင်။ ခုနစ်နှစ်ကျော် ရပ်နား သော့ခပ်ထားခရေစက်။ ဇဂု တုန်ခါမှုတိပြင်းပနာ ဟန်ချက်မညီလီဗျာ။ အာရုံတိကားထိုအယင် အတိတ်ရင်ခွင်ဒို့လှိုင်း လုံးသျှေတိပိုင် တလိပ်လိပ် တလိပ်လိပ်….။

မိုးရိပ်တိ တက်လာလိုက်၊ ရွှင့်ပြယ်လိုက်။ လီကြမ်းကြမ်းရို့က နွှီကို တွန်းလှန် ဖယ်ထုတ်နီကတ်တေ။ လီကြမ်းရို့ ကစပ်စွာကမခံသာစရာ။ သရက်သီးတိ၊ သပြီသီးတိ အားနုံးကြွီရရေ။ အသျှေတိက အသီးတိကို ကောက်ပနာ ပျော်ရွှင်နီကတ်ယင့်။ ရာသီတစ်ဆစ်ချိုး စနန့် မြင့်မြတ် ဘဝ တစ်ဆစ်ချိုးဖို့ အစရို့ထပ်တူကျနီရေ။ ပုံနှိပ်စာအုပ်တိ၊ စာရီးကရိယာတိ၊ ကျောင်းစိမ်းဒယောတိ သူတစ်ထည် ကိုယ်တစ်ထည် လာပီးကတ်လို့ ဝယ်ရရေအရာမဟိ။ အဖိုးသျှင်ပါးက အင်္ကျီဖြူ အရီးသျှေ ပါးကမီးကျောင်း စက်သီး တစ်စီး။ အသျှေကပင် ကျောင်းတတူ တက်လာရေသူငယ်ချင်း ခိုင်သဇင်ပါးက လွယ်အိတ်တစ်လုံး။

သူ့စက်ခြုပ်ပညာနန့် ရခိုင်ဆိုပြီးသင့်ကေရီးထားသို့ရေ။ ပဌမ တန်းကပင် မဖြေခဘဲ ကျောင်းထွက်ပြီးကေ စက်ဆရာမလုပ်နီယင့်။ ကျောင်းတက်ဖို့ရက်တိကို ဝမ်းသာ အားရမျှော်လင့်မိရေ။ ဒသမတန်း တက်ရေနို့။ ပြောရဖို့ဆိုကေ ရင်ခုန်သံ သျှေနိုးထရေနို့။

အဝတ်ကို ကြွလို့ဝတ်ပနာ မီးကျောင်းစက်သီးကို စီးပြီးကေ ကျောင်းဒို့ ထွက်လာလတ်တေ။ မရောက်တရောက် သင့်လောက်တပိုင်းကပင် အယင်ရောက် ချင်ဇောနန့် လှမ်းကြည့်မိရေ။ ကျောင်းထဲမာ လေး၊ ငါး၊ ခြောက်ယောက်ရာ မြင်ရယင့်။ ကျောင်းသန့်ယှင်းရေးကို ညကပင် လာပနာ လုပ်ထားကတ်ပြီးယာ ဖြစ်လို့ ကျောင်းဝန်းတစ်ခုလုံး သန့်ယှင်းနီရေ။ ဆရာ၊ ဆရာမရို့ အခန်းမာ သောက်ရီဟိလား ကြည့်ဇောင်လားမိရေ။ ကျောင်းအုပ်အခန်းရှိက ဖြတ်အလားမာ …

‘အဝေးမြင့်မြတ်.. ချက်လာအုံး၊ ဒေမာ မင်းရို့အခန်းမာကျရေ ကျောင်းသူတစ်ယောက်ကား’

‘ဆရာ ဒါကတော့သမီးလေး နေရမဲ့ အခန်းယှဲ့ အတန်းဂေါင်းဆောင်ပဲ’

‘အကျွန့်နာမည် ခိုင်မြင့်မြတ်လို့ ခေါ်ပါရေအခင်….အဲ..ဦးလေး’

‘အေးကွယ် သမီးကအဖော်မယှိ လို့ အားငယ်နေတာ၊ သမီးလေးကို ညီမလေးတစ်ယောက်လို သဘောထားပြီး စောင့်ယှောက်ပါကွယ်၊ ဦးတို့က ဒီနှစ်မှ ရခိုင်ကိုပြောင်းလာတာလေ၊ ဦးလူပျိုဘဝ တုန်းကလဲ ဒီကျောက်တော်မှာပဲ တာဝန်ကျဖူးတယ်’

‘သမီး..သမီးအကိုကို မိတ်ဆက်လိုက်ဦးလေ’

‘ဟုတ်ကဲ့အကို သမီးနာမည် မာမာချိုလို့ ခေါ်ပါတယ်ယှိင့်’

သနပ်ခါးပပါးသျှေကို တပင်တည်း နိမ်းခြယ်ထားတတ်သူ။ အသားအရီတိ နုဖတ်ဝင်းအိလို့ သွီးကြောစိမ်းသျှေတိ ဖောက်ထွင်းမြင်ရသူ။ ပိုးဝါရှိမင်းသမီးတောင် အပိုမဆို စိတ်အားငယ်လားအောင် ယဉ်ကျေးမှုအရာ၊ အလှအရာမာ သာဝုန်တင့်တယ်သူ။ လူတိမကြားဖူးရေ ကရဝိ အသံဆိုစွာ ချိုဇ္ဇ နှုတ်ဟာစကားသံ တိကို ပြောစွာထင်ယင့်။ ဆံပင်စင်းစင်း ရှည်သင်းသင်းကလေ့ မဟူရာနက်မှောင် ဝင်းလက် ပြောင်ယှင်းပနာ။ စိုပြည်နခွမ်း လှစခန်းလေ့ ချစ်စရာ ရှန်းတောက် ရင်ဖို လောက်ယင့်။ မမို့မမောက် ပါးပြင် ထက်မာ အနမ်းပန်းတိ ဝီကောင်းထမန်း။ နှာတံစင်းစင်း အချိုးကျစွာကလေ့ သူ့အလှကို ပံ့ပိုးထားရေ။ သူက အကျွန့် နှလုံးသားကို လာလာခေါက်နီပါဗျာ။ အတွေးစကို ဖြတ်ပနာ ဒိုင်ယာရီ စာအုပ်ကိုလှန်လိုက်တေ။

<u>မောင်ကြီး</u>

ဆယ်တန်းတက်ဖို့ ကျောင်းအပ်တေခါ မောင်ကြီးနန့် စတင်သိကျွမ်းခပါရေ။ ဆွဲဆောင်မှုဟိရေ အသားအရောင်၊ ဒေါင်ကောင်း ကောင်းနန့် ဥပဓိရုပ်က ခန့်လွန်းရေခါ အကျွန်ရင်မာ တစ်သက်လုံး မမို့နိုင်ပါဗျာ။ ပျိုစင်ရွယ်မြူး ချို့ရင်ခွင်ဦးမာ အဦးဆုံး ဝင်ရောက် နီရာယူလိုက်သူစွာ မောင်ကြီးရာဖြစ်ပါရေ။ တစ်နို့ထက် တစ်နို့ အချစ်ဒီဂရီ တိုးမြင့်လာလို့ အချစ်ဇ္ဇစီရာအတိုင်း မောင်ကြီး အချစ်ကို အရှုံးအမူး ခံစားချင်ပနာမောင်ကြီးနန့် နီးစပ်အောင် ကြိုးစားခပါရေ။ မောင်ကြီး နားဒို့ ချည်းကပ်ဖို့ ကြိုးစားပြန်ကေလေ့ ရှိမတိုးသာအောင် ဟန့်တားနီပါရေ။ ချိုလေသိုသိပ်အားးနန့် မျိုသိပ်လို့ ဖြေသိမ့်နီရပါရေ။ ချိုလေ ဣန္ဒြေစည်းမျဉ်းတိကို ဖောက်ထွက်ပြီးကေ မောင်ကြီး ရင်ခွင်မာ ခိုနားချင်စွာ မပြောပါကေ့ဖိ။

အကျွန်နန့် မောင်ကြီးနန့် နီးစပ်အောင်ကြိုးစားလီ မောင်ကြီးနန့် ဝီးလီဆိုပိုင်ဖြစ်လာစွာက လောကခံလားချင့်မောင်ကြီး။ အမှန်ဆိုကေ အကျွန့်ဏ္ဍန္ဓေကမောင်ကြီး ဏ္ဍန္ဓေကြီးစွာကို လိုက်လို့မမှီပါသို့မောင်ကြီး။ တစ်ခါတရီ လားယင်းလာယင်း စကားပြောခွင့်သျှေရကေတောင် နရာက မကျပြန်။

မောင်ကြီးပြောရေ ရခိုင်စကားကို အကျွန်ကားနားမလည်နိုင်ပါ။ ဟုတ်ပါ ရေ....အကျွန့်ကို စိတ်ချမ်းသာအောင်ဆက်ဆံခ၊ လိုက်လျောခကေလေ့ ချို့နန့်စကား ပြောတိုင်း မောင်ကြီးကားဗမာစကားကို မပြောပါလေ။

ဇာပိုင်ပင်ဖြစ်စီ အကျွန့်ကို ကြင်ကြင်နာနာနန့် ဆက်ဆံပီးစွာကိုပင် ကြည်နူးလို့ မဆုံးပါဗျာ။ မောင်ကြီးဇွ စကားလုံးတိထဲက အကြင်နာအငွဲ့အသက်သျှေတိ ပိုပြီးကေနားလည်ခံစားလို့ရအောင် ဇာပိုင်လုပ်ရဖို့ လေးချင့်။ စာဖတ်ချိန်မာရခိုင်စာ၊ ရခိုင်စကားကို လေ့လာဖို့ဆယ့်ငါးမိနိပိုထည့်လိုက်တေ။ ရခိုင်စကားမပီကလာ သင်ပြီးကေ ကျောင်းခန်းထဲမာ ပြောရေခါ အသံမပီလို့ထင်ပါရေ၊ သူငယ်ချင်းတိ ရယ်ကတ်တေ။ မောင်ကြီးကို မဟုတ်တကွန်သျှေလှမ်းကြည့်လိုက်တေခါ–

အိုး...... ပျော်ဖို့ကောင်းလိုက်စွာ မောင်ကြီး ပြုံးနီရေထော။

....ပညာတတ် ရခိုင်သား ဟိုပြီး သား■ိုကေလေ့ မျိုးချစ်စိတ်ပြင်း ■န်ပြီးကေ အညမည စုရုံး မနီ■ိုင်တတ် ဖြစ်နီရေ၊ ရှိကနီ တိုက်မေ ခိုက်မေ ■ိုပနာ မိုက်ရှူးရဲ■န်နီရေ ရခိုင်သားလေ့ ဟိုပြီးသား၊ မိုက်ရှူးရဲ ■န်စွာ မဖြစ်ရအောင်နန့် ပညာတတ်တိကိုလေ့ စုစည်းနိုင်အောင် ပညာဟိက ပွဲကိုင်ပီးနိုင်ကေ ပွဲက ပြီးယာ၊ ဇဂုခေတ် ပညာတတ် အများစုရေ ရုပ်သီးပိုင် ဖြစ်နီပြီးကေ...

မုန့်စားချိန်ဆိုမောင်ကြီး ပျောက်ပျောက်လားခရေ။ မောင်ကြီး ပြန်အလာကိုစောင့်ရစွာ ရင်ညှောင်းလှပါရေ။ ဆုံတွိတိုင်းမာ နွီးနွီးထွီးထွီးဆက်ဆံမှုကြောင့်ရာ ချို့အသက်ဆက် နီရစွာဆိုကေ ပိုလီဖို့မထင်ပါကေ့။ 'အကို' မခေါ်ကေ့ ဆိုလို့ လေ့လာလိုက်စွာ မောင်ကြီးဆိုရေဝေါဟာရကို တွိရယင့်။

ရခိုင်လူမျိုးမာ မမသျှေတစ်ယောက်ကယောက်ျားသျှေ တစ်ယောက်ကို အကိုခေါ်ကေ ဇာအဓိပ္ပါယ်သက်ရောက်လေးလို့ မီးကြည့်ရေအခါက အိုး..မောင်ကြီးလေ မျက် နှာတိရဲလားခရေ။ ရှက်သွီးဖြာနီရေ မောင်ကြီးမျက်နှာသျှေကို မြင်နီတုန်းပါသို့။

ချို့အိမ်ကို မောင်ကြီးရောက်တေ တစ်ခါမာ အကျွန်ကပိုးဝါဝတ္ထုပြောဖို့ တောင်းဆိုဖူးရေ။ မောင်ကြီးလေ ပိုးဝါဝတ္ထုကို စိတ်ရှည်လက်ရှည်နန့် ပြောခရေ။ အကျွန်စွာ ကြည်နူးလွန်းလို့ နီမကောင်း ဖြစ်နီစွာတောင် ပျောက်လားခရေ။ ယကေလေ့ ဝတ္ထုထဲမာ ထူးခြားချက် တစ်ခုပါနီရေ။ ပိုးဝါစွာလတ် အောက်ဆင်ထဘီကို ခြီမျက်စိဖုံးအောင်ဝတ်တေလတ်။ အကျွန်လေ ယင်းနို့ကစလို့ ဂနို့တိုင်ထိ ခြီမျက်စိဖုံးအောင် ဝတ်ဆင်ခပါရေ။

ဒိုင်ယာရီ စာအုပ်ထဲမာ မျိုးနီစွာ ဇာလောက်ကြာခလေ သတိမထားမိလိုက်။ တစ်စုံတစ်ဦးက လှူပ်ခါလိုက်မှ အာရုံတိ ရွှင့်ထွက်လားခရရေ။

"အဝေး....မြင့်မြတ် မှတ်ပုံတင်အစစ်ခံဖို့အတွက် ကားထက်က ဆင်းရဖို့လတ်"

'အေ..အေ ကောင်းယင့်၊ ဆင်းကတ်မေ ယကေ'

အပေ့ါအပါးသျှေ လားသူလား။ အရိပ်ကြောက် ခုံတန်းရှိ့မာ နားခိုအပန်းဖြေသူဖြေ။ မုန့်သျှေပဲသျှေ စားသူစား။ ထွီရာလေးပါး ပြောသူပြော။ မိနိနှစ်ဆယ် လောက်ကြာပြီးချိန်လောက်မှ ကားထက်ကိုတက်ခွင့်ရရေ။ အမ်းတောင်ဇွ အလှဗဂျီရှိ့ ကို တစ်ချပ်စီကျော်လွန်လျက်။ မြင့်မြတ် ရင်ထဲမာတော့ ရီပြင်မာကျောက်ခဲကျရေ ပိုင်ဗဂျီအလှအပတိကို ကြည့်ရှုခံစား နိုင်စွမ်းမဟိယာ။ နှလုံးသားမာ ခါယမ်း ဂယက်ထနီဗျာ။ ချို့ ဒိုင်ယာရီကို ဆက်ဖတ်လိုက်တေ။

ဇဂုတော့ အလွမ်းဆိုရေ ရသတစ်မျိုး ရင်မာတိုးလို့ ခံစားချက်အဖြစ်နှလုံးသားမာ နီရာယူနီပါဗျာ။ အရောင်လာဟပ်နီရေ မောင်ကြီးပုံရိပ်က ဆီးသားကောင်းလွန်းရေ ခါတ်ပုံပိုင်ရင်ထဲမာ ယှင်းလင်း တောက်ပနီယင့်။ ယင်းပိုင်နန့် ဆယ်တန်းဖြေဖို့ နီးလာရေ။ မောင်ကြီးထိုင်ရာ စာရီးခုံမာ ရှိမ္ဘီးဆွတ်တေ တာဝန်လေ့ပြီးဆုံးရဖို့ယာမနားယေမောင်ကြီး။

မောင်ကြီး...ဒေကျောင်းဝန်းထဲ ဗာဂျာပင်ထက်က ဝေါ်ငှက်သျှေပိုင် တစ်ကောင်တည်း ထားခဖို့ယာ ထင်ရေ။ ယကေလေ့ .. ထူးခြားနီရေ၊ မောင်ကြီးထူးခြားနီပါရေ။ စာမီးပွဲကာလအတွင်းမာ မောင်ကြီးလေ အကျွန့်ကို ကကောင်းဂရုစိုက်နီရေ။ စာမီးခန်းထဲ မဝင်ခင်ထိ အကျွန့်အနားမာ မောင်ကြီး ရက်ပြတ်ဟိနီပါရေလေ။ ဖြေပြီးချိန်မာလေ့ အကျွန့်အနားဒို့ စိုက်စိုက် ရောက်လာပြန်ပါရေ။

မောင်ကြီး စက်သီးနောက်မာ ဇာမမသျှေ တစ်ယောက်လေ့ မထိုင်ဖူး ထင်ပါရေ။ အကျွန်အိမ်မက် မက်နီစွာလို့ ထင်နီမိပါရေ။ ဇဂုမောင်ကြီးစက်သီးထက်မာအကျွန်ဟိနီပါရေလေ။ယင်းနို့က မောင်ကြီးနန့် ပြောခရေ စကားတိကဆိုကေ.....

'မောင်ကြီး ကျောင်းပိတ်ကေလေ့ ချို့ရှိ့အိမ်ကို လည်ဇောင်လာပါနှန်း'

'မခေါ်ကေလေ့ လာမေစိတ်ချ၊ ယင်းခါကျမှ ရက်ပြတ်လာနီလို့ နှင်မချကေ့'

အို....ဇာဖို့နှင်ချဖို့လေး၊
အဲဘရီးထိုင်း ဝဲလ်ခမ်းပါ'
'အေအေယင်းခါ ကြည့်မေချက်'
'မောင်ကြီး'
'ဘုရား'
'ချို့မာအမှားတိ ဟိဖူးခကေလေ့
ဒေနို့ ခွင့်ရွှတ်ပီးပါနှန်း'
'ညီမသျှေမင်းမာအမှားမဟိပါဝေ'
'မုန်းစရာတိကားဟိလားမောင်ကြီး'
'မုန်းစရာလေ့ မဟိပါကား'
'မုန်းစရာ မဟိကေ..'

'အို....ထို....ထို ဟိရေ ဟိရေ အမုန်းဟိရေ မင်းက ကကောင်းဆိုးရေ မုန်းဖို့ကောင်းရေ အမ်..ဟုတ်တေ မုန်းဖို့ကောင်းရေ'

အို....မောင်ကြီး ဇာဖြစ်လို့ လိမ်ဝါချင်စွာလေ့ မသိပါယာ။ အားခမ္ဘဖုံးဖိထားရေ မောင်ကြီး နှလုံးသားတန်းခါးက အမုန်တရားတိ ပွင့်ထွက်ချင်နီဗျာထော။

'မောင်ကြီး ကျောင်းပိတ်ကေလေ့ ညီမသျှေကို မမ့ိပါကေ့နှန်း'

'ညီမသျှေကို ဇာဖြစ်လို့ မ့ိပစ်ဖို့

လေးဂု’

‘မောင်ကြီးကို တစ်ခုလောက်မီးကြည့်ပါမေနှန်း’

‘ညီမသျှေ စိတ်ကြိုက်မီးပါ’

‘သမိုင်းမှတ်တမ်းမာက ရခိုင်လူဦးရီ ခုနှစ်သန်းကျော် ပြထားရေ၊ အင်္ဂလိပ် သိမ်းခါကျကေ နှစ်သိန်းကျော်ရာ ဟိရေလတ်၊ သဘာဝယုတ္တိ....’

စကားမဆုံးလိုက်။ မောင်ကြီးရေ စက်သီးကို ဒုန်းခနန်. ရပ်ပစ်လိုက်တေ။ အကျွန်ရင်တုန် လားပါရေ။ အချိန်တိုင်း နုညံ့သိမ်မွိ.နီရေ လူတစ်ယောက်။ ဇဂု ဇာဖြစ်လားစွာလေချင့်။

‘မောင်ကြီး........မောင်ကြီး....မောင်ကြီး ဇာဖြစ်ပါရေလေး’

မောင်ကြီး ခွန်းတုံ့မပြန်ပါ။ အိုမောင်ကြီးဒေပိုင်တစ်ခါလေ့ ဒေါသမထွက်ဖူး။ အကျွန့်ကို နောက်ခိုင်းထားပါရေ။ အိုအကျွန်.... အကျွန် ဇာလုပ်ရဖို့လေး၊ အနီးကပ် နောက်ခိုင်းထားကေလေ့ တစ်ကမ္ဘာ လောက် ခြားနီရေပိုင်။ လက်သီးကိုလေ့ ကျိတ်ပါအောင် ဆုပ်ထားပါရေ။ လက်သီးကျိတ်အားကြောင့် သွီးကြောစိမ်းစိမ်းတိ တင်းမာဖုထွက်နီပါရေ။ အကျွန်မီးမိရေ မီးခွန်းအတွက် နောင်တရလို့ မဆုံး။ မောင်ကြီးဇာဖြစ်လို့ ဒေလောက်ဒေါသဖြစ်ရလေ့ ဆိုစွာကိုဆက်စပ် စဉ်းစားကြည့် ကေလေ့အဖြေကမပေါ်။ ဒေအပြစ် ဒေအမှားကြောင့် ငြိုငြင်ပနာ အကျွန့်ကိုများ စွန့်ခွာလီဖို့လား။

ထို့...ထို့...လွဲပါစီ....ဖယ်ပါစီ။

ဒေါသကြောင့် တချက်သျှေအတွင်းမာ မောင်ကြီးတစ်ခန္ဓာလုံး ချွေးစီပြန်နီရေ။ အကျွန်လေ့ ထူပူနီယာ။

မောင်ကြီးဇ္ လက်သီးဆုပ်ကို အကျွန်အသာအယာ ဆုပ်ကိုင်လိုက်တေ။ မောင်ကြီးဒေါသတိကို လျှော့ချလိုက်တေထင်ယင့်။ လက်သီးဆုပ်က ပြီကျလာရေ။ ပြီးကေ ချို့ဘက်ဒို့လှည့်လာရေ။ ဇဂုမှ ရင်ဘတ်က အလုံးကြီးတစ်လုံးကျလားရေပိုင်။ အိုမောင်ကြီးမျက်လုံးတိလေ့ နီရဲလို့။

‘ဆောရီးနှန်း ညီမသျှေ’

ပြောပြီးကေ...ချို့ပါးပြင်မာ တစ်လိမ့်ချင်းယိုစဉ်စပြုနီရေ မျက်ရည်စကို မောင်ကြီးလေ သူ့လက်ဖမိုးနန့် ဖယ်သုတ်ပစ်လိုက်ပါရေ။ ချို့ဆံပင်ကို အသာအယာ ပွတ်သပ်ပြီးကေ နှစ်သိမ့်နီပါယင့်။ ချို့ခွန်အားတိ ပြန်လို့ ပြည့်ပါလတ်တေ။

မောင်ကြီးရာ ဇဂုပိုင်လှည့်မကြည့်ကေ လဲပြိုကျဖို့ အသင့်ဖြစ်နီစွာ တော်ပါသို့ယင့်။

’တက်....ညီမသျှေလား ကတ်မေ ဖိနှန်း’

‘ဟုတ်’

‘စိတ်ထိခိုက် လားခလာ မောင်ကြီး ချို့ကို ခွင့်လွှတ်ပါနှန်း၊ ချိုတောင်းပန်ပါရေ’

‘ညီမသျှေမာ အပြစ်မဟိပါဝေ၊ ဟုတ်ဗျာစိတ်မာမထားကေ့ဖိ ညီမသျှေက ရခိုင်စကား တပျင်းတတ်နီဗျာ’

‘ရခိုင်ဘာသာစကားကို ကျမ်းပြုပြီးကေ မဟာဝိဇ္ဇာဘွဲ့ယူဖို့တောင် စိတ်ကူးထားသို့ရေ’

‘လီကြီးနီပြန်ယာ’

‘အော် ....မောင်ကြီး မယုံမနားယေ၊ စောင့်ကြည့်ပါ၊ မောင်ကြီးကို အယင်ဆုံး ယင်းစာအုပ်ကို ပီးမေကား’

‘ညီမသျှေကို သမိုင်းတစ်စသျှေ ပြောပြမေ နားထောင်ဖို့ မနား’

အို....ကြည့်ပါဇမ်။ ချိုကို စိတ်ချမ်းသာအောင်ဂျည်း မောင်ကြီးက စဉ်းစားနီပါရေ။

’အိန်း...ညီမသျှေ နားထောင်မေ ပြောပြပါ’

‘ထိုး..အယင်က ရက္ခပူရတိုင်းပြည်မာ ကြက်ပျံမကျအောင် စည်ကားခရေလတ်။ ယင်းပိုင် ကြက်ပျံမကျအောင် စည်ကားခရေ တိုင်းပြည်မာ မထင်မှတ်တေ ကြမ္မာဆိုးတိဝင်စွာ ဒေနိ့ထိ မနားယေ ညီမသျှေ၊ အယင်က လူတိရေ ဘေးအန္တရာယ် အမျိုးမျိုးကို ကာကွယ်နိုင်ခကေလေ့ နောက် ပိုင်းပစ္စက္ခ လူတိဇ္ အတွေးချော်မှုတိကြောင့် အန္တရာယ်ဆိုးတိ ကျရောက်နီစွာ တစ်ခုပြီးတစ်ခု မနားယေ။ မဟာသမ္မတမင်း မြတ်ရာဇာ နန်းကျရေ ၁၇၈၄-ကပင် သတ်စွာ သတ်စွာ ဇဂုထိလေ့ အသတ်ခံနီရတုန်းသို့။ မင်းကွန်း ခေါင်းလောင်းကို လုပ်ခါလေ့ ရခိုင်သူငယ်တော် နှစ်သောင်းကို အလုပ်ကြမ်းခိုင်းခရေ၊ မိတ္ထီလာကန်ဘောင် ကားလမ်းထက်က အောက်ကို ငုံ့ကြည့်ကေ ဗမာရွာတိ ဟိနီရေ၊ ကျောက်တော်တောင်ထက် ကနီဗျာ အောက်ကိုငုံ့ကြည့်ပနာ စိတ်နန့် နှိုင်းယှဉ်ကြည့်ခဖူးရေ။ ကျောက်တော်တောင်အမြင့်နန့် မိတ္ထီလာကန်ဘောင် အမြင့်က မပြားမနား၊ ကျောက်တော်တောင်ထိပ်တောင် တပွေနိမ့်ဖို့သို့၊ ယင်းလောက်မြင့်ရေ ကန်ဘောင်ဖြစ်ဖို့ အတွက်ရခိုင်သား ဇာလောက်ဇာလောက် အသုံးပြုခလေ စဉ်းစားကြည့်ဖိ။ ကန်ဘောင်လုပ်ငန်းမာ သီရေ ရခိုင်သားတိကို အနီးအပါးရွာက အောက်သားတိ လာကြည့်ကတ်လီဖို့၊ ပျို့စပ်လို့တောင် ဆိုထား ရေအဆင့်။ ဖားကောင်ကို မီးကင်ထားရေပိုင် ခြီကားရား၊ လက်ကားရား၊ မျက်လုံး ပြူးပြူးနန့် သီနီစွာကို ကြည့်ပနာ ပျို့စပ်စွာ။ ကန်ဘောင်ဖို့ဆည်ပုံက မြီတစ်ရစ်၊ လူတစ်ရစ်ဆည်စွာ။ လူဆိုစွာမာ လူသီကောင်နန့် အလုပ်ခိုင်းလို့ လုံးဝမရနိုင်ယာ ဖြစ်နီရေဒဏ်ရာရတိ၊ ရောဂါရတိ၊ခွန်အားနည်းလို့ လေးဟတ်ယိုင်နီရေ လူတိကိုပါ တစ်ခါတည်း မြုပ်သတ်သတ်ပစ်စွာ၊ မောင်ကြီး မိတ္ထီလာကန်ရီကိုသောက်လို့ နီထိုင်ဖူးခရေ၊ မိတ္ထီလာဆိုစွာ သိရေအတိုင်း အလယ်ပိုင်း မြီနိမ့်ချိုင့်ဝှမ်းဒေသ၊ တစ်ခုလေ့မလုပ်ဘဲ အရိပ်မာ ထိုင်နီစွာတောင် မနီနိုင်၊ ကကောင်းပူရေ။ နီဖူးခရေ အိမ်က ပျဉ်စီပျဉ်ထောင်၊ နီဝင် ၈ နာရီ ၉ နာရီမှ အိမ်ထက်မာ ရီချိုးကတ်တေ။ ယင်းပိုင်ရီ သွန်ပစ်မှ အောက်ခင်းပျဉ်တပွေ အီးရေ ၊ ယင်းခါမှ နောက်ကုန်းချနိုင်ရေ။ ရီတွင်း ရီကန်ဆိုစွာ မဟိသလောက် ယှားရေ။ အဓိက မိတ္ထီလာကန်ရီ တစ်ခုတည်းကရီနန့် ယင်းမြီကလူတိ အသက်ဆက်နီကတ်စွာ၊ မိုးမရွာ၊ ဆောင်းမဟိ၊ တစ်နှစ်မာမှ မိုးတစ်ခါ၊ နှစ်ခါလောက် ရွာရေ’

‘ယင်းပိုင်နီမြီမာ အလုပ်ကြမ်းလုပ်ရစွာ ဇာလောက် ဒုက္ခရောက်လီကတ်ဖို့လေး၊ တောက် ဟုတ်တေ ညီမသျှေ ပြောယင်းပင် ရင်နာလာရေ’

‘ယင်းပိုင် လူတစ်ရစ်၊ မြီတစ်ရစ် ဆည်လာစွာ ကန်ဘောင်ရာ ပြီးလားရေ၊ ရခိုင်သား လက်ပြတ် ခြီပြတ်တစ်ဖွဲ့ နောက်ဆုံးကျန်နီပြန်ရေ’

‘မလုပ်နိုင်၊ မကိုင်နိုင်ကေ သူ့အလိုလို သီလီပတ်စီလို့ အင်းလေးကန်မာ ဝေးသတ်ထားလိုက်ပြန်ရေ။ နောက်ဆုံး ရခိုင်ပြည်မကြီးမာ လူဦးရီ တပျင်း လျှော့ကျပနာ ဒုက္ခဆင်းရဲဘုံအဖြစ် လက်ဟိအစိုးရက ဖန်းတီးထားပြန်ရေ။ တချို့ရခိုင်သားတိ ကိုယ့်အခြီအနီကို မရိပ် မိကတ်’

‘မောင်ကြီး’

‘ဘုရား’

‘ယကေ ရက္ခပူရတိုင်းသားတိ ရွှတ်လပ်အောင် မကြိုးစားကတ်လား’

‘အစပိုင်းမာတော့ အမှန်အကန် ကြိုးစားကတ်တေ၊ နောက်ပိုင်းမာလီခိုလား ရေ။ ‘သာယက’ များပြီးကေ ‘နာယက’ ယှားနီရေ၊ နိုင်ငံရေးဗန်းပြပြီးကေ လုပ်စားကတ်တေ။ လက်ဟိရခိုင်ဒုက္ခကို တွေးမြင်စွာနန့်

တောက်တခေါက် ခေါက်နန့် မျိုးချစ်စိတ်တရိပ်ရိပ် တက်နီရေ ပညာဟိ တစ်စုသျှေလိုရေ၊ ပညာတတ် ရခိုင်သားဟိပြီးသား ဆိုကေလေ့ မျိုးချစ်စိတ်ပြင်းထန်ပြီးကေ အညမည စုရုံး မနီထိုင်တတ်ဖြစ်နီရေ၊ ရှိကနီ တိုက်မေခိုက်မေဆိုပနာ မိုက်ရှူး ရဲဆန်နီစွာ ရခိုင်သားလေ့ဟိပြီးသား၊ မိုက်ရှူးရဲဆန်စွာ မဖြစ်ရအောင်နန့် ပညာတတ်တိကိုလေ့ စုစည်းနိုင်အောင် ပညာဟိကပဲ့ကိုင်ပီးနိုင်ကေ ပွဲကပြီးယာ၊ ဇေ့ခေတ် ပညာတတ်အများစုက ရုပ်သီးပိုင်ဖြစ် နီပြီးကေ ပစ်မှတ်ဗဟိုကို မရှာ၊ ပညာဟိ၊ ပညာတတ်၊ ပညာမဲ့ အားနန်း သဟဇာတကျရေနို့စွာ ရှို့မိုးရွာရေနို့ဗျာယေ၊ ဇေ့ ဖြစ်နီစွာက ပညာတတ်က ပညာဂုဏ်မောက်တေ၊ ပညာမဲ့က ရိုင်းစိုင်းရေ၊ ယင်းပိုင်ဖြစ်နီစွာကို ပညာဟိက စိပီးနိုင် ရဖို့'

"အဝေး မြင့်မြတ်"

'အာ...အေ...သူငယ်ချင်း'

"မင်းငါ့ကိုလေ့ စကားပြောအုံး၊ ဒိုင်ယာရီကိုဂျည်း ဖတ်နီရေမင်း"

'အေး....ဟုတ်တေကာ၊ ဆောရီး သူငယ်ချင်း'

"မင်းကျောင်းပြီးလောက်ကပင် မလေးသျှားကိုလားခစွာနန်း"

'ဟုတ်တေ သူငယ်ချင်း'

"မင်း မာမာချိုကို လုံးဝအဆက်အသွယ် မလုပ်ဆို"

'မဆက်သွယ်ဖြစ်ဝေ'

"မင်းရို့နှစ်ယောက်တစ်ယောက်ကို တစ်ယောက်ကကောင်းချစ်ကတ်တေဆိုစွာငါရိပ်မိပါရေဝေ"

'ငါ မာမာချိုကို ရှူးမတတ် ချစ်မိလားရေ'

"မင်းမာမာချိုကို ဇေ့ပိုင်စွန့်ခွာဖို့တတူဇာဖြစ်လို့ လူတစ်ဖက်သား ဒုက္ခရောက်အောင် မျှော်လင့်ချက်လားပီး ခရေလေး"

'ငါ အတတ်နိုင်ဆုံး သူ့အချစ်မာ ပြိုလဲမကျအောင် ငါ ယှောင်ခွာနီခပါရေ သူငယ်ချင်း၊ ယှောင်နီယင်းနန့် နီးလားရေကားဝေ၊ မလွဲမယှောင်သာ ဆက်ဆံလား လာနီခကေလေ့ ငါ့အချစ်ကိုဖွင့်ပြဖို့မဟုတ်ရေပိုင်၊ သူ့အချစ်ကို လက်ခံဖို့လေ့ မဟုတ်ခပါဝေ'

"မင်းစကားလှတိနန့် ဇာပိုင်ပင်ပြောပြော၊ မင်းပိုင် သံမဏိကြိုးနန့်မှ လာဆုံရေ မာမာချိုအဖို့ ကကောင်းကံဆိုးပါရေ မင်း"

'သူငါနန့်ဆုံတွိရစွာ ကကောင်းကံကောင်းပါရေ သူငယ်ချင်း'

"ဇာပိုင် ကံကောင်း ရေ..ဟုတ်လား"

'ဟုတ်တေ သူငယ်ချင်း သူကကောင်း ကံကောင်းရေ၊ ဆရာဝန်ကခြောက်လအတွင်း ဇီဝိန်ချုပ်မေလို့ သတ်မှတ်ခံထားရရေ မာမာချို၊ သူ ငါနန့်ဆုံတွိရစွာ ကြည်နူးပျော်ရွှင်လို့ သတ်မှတ်ရက်ထက် ကျော်ဝှန် ပြီးကေ အသက်ဆက် နီထိုင်ရရေ သူငယ်ချင်း'

"အင်္ဂလားချင့် မြင့်မြတ်၊ ကျောင်းတတူတက်ခရေ ငါရို့မသိခကာ"

'အင်္ဂင့်ဂင့်ပြောစွာဝေး မင်းကို ဇာကိစ္စ ဝါဖို့လေး'

"ယကေ မင်းသူ့ကို ဇာဖြစ်လို့ လက်မဆုံနိုင်စွာလေး"

'ငါရို့နှစ်ယောက်၊ တစ်ယောက်ကို တစ်ယောက် ချစ်တေလို့ မပြောဖြစ်ခကတ်ကေလေ့ ဇာလောက်ထိ ချစ်ကတ်တေဆိုစွာ နှလုံးသားချင်း သိနားလည်ကတ်တေ၊ ယင်းလောက်ပင် ချစ်ကတ်ယင့်သားနန့် ဇာဖြစ်လို့ ညင်ညင်သာသာ လမ်းခွဲလိုက်တေလေး၊ သူနန့်ငါ့ကို ခြားလိုက်တေ စည်းကဒေပိုင်........'

သာယာလှပရေတောင်ကြားရွာသျှေတစ်ရွာ။ ယင်းရွာမာ ဦးခိုင်ထွန်းမြတ်ဆိုရေ တောသားလူရိုးကြီး တစ်ယောက်ဟိရေ။ သူ့အပြောအဆို၊ သူ့ဆက်ဆံရေးကောင်းမွန်မှုကြောင့် သူ့ကိုတစ်ရွာလုံးက ချစ်ခင်ကတ်တေ။ သူ့ရွာနန့် မနီးမဝီးမာ အောက်သားစစ်စခန်းတစ်ခုစခန်းချထားရေ။ ယင်းစခန်းက တပ်စိတ်တစ်စိတ် ကိုလေ့ ရှိပြီးပွိုင့်သဘောနန့် ဦးခိုင်ထွန်းမြတ်ရို့အိမ်မာ တည်းခိုစခန်းချထားရေ။ ပျော်ပျော်ပါးပါး လားလာ၊ ချက်ပြုတ်စားသောက်နီကတ်စွာ မြင်ရသူအဖို့ ကြည်နူးစရာ။ အရယ်များကေ အငိုပါဆိုရေပိုင် ကြမ္မာဆိုးတစ်ခုက ယင်းအသိုက်အမြုံဒို့ လူမသိသူ မသိဝင်လတ်တေ။ ညဇာဖက်သား အချိန်တစ်ခု။ ချက်ပြုတ်ပြီးစီးစဖြစ် တေအတွက် ရီသျှေ၊ မိုးသျှေချိုးကတ်တေ။ ဦးခိုင်မြတ်ထွန်းလေ့ သက်ကယ်စည်းကို စင်ထက်မာ တင်ခပြီးကေ ရီချိုးဇောင်ထွက် လားလီယင့်။ ရီချိုးနီစွာမာ ရခိုင်သားရဲဖော်နှစ်ယောက်ရောက်လာပြီးကေ ရခိုင်တပ်မတော်ဒို့ လားရာလမ်းကို ညွှန်ခိုင်းရေ။ သတ်မေပုတ်မေပျင်လာလို့ မငြင်းသာဘဲ လမ်းပြလိုက်လားလီယင့်။ အင်တန်တနားကြာရေခါ ဦးခိုင်ထွန်းမြတ်ရို့အိမ်ဒို့ ရဲဖော်တစ်ယောက် ရောက်လာပြီးကေ ....

'ဗိုလ်ကျီးခေါ်ခိုင်းလိုက်တယ်၊ တပ်စိတ်က လူအားလုံး ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

ထမင်းစားဖို့ ပျင်နီကတ်တေ စစ်သားတိလေ့ ဘုမသိဘမသိဘဲ လာခေါ်ရေ ရဲဖော်နောက်က လိုက်လာလတ်တေ။ တောတွင်းတစ်နီရာမာ ဗိုလ်ကြီးနန့် ရဲဖော်နှစ်ယောက်အပြင် ဦးခိုင်ထွန်းမြတ်ကို လက်ပြန်ကြိုးချိုင်လို့ တွိလိုက်ရရေ။ တစ်ခန္ဓာလုံးသွီးတိနန့်။ ဇာလောက်သတ်ထားယာမသိ။ ရောက်ရောက်ချင်းပင် ဗိုလ်ကြီးကတစ်ယောက်စီကို ပါးတစ်ချိန်း စီသတ်ပနာ ကြိုဆိုလိုက်တေ။

'ယဲဘော်နှစ်ယောက် ထွက်ပျေးသွားတာ မိင်းတို့ သိကျလား'

'မ...မသိလိုက်ပါ ဗိုလ်ကျီး'

'အေ့သူတို့နှစ်ယောက်လွက်သွားတာ ဒီကောင့်ကျောင့်ပေါ့'

'ဟော့ကောင်ခိုင်ထွင်း ပျောစမ်း သူပုန်စခန်း ဘယ်မှာလဲ'

'ကျနော် မသိပါ ဗိုလ်ကျီး'

'ဘာ မသိဘူးဟုတ်လား၊ ယော့ကွာ..မသိနဲ့ ..ယော့ကွာ မသိနဲ့'

ကျီသရီဘောင်နန့် ဖြိုထုပစ်လိုက်စွာ သွားတိတာပြတ် ကျွတ်ထွက်လားခယာ။ ယင်းအချိန်မာပင် စကားပြောစက်က ဖုန်းခေါ်သံမြည်လာရေ။ အပြန်အလှန် စကားပြောသံတိကို အတိုင်းသားကြားနီရရေ။

'ဘယ်လိုလဲစိုးမိုး ယန်သူစခန်းကို မေးလို့ယလား'

အသံကဗျူဟာမှူးအသံ။

'ဘယ်လိုမှ မေးလို့မယဘူး အဘ၊ ဒီကောင်တော်တော် ဂေါင်းမာနေတယ်'

'မာနေတဲ့ ဂေါင်းကို ရိုက်ခွဲပျေ့လိုက်ကွာ၊ ပီးယင် ချေယာဖျောက်ပျေ့'

'ဟုတ်'

'ဟော့ကောင် ခိုင်ထွင်းမျတ်၊ ယန်သူ့စခန်းကို မပျောယိင် ခဗျားကို သတ်ပျေ့ယလိမ့်မယ်'

'ကျနော့်ကို အားမဖွ လမ်းပြခိုင်းလို့ လိုက်ခီစွာပါ၊ စခန်းကို အမှန်မသိပါ'

ဗိုလ်ကြီးစိုးမိုးကလေ့ အနားမာ ရပ်နီရေ သူ့ဘတ်စမန်းပါးက သီနတ်ကို ယူပနာ လုံ့စွပ်နန့် ရင်ညွန့်ကို ဖွက်ခနန့် ထိုးပစ်ပနာ ဆွဲနှုတ်လိုက်တေ။ နာကြင်အားကြောင့် ရှုန်းပစ်စွာ ခိုင်မာလှပါရေဆိုရေကြိုးတိ ဖြန်ခနန့် ပြီလားရေ။ ဦးခိုင်ထွန်း ထရပ်လာစွာကို မြင်လို့ ကျီသရီးနန့် နှစ်ချိန်းဆင့်ပစ် ပစ်တေ။

နို့စီလစိဝမ်းတစ်လုံး လွယ်ထားရရေ ဦးခိုင်ထွန်းမြတ်ဇွ အိမ်သျှင်မ

ခိုင်သန္တာမြတ်စွာ နားမလည်ရေ အကြည့်နန့် အိမ်အဝကဆီးကြည့်နီစွာကား ဂေါင်းငိုက်စိုက်ကျပနာ အိမ်ပြန်လာကတ်တေ ရဲဖော်ရို့အတွက် မျက်နှာမဖော်ဝံ့ရေအဖြစ်။ ဒေါ်ခိုင်သန္တာမြတ်ဇို့ အကြည့်ကို တစ်ယောက်လေ့ရင်ဆိုင်မကြည့်ဝံ့လိုက်ဗျာ။

'မောင်သျှေရို့ ဦးခိုင်ထွန်းကို မတွိခကတ်လား၊ သူမလာသို့ကေလေ့ မောင်သျှေရို့ ထမင်းစားကတ်ဖိ၊ ခူးလက်စ ထမင်းတိတောင် အီးလားခယာထော'

သူမဇို့ မူရင်းစေတနာအတိုင်း အကြင်နာ အပြည့်နန့် ပြောဆိုလိုက်ပုံက နှလုံး သားတိကို ချလောင်းချလာဖြစ်စီရေ။ ညဇာထမင်းကား စားသူမဲ့ပနာ အားနုံး ကြီကွဲ၊ ဝမ်းနည်း၊ တွေဝေလျက်။

ခိုင်မြင့်မြတ်ပြောပြရေ အကြောင်းကို သူ့သူငယ်ချင်း တစ်ယောက် စိတ်မကောင်းစွာနန့် နားထောင် နီပါရေ။

"သီခရေ လူစွာ"

'သီခရေလူစွာ ငါ့အဖသည်၊ ဒေါ်ခိုင်သန္တာ ဝမ်းတစ်လုံးစွာ ငါ့ကိုလွယ်ထားစွာ၊ ဗိုလ်ကြီး စိုးမိုးဆိုစွာ မာမာချို အဖသည်ယေ'

'ကျောင်းနားချိန်မာ ငါကျောက်တော်တောင်ကိုစီလားရေ။ ပြင်ပဗဟုသုတတိပီးရေ ကိုယ်တော် စက္ကပါလဆိုစွာ ဗိုလ်ကြီးစိုးမိုးမာ ဘတ်စမန်းအဖြစ်တာဝန် ထမ်းဆောင်ခရေ ရဲဖော်ဟောင်း၊ ရခိုင်သား၊ ငါ့အဖ ဖြစ်ရပ်မာ သံဝေဂရပြီးကေ တပ်ကထွက်ပနာ ရဟန်းဘောင်ထဲ ရောက်နီစွာ၊ ငါ့ကို ကိုယ်တော်က အကြောင်းစုံပြော ပြခရေ'

'ဇေဂုဗိုလ်မှူးကြီးစိုးမိုးလေ့ ဘုရားတကာ တစ်ပိုင်းဖြစ်နီယာ၊ ကိုယ်တော်ပါးကို မကြာမကြာလာပြီးကေ ဝေယျာဝစ္စလှူ ဒါန်းရေ၊ တရားဆွေးနွေးကတ်တေ'

"အော် ငါသဘောပေါက်ဗျာ၊ မင်းမာမာချို အနားကို ကပ်စွာ ဗိုလ်မှူးကို သတ်ဖို့မနား"

'မှန်ပါရေ သူငယ်ချင်း'

"ယကေ မင်း....ဗိုလ်မှူးကို ဇာဖို့ မသတ်ခလေး"

'ငါ့ဥပဒေပုဒ်မ အတိုင်းဆိုကေ သတ်သင့်စွာ မှန်ကေလေ့ နောင်တတိရ၊ တရားကျနီရေလူကို လောကသဘော အရဆိုကေ မသတ်သင့်ပါဝေ'

'တစ်သက်သတ်ကေ အပြစ် မဟိရေ နောက်တစ်သက် ပေါင်းနှစ်သက်လိုက်သီနိုင်ရေ'

"မင်းအဖကို သတ်တေလူမာ သမီးဖြစ်နီလို့ မင်းမာမာချိုကို စွန့်ရွှတ်လိုက်စွာမနား"

'ယင်းပိုင်မဟုတ်ပါဝေ၊ ငါရခိုင် အမျိုးသားရေးကို စိတ်ဝင်စားရေ၊ အမျိုးသားရေး အလုပ်ဆိုစွာ ကျယ်ပြန့်ရေ အလျောက် အချိန်ပီးနိုင်ဖို့လိုရေ။ ကိုယ်ရေး ကိုယ်တာအတွက် အချိန်ကုန်ဖို့တက်စား အမျိုးသားရေးအလုပ်မာ အချိန်ပီးကတ်မေ။ ယင်းပိုင် အချိန်ပီးမှ ရခိုင်ပြည်မိုးလင်းမေန။ ငါရို့အဖ ရခိုင်မြီက စစ်ညီုတိကို အမြစ်ပါမကျန် သုတ်သင်ရဖို့။ စစ်ညီုကို ယောက္ခမ မတော်ချင်ပါဝေ၊ ရခိုင်ပြည် အဘက်ဘက်က ယိုယွင်းနီချိန်မာ အဘက်ဘက်က သတိဟိရဖို့။ ကိုယ့်နိုင်ငံလက်ဝယ် ပြန်မရောက်သို့ခင် စပ်ကြားမာ နှလုံးသားရေးကို ဦးစားမပီးသင့်။ ရခိုင်သားတိုင်း ကိုယ့်အမျိုး သားတိနန့် စည်းစည်းရုံးရုံး ဟိနီသင့်ရေ။ လူမျိုးခြားတိနန့် လက်ဆက်ဖို့စွာတိကို ရခိုင်ပြည် မငြိမ်းချမ်းခင် နောက်ဆုတ်ထား သင့်ရေ'

ဆန်ရီစပါး ပေါ်များစီရေ ကစ္ဆပမြစ်ကားဆန့်ကျင် ဖောက်ပြန်ခြင်းမဟိဘဲ ဖြားအတက်အကျ ပုံမှန်စွာနန့် တသွင်သွင်စီးကျစီးတက်နီပါရေ။ ကျောက်တော်မြို့တစ်ဖက်ကမ်း၊ ကစ္ဆပနဒီတံထားက ဆင်းပနာ မြို(Mro)ရွာဖြစ်တေ ပိန္နဲချောင်းကိုကျော် ဂုန်စွာနန့် ဝက်မှိုင်းရွာကို တွိရပါလိမေ။ ဝက်မှိုင်းရွာထဲက ခိုင်မြင့်မြတ်ရို့ အိမ်မာလူတိ စစည်ကကားဟိနီရေ။ အားလုံးသော လူပုဂ္ဂိုလ်ရို့မျက်နှာမာ ပြုံးရွှင်ဝင်း ပနီယင့်။ မပြုံးနိုင်မရယ်နိုင်ရေ လူတစ်ယောက်ကား ငေးမှိုင်တွေဝေနီပါယင့်။

'ဟေး..ကြာလှအောင် ယားယား

မင်းရို့သူငယ်ချင်း မြင့်မြတ်ကို ချက် ပီးလိုက်ယား ..'

'လက်ဆောင်ပန်ကိန်တစ်ခု မြင်ယင့်၊ လူတစ်ယောက်လာပနာ ပီးခစွာယေ'

'မြင့်မြတ်လက်ဒို့ ရောက်အောင် ပီးလိုက်လတ်'

'မြင့်မြတ်ကိုလေ့ အဆင်သင့်ဖြစ်အောင် ပျင်ဆင်ထားဖိ ဆိုလိုက်ချက်၊ သမီးသျှင်လာဖို့ပျင်နီယာလတ်'။မြင့်မြတ် အမိပီးရေ ပန်ကိန်ကို ကြာလှအောင် လှမ်းယူပနာ မြင့်မြတ်ကို ပီးလိုက်တေ။ စာအုပ်တစ်အုပ်ထွက်ကျလာရေ.... စာအုပ်ထက်မာ ရီးထားရေစာက–

"ကျောက်တော်ဒေသိယစကား"

မာမာချို (မဟာဝိဇ္ဇာ)

အော်...ရင်ထဲက ချို။ ငါ့ကိုချစ်တေအားနန့် ရခိုင်အမျိုးသားအကျိုးကို ဖော်ဆောင်လိုက်ဗျာထော။ သူဇာလောက် ဝီရိယစိုက်ထုတ်ပြီးကေ ကြိုးစားခလီလေမသိ။ မင်းနန့်ငါ ဆုံတွိရခြင်းက ကံကောင်းခြင်းလေ့ ပြောနိုင်ရေပိုင် ကံဆိုးခြင်းလို့လေ့ပြောနိုင်ရေကား။ သွီးကင်ဆာ နွံ့အိုင်ထဲမာ လူးရွှန့်နီသူတစ်ယောက်ကို အသက်တပွေပိုရှည်စီခကေလေ့ နောက်ဆုံးနှစ်ယောက်သားရလဒ်က ရင်ခွင် ဟက်တက်ကွဲခြင်း။ ဒေဒဏ်ရာက ချို့အတွက် သွီးကင်ဆာဝေဒနာထက် ပိုပြီးနာကြင်စီဖို့ဆိုစွာ ငါခန့်မှန်းနိုင်ပါရေ ချို။ ငါကိုယ်တိုင်ကတော့ အရှုံးတစ်ပိုင်း ဖြစ်နီပါယာဝေ။

'အဝေး..မြင့်မြတ် မင်းစိတ်ကို ထိန်းပါဝေ'

သူငယ်ချင်းတိက သူ့ကိုဝိုင်းဝန်းအားပီးနီကတ်တေ။

'မြင့်မြတ်....ပြင်ခံအကျ်ီကို ဝတ်ဖိ ဝေး... ခိုင်သဇင်လေ့ ရောက်နီယာ'

'လိုကားရင်းမာ ကြိုးတန်းဖို့ စောင့်နီရေအဖွဲ့ကလေ့ ခေါ်ချနီယာထော'

မြင့်မြတ်သူငယ်ချင်းတိရေ သူ့ကို အားခမ္မပျင်ဆင်၊ ဖြီးနိမ်းပြီးကေ သူ့အခန်း ထဲကဆွဲထုတ်ကတ်တေ။ ခြီထောက်တိက လူတိုးအားနန့် တစ်လှမ်းချင်း လှမ်းနီကေ လေ့ မြင့်မြတ်အသိအာရုံထဲမာကား လျှောက်လှမ်းခြင်းမဟိ။ ထုံးစံအတိုင်း စာအုပ်မာ စွဲနီအောင် ရီမွှီးဆွတ်ဖြန်းပီး လိုက်လို့ မွှီးကြိုင်နီကေလေ့ အယင်ခါပိုင် မကြည်နူးနိုင်။ မဆွတ်ပြန့်နိုင်။ မွှီးကြိုင်မှုဒို့ အာရုံမရောက်နိုင်။ ကြီကွဲခြင်း၊ ဆွီးမြို့ခြင်း၊ မဖြေသိမ့်နိုင်ခြင်းတိက မင်းမူနီရေ။

နည့်သိမ်မွို့လှရေ ရီပင်ကား မာလွန်းရေ ကျောက်ဆောင်တိကို ကွဲအက်ပျက်စီးစီသို့ယင့်။ နည့်သိမ်မွို့လှရေ ချစ်မှု အရာကြောင့် ငါ့နှလုံးသား ကျိုးကြီ၊ ကွဲအက်စွာ အဆန်းကားမဟုတ်ယေ။ ယင်းအတွက်နန့် ပြောစွာ ငါရို့လမ်းခွဲခြင်းက ကတ္တီပါပိုင် နည့်သိမ်မွို့နီကေလေ့ အသည်းနာဝေဒနာက ပြင်းထန်လှပါရေချို။

ငါရို့နှစ်ယောက်ဇို့ ချစ်ခြင်းကြားမာ ကတ္တီပါပိုင် နည့်သိမ်မွို့ပြီးကေ အပြစ်အနာအဆာဆိုစွာမဟိ။ မင်းနန့်

ငါ့ကြား ချစ်ခြင်းနန့် စိထားကေလေ့ မင်းနန့် ငါဘေး (ပတ်ဝန်းကျင်)၊ လီတံ ကျင်ကြောင့်ကတ္တီပါနှစ်စရို့ မျက်နှာလွှဲ လမ်းခွဲလိုက်ရဗျာ။ ဟုတ်ပါရေလေ။ ကိုယ်ရေးကိုယ်တာထက် အမျိုးသား ရေးကို ဦးစားပီးစွာ သဘာဝကျပါရေ။ အခြီအနီ အချိန်အခါကောင်းလို့ ရခိုင်နိုင်ငံ ရာသီဥတုသာယာရေ အခါ ကျမှ နှလုံးသားဂီတာကြိုးညှိ ခွင့် ရသို့ရေဆိုကေလေ့ နောင်ဘဝအတွက် ရာ ဖြစ်နိုင်လီဖို့ဗျာချို။

လူသူပရိသတ်ရို့က လက်ဆုံပွဲကို အပြုံးကိုယ်စီနန့် ပျော်ပျော် ရွှင်ရွှင်အားပီး နီကတ်ကေလေ့ မြင့်မြတ် မာကား ရင်ထဲမာ ကြိတ်ပနာငိုပွဲကို ဆင်နွှဲနီလီယင့်။

ရင်ထဲမာဇာပိုင် တော်လုံး တိုက်နီ တိုက်နီ သီချာစွာတစ်ခုက ချို့ဒ္ဒိုင်ယာရီ စာမျက်နှာ လက်ကျန်တိကို တစ်ဘဝလုံး ဖတ်ယင်း၊ ချိုကိုယ်တိုင် သုတေသနပြုပနာ ရီးသားခရေ 'ကျောက်တော်ဒေသိယစကား' စာအုပ် ကို တစ်ဘဝလုံးဖတ်ယင်း၊ ချိုကို တစ်သက်လုံး အောက်မို့သတိရယင်း နန့် ခမ်းနားလှရေ ရခိုင်နိုင်ငံတော် သစ်အတွက် အလုပ်တိလုပ်ဆောင် လားရဖို့ ဆိုစွာကိုတော့ခါ သတိမရွတ် ပါယေ။

မိုးလင်းချင်ရေ ရခိုင်ပြည်
ကျော်ဇေး

## အမျိုးသားရေးလုပ်တေလတ်

ကိုကိုဖုန်းလာနေတယ် ၂×၂ ကိုကိုဖုန်းနေပါတယ်ဆို ဟဲလို မင်္ဂလာပါ ကျနော် ရခိုင်ဒုက္ခသည် မရမက ကယ်ဆယ်ရေးအဖွဲ့က ××××ပါ ယော် ဒေယုံးမာ ကျနော်ပြီးကေ ပြီးယာကို ဇာဥက္ကဌနန့်လေ့ ပြောစရာမလို ယူအန်ပီးဖို့ကိစ္စလား ယုံးကိုလာလတ်ပါ အကို့ကိုယှင်းပြနီကေ မိုးလင်းလားဖို့ ကျနော်ပြောစွာ သဘော ပေါက်လာ ယုံးမာလာပြီးဆွေးနွေးပါ နောက်ကျကေတော့မရယေ ယှယှင်း သျှောရာ ကျနော့်ပါးကို အကြည့်တစ် ချက် ရောက်လာလတ်တေ...

ကိုကိုဖုန်းလာနေတယ် ဟဲလို ကျနော် မည်သည်သူပါ အော်သူငယ်ချင်း အင်းမင်း ဖုန်းဝယ်ဖို့လား ငါ့ပိုင် အမျိုးအစား ဘလူးဗေရီကိုဝယ်လလ် ယူအန်လား အဘာလေ မပူကေ့ အော်ဖီဆာကို ငါ့မျက်နှာ ပြလိုက်ကေ အားလုံးအဆင်ပြေ လားလိမေ ရှိလမာ ယုံးသားတိအားလုံး ဂန္ဓီဟိုင်းလမ်းကို ပျော်ပွဲစားဟိရေ မင်းလိုက်ဖို့မလား ဝေး ဒေမာ ဘီယာဘူးခွံ ဇာသူသောက်စွာလေ ကောင်းဂွကျရေ ဝေး ယုံးသားတိအားလုံး ဒေနို့က စပြီးကေ ယုံးမာ မသောက်ကတ်ကေ့၊

ကျနော့်ပါးကို အကြည့်တစ်ချက် ရောက်လာ လတ်တေ...

ဝေး ခိုင်တောက်တဲ့ အသုံးစရိတ်စာရင်းကို အသီအချာလုပ် ဥက္ကဌကာ ဇာလားခလေ ခိုင်ဗီဇကိုပြောလိုက် နက်ဖန်ကစလို့ ယုံးမာထမင်းမချက် လူများဖို့ ယုံးသားတိ အားလုံးဆိုင်မာ ဝယ်စား ကျော်သန်းလှလား ယင်းအကောင်ချီးထုတ် မပီးလို့ပြောလိုက် ဒေါ်သန်းလား လင်ဟိဖို့မလို ဖေသာဟိကေ ဆီးခန်းလားလို့ ရရေလို့ ခိုင်လှဖိုး မင်း ဖိနပ်တစ်ရံကို ၂၃ဝ နန့် ဇာပိုင်စာရင်းတင်လို့ရဖို့လေး စာရင်းခွဲတင် စာရင်းစစ်တိနန့် စကားများနီရဖို့ အကိုက ယူအန်ယူဖို့စွာ လာဝေး ခိုင်လဖြူကြီး စာရင်းတင်လိုက် ဒေယုံးက ကဒ်လုပ်ပြီးသားဟိလာ ကတ်လုပ်ခ ၆ဝ ယူအန်က၂ဝဝ ပေါင်း၂၆ဝ၊

ကျနော့် ပါးကို အကြည့်တစ်ချက်ရောက် လာလတ်တေ...

ကိုကို ဖုန်းလာနေတယ် ဟဲလို ဟုတ်ပါရေ ကျနော်ပါ မရမာသျှေနှစ်ယောက် ယူအန်လိုစွာပါလာ ကျနော့်ပါးကို ဖုန်းဆက်ခိုင်းလိုက် ထိပ်တိုက်ဆွေးနွေးလို့ရပါရေ လိုတိုးပိုယော့ပ()ကိုကိုဖုန်းလာနေတယ် ဟုတ်ပါယင့် ဇာဖြစ်လို့လေးမမ ဒဝယ်လေ့ရရေ လင်သည်ရခိုင်လို့ ပြောလိုက်ကေကျီယာ ကျန်ကိစ္စကို မမတာဝန်ခံရဖို့ယေ စာရင်း နောက်ခါ ယှင်းကတ်မေနှင်းရာ အိုကေ၊

ကျနော့်ပါးကို အကြည့်တစ်ချက် ရောက်လာ လတ်တေ...

ဇာချင့်ဝေ တော်လှန်ရေးအဖွဲ့ကို ဖေသာလှူဖို့ဟုတ်လာ အမျိုးသားရေး လုပ်စွာမာ ဒေပိုင် လေ့ ရစတမ်းလား ရခီ ×××ယင်းသူရို့ဆန္ဒပြလို့ရစွာ ဟုတ်လာ ဒေက ယူအန်ယုံးကို နို့မအားညဥ့်မအားလားနီရစွာကာ ယကေ မမက စက်ာပူကလာစွာပါလာ အိမ်သျှင်ဟိပါ လာမသိ အင်း ဝေးခိုင်ဗလ ဒေအစ်မကို အကောင်းဖြစ်အောင် လုပ်ပီးလိုက် ကျောင်းဆရာ ကားခကို အသီအချာရအောင်ကောက် မင်းရို့တိ သုံးဖို့သဲဖို့ရရေယေ ထိုနို့ကကား ခ ဖေသာ ဇာလောက်ပိုလေး ကူညီပီးရေလူတိကို ဝီပီးလိုက်

ကျနော့်ပါးကို အကြည့်တစ် ချက် ရောက်လာလတ်တေ...

ဗမာမလား ဇာလောက်ပီးနိုင်ဖို့လေး ပြောလိုက်ရရေလို့ မူဆလင်ကိုတော့ ပီးလို့မရနင်း ဝေးခိုင်ဗလ ညကမင်းကို လူတစ်ယောက် ဖေသာ ၂ဝဝဝ အပ်ထားခရေဆို ပီးခအဂု ကျ နော့်ပါးကို အကြည့်တိ ပုံလို့ ရောက်လာလတ်တေ...

အစ်ကိုက ယူအန်ယူဖို့လာစွာပါလာ အင်း နောက်ကျလားပါယာကို စာရင်းပိတ်လားယာ နောက် ကေအယ်ထဲမာ ပီးခါမှ ယူဖိ အစောကြီးကပင်ကမလာ ကိုယ့်ရခိုင်သားယုံးဒေ ရခိုင်သားတိအတွက် လုပ်ပီးနီစွာရာ နောက်မှ လာလတ်ဖိနှန်း

××××××××××××××××

သိပါရေအကို အကိုရို့မျိုးချစ်တေဆိုစွာ ( )ရာ။

(ခိုင်ဝီရ)

